www.burmeseclassic.com

စာပေဗိမာန်စာမူဆုရ



BURMESE CLASSIC .com

ခင်လပြည့်ဝန်း

# ကန္တာရဆုံး

www.burmeseclassic.com

www.burmeseclassic.com

၂၀၀၈ ခုနှစ်၊ စာပေဗိမာန်စာမူဆု
လူငယ်စာပေ ပထမဆုရ

# ကန္တာရဆူး

ခင်လပြည့်ဝန်း

BURMESE CLASSIC .com

စီစဉ်တည်းဖြတ်သူ - ဒေါ်ခင်ဝါဆွေ (ဝါဝါ-အင်းစိန်)
မျက်နှာဖုံးပန်းချီ - တောင်ငူ-စိုးမြင့်လေး

စာပေဗိမာန်ထုတ် ပြည်သူ့လက်စွဲစာစဉ်

www.burmeseclassic.com

www.burmeseclassic.com

၂၀၁၀ ပြည့်နှစ်၊ ပထမအကြိမ်၊ အုပ်ရေ - ၂၀၀၀

တန်ဖိုး ကျပ်

ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း
စာပေဗိမာန် စာတည်းမှူးချုပ်က
မှတ်ပုံတင်အမှတ် (၀၇၄၉၂) ဖြင့် ရိုက်နှိပ်၍
မှတ်ပုံတင်အမှတ် (၀၃၉၁၁) ဖြင့် ထုတ်ဝေသည်။

## ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

www.burmeseclassic.com

www.burmeseclassic.com

## နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး။

## စီးပွားရေး ဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့်ပညာရည်မြင့်မားရေး။

# စာရေးသူ၏ ရည်ရွယ်ချက်

ဤစာမူသည် အညာဒေသ၏ ကျေးရွာလေးတစ်ရွာတွင် နေထိုင်သည့် လုံမငယ်တစ်ဦး တွေ့ကြုံခဲ့ရသည့် သူ၏ပတ်ဝန်းကျင်နှင့်ဘဝကောက်ကြောင်းအဖြစ်အပျက် အမှန်အကန်ဇာတ်လမ်းကို အခြေခံပြီး ရေးသားထားသော လူငယ်စာပေဝတ္ထုရှည်စာမူ ဖြစ်ပါသည်။

ဤ 'ကန္တာရဆူး' အမည်ရှိ လူငယ်ဝတ္ထုရှည်စာမူကို အကြောင်းပြု၍ ယနေ့လူငယ်များအတွက် တစ်စုံတစ်ရာသော အတိုင်းအတာအထိ အကျိုးဖြစ်ထွန်းစေပါလျှင် စာရေးသူ၏ ရည်ရွယ်ချက် ပြည့်ဝသည်ဟု ဆိုရပါမည်။

ကွယ်လွန်ခဲ့ပြီဖြစ်သော ကျေးဇူးရှင်မွေးသမိခင်နှင့် ဖခင်တို့ကို ဤစာမူဖြင့် ရိုသေစွာကန်တော့အပ်ပါသည်။

ခင်လပြည့်ဝန်း

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

နေလုံးကြီးသည် အနောက်ယွန်းနေပြီ။ ဝင်လုဆဲနေလုံးကြီးသည် ကြက်ဥအနှစ်သဖွယ် အရောင်ရင့်ရင့်နှင့်။ ထိုသို့သော ညနေဆည်းဆာပန်းခိုကားချပ်အလှသဖွယ် လှပသော်လည်း အညာနွေအပူရှိန်သည် နွေးငွေ့နေဆဲ။ ညနေစောင်းအချိန်၏ လှပသောပန်းချီကားချပ်၏ အလှအပကို အပြည့်အဝ မခံစားနိုင်အောင် အပူရှိန်ငွေ့ငွေ့က နှောင့်ယှက်နေသလိုပင်။

ခင်ထွေးလည်း ညနေဆည်းဆာနှင့် နေဝင်ချိန်ကို ငေးကြည့်နေမိသည်။ ခင်ထွေးရပ်နေသည့်နေရာနှင့် ခပ်လှမ်းလှမ်းလောက်တွင် ကန္တာရပင်များ အုံ့အုံ့ဆိုင်းဆိုင်းနှင့်ရှိနေသည်။ ထိုကန္တာရပင်များသည် သဲကန္တာရထဲတွင် ကုလားအုတ်လေးများ ဝပ်နေသည်နှင့်တူနေတော့သည်။

ကန္တာရပင်များသည် ခင်ထွေးတို့အညာဒေသတွင်ပေါများလှပါဘိ။ အိမ်ခြံဝန်းအနားသတ်ကို ကန္တာရအပင်ပေါက်လေးများ အစီအရီစိုက်ထားပါက မိုးတစ်ပြိုက်နှစ်ပြိုက်ရွာသည်နှင့် အပြိုင်းအရိုင်းကြီးထွားလာတတ်သည်။ ထိုအခါ ကန္တာရပင်များသည် ခြံစည်းရိုးနယ်နိမိတ်သဖွယ် ဖြစ်သွားသည်။ ခင်ထွေးတို့အညာဒေသ ကျေးရွာဒေသတွင် ခြံစည်းရိုးကာခြင်းကား နည်း၏။ ထိုသို့



www.burmeseclassic.com

www.burmeseclassic.com



သော ကန္တာရပင်များ စိုက်ထားခြင်းဖြင့် အလိုအလျောက် ခြံစည်းရိုးကာထားသလိုဖြစ်သွားလေသည်။ ကန္တာရပင်များမှာ စိုက်ပျိုးရလွယ်ကူသည်။

ကန္တာရပင်များ၏ အကိုင်းအခက်များကို ထင်းလောင်စာအဖြစ် အသုံးပြုပါက အတော်ကောင်းသည်။ ကန္တာရဆူးသည် အဆိပ်ရှိ၏။ ကန္တာရဆူး စူးမိပါက ပေါ့ပေါ့တန်တန် နေလို့မရ။ ဆူးစူးမိပါက ပေါ့ပေါ့တန်တန်နေမိလျှင် ဆူးစူးသည့်နေရာတစ်လျှောက်လုံး ယောင်ကိုင်းလာတတ်သည်။ ထိုဆူးဒဏ်ရာသည် တခြားသောဆေးများကို အသုံးပြုစရာမလို၊ ကန္တာရပင်၏အရွက်ကို ဆေးအဖြစ် သုံးနိုင်သည်။ ဒဏ်ရာကို ကန္တာရအရွက်ကြိတ်၍ အုံစည်းထားပါက အနာပျောက်မြန်သည်။ သို့မဟုတ်လျှင် အနာကျက်ရန် ကြာတတ်သည်။

ခင်ထွေးလည်းရပ်နေသည့်နေရာမှနေ၍ ရေနံတွင်းဟောင်းနေရာနှင့် နီးနီးကပ်ကပ်ရှိနေကြသော ကန္တာရပင်များကို ငေးကြည့်နေမိသည်။ ကန္တာရပင်များမှာလည်း ရေနံမြေတစ်ဝိုက် တယုတယ မစိုက်ရပါဘဲနှင့် နေရာအနှံ့ ပေါများလှပါ၏။ ခင်ထွေး၏အတွေးများမှာလည်း လေသင့်ရာ လွင့်မျောလျက် ....

ရွာဦးကျောင်းနာရီစင်မှ ညနေ ခြောက်နာရီထိုးသံကြားလိုက်ရ၏။ အဖေနှင့်အစ်မခင်လေးတို့၏ အရိပ်အယောင်မတွေ့မိသေး။ ခင်ထွေးလည်း အိမ်ရှေ့ကပြင်မှ ထွက်မျှော်နေမိသည်။



မကြာလိုက်ပါချေ။ အဖေနှင့်အစ်မခင်လေးတို့ တလှုပ်လှုပ်နှင့် အိမ်ဘက်သို့ ဦးတည်လာနေသည်ကို တွေ့လိုက်ရသည်။ အဖေတို့သားအဖကို လှမ်းမြင်ရမှ ရင်ထဲစိတ်အေးနိုင်သည်။

အဖေ့နောက်မှ အစ်မသည် ကွတကွတဖြင့် တရွေ့ရွေ့လာနေသည်ကို အားမလို အားမရဖြစ်နေသည်။

"ဟင်း . . . အစ်မကလည်း နှေးလိုက်တာ . . . အဖေ့လောက်တောင်မှ မလျှောက်နိုင်ဘူး"

"ဟဲ့ ကောင်မလေး . . . တစ်ယောက်တည်း ပွစိပွစိနဲ့ ဘာပြောနေတာလဲ . . . ဟိုမှာ နင့်အဖေနဲ့အစ်မလာနေတာတွေ့ရဲ့သားနဲ့ ပစ္စည်းတွေ သွားကူသယ်စမ်း . . . သွားလေ"

သူ့နောက်မှ အမေ အော်ပြောလိုက်သည့်အတွက် သူနှုတ်ခမ်းစူလိုက်ပြီး . . .

"အို . . . ဘာပစ္စည်းတွေ သယ်လာရတာမှတ်လို့ . . . ထမင်းချိုင့်နဲ့ရေဘူးကို လွယ်အိတ်ထဲ ထည့်သယ်လာတာပဲဥစ္စာ"

"ဟဲ့ . . . တယ် . . . ဒီကောင်မလေး လူကြီးတွေခိုင်းရင် ပြန်ပြန်ပြောနေတာနဲ့ ချက်ချင်းမလုပ်ဘူး . . . တော်တော်အလိုက်ကန်းဆိုးမသိတဲ့ကောင်မလေး . . . သွားစမ်း . . . သွားဆို . . . ခု သွားကူသယ်ပေးလိုက်"

အမေ ထပ်အော်မည်စိုးသောကြောင့်သာ အဖေတို့ရှိရာသို့ လေးကန်စွာသွားလိုက်သည်။ အဖေ့နားရောက်သည်နှင့် ဖုန်နှံ့ချေးနံ့များဖြင့် မကောင်းသည့်အနံ့အသက်ပေါင်းစုံက သူ့နှာခေါင်းဝ

www.burmeseclassic.com

www.burmeseclassic.com



သို့ တိုးဝင်လာသည်။ အဖေ့ကိုကြည့်လိုက်သောအခါ နေလောင်နေသောမျက်နှာ၊ ဖုန်သဲများပေကျံနေသောဆံပင်များကို တွေ့လိုက်ရ၍ စိတ်မကောင်းဖြစ်မိပြန်သည်။

"အဖေ . . . ကျုပ်ကို လွယ်အိတ်ပေး . . . ပေးပါ အဖေရာ . . ."

အဖေ့လွယ်အိတ်လှမ်းယူရင်း အစ်မဘက်သို့လှည့်ကြည့်လိုက်သည်။ အစ်မမျက်နှာသည် အဆီတဝင်းဝင်းနှင့် ပြောင်လက်နေသည်။ ဆံပင်တို့သည်လည်း သပ်သပ်ရပ်ရပ်မရှိဘဲ ဖွာလန်နေသည်။ ဆီနှင့်ဝေးနေသည့် ဆံပင်များမှာ ပြောင်းဖူးမွေးသဖွယ် နီကြောင်ကြောင်ဖြစ်နေသည်။ အစ်မကြည့်ရသည်မှာ ပင်ပန်းနွမ်းနယ်မှုကို မဖုံးကွယ်နိုင်။

"အစ်မ . . . ပေး . . . ပေး . . . အစ်မလွယ်အိတ်ပါ ပေးပါတော့ . . . ကျုပ်က အစ်မတို့မလာသေးလို့ စိတ်ပူနေတာ"

ခင်ထွေးစကားကြောင့် အစ်မမျက်နှာအပြုံးရိပ်ဖြတ်သန်းသွားသည်ကို တွေ့လိုက်ရသည်။

"စိတ်မပူပါနဲ့အေ . . . ငါတို့ ဒီအချိန်ပြန်ရောက်တာတွေ့ရင် ဒုက္ခမရောက်သေးဘူးလို့ အောက်မေ့လိုက်တော့"

"လုပ်ပြီ . . . ငါ့သမီးကြီးကတော့ . . ."

အဖေက အစ်မခင်လေးဘက်လှည့်ပြီး မာန်သလိုပြောလိုက်ပါသည်။ အစ်မက မျက်ခုံးတစ်ချက်ပင့်ပြ၍ ရယ်ကျဲကျဲဖြင့် လျှောက်လာသည်။ အမေက . . .



"ကဲ . . . ဒီသားအဖတွေ ခဏနားဦး . . . ပြီးရင် ရေမိုးချိုးဖို့လုပ်တော့" ဟု ပြောလိုက်၏။ အစ်မက အိမ်ပေါ်ရောက်သည်နှင့် ဝုန်းခနဲပစ်လှဲချကာ ကြမ်းပြင်ပေါ် ကျောဆန့်လိုက်ပါသည်။ အဖေသည် အိမ်ရှေ့ကပြင်မှာထိုင်ချရင်း အမေပေးသော ရေနွေးကြမ်းပန်းကန်လုံးကို လှမ်းယူလိုက်ပါသည်။

ရေနွေးကြမ်းပန်းကန်လှမ်းယူရာမှ ရုတ်တရက် . . .

"လှမေ . . . အစ်ကိုငွေ လာသေးလား"

"တော့်အစ်ကိုလား . . . မလာပေါင်တော် . . . ပေးစရာရှိလို့ကတော့ လာပေးမယ်မထင်နဲ့ . . . ရစရာရှိလို့ကတော့ မိုးမလင်းသေးဘူး . . . လာတောင်းပြီ"

အမေ မကျေမနပ်ပြောဆိုနေသည်ကို မသိသလိုအမူအရာဖြင့် ထိုင်ရာမှထလိုက်သည်။

"ထမင်းစားတော့မယ်ကွာ . . . ထမင်းခူးတော့"

"တော့်ဟာက ရေမချိုးဘူးလား . . . ရေမိုးချိုးပြီးမှ စားပါလားတော့်"

"မချိုးတော့ပါဘူးကွာ . . . မိုးချုပ်နေပြီမှုပဲ"

ပြောပြောဆိုဆိုနှင့် ထိုင်ရာမှထသွားသည့်အဖေ့ကို အမေက မကျေမချမ်းပြောနေပါသေးသည်။

"သူ့အစ်ကိုအကြောင်းပြောလိုက်ရင် ဒီလိုချည်းပဲ . . . မှန်တာပြောလည်း မကြိုက်ဘူး . . . ဒီတစ်ပတ်အတွင်း ပြန်ပေးမယ်ဆိုပြီး လွယ်လွယ်နဲ့ချေးသွားတာပဲ၊ ပြန်ပေးဖို့ကျတော့ မေ့ချင်ဟန်

www.burmeseclassic.com

www.burmeseclassic.com



ဆောင်နေတယ် . . . သွားတောင်းလည်း မကြိုက်ဘူး . . . ကိုယ့်မိသားစုက ချောင်လည်တယ်ဆို ဟုတ်သေးတယ် . . . အချင်းချင်းကို အနိုင်ယူချင်သေးတယ်"

"ကဲပါအမေရယ် . . . အမေပြောလည်း အဖေ မကြားတော့ပါဘူး . . . လေကုန်ခံပြီး ပြောမနေပါနဲ့တော့ . . . ဘကြီးမောင်ငွေက ပိုက်ဆံလာချေးရင် အမေမပေးဘဲ နေနိုင်လို့လား . . . ချေးလိုက်ပြီးမှ ပြောလို့ကို မပြီးတော့ဘူး"

"ဟဲ့ . . . နင့်ဘကြီးငွေလာချေးတာ မပေးဘဲနေလို့ရမလား"

"တော်ပါတော့အမေရယ် . . . အဖေလာနေပြီ . . . ထပ်မပြောပါနဲ့တော့"

ခင်ထွေးက အမေနှင့်ထမင်းပွဲကူပြင်ပေးရင်း ပြောလိုက်ပါသည်။ ငါးပိချက်နှင့်တို့စရာစုံစုံလင်လင်သည် ဗိုက်ဆာနေသည့်ခင်ထွေးအဖို့ သွားရည်ပင် ကျလုလု။ တို့စရာဆိုသည်မှာလည်း ခင်ထွေးတို့အမေကြီးအခင်းထဲက အရွက်နုလေးများ၊ အပင်ပေါက်လေးများကိုခူးပြီး ရေနွေးဖျောထားသည့်အတွက် စိမ်းစိုနေသည်။

အဖေက လက်ဆေးပြီး ထမင်းဝိုင်းအနီးရောက်သည်နှင့် စားပွဲဝိုင်းပေါ်က ဟင်းပန်းကန်ကိုကြည့်ပြီး နှာခေါင်းရှုံ့လိုက်ပါသည်။

"ဟဲ့ . . . လှမေ၊ မင်းကလည်း . . . တစ်နေ့လာလည်း ငါးပိချက်၊ တို့စရာနဲ့ ချဉ်ပေါင်ကြော်။ တစ်ရက်ခြား ဒီဟင်းတွေပဲ။



ဟင်းပြောင်းပြီး မချက်တတ်တော့ဘူးလား။ ဘဲဥ၊ ကြက်ဥတောင် ချက်မကျွေးနိုင်တော့ဘူးလား"

အမေ မျက်နှာမကောင်းဖြစ်သွားသည်။ အစ်မခင်လေးကတော့ ထမင်းဝိုင်းထိုင်လိုက်သည်နှင့် လက်ဆေးဇလုံထဲ လက်အမြန်နှစ်ဆေးလိုက်သည်။ ပြီးလျှင် အားရပါးရစားပါတော့သည်။ အမေက အဖေ့ပန်းကန်ထဲ ငါးပိချက်တစ်ဇွန်း ထပ်ထည့်ပေးရင်း . . .

"ကိုရွှေရယ်. . . ကျုပ်က ဘဲဥ၊ ကြက်ဥမပြောနဲ့၊ တော်တို့သားအဖတစ်တွေကို ကြက်သား၊ ဝက်သား၊ အမဲနှပ် ဟင်းမထပ်ရအောင်ကို တစ်နေ့တစ်မျိုး ချက်ကျွေးချင်လှချည့်တော်။ ခုဟာက ကျုပ်တို့မှာ နေ့ဖို့ညစာတောင်မှ မနည်းခြစ်ကုပ်စားနေရတာ ရှင်သိသားနဲ့။ တော်တို့ ပိုက်ဖြုတ်လို့ရရင် ကျုပ်က အသားဟင်းချည်းပဲ တစ်ပတ်လုံး နေ့စဉ်ချက်ကျွေးပါ့မယ်။ ခုတော့ သည်းခံစားပါတော်။ တော့်သမီးတွေ ဘာမှမပြောဘဲ စားနေတာ တော်တွေ့သားနဲ့"

"ခင်ဗျားသမီးတွေက ကျောက်ခဲချက်ကျွေးရင်တောင်မှ ကြေအောင်ဝါးစားနိုင်မယ့်ဟာတွေ။ သူတို့တွေက မင်း ဘာချက်ကျွေးကျွေး စားနိုင်တဲ့ဟာတွေ"

"တော် ဘယ်လိုများပြောလိုက်တာလဲ။ ဒါတွေက တော်နဲ့ ကျုပ်နဲ့ရတဲ့ တော့်သမီးတွေ၊ သိရဲ့လား. . ."

အမေနှင့် အဖေ စကားအချေအတင်ပြောနေစဉ် အစ်မခင်လေးက ထမင်းဝါးရင်း ပလုတ်ပလောင်းဖြင့်

www.burmeseclassic.com

www.burmeseclassic.com



"အမေ၊ အဖေပြောတာ မှန်တယ်ဗျ။ ကျုပ်က အမေ ဘာချက်ကျွေးကျွေး အမှုန့်ဖြစ်အောင် ကြေကြေညက်ညက်ဝါးစား နိုင်တယ်၊ ဘာဖြစ်လို့လဲဆိုတော့ ကျုပ်တော့ ခု သဲကျုံးရဲ့ သဲပုံး ဆွဲတင်ရန်နဲ့ လက်တွေနာနေပြီ၊ အိမ်ရောက်တော့ ကျုပ်လည်း ထမင်းတို့၊ ဟင်းတို့ကို သဲတွေ၊ ခဲတွေလိုသဘောထားပြီး အငြိုးနဲ့ ဝါးစားပစ်လိုက်တာပေါ့။ ဒီသွားတွေကလေ အသားဟင်းဆိုရင် တောင် ဝါးနိုင်ပါ့မလားတောင်မသိဘူး။ အသားဟင်းနဲ့ ဒီသွားက ရန်ဖြစ်ထားလို့လေ၊ ဟား. . . ဟား. . ."

"သမီးကြီးရယ်၊ ညည်းက အဲဒီလိုပြောတော့ အမေ ဘယ်စိတ်ကောင်းပါ့မလဲအေ"

အမေက မျက်စိမျက်နှာပျက်ပျက်နှင့် အစ်မခင်လေးကို ဟင်းထပ်ထည့်ပေးရင်း ပြောလိုက်ပါသည်။ အဖေလည်း ထမင်း ဝါးရင်းနှင့် -

"ပိုက်မြင်ရရင် အဖေ ငါ့သမီးကြီးကို ဟင်းဝယ်ကျွေး ပါ့မယ်။ အဖေ စိတ်မကောင်းအောင် ပြောမနေပါနဲ့တော့"

"အလကားပြောတာပါ အဖေရာ၊ ခုဟာက ပိုက်တောင် မမြင်ရသေးဘူး၊ သဲပုံးကျုံးရဲ့ ဆွဲတင်ရတာနဲ့တင်ပဲ မလွယ်တာ၊ ပိုက်အမြန်မြင်ရပါစေလို့ပဲ ဆုတောင်းရတော့မှာပဲ၊ အဲဒီပိုက်မြင် ရမှ အဖေဝယ်ကျွေးတဲ့ဟင်းကို အားရပါးရစားပစ်လိုက်မယ်၊ ခုတော့ အမေ့လက်ရာငါးပိချက်ကလေးလည်း မဆိုးပါဘူး၊ ပိုက်ဖြတ်လို့ရရင်တော့ အမေ့လက်ရာ အမဲနှပ်ကို တအားတွယ်ပစ် လိုက်ဦးမှာ"



"ဟုတ်တယ်. . . ငါ့သမီးကြီးက တကယ်အားကိုးရတယ်"

"အားကိုးပါ အဖေရာ၊ အားကိုးပါ၊ အဖေ အားကိုးလေ သမီးမှာ လက်တွေ၊ ပခုံးတွေ နာလေပေါ့၊ အဟဲဟဲ. . ."

အဖေက အစ်မခင်လေးကို မျက်လုံးပြူး၍ စိုက်ကြည့်ပြီး -

"ဟဲ့. . . သမီးရဲ့၊ အနာခံမှ အသာစံရမယ်ဆိုတဲ့စကား ဘယ်မှာသွားထားမှာလဲ၊ သည်းခံခြင်းသည် အောင်မြင်ရာ၏ဆိုတဲ့ ပညာရှိစကားတောင် ရှိသေးတယ်မဟုတ်လား"

"ဟုတ်ပါပြီ အဖေရာ၊ တစ်နေ့တစ်နေ့ သဲတွေကျုံးနေ ရတာနဲ့ ရှိတဲ့ဖွဲလေးတောင်မှ ထွက်ပြေးမှာစိုးလို့ မနည်းတားထား ရတယ်"

အစ်မခင်လေးက ပြောလက်စ စကားလည်း လက်စသတ် သလို ထမင်းစားလည်း ပြီးသွားပြီ။

အမေကတော့ အစ်မခင်လေး ထသွားသည်ကိုကြည့်ပြီး သက်ပြင်းရှည်မှုတ်ထုတ်လိုက်သည်။ ခင်ထွေးကတော့ ထမင်း စားရင်း အဖေတို့ပြောနေသည့်စကားလုံးများထဲမှ ပိုက်ဖော်ရလျှင် ပိုက်ဆံရမည်ဆိုသည့်အကြောင်းကိုသာ တွေးနေမိသည်။

အဖေတို့ ပိုက်ဖော်ရလျှင် ပိုက်ဆံများများရမည်ဟု ပြောနေကြသည်။ ထိုပိုက်ဆံရလျှင် အဖေ့ကို သူလိုချင်သည့်အရာ များ ပူဆာရမည်။ ခုလောလောဆယ် ခင်ထွေး အလိုချင်ဆုံးအရာ မှာ အရောင်လက်လက်လေးများပါသော ပိတ်စအင်္ကျီစားလေး လိုချင်နေသည်။ အထက်အောက်ဆင်တူ လုံချည်၊ အင်္ကျီချုပ်

www.burmeseclassic.com

www.burmeseclassic.com



လောက်အောင်ဝယ်ရလျှင် ပိုက်ဆံအတော်ပေးရမည်။ ပိုက်ဖြတ်၍ ရောင်းရလျှင် ပိုက်ဆံများများရသော် အဖေ့ကို ပိတ်စဝယ်ခိုင်းရဦးမည်။ မနှစ်က သူ့အဖြစ်အပျက်ကို ခင်ထွေး မမေ့နိုင်သေး။

ခင်ထွေးမှာ အပျိုဖော်ဝင်စအရွယ် ရောက်နေပြီ ဖြစ်သော်လည်း သစ်လွင်တောက်ပသော ဝတ်စုံတစ်စုံမျှ မရှိသေးပါ။ ထို့ကြောင့်ပင် ရွာထဲမှ ပွဲလမ်းသဘင်သွားစရာရှိလျှင် ငှားရမ်းဝတ်လေ့ရှိသည်။ အမေက မပြောသော်လည်း အဖေက သူတစ်ပါးထံမှ ငှားယူဝတ်ဆင်လျှင် မကြိုက်ပါ။

"ကိုယ့်မှာရှိတာပဲ ဝတ်ပေါ့၊ ကိုယ့်မှာမရှိဘဲ သူများအဝတ်အစားတွေ ယူဝတ်တာမကြိုက်ဘူး၊ ဘယ်နှယ့်ဗျာ၊ သူများပစ္စည်းကိုယ့်ပစ္စည်းမှမဟုတ်တာ၊ ရှက်စရာကောင်းလိုက်တာ"

"အဖေကလည်းလေ. . .၊ ကျုပ်မှာ ဝတ်စရာဆိုလို့ အစုတ်ထည်နဲ့ အဟောင်းထည်ပဲရှိတယ်၊ ကျုပ်မှာ ငှားဝတ်လို့ မသွားရင် ဘယ်လိုသွားရမှာတုန်း"

"ကိုယ်ပိုင်ရှိတာလောက် ဘယ်သူ့ပစ္စည်းမှ စိတ်ချရတာမဟုတ်ဘူး၊ ရှိတာနဲ့ဝတ်၊ အကျႌအသစ်ဝတ်မှ၊ ကောင်းတာဝတ်မှ ပွဲလမ်းသဘင်၊ အလှူပွဲသွားရမှာဆိုရင် သွားမနေနဲ့တော့"

"ကျုပ်က သွားချင်တာကိုး၊ ဘယ်လိုလုပ်ရမလဲတော့"

ခင်ထွေး ပြောရင်းဆိုရင်း ဝမ်းနည်းလာသည်။ အဖေ့စကား မပြီးနိုင်။



"အဖေ ဖတ်ခဲ့ဖူးတဲ့ ပုံပြင်ဇာတ်လမ်းတစ်ပုဒ် ပြောပြမယ်၊ တစ်ခါတုန်းက ရွာတစ်ရွာမှာ အလှူပွဲကို လူတစ်ယောက်က စုတ်စုတ်ပြတ်ပြတ်အဝတ်အစားနဲ့ သွားစားသတဲ့၊ အဲဒီအခါမှာ အလှူရှင်နဲ့ ဧည့်ခံတဲ့သူတွေက အဲဒီလူကို စားဝိုင်းထဲ အဝင်မခံဘဲ မောင်းထုတ်ခံခဲ့ရတယ်၊ အဲဒီလူက စိတ်ဆိုးပြီး ပြန်လာခဲ့တယ်၊ သူ့အိမ်ရောက်တော့ သူ့အိမ်မှာရှိတဲ့ ကောင်းပေ့၊ ညွှတ်ပေ့ဆိုတဲ့ အကျႌနဲ့ ပုဆိုး လဲဝတ်လိုက်တယ်၊ အဝတ်အစားအသစ်နဲ့ ခုန သွားခဲ့တဲ့ အလှူပွဲကို ပြန်သွားတော့ ဧည့်ခံတဲ့သူတွေက သူ့ကို ဖျာဖျာသလဲနဲ့ ဧည့်ခံတယ်၊ စားပွဲဝိုင်းတစ်ခုမှာ နေရာပေးပြီး အစားအသောက်တွေ လာချပေးသတဲ့၊ အဲဒီမှာတင် သူက ဝတ်စားလာတဲ့ အကျႌသစ်၊ လုံချည်သစ်အပေါ်ကို ထမင်းတွေ၊ ဟင်းတွေ၊ အစားအသောက်တွေလောင်းချလိုက်တယ်။ နင်တို့ကိုကျွေးတာ ဒီအလှူက၊ ငါ့ကိုကျွေးတာမဟုတ်ဘူးဆိုပြီးတော့လေ. . .။ ခင်ထွေး. . . သမီး၊ အဖေပြောတာ သဘောပေါက်တယ်နော်"

အဖေ့စကားဆုံးသည်နှင့် ခင်ထွေး ချုံးချွပါတော့သည်။

* * * * *

အဖေဆုံးမသည့်ကြားက ခင်ထွေး မှားသည့်ကိစ္စဖြစ်လာသေးသည်။ ဒေါ်ကြီးမမြဦးတို့အလှူ လာဖိတ်ကတည်းက ခင်ထွေး စိတ်ရှုပ်နေသည်။ ဒေါ်ကြီးမမြဦးတွင် အေးသီနှင့် မွေးရပ်ဟူသော သမီးနှစ်ယောက်ရှိသည်။ ခင်ထွေးထက်တော့ နှစ်နှစ်၊ သုံးနှစ်

www.burmeseclassic.com

www.burmeseclassic.com



လောက်ကြီးမည်။ ခင်ထွေးတို့ညီအစ်မများနှင့်လည်း ခင်၏။ ဒေါ်ကြီးမမြဦး၏လယ်ထဲ သူတို့ညီအစ်မ ပျိုးနုတ်၊ ပေါင်းသင်ပေးလေ့ရှိ၍ သည်အလှူကို ခင်ထွေး မသွား၍မဖြစ်သည့်အခြေအနေဖြစ်သည်။ အစ်မခင်လေးကတော့ အလှူနေ့တွင် အမေနှင့် မကွေးသို့သွား၍ အဘွားမှာသည့်ကိစ္စတစ်ခုကို လုပ်ပေးရမည်။ ထို့ကြောင့် ဒေါ်ကြီးမမြဦးအလှူသို့ သူတစ်ယောက်တည်း သွားရမည်ဖြစ်သည်။

"ငါမှ အလှူမသွားတာ၊ ငါ့အင်္ကျီအဝါရောင်နဲ့ အညိုရောင်ထမီလေး ဝတ်သွားပေါ့ဟဲ့"

အစ်မခင်လေးစကားဆုံးသည်နှင့် ခင်ထွေး နှုတ်ခမ်းစူပြပြီး -

"အစ်မအဝတ်အစားက ဟိုတလောက ဘကြီးဖြိုးမြေးတွေ ရှင်ပြုတုန်းကလည်း ဝတ်ပြီးပြီ။ ကဆုန်ညောင်ရေသွန်းပွဲတုန်းကလည်း ဝတ်ပြီးပြီ။ တော်တော်တောင် ဟောင်းနေပြီတော့"

"နင် သိပ်စကားများတာပဲ၊ နင် ငါ့အင်္ကျီအဝတ်အစားတွေ မဝတ်လို့ ဘယ်သူ့အဝတ် ငှားဝတ်ဦးမှာလဲ"

"စိန်ဥအင်္ကျီနဲ့လုံချည်လေ. . ."

"ဘာ. . ."

ခင်ထွေးက စပ်ဖြဲဖြဲအမူအရာဖြင့်ပြောသည်။ အစ်မ အော်သံကြောင့် လျှာတစ်လစ်နှင့် ခေါင်းပုဝင်သွားသည်။



"ဟုတ်တယ်လေ အစ်မရဲ့၊ ဟိုတစ်နေ့က စိန်ဥလေး သူဝယ်ထားတဲ့အင်္ကျီ ထုတ်ပြတယ်၊ လှချက်တော်၊ အင်္ကျီနဲ့ လုံချည်လေးက သိပ်လိုက်တာပဲ"

"ဟဲ့. . . သူ့ဘာသာဝယ်ထားတာ၊ သူဝတ်ဖို့ပဲပေါ့၊ နင်က ဘာလို့ သူများအင်္ကျီ၊ လုံချည်အသစ်ကို ငှားဝတ်ရမှာလဲ"

"ရပါတယ်အစ်မရာ၊ သူ့ကို ငှားဝတ်ချင်အောင် ပြောတတ်ပါတယ်"

"ညည်းလေးကတော့လေ. . .၊ နောက်မှပြဿနာ တက်ရင် ကိုယ့်ဘာသာ ကိုယ်ရှင်းနော်၊ ငါ ဘာမှလိုက်ရှင်း မပေးဘူး"

"စိတ်ချပါ အစ်မရာ. . ."

ခင်ထွေးတစ်ယောက် ဘကြီးစံမြတို့လယ်ခင်းထဲက လူသူမသိအောင် ချိုးလာသည့်ပြောင်းဖူးများဖြင့် စိန်ဥကို မျက်နှာလုပ်နေသည်။

"စိန်ဥ ရော့. . . ပြောင်းဖူး၊ နင်စားဖို့ယူသွား၊ မီးဖုတ်စားလေ၊ ချိုပြီးမွှေးနေတာပဲ၊ နင့်အတွက် ငါယူလာတာဟဲ့"

"အောင်မယ်. . . ကောင်မ၊ ညည်း ငါ့အပေါ် သိပ်ဘော ကောင်းနေပါလား"

www.burmeseclassic.com

www.burmeseclassic.com



"နင်ကလဲဟယ်၊ ကိုယ့်သူငယ်ချင်းအချင်းချင်း ဒီလောက်တော့ သဘောကောင်းရမှာပေါ့၊ နင်ကလှတော့ ငါက ပိုခင်တာပေါ့"

"ငါ့ကို လှတယ်ပြောပြီး နင် ငါ့ဆီက တစ်ခုခုလိုချင်နေတယ်မဟုတ်လား"

"ငါ့သူငယ်ချင်းက တော်သားပဲ၊ ငါလေ. . . နင်ဟိုတစ်လောက ငါ့ကိုပြတဲ့ အကျီနဲ့ လုံချည်လေးလေ. . . ဒေါ်ကြီးမမြဦးအလှူမှာ ဝတ်ချင်လို့"

"အောင်မာ. . . ငါတောင်မှ မဝတ်ရသေးဘူး၊ ငါလည်း အဲဒီအလှူမှာ ဝတ်ရဦးမှာပေါ့ဟဲ့"

"နင်ကလဲ. . . နင့်မှာ ဝတ်စရာအဝတ်တွေ များပါတယ်၊ ပြီးတော့ နင်က အသားလှတယ်၊ ချောလည်းချောတယ်မဟုတ်လား၊ ငါက အသားလည်းညို၊ ရုပ်ကလည်းမလှတော့ နင့်အကျီ၊ လုံချည်နဲ့မှ ငါက နည်းနည်းလေးကြည့်ကောင်းမှာမို့ပါ"

ခင်ထွေးက အပြောကောင်း၍လား၊ စိန်ဥက သဘောကောင်း၍လားမသိတော့ပါ။ စိန်ဥ၏ မဝတ်ရသေးသည့်အကျီနှင့် လုံချည်အသစ်စက်စက်လေးသည် ခင်ထွေးလက်ထဲသို့ ရောက်သွားပါတော့သည်။

"ဒါပေမယ့် ငါ တစ်ခုတော့ပြောထားမယ်နော်၊ ငါတောင် မဝတ်ရသေးတဲ့အကျီ၊ လုံချည်အသစ် နင့်ကို သနားလို့ပေးဝတ်တာ၊ မစုတ်ပြဲစေနဲ့နော်။ အစွန်းအထင်းပေကျံတာတွေလည်း မဖြစ်စေနဲ့။ ငါ့အကျီနဲ့လုံချည် တစ်ခုခုဖြစ်ရင်တော့ နင် အလျော်ပေးရမှာနော်"



"အေးပါဟာ. . .၊ နင့်အကျီနဲ့လုံချည် ဘာမှမဖြစ်စေရဘူး စိတ်ချ၊ တစ်ခုခုဖြစ်ရင် ငါ ပြန်လျော်ပေးပါ့မယ်ဟာ၊ စိတ်ချ. . ."

သူ ပျော်သွားသည်။ အစ်မခင်လေးလည်း အလှူမလိုက်သည့်အတွက် ပိုလွတ်လပ်နေသည်။ အလှူပွဲသို့ လှလှပပနှင့် ကြွနွေအပြည့်ဖြင့် ရောက်လာသည့်ခင်ထွေးကို မြင်သူတိုင်း ငေးကြည့်ကြသည်။

"ဟယ်. . . ခင်ထွေး၊ လူတောင်မှားတယ်ဟယ်။ တယ်လှပါလား"

"ဟုတ်ပါရဲ့၊ ခင်ထွေးက ခုလိုဝတ်စားလိုက်တော့ အချောအလှပေါ်လာတာပေါ့"

"ဟုတ်ပါရဲ့၊ ဒီကောင်မလေးက သပ်သပ်ရပ်ရပ် လှလှပပနေရင် မိန်းမချောလေးဟဲ့"

ခင်ထွေး ရှက်လည်းရှက်၊ သဘောလည်း ကျသဖြင့် သွားပေါ်အောင် တစ်ချိန်လုံးပြုံးနေသည်။ ဟန်လုပ်၍ပြုံးနေသော်လည်း ခဏသာပင်။ ထမင်းဝိုင်းထိုင်လိုက်သောအခါ ကြွနွေဖြင့်မပြုံးနိုင်တော့။ သူ အင်မတန်ကြိုက်သည့် ငါးသလောက်ပေါင်းကိုမြင်လိုက်ရသည်တွင် အားရပါးရ ခေါင်းငုံ့ပြီးစားပါတော့သည်။

"စား. . . စား၊ အားရပါးရစား၊ ဟဲ့. . . မောင်မြ[illegible] ဒီဝိုင်းထဲ ဟင်းထပ်ဖြည့်စမ်း"

အလှူရှင်က ခင်ထွေးတို့စားပွဲဝိုင်းပေါ်ရှိ ဟင်းခွက်ထဲ ထပ်ဖြည့်ခိုင်းရာ ခင်ထွေးလည်း ဟန်ပင်မလုပ်နိုင်ဘဲ ထပ်ဖြည့်

www.burmeseclassic.com

www.burmeseclassic.com



သည့်ဟင်းတုံးကြီးကြီးကို အရင်ဦးအောင်ခပ်လိုက်သည်။ အလျှင်စလိုထည့်လိုက်သည့်အတွက် ဟင်းတုံးသည် သူ့ပန်းကန်ထဲမရောက်ဘဲ စားပွဲခင်းပေါ်ကျသွားသည်။ ဘေးမှာရှိသည့်သူများကို ဂရုမစိုက်နိုင်ဘဲ ထိုငါးတုံးကို ဇွန်းဖြင့်ပြန်ယူပြီး သူ့ပန်းကန်ထဲ ထည့်လိုက်ပြန်ရာ ကံဆိုးစွာပင် ထိုငါးသလောက်တုံးကြီးသည် သူ့ထမီပေါ်သို့ 'ဖတ်ခနဲ' ကျသွားတော့သည်။

"ဟယ်. . . ဟောတော့. . ."

အိမ်သို့ပြန်ရောက်သောအခါ အစ်မခင်လေးနှင့် အမေတို့ ပြန်မရောက်သေး။ အလျှူအိမ်ဝတ်သွားသည့် အင်္ကျီနှင့်လုံချည်ကို ချွတ်၍ ထရံနှင့်ကပ်လျက် တန်းထားသည့်ကြိုးတွင် အင်္ကျီကို လွှားတင်လိုက်သည်။ လုံချည်ကို အမေ့သံသေတ္တာပေါ်တင်လိုက်ပြန်သည်။

"အင်း. . . လုံချည်ကို လျှော်ရဦးမယ်၊ ငါ့ဟာငါလျှော်ရင် ပြောင်မှာမဟုတ်ဘူး၊ အစ်မခင်လေးကို ချော့ပြီးလျှော်ခိုင်းရဦးမယ်၊ ဝါး. . ."

အလျှူအိမ်တွင် တဝတပြစားလာသည့် ငါးသလောက်က တန်ခိုးပြလေပြီ။ အဖေကလည်း သူ့အစ်ကိုအိမ် သွားနေသည့်အတွက် သူ့ကို ဆူပူမည့်သူမရှိ။ ကျောဆန့်ရန် အိမ်ရှေ့ကွပ်ပျစ်တွင် ခဏမျှလဲလျောင်းနေလိုက်သည်။ မျက်ခွံများလေးလံလာပြီး နှစ်နှစ်ခြိုက်ခြိုက်ကို အိပ်ပျော်သွားပါသည်။



အိပ်မက်ထဲတွင် ငါးသလောက်ပေါင်းများကို ပန်းကန်ထဲမှ လက်ဖြင့်နှိုက်၍ အားရပါးရစားနေသေးသည်။

"ဟဲ့. . . ကောင်မလေး၊ အိမ်ရှေ့ကြီးမှာ လူမြင်လို့ မတော်ဘူး၊ ထစမ်း. . ."

အမေက ပေါင်တွင်းကြောဆွဲလိမ်လိုက်မှ သူ အိပ်မှုန်စုံမွှားဖြင့် မထချင်ထချင် ထလိုက်ရသည်။

"အမေကလည်း. . . ကိုယ့်အိမ်ရှေ့ကိုယ်အိပ်တာပဲ ဘာဖြစ်လဲ"

"ဘာဖြစ်ရမလဲ၊ အမြင်မတော်လို့ ပြောနေတာပေါ့၊ မိန်းကလေးအပျိုအရွယ် အိမ်ရှေ့လူမြင်ကွင်းကြီးမှာ ဘယ်မိန်းကလေးမှ အိပ်တာမတွေ့ဖူးဘူး၊ အလျှူအိမ်မှာ တဝတပြစားလာပြီးတော့. . .၊ သွား. . .၊ အိပ်ချင်ရင် အိမ်ခန်းထဲသွားအိပ်"

ခင်ထွေးလည်း အိပ်ချင်စိတ်က မပြယ်သေးသည့်အတွက် စကားဆက်မပြောတော့ဘဲ အိမ်ခန်းထဲဝင်လာခဲ့သည်။ အဖေ့ပုဆိုးဟောင်းလေး ခေါင်းခုပြီးအိပ်မည်လုပ်တော့ အလျှူကို ဝတ်သွားသည့်လုံချည်သည် အိမ်ခေါင်းရင်းသို့ရောက်နေသည်ကို တွေ့လိုက်ရသည်။ လုံချည်ကို ခေါက်၍သိမ်းမည်ပြုစဉ် အိပ်ချင်နေသည့်သူ့မျက်လုံးအစုံ ပြူးကျယ်သွားသည်။

"သွားပြီ. . . ငါတော့ ဒုက္ခရောက်ပြီ"

www.burmeseclassic.com

www.burmeseclassic.com



လုံချည်အလယ်ပိုင်းလောက်တွင် ကြွက်ကိုက်ထားသည့် အရာများ မွစာကြဲနေသည်ကို တွေ့လိုက်ရသည်။ ငါးသလောက်ပေါင်းဆီများ စွန်းရာနေရာအနှံ့တွင် ကြွက်ကိုက်ထားသည်။ သူ ငိုချင်သွားသည်။

"ဒုက္ခပါပဲ. . . ဒါမှ တကယ့်ဒုက္ခ"

"ဟဲ့. . . ဘာဒုက္ခလဲ၊ နင် ဘာဖြစ်နေတာလဲခင်ထွေး"

ခင်ထွေးမျက်နှာ ငိုမဲ့မဲ့နှင့်။ ပါးစပ်မှလည်း ညည်းနေ၍ အစ်မခင်လေးက အိမ်ခန်းထဲ ဝင်မေးလိုက်သည်။

"အစ်မရေ. . . ကျုပ်တော့ ဒုက္ခတွေ့ပြီ"

"ဟဲ့. . . အရင်းမရှိ အဖျားမရှိ၊ နင့်ဟာကလဲ. . ."

အစ်မဖြစ်သူကလည်း ညီမမျက်နှာကိုကြည့်ပြီး အလန့်တကြားပြန်မေးလိုက်ပါသည်။

"အစ်မ ဒီမှာ. . . တွေ့လား၊ ထမီကို ကြွက်ကိုက်သွားပြီတော့. . . ဒုက္ခပါပဲ အစ်မရယ်၊ ကျုပ် ဘယ်လိုလုပ်ရမလဲ"

"ဟယ်. . . လုပ်ပြီ နင်တော့. . ."

"ငါးသလောက်ပေါင်းဟင်းက ထမီပေါ်ဖိတ်ကျသွားတာ။ ကျုပ်က အစ်မပြန်လာမှ လျှော်ခိုင်းမလို့ဟာ"

"နင် ချက်ချင်းမလုပ်တဲ့အပြစ်ပဲ၊ စိန်ဥက နင့်ကိုပြောတော့မှာပဲ၊ နင့်ဘာသာ အပြောခံလိုက်တော့"

"ကျုပ် ဘာလုပ်ရမှာလဲဆို. . ."

"နင့်ဘာသာ စိန်ဥ ဆဲဆဲဆိုဆို ခံလိုက်။ ငါ့လာမပြောနဲ့"



ခင်ထွေး နှုတ်ခမ်းတစူစူနှင့် ထမီကိုကိုင်ကြည့်ပြီး ပွစိပွစိ ပြောနေသည်။

ညနေစောင်းအချိန်တွင် ခင်ထွေးတစ်ယောက် မျက်နှာငယ်ငယ်နှင့် စိန်ဥကို တောင်းပန်နေသည်။ စိန်ဥမျက်နှာသည် ပန်းချီရေးဆွဲရန်အတွက် အရောင်စပ်လိုက်သလို ပြောင်းလဲသွားသည်။ အသားညိုသည့် သူ၏မျက်နှာ နီလာသည်။ ထိုသို့ နီလာပြီးမှ ဖြူလျော်လျော်အသွင်သို့ ပြောင်းသွားသည်။ ခင်ထွေးလည်း စိန်ဥမျက်နှာ ရောင်စုံပြောင်းလဲသွားသည်ကို မြင်လိုက်ရသည်တွင် ရင်တုန်ပြီး ဒူးလည်း ယိုင်လာသည်။

"နင် ပြန်လျှော်ပေး. . ."

စိန်ဥအော်သံကြောင့် ခင်ထွေး လန့်ပြီးနောက်ဆုတ်လိုက်သည်။

"ပြန်လျှော်ပေး. . .၊ ငါ့ထမီအတိုင်း ပြန်လျှော်ပေး၊ မလျှော်ပေးလို့ကတော့ နင့်အဖေကို ငါလာတိုင်ပြီးလျှော်ခိုင်းမယ်"

သည်တစ်ခါ မျက်နှာဖြူဖပ်ဖြူရော်ဖြစ်သွားသူက ခင်ထွေးပင်။

* * * * *

ခင်ထွေး အံကိုတင်းတင်းကြိတ်ထားလိုက်သည်။ 'ရှမ်း' ခနဲမြည်သံနှင့်အတူ ခင်ထွေးခြေသလုံးတို့ ကျိန်းစပ်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ဆက်တိုက်ကျလာသော ကြိမ်လုံးဒဏ်ထက် ပိုပြီးသော အဖေ့စကားများသည် သူ့ရင်ထဲ နာကျင်စေသည်။

"ဝတ်ဦး. . . သူများပစ္စည်းကို ငှားချင်ဦး၊ အဖေ့စကားကိုလည်း ဘယ်တော့မှနားမထောင်ဘူး၊ နောက်ဆို ဒီထက်နာမယ်"

အမေနှင့် အမေကြီး (အဖေ့အမေ) ၏တားမြစ်ချက်သည် ဒေါသဖြစ်နေသည့် အဖေ့ကို အထောက်အကူမဖြစ်စေပါ။

"ကိုရွှေ တော်တော့. . . တော်တော့. . ."

"ဟဲ့. . . သား၊ တော်တော် ငါ့မြေးကို ဆက်မရိုက်နဲ့တော့၊ လွန်မယ်. . ."

"အမေနဲ့လှမေ၊ ဝင်မဆွဲနဲ့၊ ဆွဲရင် အမေ့မြေးပိုနာမှာနော်"

"ဟဲ့. . . ငရွှေ၊ တော်တော့၊ ငါ့မြေးအတွက်ထမီဖိုး ငါလျော်မယ်၊ ရပ်တော့. . ."

အဖေလည်း မော၊ ခင်ထွေးလည်း အော်ငိုမှ အရိုက်ရပ်တော့သည်။

"သွား. . . လှမေ၊ နင့်သမီး ငါ့ရှေ့က ခေါ်သွားစမ်း"

"ခေါ်သွားမှာပါ ခင်ထွေးပထွေးရဲ့"

"ဟဲ့ လှမေ၊ ညည်းယောကျ်ားကို ဘယ်လိုပြောလိုက်တာလဲ"

"ကိုယ့်သမီးအရင်းကို ဒီလောက်ရိုက်တာ အဖေအရင်းမှ ဟုတ်ရဲ့လားလို့"



"ငါက ကိုယ့်သမီးကို တစ်သက်လုံး မှတ်လောက်အောင် ဆုံးမတာကွ"

"ဆုံးမတာလည်း လူလိုဆုံးမမှပေါ့"

"တော်တော့ လှမေ၊ မင်းလည်း တော်တော့"

ခင်ထွေး အဖေ့ကိုမုန်းသည်။ လုံချည်လေးတစ်ထည် ငှားဝတ်မိ၍ ကြွက်ကိုက်သည့်အပြစ်ကြောင့် ခင်ထွေး ရုတ်တရက် မလျော်နိုင်သည်ကို အိမ်တိုင်လာရောက်တိုင်တန်းသည့်စိန်ဥကိုလည်း အလွန်မုန်းသည်။

မျက်ရည်စီးကြောင်းနှင့် ခင်ထွေး အိပ်ပျော်သွားသည်။ ခြေသလုံး ဆတ်ခနဲနာ၍တွန့်လိုက်မိသည်။ မျက်လုံးကို အားယူဖွင့်ကြည့်ရာ အဖေ သူ့ခြေသလုံး ဆေးလိမ်းပေးနေ၍ မျက်စိကို ပြန်မှိတ်လိုက်၏။

"ဆေးလိမ်းပေးရုံနဲ့ အဖေ့ကို ကျေနပ်မယ်ထင်လား"

ရင်ထဲမှ ထိုစကားများ ထပ်ခါထပ်ခါ ပြောနေမိသည်။

နံနက်မိုးလင်းတော့ ခြေသလုံးကြွက်သားများ တောင့်တင်းနေသည်။ ကျောင်းမတက်ချင်သည်နှင့် အတော်ပင်ဖြစ်နေသည်။ ခြေထောက်နာသည်ကိုပင် အကြောင်းပြ၍ အမေ့ကို ခွင့်တိုင်ခိုင်းလိုက်သည်။

"နင့်သမီး ညာဏ်များတာနေမှာ။ ငါရိုက်တာ အဲဒီလောက် မနာပါဘူး"

"တော်က အရိုက်ခံရတဲ့သူလား"

www.burmeseclassic.com

www.burmeseclassic.com



"လှမေ၊ နင်က သားသမီးကြောင့် စုံလုံးကန်းတော့တာပဲ၊ ဒါ့ကြောင့် နင့်သမီး အသက်ကြီးပြီး ပညာရေးညံ့နေတာ"

"ဉာဏ်တော့ ကောင်းပါ့တော်"

"မဟုတ်တဲ့နေရာ ဉာဏ်ကောင်းနေလို့ ဘာလုပ်ရမှာလဲ၊ အသက်ကြီးမှ ကျောင်းထားရသေးတယ်၊ သုံးတန်းတစ်နှစ်ကျ၊ မနှစ်က လေးတန်းလည်း တစ်နှစ်ကျ၊ ခု အသက်ဆယ့်လေးနှစ် ပြည့်တော့မယ်၊ ရွာကမူလတန်းကျောင်းမှာ သူ အသက်အကြီးဆုံး၊ ဒီနှစ် စာမေးပွဲကျရင် ကျောင်းမထားတော့ဘူး၊ အလုပ်ပဲ ခိုင်းတော့မယ်"

"ကျောင်းပိတ်အားရက်တွေမှာ အခင်းတွေထဲ လိုက်နေရတာပဲ၊ ကလေးက စာချည်းပဲလုပ်ရလို့လား၊ သူများကလေးတွေ လိုမှ မနေရတာ"

"သူများကလေးတွေနဲ့ ယှဉ်မပြောနဲ့၊ ရွာထဲက မကျေးရဲ့ သမီးလည်း ကျောင်းတစ်ဖက်၊ စိုက်ခင်းတစ်ဖက်နဲ့ စာလည်း တော်သေး"

"တော့်ရည်းစားဟောင်းသမီးနဲ့ ကျုပ်ရဲ့သမီးနဲ့ ယှဉ်ပြီး မပြောနဲ့"

အဖေနှင့်အမေ စကားများကြသည်။ ခင်ထွေးကလည်း ခင်ထွေး။ စာမေးပွဲထပ်ကျ၍ ကျောင်းဆက်မတက်နိုင်တော့။ ခင်ထွေး လွတ်လပ်ပြီ။ အစ်မခင်လေးကတော့ မကျေမချမ်းနိုင်။



"ငါ့မှာ အကြီးဆိုတော့ ညည်းကိုညှာပြီး ကျောင်းစာမသင်ရတာ၊ ငါ့ညီမလေးက ဉာဏ်ကောင်းတယ်၊ ပညာတတ်ဖြစ်ပါစေတော့လို့ နင်ကတော့ ပြာပုံထဲကို တိုးချင်တာကိုး"

အစ်မဖြစ်သူ ပွစိပွစိပြောလည်း သူမ မမှုပေ။ သူ စာမကျက်ရလျှင် တော်ပြီ။ စာတွေတတ်တော့ရော ထမင်းစားရမှာမို့လား။ လယ်ကွင်းထဲ ဖားရိုက်၊ ငါးနှိုက်ကမှ ဟင်းစားရသေးသည်ဟု ပြောလိုက်ချင်သော်လည်း ထပ်၍မပြောတော့ပေ။

အစ်မပြောလည်း ပြောချင်စရာပေ။ ခင်ထွေး စာမရလျှင် သာရှိမည်။ ငါးနှိုက်၊ ဂဏန်းနှိုက်တော့ အလွန်ကျွမ်းကျင်သည်။ တစ်ခါသော် ဂဏန်းအနှိုက်ကောင်းသောကြောင့် ပိုးကောင်မွှားကောင်နှင့် တွေ့လေတော့သည်။ ကံကောင်းထောက်မစွာ သေဘေးမှ သီသီလေးလွတ်လာ၍တော်သေးသည်။ တစ်နေ့က အစ်ကိုဝမ်းကွဲဖြစ်သူ ကိုကြီးညွန့်သိန်းတို့ညီအစ်ကိုတစ်သိုက်နှင့် ဖားရိုက်လိုက်သွားသည်။ ဖားလေးများရလာသော် သူ သန့်စင်ဆေးကြောပြီး ဆီကျန်ရေကျန်ချက်၍ မန်ကျည်းရွက်လေးများ ခပ်လိုက်သည်။ ငရုတ်သီးခပ်စပ်စပ်လေး ချက်ထားသဖြင့် ဖားသားဟင်းမှာ လေထဲမွှေးပျံ့လို့နေသည်။ အမေက ဈေးရောင်းပြီး ပြန်လာတော့ ဟင်းကကျက်ပြီ။ အဖေနှင့် အစ်မ ထွန်ရှင်းပြန်လာတော့ သူ ချက်သည့်ဖားသားဟင်းနှင့် ထမင်းကို ငုံ့စားကြသည်မှာ ခေါင်းပင်မဖော်နိုင်ကြ။ သူက အဖေတို့ ထမင်းစားနေသည်ကို ဘေးမှထိုင်ကြည့်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ . . . ခင်ထွေး၊ နှင်လည်း ငါတို့နဲ့ ထမင်းတစ်ခါတည်း လာစားလေ"

ခင်ထွေးက ခေါင်းယမ်းပြလိုက်သည်။

"အဖေတို့၊ အစ်မတို့သာ စားကြပါ"

"ဘာလို့လဲ၊ ညည်းချက်တဲ့ဟင်း မလောက်မှာစိုးလို့လား"

"မဟုတ်ပါဘူး အဖေရယ်၊ ဟင်းအိုးထဲမှာ ရှိပါသေးတယ်။ ခပ်သာစားပါ"

"ဒါဆို လာလေ. . ."

"စားပါ အစ်မရယ်၊ ကျုပ်ဖမ်းပြီးချက်ထားတဲ့ ဖားလေးတွေကြည့်ပြီး သနားတာနဲ့ စားချင်စိတ်မရှိတော့ပါဘူး၊ တကယ် မစားချင်တော့လို့ပါ"

"အန် . . . ဟယ် ညည်းပြောပုံက"

"တော်ပြီ . . ."

ထမင်းစားနေကြသူများ ထ၍လက်ဆေးကုန်ကြသည်။ အဖားမက်သည့်အစ်မပင် ထမင်းစားရပ်လိုက်တော့သည်။

"နင့်သမီး အတော်ဆိုးတာ၊ စားကောင်းတဲ့အချိန်မှ လာပြောရတယ်လို့"

"ဟုတ်ပါ့တော်၊ တော့်သမီး အတော်အကျင့်ယုတ်တယ်"

"အဖေတို့ကလည်း ကျုပ်က ဖားရိုက်တုန်းက ရိုက်တာပေါ့၊ ချက်တုန်းကလည်း ချက်တာပေါ့၊ ချက်ပြီးမှ ခြေကားရား လက်ကားရားနဲ့ သနားလွန်းလို့ပါ"



"ဟဲ့ . . . တော်တော့"

"ဒီသားအမိတွေ ဆူညံဆူညံနဲ့ ဘာဖြစ်နေတာလဲ"

သူ ကြည့်လိုက်ရာ အမေ့ညီမရင်း မမြခြယ် (သူတို့အခေါ် ဒွေးလေးမြ) ကို တွေ့လိုက်ရ၍ ပျော်သွားသည်။

"မြခြယ်လာတာနဲ့ အတော်ပဲအေ၊ ပြောရဦးမယ် ညည်းတူမ လုပ်ပုံကအေ၊ ပြောကို မပြောချင်ပါဘူး"

* * * * *

ခင်ထွေးဘဝတွင် အဖေနှင့်အမေပြီးလျှင် အမေ့ညီမ ဒွေးလေးမြကို အချစ်ဆုံးဖြစ်သည်။ ဒွေးလေးမြကလည်း ခင်ထွေးကိုအလွန်ချစ်သည်။

ဒွေးလေးမြသည် ခင်ထွေးကို အဒေါ်နှင့်တူမ ဆက်ဆံသလိုမျိုး ဆက်ဆံခြင်းမဟုတ်ဘဲ ညီအစ်မလို၊ သူငယ်ချင်းလို ဆက်ဆံလေ့ရှိသည်။ ဒွေးလေးမြသည် ခင်ထွေးအမေနှင့်မတူ။ ခင်ထွေးတို့အမေသည် အသားညို၍ အရပ်ပုသည်။ ဆံပင်ကောင်းသော်လည်း အရပ်ပုသည့်အတွက် ဆံပင်အလှမပေါ်လွင်ပေ။

ဒွေးလေးမြသည် အရပ်မြင့်ပြီး အတော်လည်းချောသည်။ ရုပ်ရှင်မင်းသမီး စိုးမြတ်သူဇာနှင့် ခပ်ဆင်ဆင်တူသည်။ အသားအရေမှာလည်း နန္ဒာလှိုင်လို ဖြူဝင်းလှပ၍ တောသူလို့ပင် မထင်ရပေ။ မြို့ကြီးသူပုံပေါက်နေသည့် ဒွေးလေးမြကို လိုချင်သူတွေ ဝိုင်းဝိုင်းလည်နေသည်။ ဒွေးလေးမြနှင့် ခင်ထွေးအမေ အသက်

www.burmeseclassic.com

www.burmeseclassic.com



အတော်ကွာသည်။ အမေမွေးပြီး ဆယ်နှစ်ကျော်ကြာမှ ဒွေးလေးမြကို အမေကြီးကမွေးသည်။ အမေကြီးနှင့် အဘတို့က ဒွေးလေးမြကိုစိတ်မချ။ အသက်နှစ်ဆယ်ကျော်သာရှိသေးသည့် ဒွေးလေးမြကို တောင်းရမ်းကြသူ များလှသည်။ အဘက သူ့သမီးကို ငယ်သေးသည်ဟု အကြောင်းပြ၍ ငြင်းပယ်လေ့ရှိသည်။ ဒွေးလေးမြတွင် 'ကိုပိုက်' ဆိုသည့် ချစ်သူရှိသည်။ ခင်ထွေးနှင့်လည်း ခင်သည်။ ဒွေးလေးမြနှင့် ကိုပိုက် ရည်ငံနေသည်ကို ခင်ထွေးသာသိသည်။ အဖေနှင့်အမေတို့လည်း မသိသေးပေ။

ခင်ထွေးတို့နေသည့် ရွာသစ်ရွာနှင့် ကိုပိုက်တို့ ညောင်ပင်သာရွာသည် ခြေကျင်ခရီးဖြင့်ဆိုလျှင် မိနစ်နှစ်ဆယ်အတွင်း ရောက်နိုင်သည့်ရွာဖြစ်သည်။ ရွာနှစ်ရွာမှ ရွာသူရွာသားများသည် အဆင်မပြေကြပေ။ တစ်ရွာနှင့်တစ်ရွာ အပြိုင်အဆိုင်လေးများ ရှိကြ၏။ ဇာတ်လမ်းများလည်း ရှိခဲ့သည်လေ။ ညောင်ပင်သာသည် ရွာဟောင်းဖြစ်သည်။ မြေယာမကောင်းသဖြင့် အထက်နား နည်းနည်းကျသောနေရာသို့ ပြောင်း၍ရွာတည်ကြသည်။ ရွာသစ်ရွာဟုအမည်ခေါ်လိုက်သည်။ ညောင်ပင်သာရွာကို သဘောကျသူများ ညောင်ပင်သာရွာတွင် နေခဲ့ကြသည်။ ညောင်ပင်သာရွာတွင်မနေခဲ့ချင်သူများမှာလည်း ရေကြည်ရာ မြက်နုရာဆိုသလို ရွာသစ်သို့ လိုက်ပါလာခဲ့ကြသည်။ ကံကံ၏အကြောင်းတရားပင်။ ညောင်ပင်သာရွာတွင် မြေဆီမြေနှစ်မကောင်းသဖြင့် သီးနှံစပါး စိုက်ပျိုးရန် ခက်ခဲသလောက် ရွာသစ်ရွာ၏ မြေခံရေခံမှာ စိုက်ပျိုး



သလောက် စပါးသီးနှံ ဖွံ့ဖြိုးအောင်မြင်သည်။ ရွာသစ်ရွာသို့ ပြောင်းရွှေ့သွားသူများမှာ ကံကောင်းကြသူများပေတကား။ ခင်ထွေးအဘိုးက ရှေးက ညောင်ပင်သာရွာနှင့် ရွာသစ်ရွာတို့ ပြောင်းရွှေ့ကြသည်မှစ၍ မသင့်မြတ်သည့်အကြောင်းများကို မကြာခဏဆိုသလို ပြောပြတတ်သဖြင့် ဇာတ်လမ်းတော်တော်များများကို ခင်ထွေး သိနှင့်နေပြီဖြစ်သည်။

တစ်ရွာနှင့်တစ်ရွာ မတည့်သည့်ကြားမှ ညောင်ပင်သာရွာသား ကိုပိုက်နှင့် ရွာသစ်ရွာသူ မြခြယ်တို့ မေတ္တာမျှဖြစ်အောင် မျှခဲ့ကြသေးသည်။ ဖူးစာရေးနတ်မှာ ခင်ထွေးပင်ဖြစ်သည်။

လွန်ခဲ့သည့် သုံးနှစ်ခန့်ကဖြစ်သည်။ ညောင်ပင်သာရွာနှင့် ရွာသစ်ရွာကြားတွင် အလွန်ကြီးမားလှသည့် ကုက္ကိုပင်ကြီးတစ်ပင် ရှိသည်။ ထိုနေ့က ခင်ထွေး ကျောင်းမတက်ဖြစ်။ မြို့ပေါ်တက်၍ အမေမှာသည့်ဆန်ကွဲကို သွားဝယ်ရသည်။ ဆန်ကွဲနှင့် ပြောင်းဆန် ခုစားရန်အတွက်ဖြစ်သည်။ ခုစားသည်ဆိုသည်မှာ ဆန်ကွဲနှင့် ပြောင်းဆန်ရောစားခြင်းဖြစ်သည်။ နံနက်စောစော ပြောင်းဆန် ထမင်းပူပူလေးကို နှမ်းဆီမွှေးမွှေးလေးဖြင့် နယ်စားလျှင် အလွန် အရသာရှိလှသည်။ အိမ်စရိတ်လည်း ခံသာသည်။ ခင်ထွေးလည်း အမေမှာသည့်အတိုင်း ဆန်ကွဲကိုဝယ်၍ လမ်းလျှောက်ပြန်လာခဲ့သည်။ မြို့ပေါ်နှင့် ခင်ထွေးတို့ရွာမှာ သုံးမိုင်ခန့်သာဝေးသည်။ ညောင်ပင်သာရွာကို ဖြတ်ကျော်ပြီးသည်နှင့် ရွာသစ်ရွာသို့

www.burmeseclassic.com

www.burmeseclassic.com



ရောက်တော့မည်ဟူသော အမှတ်အသားဖြစ်သည့် ကုက္ကိုပင်ကြီး အရောက်တွင် သူ ညောင်းသည်နှင့် ထိုင်ချလိုက်တော့သည်။

သူ ထိုင်ချလိုက်သည့်နေရာမှ ဟိုဟိုသည်သည်ကြည့်လိုက်ရာ မမျှော်လင့်ဘဲ မြွေစိမ်းလေးတစ်ကောင် သစ်ကိုင်းကျိုးကျသည့်နေရာတွင် တွန့်လိမ်ကောက်ကွေးစွာ လူးလွန့်ရှားနေသည်ကို တွေ့ရသည်။ သူထိုင်သည့်နေရာနှင့် တစ်တောင်မျှသာ ကွာဝေးသည့်အတွက် သူ အတော်လန့်သွားသည်။ ရုတ်တရက်လည်း ထဖို့အင်အားမရှိသလို ခံစားလိုက်ရသည်။ အမှန်တကယ် သူ မတ်တတ်ရပ်နိုင်စွမ်းပင်မရှိတော့။ ရှေ့မှ လက်တစ်ကမ်းအကွာတွင် အန္တရာယ်ပေးမည့် ပိုးကောင်ကလည်း ရှိနေသည့်အတွက် ကြောက်စိတ်နှင့်အတူ ကြိုးစား၍ မတ်မတ်ရပ်လိုက်ရာ ခြေထောက်ထောက်မရဘဲ လေထဲလွင့်ပါသွားပြီး သူ့မျက်ဝန်းထဲ မှောင်အတိ ကျသွားသည်။

"ဟဲ့ ကလေးမ. . . . ကလေးမ"

နားထဲတွင် ခေါ်သံလိုလိုကြားသော်လည်း မျက်ခွံတို့ဖွင့်မရပေ။ နောက်မှ ဒွေးလေးမြပြောပြပုံအရ သူသည် ပိုးကောင်လည်းတွေ့၊ အားနည်းနေသည့် အခြေအနေလည်းဖြစ်၍ ထိုနေရာမှာပင် ခင်ထွေး ခေတ္တမျှ သတိမေ့မြောသွားသည်ဟူ၏။ ထိုစဉ် ညောင်ပင်သာရွာမှ လှည်းမောင်းလာသည့် ကိုပိုက်ဆိုသူက ခင်ထွေးကိုတွေ့မြင်ပြီး လှည်းပေါ်မှဆင်းသည်။ ခင်ထွေးကို ပွေ့ထူပြီး ပိုးကောင်ကိုလည်း ရှင်းပစ်လိုက်၏။ သည်အထိ ခင်ထွေးမှ သတိမရသေး။ ကံအားလျော်စွာ ရွာထဲမှထွက်လာသည့် ဒွေးလေးမြက တွေ့သွားမှ ကိုပိုက်ဆိုသူ၏အကူအညီနှင့် ရွာသစ်ရွာသို့ လှည်းဖြင့်ပို့ပေးခဲ့သည်။ တိုက်နယ်ဆေးရုံလည်း ပို့ပေးသည်။



"ကျုပ်က ပိုးကောင်ထိပြီလို့ထင်တာ။ တော်သေးတယ်"

"ကျေးဇူးတင်လိုက်တာတော်။ ကျုပ်တူမလေးကို တွေ့စက အသက်မရှိတော့ဘူးလို့တောင်ထင်တာ"

"တိုက်နယ်က တာဝန်ကျဆရာဝန်ကပြောတာ ဒီကညီမလည်း ကြားသားပဲ။ ကြောက်လန့်တာရော၊ အားနည်းတာရောကြောင့် သတိမေ့သွားတာပါတဲ့။ ကျုပ်ဖြင့် လိုလိုမည်မည် ပိုးကောင်ကို ရိုက်သတ်လိုက်တာ။ လွှင့်ပစ်လိုက်ဖို့တောင် မေ့နေတယ်"

ညောင်ပင်သာရွာသား ကိုပိုက်၏ ရွှန်းရွှန်းလဲ့နေသည့် အကြည့်ကြောင့် ရွာသစ်ရွာသူ မြခြယ် မျက်လုံးအကြည့် ရင်မဆိုင်ရဲတော့။ မျက်လွှာချပြီး ပါးပြင်နှစ်ဖက်နှင့် နှာခေါင်းတို့ ပူနွေးလာသည်။

※ ※ ※ ※ ※

ကိုပိုက်သည် ညောင်ပင်သာရွာတွင် နေထိုင်ပြီး ခင်ထွေးတို့မိဘများလိုပင် လယ်စိုက်ချိန်တွင် အခငါးထဲလိုက်သည်။ သူရင်းငှားလည်း လုပ်သည်။ အလုပ်ကို ခါးကျိုးအောင်လုပ်တတ်သူတစ်ဦးဖြစ်ကြောင်း သိရှိရသည့်နောက်ပိုင်းတွင် ခင်ထွေး

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက် ကိုပိုက်ကို ဒွေးလေးမြနှင့် ပို၍သဘောတူလာသည်။ ခင်ထွေးက ကိုပိုက်ကို 'ဦးပိုက်' ဟုခေါ်သည်။

"ဒွေးလေးမြရယ် ဦးပိုက်က တော်ပါတယ်တော့၊ ဦးပိုက်ကကြိုက်တယ်ပြောရင် ဒွေးလေးမြ ပြန်ကြိုက်လိုက်ပါလား"

ခင်ထွေးစကားကြောင့် ဒွေးလေးမြမျက်နှာ ပန်းနုရောင်သမ်းသွားသည်။

"ဟဲ့. . . ခင်ထွေး၊ ကလေးက ကလေးလိုနေနော်၊ နင်အော်ပြောတာနဲ့ အစ်ကိုရွှေနဲ့ အစ်မကြားသွားပြီး ငါ့ကို တစ်မျိုးထင်ဦးမယ်၊ နင့်လည်း အစ်မတို့ပြောလည်း ပြောစရာပဲ၊ စာကျတော့မရဘူး၊ မဟုတ်တဲ့နေရာမှာ ထူးနေတော့တာပဲ"

ဒွေးလေးမြ စကားလွှဲပြောနေမှန်း ခင်ထွေးလည်းသိသည်။ ခုတလော ဒွေးလေးမြနှင့် ခင်ထွေး တပူးပူး တတွဲတွဲလုပ်နေသည်။ အမေကလည်း ကျောင်းဆက်မတက်တော့သည့် ခင်ထွေးကို ဒွေးလေးမြနှင့်အတူ စိုက်ခင်းထဲလိုက်စေသည်။ စာကျက်ရမှာပျင်း၍ ကျောင်းတက်ရမှာ စိတ်မပျော်သည့်ခင်ထွေးသည် အဖေတို့ကို အကြောင်းအမျိုးမျိုးပြ၍ ကျောင်းထွက်ခဲ့သည်။ အဖေတို့က ခင်ထွေး ကျောင်းတက်သည်အထင်နှင့် ခင်ထွေးပညာရေးအတွက် အားကြိုးမာန်တက် ဆွေးနွေးတတ်ကြ၏။

"ငါ့သမီးလေးကို ဆယ်တန်းတော့ အောင်စေချင်တယ်၊ ဒါမှ တို့ရွာကကျောင်းလေးမှာ ကျောင်းဆရာမလေး ဘာလေးလုပ်လို့ရမှာ"



"တော့်ရည်မှန်းချက် ကြီးလှချည့်တော်။ တော့်သမီး ဒီနှစ်စာမေးပွဲပဲအောင်ပါစေဦး၊ မိန်းကလေးပဲတော် သေစာရှင်စာတတ်ရင် တော်ပြီပေါ့၊ အကြီးမမှာ နှစ်တန်းအောင်တဲ့အထိတောင်မနေလိုက်ရဘူး၊ သူ့ခမျာ အငယ်မကိုပဲ ဦးစားပေးရလို့ကျောင်းထွက်လိုက်ရတာမဟုတ်လား၊ တော့်သမီးက ကျောင်းစာမဟုတ်တဲ့ တခြားဟာတွေမှာသာ အားထုတ်တာ၊ ကျောင်းစာကိုတော့ မကြိုးစားချင်ပါဘူးတော်၊ ကျုပ်တို့မှာ စာအုပ်ဖိုးတို့ဘာတို့ ကုန်တာပဲအဖတ်တင်တယ်၊ ကျောင်းသာထွက်ခိုင်းလိုက်တော့၊ လုံးတင်သမီးတောင်မှ ကြက်သွန်ခင်းလိုက်တာငွေတော်တော်စုမိတယ်တဲ့၊ ကျုပ်တို့မှာက စားဖို့ရှာရတာအမော၊ သူက ကျောင်းစာမကြိုးစားတော့ ကျုပ်တို့ အမောမပြေဘူး၊ ဟုတ်လားတော်"

"ငယ်သေးလို့ပါကွာ၊ သူ ပညာတတ်ကြီးဖြစ်ရင် တို့မိသားစုဂုဏ်တက်မှာမဟုတ်လား"

"တော်ပါပြီတော့်၊ ကျုပ်တော့ ဂုဏ်တက်မှာမမြင်ပါဘူး၊ တော့်သမီး အချိန်ကုန်တာပဲ အဖတ်တင်မှာ၊ ကျုပ်ပြောတာစောင့်ကြည့်. . ."

အမေပြောတာ သွေးထွက်အောင်မှန်ပါသည်။ ခင်ထွေးကျောင်းတက်ရမှာ အလွန်ပျင်းပါသည်။ အဘ (အဖေ့အဖေ) နှင့်အမေကြီးက ကျောင်းတက်လျှင် မုန့်ဖိုးပေးမည်ဆို၍သာကျောင်းမှန်မှန်တက်ရခြင်းဖြစ်၏။ မုန့်ဖိုးယူပြီး ကျောင်းသို့အလာ

www.burmeseclassic.com

www.burmeseclassic.com



လမ်းတွင် စိတ်ပြောင်းပြီး ငါးရှာ၊ ဖားရှာထွက်ပါသည်။ အဖေက ကျောင်းထမီအစိမ်းတွင် ရွှံ့ဗွက်များပေကျံနေသည်ကိုတွေ့ရ၍ စစ်ဆေးမေးမြန်းရာမှ ကျောင်းမတက်ကြောင်းသိရသည့်အတွက် စိတ်ဆိုးမာန်ဆိုးဖြင့် ဝါးခြမ်းပြားကျိုးအောင် ရိုက်ပါတော့သည်။

"နင်မွေးတာမှ ဟုတ်ရဲ့လားငရွှေ၊ ကိုယ့်ကလေးကို သေအောင်ရိုက်ရလား"

အမေကြီးက ခင်ထွေးခြေသလုံးမှ ဖောင်းကြွနေသော အရှိုးရာများကိုကြည့်ပြီး အဖေ့ကို ဆူသည်။

"အမေရဲ့. . . .၊ ကျုပ်က ကိုယ့်သားသမီးသေအောင် ရိုက်ပါ့မလား၊ ကျုပ်လည်း ငယ်ငယ်တုန်းက ပညာကောင်းကောင်း မသင်ခဲ့လို့ ခုလို ဆင်းဆင်းရဲရဲနဲ့ စီးပွားရှာနေရတာ၊ ကျုပ်သမီးကို ကျုပ်လို မဆင်းရဲစေချင်လို့ ဆုံးမတာဗျ၊ အမေ ဝင်မပါနဲ့၊ အမေ့မြေးဆိုးနေတာ အမေ့ကြောင့်"

"စာတတ်မှ ထမင်းစားရမှာမဟုတ်ဘူး၊ လယ်ရှိ၊ မြေရှိရင် အခင်းစိုက်လိုက်လို့ရတယ်၊ အခင်းလိုက်ရင် ပိုက်ဆံရမယ်၊ ဒါဆို ထမင်းစားရပြီမဟုတ်လား၊ ခုလည်း စာတွေတော်တော်တတ် နေပြီပဲ"

"ခက်တယ်ဗျာ၊ အမေက သိပ်ခက်တာပဲ"

သူ့ကြောင့် အဖေနှင့် အမေကြီး စကားများကြသည်။ နောက်ဆုံးတော့ ပညာမကြိုးစားချင်သည့်သူ၊ အပျင်းကြီးသည့်



သူသည် ပညာရေးတွင် စိတ်မဝင်စားတော့သည့်အတူတူ ကျောင်းထွက်လိုက်လေသည်။

သူ လွတ်လပ်စွာပျော်သည်။ စိတ်လက်ပေါ့ပါးနေသည်။ နံနက်မိုးလင်းသည်နှင့် ကျောင်းမသွားရတော့သည့်အတူတူ အိပ်ရေးဝအောင်အိပ်လိုက်မည်ဟု စိတ်ကူးလိုက်သည်။ ချမ်းသာ သုခ ပြည့်ဝပါဘိ။

"ဟွဲ့. . . ဟိုအငယ်မ ခင်ထွေး ထတော့လေ"

အမေ့အသံကြောင့် အိပ်ရာမှ လန့်နိုးသွားသည်။ အိပ်ချင်မူးတူးဖြစ်နေ၍ မျက်လုံးမဖွင့်နိုင်သေး။

"ထဆို ထလေ၊ ဖိမ်ခံမနေနဲ့"

အမေ့နောက်ဆက်တွဲအသံကြောင့် သူ ထထိုင်လိုက်သည်။ အိမ်အပြင်ဘက်လှမ်းကြည့်ရာ မှောင်မည်းခြင်းအတိ ပြီးနေသည်။

"ဟာ. . . အမေကလည်း အစောကြီးရှိသေးတယ်၊ မှောင်သေးတယ်၊ မိုးလင်းမှ ထတော့မယ်"

"အောင်မာ. . . သူများတွေဖြင့် လယ်ထဲဆင်းကုန်ပြီ၊ ညည်းက ပြောရသေးတယ်"

"အင်. . . ကျုပ် ကျောင်းသွားစရာမှမရှိတာ၊ အေးအေး ဆေးဆေး အိပ်ဦးမယ်အမေရာ"

"ဘာပြောတယ်၊ ကျောင်းသွားစရာမရှိလို့ လယ်ထဲဆင်းဖို့ နိုးတာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ် လယ်ထဲဆင်းရမယ်"

"အေးလေ. . . ညည်းက ကျောင်းတက်စရာမလိုတော့ လယ်ထဲဆင်းဖို့လိုပြီပေါ့၊ ထတော့ ညည်းအတွက် ထမင်းထုပ်ထားပြီ၊ ဟိုမှာ. . ."

အိမ်ရှေ့အထွက်ခုံလေးပေါ်မှာ သူ့အတွက် အမေက ထမင်းထုပ်ထားပြီးဖြစ်နေသည်။ ကျောင်းထွက်လိုက်သည့်အတွက် သူ ပထမဆုံးအကြိမ် နောင်တရမိခြင်းဖြစ်သည်။

"ကလေးက ငယ်ပါသေးတယ်၊ အစောကြီး ခင်လေးနဲ့ အခင်းထဲမလိုက်စေနဲ့ဦး၊ မြခြယ်နဲ့တွဲလုပ်ခိုင်းပါ၊ နောက်မှ တဖြည်းဖြည်းလုပ်နိုင်မှာပေါ့"

"နေပါစေ ကိုရွှေ၊ တော့်သမီး ဒါမှအပိုးကျိုးမယ်၊ စာမသင်တဲ့သူ ဘယ်လောက်ပင်ပန်းတယ်ဆိုတာ သူ သိမှကောင်းတယ်"

အမေ၏ဆုံးဖြတ်ချက်သည် သူ၏ညည်းတွားသံကြောင့် ပြောင်းလဲခဲ့ရသည်။ အစ်မခင်လေးနှင့် သူ စိုက်ခင်းထဲစဆင်းသည့်နေ့မှာပင် တစ်ကိုယ်လုံးကိုက်ခဲမှုကြောင့် ညမအိပ်နိုင်ဘဲ တစ်အိမ်သားလုံးကြားအောင် အော်ညည်းတွားတော့သည်။

အဖေနှင့် အစ်မတို့ သူ အော်ညည်းတွားသံကြောင့် တစ်ညလုံး မအိပ်ရတော့ပေ။ မိုးလင်းသည်နှင့် အဖေနှင့်အမေ စကားများတော့သည်။

"ငါပြောတဲ့အတိုင်း ကလေးကို မခိုင်းဘူး၊ တစ်နေ့လုံး အခင်းထဲမဆင်းခိုင်းနဲ့တော့၊ နေ့လယ်ပိုင်းလောက်ပဲခိုင်း၊ အလုပ်



လုပ်ခါစမှာ အရမ်းမလုပ်ရဘူး၊ သိသားနဲ့၊ ကိုယ့်သားသမီးအကြောင်းကို။ ကိုယ့်သမီးပဲ နာမှာပေါ့"

"တော် ဘာသိလဲ၊ တော့်သမီးက ခုလို နိုင်နိုင်နင်းနင်းဆုံးမထားမှ တော်ရုံကျတာ၊ တော့်သမီးက ဘယ်နေရာမှ အပိုးမကျိုးဘူး၊ အဖေလုပ်တဲ့သူထက် မွေးထုတ်တဲ့ကျုပ်က ပိုသိတာပေါ့"

နောက်ဆုံးတော့ လယ်ထဲဆင်းခါစတွင် နံနက်စောစောတစ်ချိန်တွင် သူ့ကိုမလိုက်စေဘဲ နေ့လယ်ပိုင်းနှင့် နေမြင့်သည့်အချိန်တွင် အသင်သဘောဖြင့် လိုက်စေတော့သည်။ ထိုကိစ္စကို အခင်းရှင်က သိပ်သဘောမကျပေ။

"အခင်းလိုက်တဲ့သူတွေ အနှောင့်အယှက်ဖြစ်တယ်၊ သူ့ကိုသင်နေရတာ အချိန်လည်းကုန်မယ်၊ အပင်တွေလည်း နာမယ်"

ဒွေးလေးမြက အခင်းရှင် ကြီးဒေါ်လှကို တောင်းတောင်းပန်ပန်နှင့် အတော်ပြောယူရသည်။

"ကျုပ် တောင်းပန်ပါတယ် ကြီးဒေါ်လှရယ်၊ ကျုပ်တူမက ဒီလိုသင်မှရမှာမို့ပါ၊ သူ့အတွက် ကျုပ် တစ်ချိန်အလကားအခင်းမှာစိုက်ပေးပါ့မယ်"

"ခြယ်၊ ညည်းတူမ အရင်နှစ်က ကျုပ်ကြက်သွန်နီခင်းမှာစိုက်သွားတာ ညည်းလည်း တွေ့သားပဲ၊ ကြက်သွန်တွေပေါက်လာတော့ အပင်တွေ ယှက်ကုန်တာတွေ့လား၊ ပြီးတော့ ကြက်သွန်တွေမညီဘဲ ပူးကုန်တာတွေက အများကြီး"

"ကြီးဒေါ်လှရယ် ကျုပ် ပြောပါပကော၊ ကျုပ်အစားပြန်ပြီးလုပ်ပေးမယ်တော်၊ လုပ်အားခလည်း မယူပါဘူး"

www.burmeseclassic.com

ဒွေးလေးမြကျေးဇူးကြောင့် သူ ကြီးဒေါ်လှအခင်းထဲ လိုက်ခွင့်ရသွားသည်။

အရာရာကို လွယ်လွယ်ကူကူတွေးခဲ့သည့် ခင်ထွေး တစ်ယောက် လက်တွေ့တွင် အခက်အခဲပေါင်းများစွာ တွေ့ကြုံ ရလေတော့သည်။ ဒွေးလေးမြက ခင်ထွေးကို ညာတာပြီး လုပ်အား ကူပေး၍သာ ခင်ထွေး သက်သာရာရသည်။

ခုတလော ဒွေးလေးမြတစ်ယောက် အလုပ်ကို သိပ်စိတ် မဝင်စားသလိုဖြစ်နေသည်။ ငေးငေးငိုင်ငိုင်နှင့် တစ်စုံတစ်ခုကို စဉ်းစားနေသည်ကို အကဲခတ်မိသည်။ သည်တစ်ခါ ခင်ထွေးက ဒွေးလေးမြကို ကူညီလုပ်ကိုင်ပေးနေရပြန်သည်။ သူတို့တူဝရီး နှစ်ယောက် အလုပ်လုပ်နေသည့် လယ်ခင်းထဲသို့ အချိန်မှန်လာ နေသူက ကိုပိုက်ပင်။

"ဦးပိုက် ဒီနေ့ တော်တို့ အခင်းထဲမဆင်းဘူးလား"

"ခဏနားတာနဲ့ ပြေးလာတာ"

"အခင်းထဲစိုက်ရတာ ပင်ပန်းရတဲ့အထဲ နားချိန်မှာ အေးအေးဆေးဆေးနားပါလား၊ ပြီးတော့ နေကပူပါဘိနဲ့"

"ဒီအခင်းမှာ လာနားတာပေါ့"

ကိုပိုက်စကားကြောင့် ဒွေးလေးမြမျက်နှာ နီရဲသွားသည်။

"ကိုပိုက် စကားပြောတာ ဆင်ခြင်ပြောနော်၊ တခြား သူတွေကြားသွားလို့ စကားတွေ ကားနေဦးမယ်"

"ဟုတ်ပါ့ ဒီဦးပိုက်က. . ."



ခင်ထွေးတို့ပြောသည်လည်း မမှားပေ။ ဒွေးလေးမြထံ ဦးပိုက်လာတတ်သည့်သတင်း အဖေနှင့် အမေတို့ မကြာခင် သိသွားသည်။ ဒွေးလေးမြကိုလည်း ဆူသည်။ ခင်ထွေးလည်း အရိုက်ခံရသည်။

"ကလေးက ကလေးလိုမနေဘူး၊ နေရာတကာပါရုံတင် မကဘူး၊ သူများသမီးရည်းစားကိစ္စလည်း စပ်စပ်စုစုပါသေးတယ်၊ ညည်းက ပညာရေးသာ စိတ်မဝင်စားတာ၊ ကျန်တာအကုန် စိတ်ဝင်စားတယ်၊ နောက်ဆိုရင် ဒီကိစ္စထဲပါတယ်ကြားကြည့်၊ ညည်းကို အသတ်ပဲ"

အမေ ဒေါသတကြီးနှင့် သူ့ကိုရိုက်တာ သည်တစ်ခါပဲ တွေ့ဖူးသည်။ အဖေမရိုက်မီ အမေက ရိုက်လိုက်သည့်အတွက် အဖေ နောက်ဆုတ်လိုက်သည်။ အဖေက နှုတ်မှဖွင့်မပြောဘဲ ဝါးခြမ်းပြားခပ်ကြီးကြီးကို လက်ညှိုးထိုးပြထားသည်။ ခင်ထွေး ကြောက်လိုက်သည်မှာ နေစရာမရှိ။

ညောင်ပင်သာရွာနှင့် ရွာသစ်ရွာတို့ ဆက်စပ်ပုံရာဇဝင် ရှင်းပြရလျှင် တစ်ထောင့်တစ်ညမက ကြာမည်လားမသိ။

လိုရှင်းတိုရှင်းပြောရလျှင်. . . ယခင်က ညောင်ပင်သာရွာ သည် လယ်ယာသီးနှံ ဖြစ်ထွန်းအောင်မြင်သည့် ရွာကြီးတစ်ရွာပင် ကာလအတော်ကြာသော် လယ်ယာမြေများ ဖြစ်ထွန်းအောင်မြင်မှု နည်းပါးလာပြီး စီးပွားရေးကျဆင်းလာခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com


ဤတွင် ရွာမိရွာဖလူကြီးများ စုဝေးတိုင်ပင်ပြီး သည်ရွာကို စွန့်ခွာရန် ဆွေးနွေးကြသည်။ ထိုအခါ သည်ရွာကို မစွန့်ခွာလိုသူနှင့် ရေမြေသစ်ကို ပြောင်းရွှေ့လိုသူတို့ အုပ်စုနှစ်စုကွဲသွားသည်။ အသက်အရွယ်ကြီးသူနှင့် ရွာစွဲရှိသူတို့က "ကိုယ့်ရွာမှာ ကိုယ့်မြေက သီးနှံတွေဖြစ်ထွန်းအောင်မြင်အောင် နည်းလမ်းရှာမှပေါ့။ ဘယ့်နှယ် ကိုယ့်ရွာစွန့်ပြီး မြေယာအသစ်ပြောင်းဖို့လုပ်ရမှာလဲ။ မြေကြော၊ ရေကြောလည်းမသိ"

ဟူ၍လည်းကောင်း၊ နယ်မြေသစ်ရှာဖွေလိုသူ၊ စူးစမ်းစွန့်စားလိုသူများက 'တစ်ရွာမပြောင်း သူကောင်းမဖြစ်တဲ့။ ကိုယ်မှ အကျိုးမရှိနိုင်တာဘဲ။ စိုက်ပျိုးလို့မဖြစ်ထွန်းမှတော့ လယ်မြေယာမြေအသစ်ရှာရမှာပဲ။ လူမှာလည်း အကြံနဲ့ပါ' ဟူ၍လည်းကောင်း တစ်ယောက်တစ်မျိုး ပြောဆိုနေကြတော့သည်။

နောက်ဆုံးတွင် ညောင်ပင်သာရွာ၌ပင် နေထိုင်လိုသူများက ညောင်ပင်သာရွာမှာပင် နေထိုင်တော့မည်ဟု ဆုံးဖြတ်ချက်ချကြသည်။ ရေမြေအသစ်တွင် အခြေချနေထိုင်သူများကလည်း ညောင်ပင်သာရွာကို စွန့်ခွာတော့မည်ဟု ပြောဆိုကြတော့၏။ ညောင်ပင်သာရွာနှင့် မလှမ်းမကမ်းအထက်နားလောက်တွင် ရွာသစ် တည်ထောင်ကြသည်။ ညောင်ပင်သာရွာသစ်ကလေးရွာဟု အမည်မှည့်မည်ဟု ဆုံးဖြတ်ကြသော်လည်း သဘောမတူကြသဖြင့် ရွာသစ်ရွာဟုသာ အမည်မှည့်ခေါ်ရန် သဘောတူကြသည်။ သို့ဖြစ်၍ ညောင်ပင်သာရွာမှသည် ညောင်ပင်သာရွာနှင့် ရွာသစ်ရွာဟူ၍ ရွာနှစ်ရွာခွဲထွက်လာတော့သည်။

ညောင်ပင်သာရွာတွင် နေရစ်ခဲ့သူများမှာ ရှေးမှီးအစဉ်အလာအရ စိုက်ပျိုးထွန်ယက်ပါသော်လည်း သီးနှံဖြစ်ထွန်းနှုန်းက ထင်သလောက်မဖြစ်လာ။ ရွာသစ်ရွာတွင် နေထိုင်သူများသည် အကျိုးပေးကောင်း၍လား၊ ဝီရိယအကျိုးပေး၍လားမသိ စိုက်ပျိုးသလောက် ဖြစ်ထွန်းအောင်မြင်ခဲ့ပါသည်။

ထိုနှစ်မှာပင် ရွာသစ်ရွာ၌ ကထိန်ခင်း၍ အလှူပွဲကျင်းပသည်။ လော်စပီကာကြီးကို ညောင်ပင်သာရွာဘက်သို့လှည့်၍ ဖွင့်သည်။ မြို့ပေါ်ရှိ နာမည်ကြီးအငြိမ့်ကို နှစ်ညပင် ဆက်တိုက် ငှားရမ်းလိုက်သေးသည်။ တီးဝိုင်းသံ ဗေထိဗေထိသံကြားရတိုင်း ညောင်ပင်သာရွာမှလူများက စိတ်တိုလာကြသည်။ 'နေနှင့်ဦးပေါ့ကွာ' ဟု ကြိမ်းသူက ကြိမ်းသည်။

နောင်နှစ်တွင် မည်သို့ဖြစ်သည်မသိ။ ရွာသစ်ရွာတွင် ကြက်သွန်နီခင်းကိုတူးချိန်မှာ ရေစီးကြောင်းကြောင့် ကြက်သွန်ခင်းတွေ ရေမျောကုန်သည်။ စားရခါနီးမှ ပြုတ်ကျသွားသည့် အဖြစ်ကြောင့် ရွာသစ်ရွာသူရွာသားတို့ တောက်တခေါက်ခေါက် ဖြစ်နေသည်။ မနှစ်က အမြတ်၊ သည်နှစ် အရှုံးကြောင့် ပြန်နာလန်ထူနိုင်အောင် ပြန်ကြိုးစားပြန်သည်။ ဖြစ်ချင်တော့ ညောင်ပင်သာရွာတွင် နှမ်းနှင့်ပဲ အတော်လေးထွက်လိုက်သည်။ ညောင်ပင်သာရွာသားများ ပျော်လိုက်သည့်ဖြစ်ခြင်း။ ရွာဦးဘုန်းတော်ကြီးကျောင်းတွင် စုပေါင်းရှင်ပြုပွဲလုပ်ကြသည်။ ရှင်သာမဏေလောင်းများ၏ မိဘများမှာ တပြုံးပြုံးနှင့်။ ရှင်လောင်းလှည့်သည့်အခါ ရွာသစ်ရွာ

www.burmeseclassic.com

www.burmeseclassic.com


အထိ လှည့်လည်ကြသည်။ ရွာသစ်ရွာမှ ရွာသူရွာသားများ၏ မျက်နှာများမှာ ရွာတော့မည့်မိုးသားများကဲ့သို့ အုံ့မှိုင်းနေ၏။

များမကြာမီအချိန်တွင် ညောင်ပင်သာရွာနှင့် ရွာသစ်ရွာတို့နှင့်ဆက်စပ်နေသည့်လမ်း ပြုပြင်တော့သည်။ ရွာနှစ်ရွာစလုံးကိုလည်း အလှူငွေကောက်ခံပါ၏။ ဦးဘထွားသည် ညောင်ပင်သာရွာနှင့် ရွာသစ်ရွာတို့နှစ်ရွာနှင့် နီးစပ်သည့် လယ်ယာမြေတွင် မြေစိုက်အိမ်ဖြင့် နေထိုင်သူဖြစ်သည်။ အနာကြီးရောဂါသည်ဖြစ်ခဲ့သူဖြစ်သည်ကလည်း တစ်ကြောင်းအပါအဝင်မို့ ညောင်ပင်သာရွာထဲတွင်လည်း နေသူမဟုတ်၊ ရွာသစ်ရွာထဲတွင်လည်း နေသူမဟုတ်ပြန်ပေ။ ထိုရွာနှစ်ရွာအစပ်နားတွင် လယ်မြေဧကအနည်းငယ်ကို စိုက်ပျိုးပြီး တစ်ယောက်တည်းနေထိုင်သူဖြစ်သည်။ ညောင်ပင်သာရွာနှင့် ရွာသစ်ရွာနှစ်ရွာတို့ ဆက်စပ်သည့်လမ်းပြင်သည့်နေရာသည် ဦးဘထွားလယ်တဲနှင့် အနီးဆုံးဖြစ်သည်။ ဦးဘထွားသည် နေ့တိုင်းလိုလိုပင် လမ်းပြုပြင်သည့်အလှူခံမဏ္ဍပ်မှ အလှူရှင်နာမည်တွေ အသံချဲ့စက်နှင့်ပြောပြီး သာဓုခေါ်တိုင်း လိုက်၍သာဓုခေါ်၏။

"အင်း. . . သူတို့လှူသလို ငါလည်း ဒီလမ်းပြုပြင်တဲ့အထဲမှာ လှူရင်ကောင်းမှာပဲ၊ ငါတတ်နိုင်သမျှ လှူဦးမှ၊ ငါလှူရင်လက်ခံမှာပါ၊ လှူတယ်ဆိုတာ သဒ္ဓါတဲ့စိတ် အခြေခံတာပဲ၊ ပြောနေကြတယ်၊ အလှူခံမဏ္ဍပ်ဆီ သွားဦးမယ်"

သူ၏ရင်ထဲဖြစ်ပေါ်လာသည့်စိတ်ကြောင့် ဦးဘထွားတစ်ယောက် အလှူခံမဏ္ဍပ်ရှိရာသို့ တုံ့နှေးတုံ့နှေးဖြင့် ရောက်လာခဲ့သည်။ သူ အလှူခံမဏ္ဍပ်ရှေ့ရောက်သည်နှင့် အလှူငွေလက်ခံသူများမှာ သူ့ကို ခြေဆုံးခေါင်းဆုံးကြည့်ပြီး -

"ဘာကိစ္စလဲ"

"ကျုပ်လည်း လှူချင်တာပေါ့"

"လှူပါ. . . ရပါတယ်၊ ဘယ်လောက်လှူမှာလဲ"

"နှစ်ရာပါဗျာ"

"ကဲ. . . နာမည်နဲ့ လိပ်စာပြောဗျာ"

"ဦးဘထွား၊ နေတာက. . . ဟို. . . ညောင်ပင်သာ"

"အလှူရှင်နာမည် ဦးဘထွား၊ ညောင်ပင်သာရွာ ဟုတ်လား"

"နေပါဦး. . . ညောင်ပင်သာရွာမဟုတ်သေးဘူး၊ ရွာသစ်ရွာနဲ့ပိုနီးတော့ ရွာသစ်. . ."

"ကဲ. . . ဒီလိုဆို ဦးဘထွား ရွာသစ်ရွာဆို ရပြီလား"

"ဒီလိုလည်း မဟုတ်သေးဘူးထင်တယ်"

"ဘာတွေလဲဗျ၊ ခင်ဗျားဥစ္စာ ညောင်ပင်သာဆို ညောင်ပင်သာပေါ့၊ ရွာသစ်ရွာဆိုရင်လည်း ရွာသစ်ရွာပေါ့"

"ခက်တာက ဒီလိုဗျ၊ ကျုပ်နေတာက ညောင်ပင်သာရွာနဲ့လည်းနီးတယ်၊ ရွာသစ်ရွာနဲ့လည်း ပိုနီးသလိုပဲ၊ အဲဒါကြောင့် ပြောရခက်နေတာကိုးဗျ"

www.burmeseclassic.com

www.burmeseclassic.com

"ကဲ...ဒါဆို ကျုပ်တို့ အဆင်ပြေအောင်ရေးလိုက်မယ်ဗျာ"

"အဲသလိုပဲ လုပ်ပေးပါဗျာ"

"ရော့...ဒီမှာ ဖြတ်ပိုင်း"

ဦးဘထွားသည် အလှူခံဖြတ်ပိုင်းကို ကြည့်လိုက်သည်။ ရွာဦးဘုန်းတော်ကြီးကျောင်းတွင် နေခဲ့ဖူးသူဖြစ်သည့်အတွက် စာကို ကောင်းစွာဖတ်တတ်ပါသည်။ ဦးဘထွား၊ အလှူတော်ငွေ နှစ်ရာကျပ်၊ လမ်းပြုပြင်ရန်အတွက်၊ ညောင်ပင်သာရွာသစ်ရွာတဲ့။ သူ ဖြတ်ပိုင်းကိုကြည့်ပြီး ပီတိဖြစ်နေသည်။ သူယာတဲရောက်သည်နှင့် ဖြတ်ပိုင်းလေးကို ပြန်ကြည့်နေမိသည်။

"ဦးဘထွားဆိုတဲ့ အလှူရှင်တစ်ဦးလည်း ငွေနှစ်ရာကျပ်လှူပါတယ်၊ ညောင်ပင်သာရွာသစ်မှာနေထိုင်တဲ့သူ ဖြစ်ပါတယ်ဗျာ၊ သာဓုပါခင်ဗျာ...သာဓု...သာဓု"

သူလည်း သွားလေသူဇနီးကိုပါ အမျှဝေရင်း မျက်ရည်များပင် ဝဲသီလာလေသည်။ မျက်ရည်များကိုထိန်း၊ ပေါက်တူးကိုကိုင်ပြီး အလုပ်ဆက်လုပ်လိုက်ပါသည်။ ခဏအကြာတွင် အသံချဲ့စက်မှ ပြောဆိုသံကြားရပြန်ပါသည်။

"ခုနကကြေညာတဲ့ ဦးဘထွားကြီးက ညောင်ပင်သာရွာသစ်လို့ မှားပြောမိတာ၊ ခွင့်လွှတ်ပါဗျာ၊ ညောင်ပင်သာရွာပဲ ဖြစ်ပါတယ်ဗျ၊ ကဲ...ကျေနပ်ပြီလား ရွာသစ်ရွာက ရွာသားတွေရယ်"



အသံချဲ့စက်မှ သူ့အလှူစာရင်းကြေညာရင်း နောက်ဆက်တွဲကြေညာချက်ကြောင့် သူပင် အူကြောင်ကြောင်ဖြစ်သွားပါသည်။

ညောင်ပင်သာရွာနှင့် ရွာသစ်ရွာတို့ကြားလမ်းတို့မှ လမ်းမကြီးဆက်သွယ်သည့် လမ်းပြုပြင်ဆဲမှာပင် ရွာသစ်ရွာတွင် နေထိုင်သူ အသက်ခြောက်ဆယ့်ခုနစ်နှစ်ရှိ ဒေါ်မြသောင်းဆိုသည့် အဒေါ်ကြီးတစ်ယောက် ကွယ်လွန်အနိစ္စရောက်ပါသည်။ ရွာသစ်ရွာတွင် သင်္ချိုင်းမရှိသေး၍ ညောင်ပင်သာရွာသို့ အသုဘချရန် ဆွေမျိုးသားချင်း သားသမီးတစ်စုတို့ အခေါင်းကိုမပြီး ရောက်လာကြသည်။ ဤအစီအစဉ်ကို သိထားကြသည့် ညောင်ပင်သာရွာမှ ကာလသားများက ညောင်ပင်သာရွာအပြင်ဘက်တွင်ရှိ သင်္ချိုင်းသွားလာလမ်းမှပိတ်၍ ရွာသစ်ရွာက မသာ ညောင်ပင်သာရွာတွင် လာမမြှုပ်ရန် တားမြစ်သည်။ ဒေါ်မြသောင်း၏ သားသမီးများက မည်သို့ဆက်လုပ်ရမှန်းမသိဖြစ်နေသည်။ နာရေးဖြစ်နေသည့်အတွက် ညောင်ပင်သာရွာတွင် နေထိုင်ခဲ့သူလည်းဖြစ်သဖြင့် ကိုယ်ချင်းစာနာပေးရန် ရွာသစ်ရွာမှ ရွာလူကြီးများက တောင်းပန်ပါသည်။

"မလိုချင်ဘူး၊ ကိုယ့်ရွာမှာ ကိုယ်ပြန်ပြီးမြှုပ်ကြ"

ကာလသားများကလည်း အဝင်မခံပေ။ အသုဘပို့သူများမှာလည်း နောက်ပြန်လှည့်ရကောင်းနိုးနိုး၊ ဆက်နေရကောင်းနိုးနိုးနှင့် ဆုံးဖြတ်၍မရဖြစ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com

"အောင်မယ်လေးအမေရဲ့ . . . အမေ့အတွက် မြှုပ်စရာမြေနေရာတောင်မရှိဘူးတဲ့၊ ကံဆိုးလိုက်တာအမေရဲ့ . . . သေတာတောင် ကံကဆိုးနေတယ်"

ဒေါ်မြသောင်း၏သမီးအကြီးဆုံး မသန်းရီ၏ စီခနဲအော်ငိုလိုက်သံကြောင့် စောစောက အလောင်းမြေချဖို့အတွက်သာ စိတ်ပူနေသည့် ဆွေမျိုးတစ်သိုက်လည်း ပြန်၍ငိုဖို့ သတိရသွားသည်။ အသုဘပို့သူများလည်း ဟိုတစ်စု သည်တစ်စုဖြင့် မတ်တတ်ရပ်သူရပ်၊ သစ်ပင်အရိပ်အောက်သို့ သွားထိုင်သူကထိုင်နှင့် မည်သို့ဆက်လုပ်ရမှန်းမသိဖြစ်နေသည်။ ထိုစဉ် ရွာသစ်ရွာမှ လူကြီးတချို့ သက်ဆိုင်ရာနယ်မြေမှ လုံခြုံရေးတာဝန်ရှိသူကို ခေါ်ဆောင်လာသည်ကို တွေ့ရသည်။

"ကျုပ် ကြားထဲကတောင်းပန်ပါတယ်၊ ဒီနေ့ မသာချမယ့်ကိစ္စကို မတားကြပါနဲ့တော့၊ နောက်ဆိုရင်တော့ အဲ . . . ရွာသစ်ရွာအပြင်ဘက်ကဇရပ်ဟောင်းနားမှာ သင်္ချိုင်းလုပ်ဖို့စီစဉ်နေပြီဆိုတော့ ဒီနေ့တော့ ဒီညောင်ပင်သာရွာသင်္ချိုင်းမှာပဲ မြှုပ်ဖို့စီစဉ်ထားတဲ့အတိုင်း ဆက်လုပ်ပါစေ"

"အမေရေ . . . အမေ့အတွက် ဒီသင်္ချိုင်းမှာမြှုပ်လို့ရပြီတဲ့၊ အမယ်လေး . . . အမေ . . ."

ဒေါ်မြသောင်းသမီးအငယ်မက ပြောပြောငိုငိုနှင့် တက်သွားပြန်သည်။ သူတို့ရွာထုံးစံအတိုင်း အလောင်းကို တစား



သေးသည်။ ပြီးသော် သင်္ချိုင်းဝမှနေ၍ ကာလသားတစ်စုက မေးရာ အသုဘပို့လာသည့်သူများက ဖြေရသည်။

"တစ်ယောက်တည်းလားဟေ့ . . ."

"တစ်ယောက်တည်းပါ"

ခဲလုံးတစ်လုံး လှမ်းပစ်၍မေးရာ အပစ်မတော်သည့်အတွက် သရဏဂုံတင်ရန်လိုက်လာသည့် ဘုန်းကြီးနဖူးကို ထိမှန်ရာ သွေးများ ရဲခနဲထွက်လာသည်။ တော်သလင်းလ၏နေဖြစ်သဖြင့် အပူရှိန်နှင့်အတူ သွေးမတိတ်နိုင်။ ဘုန်းတော်ကြီးမှ စိတ်ဆိုးဆိုးနှင့် -

"နင်တို့ကို တစ်ယောက်တည်းမကဘူး၊ တစ်ရွာလုံးခေါ်သွားအောင်လုပ်ပစ်မယ်"

ရွာသူရွာသားများ ဝိုင်းဝန်းတောင်းပန်ပြီး ကျေနပ်သည်အထိ ကန်တော့လိုက်ရသည်။ ညောင်ပင်သာရွာတွင် နေထိုင်ဖို့ကျန်ရစ်ခဲ့သူများထဲတွင် ဦးပိုက်၏အဘိုး၊ အမေတို့ ပါဝင်သည်။ ရွာသစ်သို့ ပြောင်းရွှေ့နေထိုင်သူများထဲတွင် ခင်ထွေးတို့အဘိုး၊ အဘွားဆွေမျိုးသားချင်းတို့ ပါသည်။

ညောင်ပင်သာရွာနှင့် ရွာသစ်ရွာတို့ ဤသို့ဖြစ်ခဲ့ကြရသည့် အခြေအနေရှိပါလျက် ဦးပိုက်နှင့် ဒွေးလေးမြတို့၏ မေတ္တာဇာတ်လမ်းဖြစ်လာသေးသည်။ ဖူးစာပေါ့ဟုပြောလျှင် လွယ်သော်လည်း သူတို့ဇာတ်လမ်းသည် အငိုလွယ်သလောက် အရိုက်ခက်လှပါဘိ။

www.burmeseclassic.com

www.burmeseclassic.com

ညောင်ပင်သာရွာသားဆိုသည်နှင့် ရွာသစ်ရွာသူတို့က ဝေးဝေးရှောင်သလို၊ ရွာသစ်ရွာသားဆိုသည်နှင့် ညောင်ပင်သာရွာသူတို့က ဝေးဝေးရှောင်ကြပါ၏။

မရှောင်နိုင်ကြသည့် သူတို့နှစ်ဦးကတော့ ဦးပိုက်နှင့် ဒွေးလေးမြတို့ပင်ဖြစ်ကြပါသည်။

အခြေအနေ ပို၍တင်းမာလာခဲ့သည်။ ညောင်ပင်သာရွာနှင့် ရွာသစ်ရွာတို့ပြဿနာသည် ဒွေးလေးမြနှင့် ကိုပိုက်တို့ချစ်သူနှစ်ဦးအပေါ် ဂယက်ပမာ ရိုက်ခတ်လာသည်။ ဒွေးလေးမြတို့မိဘအသိုင်းအဝိုင်းကလည်း ဦးပိုက်ကို ခါးခါးသီးသီးငြင်းပယ်သည်။

"ရွာနှစ်ရွာကပြဿနာနဲ့ ကျုပ်တို့ကိစ္စ ဘာဆိုင်လို့လဲ"

"ရွာအချင်းချင်းပြဿနာလည်း ပါတယ်၊ နှုတ်ခမ်းပဲ့ချင်းမီးမှုတ်ရမှာစိုးတာလည်းပါတယ်"

"လယ်ယာလုပ်တဲ့သူအချင်းချင်းပဲ အစ်မရယ်၊ ကျုပ်ချမ်းချမ်းသာသာလည်း မနေချင်ပါဘူးတော်"

"တော်တော့၊ ဆက်မပြောနဲ့တော့မြခြယ်။ ထပ်ပြောရင် ငါ ဒေါသပိုထွက်တော့မယ်၊ နင့်တူမနဲ့ နင်နဲ့ တစ်ကျိတ်တည်း တစ်ညာဏ်တည်းပဲ၊ ခုတောင် သူများတွေပြောမှ ညည်းရည်းစားရှိတာ ကျုပ် သိရတာ"

ထိုအချိန်မှစ၍ ကိုပိုက်နှင့် ဒွေးလေးမြတို့နှစ်ယောက်ထဲတွေ့ခွင့်မရတော့ပေ။ ကိုပိုက်ကလည်း တွေ့ဖို့အတော်ကြိုးစားကြည့်သည်။ အောင်သွယ်ကတော့ ခင်ထွေးပင်ဖြစ်သည်။ ခင်ထွေး



သည် သူ့ဒွေးလေးမြနှင့် ဦးပိုက်တို့၏ စာပေးစာယူကို စွန့်စွန့်စားစားလုပ်ပေးသည်။

တစ်ခါသော် ဦးပိုက်ကချိန်း၍ ဒွေးလေးမြနှင့် ခင်ထွေးညောင်ပင်သာရွာထိပ်သို့ ထွက်လာခဲ့သည်။ အမေ့ကိုတော့ ခင်ထွေး ဖရဲကွင်းရွာဘက်သို့ အခင်းလိုက်သွားမည်ဟု ညာပြောခဲ့သည်။

ညောင်ပင်သာရွာကို ခပ်လှမ်းလှမ်းမှတွေ့လိုက်သည့်အချိန်တွင် အဖေ့ကို မမျှော်လင့်ဘဲ တွေ့လိုက်ရသည်။ ခင်ထွေးတို့နောက်ကြောင်းလှည့်ပြန်ဖို့လည်း မဖြစ်နိုင်တော့။ အဖေကသူတို့နှစ်ယောက်ကို တွေ့သည်နှင့် မသက်သာသလိုဖြစ်သွားသည်။

"ဟဲ့. . . မြခြယ်နဲ့ ခင်ထွေး၊ ညည်းတို့ ညောင်ပင်သာကိုဘာလာလုပ်ကြတာလဲ၊ မှန်မှန်ပြောစမ်း"

ဒွေးလေးမြနှင့်သူ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး ဘာပြောရမှန်းမသိဖြစ်နေသည်။

"ငါမေးနေတာ ဖြေလေ. . ."

"ဟို. . . ဟိုလေ အဖေ. . ."

"တော်. . . ငါသိပြီ၊ ညည်းတို့တူဝရီး မောင်ပိုက်နဲ့တွေ့ဖို့လာတာမဟုတ်လား၊ နင့်ကို ပညာသင်ပေးခဲ့တာလည်း မဟုတ်တဲ့အတတ်ပညာတွေ တတ်လာဖို့မဟုတ်ဘူး၊ တူမကလည်း အဒေါ်နဲ့ တစ်ကျိတ်တည်း တစ်ညာဏ်တည်းပါလား၊ ညည်းအိမ်ရောက်ရင် သေဖို့သာပြင်. . ."

www.burmeseclassic.com

www.burmeseclassic.com



အဖေ့ဒေါသကိုကြည့်ပြီး ခင်ထွေး နေစရာမရှိအောင် ကြောက်နေသည်။

"အစ်ကိုရွှေရယ်. . .၊ ခင်ထွေးကို မရိုက်ပါနဲ့နော်၊ မြခြယ်သူကိုခေါ်လာခဲ့တာပါ။ အစ်မကိုလည်း မပြောပါနဲ့၊ ခင်ထွေးကို မရိုက်ရင် ကိုပိုက်ကို ကျုပ် ချိန်းမတွေ့တော့ပါဘူး၊ ကျုပ် ရှိကြီးခိုးပါရဲ့"

"ခက်တယ် မြခြယ်၊ နင်ဟာလေ နင့်မိဘသဘောမတူမှန်း သိရက်နဲ့ ရှေ့ဆက်တိုးချင်တယ်၊ ဟိုကောင်မလေးကလည်း လူကြီးနေရာပါ၊ ကလေးနေရာပါနဲ့၊ နင်တို့နှစ်ယောက်စလုံး အပြစ်ပေးရမယ်"

အိမ်ရောက်သောအခါ ဒွေးလေးမြအကြောင်း အမေ့ကို အဖေက ပြောပြသည်။ အမေ့ကို အဖေက အဘနှင့်အဘွားတို့ကို မပြောရန် သတိပေးပြန်သေးသည်။ ဒွေးလေးမြကို ငွေးချို့ရှိ အမေ့ဆွေမျိုးလယ်ထဲ အလုပ်လုပ်ရန် ပို့လိုက်သည်။ ခင်ထွေးကိုတော့ ဖရဲကျွန်းရှိ ဘကြီးအောင် စပါးပျိုးနုတ်ရန် ကြီးဒေါ်စန်းမြိုင်နှင့် အဖော်ထည့်လိုက်သည်။ တူဝရီးနှစ်ယောက်ကို လူစုခွဲလိုက်ခြင်း ဖြစ်ကြောင်း သဘောပေါက်လိုက်သည်။

အဖေတို့က ခင်ထွေးကို အပြစ်ပေးလိုက်သည့်သဘော ဖြစ်သွား၍ သူ့အပြစ်နဲ့သူ ခံရမည်ဟုမှတ်ထားသည်။ အခြေအနေကိုစုံစမ်းနေသည့် ဦးပိုက်တလည်း ခင်ထွေးနှင့် သူ့ဒွေးလေး တစ်နေရာဆီ ပို့လိုက်သည်ကို သိလိုက်၏။ ဦးပိုက်က ခင်ထွေး



ရှိသည့်နေရာသို့ အရင်ရောက်အောင်သွားသည်။ အနီးအနားကို အကဲခတ်ပြီး ခင်ထွေးကို ပြောလိုက်သည်။

"ခင်ထွေး. . . ညည်းဒွေးလေးမြကို လူကြုံနဲ့ဖြစ်ဖြစ် ပြောလိုက်၊ ကဆုန်လပြည့်နေ့မှာ ပင်းဘုရားကြီးမှာ ဦးပိုက် စောင့်နေမယ်၊ ကဆုန်ညောင်ရေသွန်းပွဲတော်ကို အကြောင်းပြပြီး ထွက်လာခဲ့လို့ဟုတ်လား. . ."

ကြီးဒေါ်စန်းမြိုင်က ခင်ထွေးနှင့် စကားပြောနေသူကို ကြည့်ပြီး -

"ဟဲ့. . . ခင်ထွေး၊ ညည်းနဲ့စကားပြောနေတာ ဘယ်သူလဲ"

အခြေအနေကြည့်ပြီး ဦးပိုက် ခင်ထွေးနားက ထွက်သွားလိုက်သည်။

"ကြီးဒေါ်စန်းမြိုင်ကလည်း လူမှားပြီး လာနှုတ်ဆက်တာပါတော်"

"ရှုပ်ရှုပ်ယှက်ယှက်မလုပ်နဲ့နော်၊ ညည်းအဖေကို ကျုပ်ပြန်တိုင်မှာသိလား"

"တော်ကလဲ၊ ကျုပ် ဘာလုပ်လို့လဲတော့၊ တကတဲ. . ."

"မဟုတ်ရင် ပြီးရောပေါ့၊ လူကြီးကို ဘယ်လိုပြောနေတာလဲ။ ပျိုးပင်တွေ သေသေချာချာဂရုစိုက်. . .၊ လုပ်တာကိုင်တာကလည်း ပေါ့ပေါ့ဆဆနဲ့"

ခင်ထွေး မည်သည့်စကားမျှ ဆက်မပြောတော့ပေ။ ကိုပိုက် ပြောသည့်အမှာစကား ဒွေးလေးမြထံရောက်အောင် မည်သို့ရောက်အောင် ပြောရမည်ကို စဉ်းစားနေသည်။

www.burmeseclassic.com

www.burmeseclassic.com



ညနေစောင်းတွင် ဂွေးချိုနှင့် အသွားအလာရှိသည့် ခင်ထွေးသူငယ်ချင်း မအေးမြင့်အိမ်သို့ ထွက်လာခဲ့သည်။ မအေးမြင့်အိမ်တွင် သူ ခဏမျှထိုင်စောင့်နေလိုက်သည်။ မအေးမြင့်မိဘများသည် ပဲ၊ နှမ်းတို့ကို ပွဲရုံသို့သွင်းသည့်လုပ်ငန်း လုပ်သည်။ မအေးမြင့်က မိဘအလုပ်များကိုလည်း ကူညီလုပ်ကိုင်ပေးသည်။

"ခဏစောင့် ခင်ထွေးရေ၊ ညည်းသူငယ်ချင်း လာတော့မှာ"

"ရေနံချောင်းမြို့ပေါ်သွားတာလား ကြီးဒေါ်"

မအေးမြင့်အမေကို သူ မေးလိုက်သည်။ မအေးမြင့်အမေက ပီနံအိတ်များကို ခါ၍ခေါက်ရာမှ ပြောလိုက်သည်။

"မဟုတ်ဘူး ခင်ထွေးရေ၊ ဒီနေ့ ကျောင်းဖွင့်ရက်လေ၊ ကျောင်းသွားတက်တာ၊ ဟော. . . သုံးနာရီခွဲပြီပဲ၊ သူ ပြန်လာတော့မှာပါအေ၊ ကျောင်းပိတ်ရက်ဆိုရင် သူက အခင်းထဲလိုက်တယ်၊ ကျောင်းဖွင့်တဲ့ရက်ဆို ကျောင်းဆင်းချိန်မှ ခဏလောက်ပဲ ကူနိုင်တာ"

ခင်ထွေး အနည်းငယ်ရှက်သွားသည်။ သူသာ မအေးမြင့်လို စာကိုပုံမှန်ကြိုးစားလျှင် ခုနစ်တန်းလောက်တော့ ရောက်လောက်ပြီ။ ခဏအကြာ မအေးမြင့် ပြန်လာသည်နှင့် သူ အကျိုးအကြောင်းပြောပြလိုက်သည်။ မအေးမြင့်ကို တိုက်ရိုက်ကြီးပြောလျှင် ကူညီနိုင်ပါ့မလား။ သူ ဉာဏ်သုံးရသည်။



"အေးမြင့်. . . ကျုပ် ကဆုန်လပြည့်နေ့မှာ ပင်းဘုရားကြီး ညောင်ရေသွန်းပွဲလာမှာလို့ ဒွေးလေးမြကို မှာပေးပါ၊ ဆက်ဆက်နော်. . . အရေးကြီးတယ်လို့"

"အေးပါဟယ်. . . ညောင်ရေသွန်းပွဲ သွားတာများ နင့်ဟာက အရေးကြီးနေသေးတယ်"

ကိစ္စတစ်ရပ် ဆောင်ရွက်ပြီးစီးခဲ့ပြီမို့ သူ ပေါ့ပါးသွားသည်။

"ဒီကိစ္စ အမေတို့သိရင် ငါ့ကို သတ်မှာ၊ ငါ့အမေ မသိစေပါနဲ့၊ အို. . . ဘယ်သူ့မှမသိစေနဲ့လို့မှာခဲ့ရင် အကောင်းသား၊ မအေးမြင့်က ဘယ်သူ့မှပြောမှမဟုတ်ပါဘူး၊ ထူးခြားတဲ့ကိစ္စမှ မဟုတ်တာ။ ပြောလိုက်မှ ပိုရှုပ်ကုန်မယ်"

လယ်ခင်းထဲရောက်မှ သူ ပြန်စဉ်းစားဖြစ်သည်။ မအေးမြင့်အိမ်သွားပြီး ပြန်ပြောဖို့က မဖြစ်နိုင်၊ ဘယ်သူ့မှ မသိပါစေနဲ့ဆိုမှသာ ဘာဖြစ်လို့လဲဟူသည့် နောက်ဆက်တွဲအမေးက လာဦးမည်။

တချို့သောကိစ္စများသည် မထင်မှတ်ဘဲ ဖြစ်လာတတ်သည်။ မအေးမြင့် ဂွေးချိုသို့ရောက်သည်တွင် ဒွေးလေးမြကို ခင်ထွေးမှာသည့်စကား ပြောလိုက်သည်။

"ဒွေးလေးမြခြယ်ရေ. . . တစ်နေ့က ခင်ထွေးမှာလိုက်တယ်၊ ကဆုန်ညောင်ရေသွန်းပွဲမှာ တွေ့မယ်တဲ့၊ ကဆုန်လပြည့်နေ့မှာ ခါတိုင်းလို ပင်းဘုရားကြီးမှာတဲ့ ကြီးဒေါ်လှမေ အိမ်း ကျုပ်ကို မှာတာ လာပြောတာတော့. . ."

www.burmeseclassic.com

www.burmeseclassic.com



ဒွေးလေးမြ မျက်နှာပျက်ပျက်နှင့် 'အေး . . . အေး' ဟု ပြောလိုက်သည်။ သူ၏ဘေးတွင် ခင်ထွေးအမေ မလှမေက ရှိနေသည်။ ဒွေးလေးမြ သူ့အစ်မမျက်နှာ မကြည့်ရဲတော့။ မအေးမြင့် ပြန်သွားမှ မလှမေက -

"မှန်မှန်ပြောစမ်း . . . ညည်းတို့တူဝရီးတွေ ဘာကြံနေကြတာလဲ။ ဟိုကောင်မလည်း မလွယ်ဘူး"

နောက်ဆုံးတွင် မလှမေ သူ၏ညီမနှင့် ခင်ထွေးတို့ကို ရွာသို့ပြန်ခေါ်လာခဲ့သည်။

"မရှိတဲ့ကြားက စာတတ်အောင် ကြိုးစားသင်စေချင်တဲ့ မိဘစေတနာကိုလည်း နားမလည်ဘူး။ ပညာမတတ်ရင် ကျောလည်းပူ၊ ခေါင်းလည်းပူအောင် နေပူစပ်ခါးထွက်ရှာရတာ ပင်ပန်းလို့ သူ့ကို ပညာတတ်ကြီးဖြစ်စေချင်တာ၊ သူက ပြာပုံတို့၊ ရွှံ့ဗွက်တို့ထဲမှ နေချင်တယ်၊ အခေါ်ကလည်း နှုတ်ခမ်းပဲ့ချင်း မီးမှုတ်ချင်တယ်"

အမေ့စကားများကို အဖေက ဘာမှဝင်မပြော။ အဖေက အေးအေးဆေးဆေးပင် နားထောင်နေသည့်အတွက် ခင်ထွေးမှာ စိတ်အေးရသေးသည်။

"မြခြယ်လည်း အရွယ်ရောက်နေပြီပဲလှမေရယ်။ သူတို့ချင်း မေတ္တာမျှနေကြတာကြာပြီတဲ့၊ သုံးနှစ်မကဘူးလို့ ငါ ကြားထားတယ်၊ ငွေလေးဘာလေးစုမိရင်တော့ ကြည့်ပြီးစီစဉ်ပေးတာပေါ့"



"အလိုတော် . . . မောင်ပိုက်နဲ့ တော့်ခယ်မ ဘယ်အချိန်က စည်းရုံးလိုက်ပြီလဲ၊ မြခြယ်က တော့်နှမမဟုတ်တော့ ဟော် အပြောလွယ်မှာပေါ့၊ ကျုပ်ညီမက ဟင်းရွက်ကန်စွန်းရွက်မဟုတ်ဘူးတော့၊ ငပိုက်လိုကောင်နဲ့ရရင် နှုတ်ခမ်းပဲ့ချင်း မီးမှုတ်ရမှာတော် သိလား"

"မင်းကလည်းကွာ၊ တို့တောင်သူအချင်းချင်းအကြောင်းပါတာ ဆန်းသလားကွ၊ ပြီးတော့ မြခြယ်ဟာ ငါ့နှမအရင်းလိုပဲ ခယ်မလို့တောင် ငါ မမြင်ဘူး၊ ငါ့နှမအရင်းလို သဘောထားတာကွ"

အဖေနှင့်အမေစကားပွဲမှာ သည်မှာတင်မပြီးစီးနိုင်ခဲ့။ အဘနှင့်အဘွားတို့ထံ ရောက်သွားရာ ဒွေးလေးမြကို ဝိုင်း၍အပြစ်တင်စကားပြောကြသည်။ ခင်ထွေးလည်း အဆစ်ပါသေးသည်။

ဒွေးလေးမြ ကဆုန်ညောင်ရေသွန်းပွဲ မသွားလိုက်ရပါ။ ခင်ထွေးကိုလည်း အဘတို့က ကျောင်းပြန်ထားပေးမည်ဟု ပြောသေးသည်။ ခင်ထွေးစိတ်ထဲ ကျောင်းပြန်တက်ရန် ပျင်းနေမိသည်။ အခင်းထဲလိုက်လျှင် နေ့တွက်နှင့် ငွေရနေပြီမဟုတ်ပါလား။

သည်တစ်ခါ ဒွေးလေးမြကိစ္စကြောင့် တစ်ခါမျှမရိုက်ဖူးသည့် အဘ သူ့ကို ဝါးခြမ်းပြားနှင့် ရိုက်ထားသည့်အတွက် သူ ငြိမ်ငြိမ်လေးနှင့် လူကြီးတွေ အလိုကျနေနေရသည်။ ဒါ့ပြင် အဘက ကျောင်းမတက်ရသည့်အတူတူ လိမ္မာရေးခြားရှိအောင်

www.burmeseclassic.com

www.burmeseclassic.com



ဘာသာတရားလည်း ကိုင်းရှိုင်းတတ်အောင် ပရိတ်ကြီးဆယ့်တစ်သုတ်စာအုပ်ဝယ်လာပေးသည်။ မင်္ဂလသုတ်မှ စကျက်စေပြီး တစ်နေ့ တစ်ပိုဒ်နှုန်း အလွတ်ဆိုပြရမည်ဟု ပြောထား၍ ခင်ထွေး စိတ်ဒုက္ခရောက်ရတော့သည်။

❀ ❀ ❀ ❀ ❀

သီတင်းကျွတ်လတွင် ခင်ထွေးတို့မိသားစု စားဝတ်နေရေး ပြေလည်စေဖို့အတွက် ကျောက်မဆင်ရွာသို့ ခဏပြောင်းလာနေရသည်။

ကျောက်မဆင်မြို့သစ်၊ တွင်းကုန်းရွာသုံးရွာဆုံသည့် နေရာတွင် ရေနံတွင်းဟောင်းများရှိသည်။ ရှေးယခင်က ထိုရွာနေရာများမှာ ရေနံအတော်ထွက်ခဲ့သည်။ ဗြိတိသျှမျက်နှာဖြူများလည်း ရေနံစိမ်း၊ ရေနံများစွာထွက်ခဲ့သောကြောင့် ထိုနေရာကို သဘောကျခဲ့၏။ ယခုအခါမှာ ထိုရေနံတွင်းများကို အသုံးမပြုတော့ပေ။ အသုံးမပြုတော့သည့် သတ်မှတ်မြေအဖြစ် သတ်မှတ်ထားပေသည်။ ထိုနေရာသို့ တာဝန်ရှိသူများမဟုတ်လျှင် သွားလာ၍မရပေ။

တာဝန်ရှိသူများ မသိအောင် တွင်းဟောင်းမှ ရေနံပိုက်များကို ခိုး၍ဖြတ်တောက်ယူပြီး ရောင်းစားလျှင် ပိုက်ဆံများများ ရဖို့ အလွယ်ကူဆုံးသော နည်းလမ်းတစ်လမ်းပင်။ ပိုက်ခိုးဖြတ်သူတို့သည် အဖွဲ့လိုက်ခိုးဖြတ်ကြခြင်းဖြစ်သည်။ အဖွဲ့တစ်ဖွဲ့တွင်



အနည်းဆုံး လူဆယ်ယောက်မှ ဆယ့်ငါးယောက်၊ အယောက်နှစ်ဆယ်ခန့်ထိ ပါကြသည်။ အဖေ့မိတ်ဆွေ ဦးချစ်စိန်သည် ပိုက်ခိုးဖြတ်သည့် အဖွဲ့တွင် ပါဝင်လုပ်ကိုင်နေသည်။

သူသည် နှစ်ခါမျှ ပိုက်ဖြတ်ရာတွင် အောင်မြင်ခဲ့ပြီး ယခုအခါ စားနိုင်သောက်နိုင်ဖြစ်နေသည်။ အဖေ့ခမျာ လယ်ယာလုပ်ငန်းတွင် ထင်သလောက်မလုပ်နိုင်။ လုပ်သလောက်လည်း ငွေမရပေ။ လုပ်နိုင်သလောက် ငွေမရသည့်အခါ အဖေ့မိတ်ဆွေ ဦးချစ်စိန်နှင့်တွေ့ဆုံခိုက် မိသားစု စားဝတ်နေရေးကိစ္စ ပြောဖြစ်ကြသည်။ ရွာထိပ်တွင် တွေ့ဆုံခိုက် အဖေက သူ၏ မပြေလည်သည့် ငွေရေးကြေးရေး အကြွေးတင်နေသည့်ကိစ္စကို ပြောပြသည်တွင် ဦးချစ်စိန်က ထိုကိစ္စစိတ်မပူရန် ပြောသည်။ လုပ်ကိုင်စားသောက်ရာ အဆင်မပြေဖြစ်နေချိန်၊ အကြွေးတင်နေသည့် အချိန်လည်း ဖြစ်နေချိန် ဦးချစ်စိန်၏ လက်ရှိချောင်ချောင်လည်လည်ဖြစ်နေသည့် အနေအထားကို မြင်တွေ့ရသည်တွင် ဦးချစ်စိန်၏စကားကို ယုံကြည်သွားသည်။ စိတ်လည်း ယိုင်သွားလေသည်။

ဤသို့ဖြင့် ခင်ထွေးတို့မိသားစုတစ်ခုလုံး ပိုက်ဖြတ်သည့် နေရာနှင့်နီးသည့် ကျောက်မဆင်ရွာသို့ ပြောင်းလာခဲ့ခြင်းဖြစ်၏။

ကျောက်မဆင်ရွာတွင် အမေ့၏အမေ (ခင်ထွေးအဘွား) လည်း လက်ရှိနေထိုင်သည့်အတွက် ခင်ထွေးတို့မိသားစု ပြောင်းရွှေ့နေထိုင်ရာတွင် ပိုပြီးလွယ်ကူသွားခြင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



အမေ့အမေ ခင်ထွေးတို့အဒေါ် အမေကြီး၏အိမ်ဝိုင်းတွင် အမေတို့မောင်နှမသုံးယောက် ဝါးကပ်သက်ကယ်မိုးအိမ်လေးများ တစ်လုံးစီဆောက်၍နေကြသည်။ ခင်ထွေးအမေက အမေကြီး အိမ်ဓါးတွင် တဲလေးတစ်လုံးထိုး၍ နေလိုက်ကြရန် စီစဉ်ရာ အဖေကလည်း သဘောတူသည်။ ခင်ထွေးအစ်မကလည်း အဖေ့ အလုပ်လုပ်ရာတွင် ကူ၍လုပ်ပေးမည်ဟုပြောသည်။ အဖေ ပိုက်ဖြတ်လည်း သူ အဖေ့ကို ကူညီပေးမည်ဖြစ်သည်။

"ကျုပ်ဖြင့် ဒီလိုအလုပ်မျိုးလုပ်တာ မကြိုက်ပေါင်၊ ကျုပ်က အသက်ကြီးပြီဆိုတော့ ကျုပ်စကားကို အလေးအနက်မထားတော့ ဘူးပေါ့လေ၊ ဒီလိုမျိုးလုပ်တာ ဥပဒေမကင်းတာသိရဲ့သားရဲ့၊ အဲဒီ လိုလုပ်မှ ထမင်းစားရမှာလား၊ ပြောပါဦးတော့. . . ကျုပ်ဖြင့် ဒီလို အလုပ်မျိုးလုပ်တာ အားမပေးပါဘူး"

ခင်ထွေးတို့ရောက်ခါစတွင် အဖေ့အစီအစဉ်ကို ကြားရရုံဖြင့် အမေကြီးက မဲ့ကာရွဲ့ကာ ခါးခါးသီးသီးပြောပါသည်။ အမေ့မျက်နှာသည် ဆီးရွက်ပမာ သေးသယ်ငယ်ဖြင့် -

"ကျုပ်တို့ရွာမှာ ဒီနှစ် မိုးမကောင်းလို့ပါ၊ မိုးမကောင်းတော့ အလုပ်မကောင်းဘူးအမေရဲ့၊ ပြီးတော့ ကျုပ်တို့မိသားစု ဟိုကဒီက စွဲထားတဲ့အကြွေးတွေလည်း ဆပ်ရဦးမှာဆိုတော့ ခု ကိုရွှေ စီစဉ် ထားသလို ပိုက်ဖြတ်ရမှ ကြွေးဆပ်ဖို့ရယ်၊ နေဖို့စားဖို့ရယ်ကျန်မှာ အမေရဲ့"



အမေပြောသည်မှာ မှန်သလို၊ အမေကြီးပြောနေသည် မှာလည်း မမှားပါ။ အဖေကတော့ အင်းမလှုပ်၊ အဲမလှုပ် ငြိမ်ပြီး သာနေတော့သည်။

အမေကြီးက ပြောင်းဖူးဖက်ဆေးလိပ်ကြီးကို တွင်တွင်သာ ဖွာရှိုက်နေပြီး စကားဆက်မပြောတော့ပေ။ ဤသို့ဖြင့် အဖေ တစ်ယောက် ကျောက်မဆင်ရွာတွင် ရေနံပိုက်ဟောင်းခိုးဖြတ်ဖို့ ဇာတ်လမ်းဖြစ်လာတော့၏။

* * * * *

ကျောက်မဆင်ရွာသည် ယခင်က ရေနံစိမ်းတော်တော် များများထွက်ခဲ့သည့်နေရာဖြစ်သည်။ ယခုအခါ တွင်းဟောင်း များသာရှိပြီး ပိတ်ထားပြီဖြစ်သည်။ ထိုပိတ်ထားသော ရေနံတွင်း ဟောင်းမှ ပိုက်များခိုးဖြတ်ပြီး ရောင်းစားခြင်းဖြင့် လူတချို့ စီးပွား ဖြစ်နေကြသည်။ ပိုက်ဖြတ်သည်နှင့် ပွဲစားက လှုပ်ရှားတော့သည်။ ပွဲဈေးက ဈေးဖြတ်၍ ပိုက်ယူမည့်သူကို ပြောထားရသည်။ ပိုက်ဖြတ်ပြီးလျှင် ပွဲစားမှတစ်ဆင့် ဈေးခေါ်ပြီး ငွေကြေးကိစ္စရှင်းရန် သာရှိတော့သည်။

အဖေ၏ပြောပုံအရဆိုလျှင် ခက်ခက်ခဲခဲလုပ်ရန် မလိုသဲ ငွေအလုံးအခဲလိုက်ရသည့်ကိစ္စမျိုး ဖြစ်နေသည်မို့ ခင်ထွေးပင် ထိုအလုပ်ကို သဘောကျချင်ချင်။ သို့ရာတွင် တကယ်လုပ်ကြည့် သည့်အခါ ပြောသလောက်မလွယ်ကူဟု အစ်မခင်လေးက ပြောပြ

www.burmeseclassic.com

www.burmeseclassic.com



သည်။ အစ်မခင်လေးစကားကို ခင်ထွေး ယုံပါသည်။ အစ်မ လက်ဖဝါးနှစ်ဖက်စလုံး ပေါက်ပြနေသည်။ တွင်းထဲမှ သဲများကို ရေပုံးများထဲတွင်ထည့်၍ တွင်းအပေါ်သို့ ဆွဲတင်ကြရသည်။ အစ်မ ခင်လေးက တွင်းထဲမှသဲပုံးများကို တွင်းပေါ်မှနေ၍ ဆွဲတင်ပေးရာ လက်များပေါက်ပြကုန်သည်ကို ပြလေသည်။ အစ်မလက်ဖဝါး နှစ်ဖက်ကိုကြည့်ပြီး ပခုံးနှစ်ဖက် တွန့်ပြလိုက်သည်။

"ညည်းက ပခုံးပဲတွန့်ပြနေ၊ အဲဒီတွင်းက ဘယ်လောက် နက်လဲသိလား၊ အတောင်သုံးဆယ်တောင် ရှိတာဟဲ့၊ ပုံးကို အားနဲ့ ဆွဲတင်မှရတာ"

အစ်မပြောသည့်စကားများကို သူ ဆက်နားထောင်နေ လိုက်ပါသည်။

ရေနံတွင်းဟောင်းထဲတွင် ပိုက်ရှိ၊ မရှိကို ပိုက်ရှာသည့် ကိရိယာဖြင့်ရှာရသည်။ ပိုက်ရှိလျှင် ထိုကိရိယာလေးက အချက် ပြသည်။ ထိုအခါမှ တွင်းဟောင်းထဲဆင်းရန် စီစဉ်ကြသည်။

ပထမဆုံး လူတစ်ယောက်က ကြိုးကိုင်၍ဆင်းရသည်။ တွင်းအပေါ် ဘေးတစ်ဖက်တစ်ချက်တွင် တိုင်နှစ်တိုင်ထူထားပြီး လူတစ်ယောက်စာခံနိုင်သည့် ကြိမ်တုတ်ကြီးကို လူတစ်ယောက်က ခွရပ်ရသည်။ နောက် ကြိုးကို အလယ်မှ ချိန်သီးပမာထားကာ တွင်းအောက်သို့ဆင်းသည်။ တွင်းအကျယ်မှာ လူတစ်ကိုယ်ခွဲသာ ဝင်ဆံ့နိုင်သည့်အတွက် လူနှစ်ယောက်က တစ်ပြိုင်နက်တည်း ဆင်း၍မရပါ။



အတောင်သုံးဆယ်တွင်းအနက်အရောက်တွင် တွင်း တစ်ဖက်တစ်ချက်တွင် လိုဏ်ခေါင်းပမာ ဖြစ်နေသည်ကိုတွေ့ရ မည်ဖြစ်သည်။ လိုဏ်ခေါင်းထဲတွင် လူတစ်ယောက် ကောင်းကောင်း ရပ်နိုင်သည်။ တွင်းထဲသို့ လူနှစ်ယောက် သို့မဟုတ် သုံးယောက်ခန့် ဆင်းပြီး ပေါက်တူး၊ ပေါက်ပြားများဖြင့် သဲ၊ ကျောက်ခဲ၊ ဘိလပ်မြေ တို့ကို ကော်ကျုံးရသည်။ သဲ၊ ခဲများကို ကျုံးပြီး တွင်းပေါ်သို့ သဲပုံး များဖြင့် ဆွဲတင်ရ၏။ တွင်းထဲ၏ဘေးကလိုင်ပေါက် တစ်ဖက် တစ်ချက်တွင် အရင်တူးရသည်။ လူရပ်၍မြေတူးနိုင်သည့် အနေ အထားအရောက်တွင် ထိုကလိုင်ပေါက်များဘက်မှ တွင်းဘက်သို့ မြေတူးရသည်။ ရက်နှစ်ဆယ်ခန့် မြေတူးပြီးမှ ပိုက်ကိုမြင်ရမည်ဟု ပြောကြသည်။

---

"ကိုချစ်စိန်က ပြောနေတယ်။ နောက်တစ်ရက်၊ နှစ်ရက် ဆိုရင် ပိုက်မြင်ရတော့မယ်တဲ့"

အဖေက ထမင်းစားပြီးသည်နှင့် ထန်းလျက်ခဲကောက်ယူ ဝါးရင်း ပြောလိုက်ပါသည်။ အစ်မခင်လေးကတော့ ထမင်းစားပြီး သည်နှင့် တဝါးဝါးသမ်းနေသည်။

'အဖေရယ်. . . အဖေ့ပိုက်က မြင်ရမှဖြစ်တော့မယ်၊ သဲပုံးဆွဲတင်ရတာနဲ့တင် ဆယ့်ငါးရက်ကျော်နေပြီပေါ့ လက်ဖဝါး

www.burmeseclassic.com

www.burmeseclassic.com

တွေလည်း ကျိန်းစပ်နေပြီး အရေခွံတွေတောင်မှ လန်နေပြီ။ ဒီမှာ. . . ကြည့်ပါဦးအဖေရယ်၊ လူရဲ့လက်နဲ့တောင် မတူတော့ဘူး”

“အေးပါ. . . ငါ့သမီးကြီးရာ။ အနာခံရင် အသာလည်း စံရတော့မှာပေါ့၊ တောင့်ထားစမ်းပါ သမီးရာ. . .”

“တောင့်ထားပါတယ် အဖေရယ်၊ အဖေ့သူငယ်ချင်း ပြောသလိုဆိုရင် ပိုက်ဆံတွေ အများကြီးရမှာပဲလေ၊ အဲသလို ဆိုရင်လည်း အနာခံရကျိုးနပ်မှာပေါ့၊ မထူးပါဘူး အဖေရယ်၊ ကျုပ်တို့ စလုပ်မိပြီဆိုမှဖြင့်တော့ အဆုံးသတ်တဲ့အထိ လုပ်ရတော့မှာပေါ့၊ ကဲ. . . ကျုပ်လည်း အိပ်ချင်ပြီ။ အိပ်တော့မယ်တော်၊ မနက်ကြီးမိုးလင်းရင် သဲကျုံးလိုက်ရဦးမှာ၊ ဝါး. . . ဟား. . .”

အစ်မခင်လေးက ‘ဝါးခနဲ’ သမ်းလိုက်ပြီး အိမ်ခန်းထဲသို့ ဒယီးဒယိုင်ဝင်သွားလေသည်။ အဖေကတော့ အမေနှင့် ခင်ထွေး ကို တွင်းဟောင်းထဲမှ သဲကျုံးသည့်အကြောင်း၊ နေ့လယ်က အဖြစ်အပျက်များကို ပြောပြနေလေသည်။

အဖေက ကျင်းထဲဆင်းပြီး သဲများကို တူးယူသည်။ တွင်းပေါ်မှလူများက သဲပုံးများကို ကြိုးနှင့်ဆွဲတင်အပြီးတွင် ဘေးတွင် စုပုံထားလိုက်သည်။ တွင်း၏အနီးအနားတွင် ကန္တာရပင် များဝိုင်းရံနေသည်။ အဝေးမှကြည့်လျှင် တွင်းအနား၌ လူအများ ရှိနေသည်ကို မမြင်ရပါ။ ထို့ကြောင့် ပိုက်ခိုးဖြတ်နေသည်ကို တော်ရုံ တန်ရုံဖြင့် မတွေ့မြင်နိုင်၊ ကားလမ်းမကြီးပေါ်မှ ကြည့်လိုက်လျှင်



ကန္တာရပင်များ အုံ့အုံ့ပုံပုံလေးများကိုသာ မြင်တွေ့ရမည်ဖြစ်သည်။ တွင်းအပေါ်၌ရှိနေသည့် လူများ သတိရှိရန်သာလိုသည်။

အကယ်၍ ရဲကားများ လာနေသည်ကိုတွေ့လျှင် တွင်း ပေါ်ရှိလူများက အချိန်မီသတိပေးပါက ထွက်ပြေး၍လွတ်မြောက် နိုင်သည်။ တွင်းပေါ်မှလူများ သတိမရှိပါက လူတစ်ပြုံတစ်မကြီး ဖမ်းမိသွားနိုင်သည်။ ထိုသို့သော အခြေအနေသည် ဖြစ်နိုင်ချေ အနည်းဆုံးသာဖြစ်၏။ ကံဆိုးသူသည် ပြေး၍မလွတ်နိုင်ဘဲ ဖမ်းမိ သွားနိုင်သည်။ သတိဟူသည် ပိုသည်မရှိ၊ အမြဲလိုအပ်လှသည် မဟုတ်ပါလား။ ပိုက်ဖြတ်ခြင်းပြီးဆုံးသည်အထိ ရဲလက်မှလွတ်လျှင် မိသားစုတစ်စုအတွက် တစ်မိုးတွင်းစာ စားရေးသောက်ရေး မပူပင် ရတော့ပေ။

ဆောင်းရာသီနှင့် နွေရာသီများတွင် ပိုက်ဖြတ်နိုင်သည့် အခွင့်အရေးက အများဆုံးရသည်။ မိုးရာသီတွင် ပိုက်ခိုးဖြတ်သည့် အခါ တွင်းပြိုတတ်သည့်အန္တရာယ် ကြုံတွေ့ရတတ်သည့်အတွက် ပိုက်ခိုးဖြတ်သူများ မိုးတွင်းကို ရှောင်ကြသည်။ အလုပ်ရပ်နား ထားကြသည်။

အစ်မခင်လေးပြောသည့် အခြေအနေနှင့် အဖေ့ ပြောစကားအရ ပိုက်ဖြတ်နေသည်မှာ ဆယ့်ငါးရက်ကျော်လာပြီ ဖြစ်သဖြင့် မကြာမီရက်အတွင်း ပိုက်တွေ့ရတော့မည်ဟု မျှော်လင့် ရတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



အစ်မနှင့်အဖေ့လက်များမှ အရေခွံများလန်၍ ပွန်းပဲ့နေသည်ကိုတွေ့နေရ၍ ခင်ထွေးရော အမေပါ စိတ်မကောင်းဖြစ်ရသည်။

"ခင်ထွေး နှင့်အစ်မက ပညာကောင်းကောင်းမသင်ရတော့ ဒီလိုလုပ်ရတာ စိတ်မချမ်းသာဘူး၊ ဘာပဲဖြစ်ဖြစ် ဒါနိုးစားတာပဲ။ မလွှဲသာလို့ရယ်၊ ငါ့သမီး ညည်းက ပညာကောင်းကောင်းသင်ဖို့ အခွင့်ရသားနဲ့ ပညာမသင်ခဲ့ဘူး၊ ပညာတတ်ရင် အရိပ်ထဲမှာ ပိုက်ဆံရှာလို့ရတယ်၊ တွေ့လား. . . ညည်းအဖေနဲ့ အစ်မ ပင်ပန်းလိုက်ပုံများ"

"တော်ပါတော့ အမေရာ၊ မဖြစ်နိုင်တော့တာ ပြောမနေပါနဲ့၊ ကျုပ်တို့လို လက်လုပ်လက်စားက ပညာတွေသင်တော့ရော အဖေတို့ အမေတို့ ထမင်းနပ်မှန်အောင် မစားရတဲ့အထဲက ပိုက်ဆံဖဲ့ပြီး ကျုပ်ကို ကျောင်းထားလည်း ကျုပ် ကျောင်းဆက်မနေနိုင်တော့ဘူးတော့"

သူ့စကားကြောင့် အမေ ဆက်မပြောတော့ပါ။

"ရေစိမ့်ထွက်လာပြီဟေ့. . . ပိုက်ပေါ်တော့မယ်"

အမှန်တကယ် ပိုက်ပေါ်နေပြီဖြစ်ကြောင်း အဖေက ပြောလာသည်။ ပိုက်ကို သံဖြတ်လွှသေးသေးလေးဖြင့် ဖြတ်ရသည်။ သံဖြတ်လွှလေးသည် သေးငယ်သော်လည်း ထက်လှသည်။ ပိုက်စဖြတ်နေပြီဖြစ်၍ စိတ်တစ်ဝက်အေးနေရပြီဖြစ်သော်လည်း အစ်မ



ခင်လေးမှာ တစ်ဝက်စိတ်မအေးနိုင်သေး။ အစစအရာရာ အဆင်ပြေချောမွေ့ဖို့ရာ ဆုတောင်းနေရသည်။

ပိုက်ကို စဖြတ်နေပြီဟု အမေ့ကို ပြောပြထားသော်လည်း လုံးလုံးလျားလျား စိတ်ချသေးဟန်မတူ။ ညနေစောင်းအချိန် အဖေနှင့် အစ်မခင်လေးတို့ပြန်အလာကို စောင့်မျှော်ရသည်မှာ အမောပင်။ အဖေနှင့် အစ်မတို့ပြန်လာသည်ကို တွေ့ရမှ အမေ သက်ပြင်းလည်းချ၊ စိတ်လည်း ချတော့သည်။

အဖေတို့အဖွဲ့လို ပိုက်နိုးဖြတ်သူများသည် အဖေတို့တူးနေသည့်တွင်းနှင့် မလှမ်းမကမ်းတွင် ဟိုတစ်စု သည်တစ်စုဖြင့် တွင်းတူးနေသည်ကို တွေ့နေရသည်။

အဖေတို့အဖွဲ့ တူးဖော်သည့်ပိုက်မှာ အချင်းနှစ်ပေခန့်၊ ထုထည်မှာ နှစ်လက်မထုရှိသည့်အတွက် ရက်နှစ်ဆယ်ကျော် တစ်လနီးပါး ဖြတ်ယူရသည်။ အဖေတို့အဖွဲ့မှာ လူခြောက်ယောက်ခန့်သာရှိသည့်အတွက် ပိုက်ဖြတ်ပြီးသောအခါ တခြားတစ်ဖက်မှ လူရှစ်ယောက်အကူအညီဖြင့် ပိုက်ဆွဲတင်ရသည်။ အရှည် တစ်တောင့်ထွာခန့်ရှိ၍ လူဆယ့်နှစ်ယောက် တုတ်ကိုလျှိုထမ်းရသည်။ ပိုက်ပြတ်ကြီး တွင်းအပေါ်သို့ရောက်သောအခါ နွားလှည်းဖြင့် ရွာသို့သယ်လာကြသည်။ သည့်ထက်ရှည်သော ပိုက်သာဆိုလျှင် လူအားနှင့်ပင်ရပါမည်လား။ စက်ယန္တရားအကူအညီပါမှ ရမည်လေ။ တရားမဝင် အလုပ်ဖြစ်သည့်အတွက် ပေါ်ပေါ်ထင်ထင်မလုပ်နိုင်သည်တောင်မှ ဤမျှခက်ခဲခြင်း ဖြစ်နေသလား။ ခင်ထွေးစိတ်ထဲ တရားမဝင်လုပ်သည်ကို မေ့ပင်မေ့နေသည်။

www.burmeseclassic.com

www.burmeseclassic.com



အဖေတို့အဖွဲ့က ပွဲစားထံသွား၍ စပ်နေသဖြင့် အိမ်တွင် အဖေတို့မရှိ။ အစ်မခင်လေးမှာလည်း အလုပ်အားပြီဖြစ်သဖြင့် အမေနှင့် ရွာတောင်ပိုင်းသို့ လိုက်သွားသည်။

အိမ်တွင် ခင်ထွေးတစ်ယောက်တည်းသာရှိသည်။ ပိုက်ပြတ်ကြီးသည် အိမ်အနောက်ဘက်တွင်ထားထားသည်။ သစ်ခက်သစ်ကိုင်းများနှင့်လည်း ဖုံးအုပ်ထားသေးသည်။ ထိုပိုက်ပြတ်ကိုကြည့်ပြီး ခင်ထွေးစိတ်ထဲတွင် တစ်ခုခုလုပ်ချင်နေသည်မှာ အသည်းယားနေသည်။ ထို့ကြောင့် အိမ်ထဲဝင်ပြီး အဖေ့ခုံပုလေးပေါ်တွင်တင်ထားသည့် သံချောင်းကိုမြင်သည်နှင့် ယူလိုက်သည်။ ထိုသံချောင်းဖြင့် ပိုက်ကို ခေါက်ကြည့်လိုက်၏။

'ဒေါင်ခနဲ' မြည်သံထွက်လာသည်။ ခင်ထွေးနားထဲ နားထောင်၍ကောင်းနေသည်။ မချင့်မရဲစိတ်ဖြင့် လေး၊ ငါးချက် ဆင့်ခေါက်လိုက်၏။

"ဟဲ့. . . သောက်ပလုတ်တုတ်. . . ဘာဖြစ်တာလဲ"

အမေကြီးက အလန့်တကြားအော်၍ သူ့အနားသို့ ရောက်လာသည်။ အမေကြီးလိုပင် ခင်ထွေးနားရောက်လာသည့် အမေ့ညီမ ဒွေးလေးခ (အမေ့ညီမဝမ်းကွဲ)၊ ဘကြီးစော (အမေကြီး၏မောင်ငယ်) တို့မှာ ပြူးတူးပျာတာဖြစ်နေပြီး တစ်ယောက်တစ်ပေါက် မေးကြပြန်သည်။

"တကတဲ. . . လက်အငြိမ်ကို မနေဘူး၊ လူဖြင့် လန့်သွားတာပဲ။ မီးရေးထင်းရေးထင်လို့. . ."



"ဟုတ်ပါ့. . . မြခြယ်တို့များ ခင်ထွေးကိုချစ်လိုက်တာ။ ဒီလောက် ဆတ်ဆလူးခါပြီး နေရာတကာစပ်စုတတ်တဲ့တူမကို ဘာဖြစ်လို့ ချစ်တာလဲဆိုတာ စဉ်းစားမရဘူး။ တော်သေးတယ်၊ မြခြယ်ကို ပုပ္ပါးက ဒွေးဘုမဆီပို့ထားလို့၊ နို့မဟုတ်ရင် နှစ်ယောက်သား ပေါင်းမိနေဦးမှာ. . ."

ဒွေးလေးခနှင့် ဘကြီးစောတို့က သူ့ကိုဆူ၍ သူတို့အိမ်ဆီသို့ ပြန်သွားကြသည်။ အမေကြီးမှာ ရင်ဘတ်ကိုဖိထားဆဲ. . .။

"ညည်းအေ. . . တကတဲ တစ်ချက်လေးမှ အငြိမ်ကို မနေဘူး၊ သူများပြောလည်း ပြောချင်စရာ၊ ကျုပ်ဖြင့် ရင်တုန်သွားတာပဲ၊ မိန်းကလေးတန်မဲ့ သူ့နေရာနဲ့သူ နေတာမဟုတ်ဘူး၊ အပျိုဖြစ်နေပြီ ပြောနေရတုန်း"

"အမေကြီးကလည်း ကျုပ်ဖြင့် အသည်းယားလွန်းလို့ အမေနဲ့အစ်မတို့ဖြတ်လာတဲ့ပိုက်ကို ကြည့်ပါဦး၊ နည်းပါဘူးတော်၊ အဖေက ပွဲစားဆီသွားတယ်တော့. . . သိလား. . ."

"တော်စမ်း. . . လက်လည်း အငြိမ်မနေ၊ ပါးစပ်ကလည်း အငြိမ်မနေ။ တော်တော်ခက်တယ်"

ထိုစဉ် အဖေ ပြန်ရောက်လာသည်။ ပွဲစားနှင့်တွေ့ခဲ့ပြီး အဆင်ပြေခဲ့ပြီဟုပြောသည်။ အမေကြီးက ဗျစ်တောက် ဗျစ်တောက်ပြောရင်း သူ့အိမ်ဘက်သို့ ပြန်လှည့်ထွက်သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



အဖေ့လက်ထဲတွင် ငွေစက္ကူများ အထပ်လိုက်ရောက်လာသည်။ ဤမျှလောက်များလှသည့် ပိုက်ဆံများကို ခင်ထွေး မမြင်ဖူးသေး။ အဖေ့လက်ထဲ၌ ဤပိုက်ဆံများ ကိုင်ထားသည်ကို အံ့သြနေမိသည်။ အမေ့မျက်နှာ ရွှင်ပြုံးချိုကြည်လှပါတကား။

အစ်မ၏မျက်နှာလည်း အမေ့နည်းတူပင် သွားအဖွေးသားနှင့်။ ခင်ထွေးလည်း ဘာထူးလို့လဲ။ ပါးစပ်ပင် မစေ့နိုင်။ တဟီးဟီး တဟဲဟဲဖြစ်နေသည်။ သူလိုချင်သည့်ပိတ်စဖိုးကို အမေက ဝယ်ပေးမည်ဟုပြောထားသည့်ပြင် အစ်မက ဆံပင်ညှပ်သည့်ဆံညှပ် (ကလစ်) လှလှလေးပါ ဝယ်ပေးမည်ဟု ပြောထားသည့်အတွက်ပင်။

အဖေလည်း သုံးလေးရက်လောက်နားနေလိုက်သည်။ ငါးရက်လောက်အကြာတွင် ဦးဖိုးကွန်းအုပ်စုက ပိုက်ဖြတ်ရန် လာခေါ်သည်။

"ကိုရွှေ ဒီတစ်ခေါက် ခင်ဗျားကိုယ်တိုင် ပိုက်ဖြတ်ဗျာ၊ ကျုပ်ကို ကိုချစ်စိန်ကပြောပြတယ်၊ ခင်ဗျားက လုပ်ရည်ကိုင်ရည် သွက်သွက်လက်လက်ရှိတယ်လို့လည်း ပြောတယ်ဗျ။ ဇွဲလည်း ရှိတယ်တဲ့၊ ခင်ဗျားကို ကျုပ်က ပိုက်ဆံပိုပေးမယ်လေ"

ဦးဖိုးကွန်းစကားကြောင့် အဖေက တက်တက်ကြွကြွ ရှိနေသည်။ အမေက အဖေ့ပုံစံကိုကြည့်ပြီး -

"ကိုရွှေ တော် လောဘသိပ်မကြီးနဲ့ဦး၊ ခုလောလောဆယ် တော်ရထားတဲ့ပိုက်ဆံက ဒီမိုးတွင်းစာလောက်ပါတယ်တော်၊



တော် ပင်ပင်ပန်းပန်းနဲ့ရှာထားရတာ၊ ကျုပ်ဖြင့် ကြည့်တောင်မကြည့်ရက်ဘူး၊ တော် ရှာထားတဲ့ငွေနဲ့စားရတာ မျိုမကျပါဘူးတော်. . ."

"လှမေရာ. . . မင်းကလည်း မိုးကောင်းတုန်း ရေခံထားရတဲ့သဘောပဲလေ၊ အခွင့်အရေးဆိုတာ ခဏခဏမရဘူးကွ၊ အခုလို အခွင့်ရတုန်းမှာ ပိုက်တစ်ခါလောက် ထပ်ဖြတ်လိုက်စမ်း၊ ငါတို့ တစ်နှစ်စာဖူလုံပြီလေကွာ၊ မင်းရဲ့သမီးတွေက အရွယ်ရောက်နေပြီ။ ဝတ်ချင်စားချင်တဲ့အရွယ်၊ မင်းကလည်း အဲဒါကိုရော စဉ်းစားမိရဲ့လား"

အဖေ့စကားကြောင့် အမေ ငိုင်ကျသွားသည်။ အရင်တစ်ခေါက်က ပိုက်ဖြတ်ရောင်းရသဖြင့် ရသည့်ငွေပမာဏသည် သမီးနှစ်ယောက်စလုံး လိုအပ်သည်များကို ဝယ်ပေးနိုင်ခဲ့သည်။ နောက်ထပ် ပိုက်ဖြတ်ရောင်း၍ ငွေများများရမည်ဆိုလျှင် မည်မျှကောင်းလိုက်မည်နည်း။

လူဆိုသည်မှာ လောဘသားများပင်မဟုတ်ပါလား။

"ကျုပ်လည်း စဉ်းစားတာပေါ့၊ မစဉ်းစားဘဲ နေပါ့မလား၊ ကံဆိုတာ အမြဲမကောင်းနိုင်ဘူးဆိုတာလည်း ထည့်စဉ်းစားရသေးတယ်၊ အခုကံကောင်းပေမယ့် နောက်တစ်ခါ ကံကောင်းမှာပဲဆိုတာ မသေချာ မပိုင်နိုင်တဲ့ကိစ္စလေ၊ ဒီတစ်ခေါက်လည်း အရင်တစ်ခေါက်ကလို ကံကောင်းဦးမယ်ဆိုတာ သေချာပြောနိုင်လို့လားတော့. . ."

www.burmeseclassic.com

www.burmeseclassic.com



"လှမေကလည်း ကြံဖန်တွေးပူနေ၊ အရင်တစ်ခေါက် ပိုက်ဖြတ်တုန်းကလည်း မင်းအမေ ပူပူပန်ပန်နဲ့တားသေးတာပဲ၊ ငါတို့ဖြတ်လုပ်လို့ ငွေများများရတဲ့ အခွင့်အရေးရတာလေ၊ တွေးပူရင် ဘာမှဖြစ်လာမှာမဟုတ်တော့ဘူး"

အဖေကလည်း အဖေပင်။ အမေ မည်သို့ပင်ပြော၍ တားမြစ်ပါစေ လုပ်ပြီဆိုလျှင် မည်သူဘာပြောပြော ဂရုမစိုက်တော့။ ငွေပေါပေါများများရသည့် အရသာကို သိသွားပြီမဟုတ်ပါလား။

* * * * *

ဦးဖိုးကွန်းတို့အုပ်စုနှင့် ပိုက်ဖြတ်ရန် အဖေက သဘောတူလိုက်ပြီဖြစ်သည်။ သည်တစ်ခေါက် အစ်မခင်လေးက သဲကျုံး၊ သဲပုန်းသယ်အလုပ် မလိုက်တော့ဟုပြောသည်။ ခင်ထွေးကတော့ အဖေ့အလုပ်က ငွေများများရသည့်အတွက် သဘောကျနေသည်။ ငယ်ရွယ်သေးသူလည်း ဖြစ်သောကြောင့်ပင်။

"ကြည့်စမ်း. . . ငါ့အဖေ ပညာမတတ်ပေမယ့် လုပ်စားတတ်တော့လည်း ငွေများများရလွယ်သားပဲ၊ ငါ ပညာသင်ရင်၊ စာသင်ရင် ပိုက်ဆံကုန်တာပဲအဖတ်တင်မှာ၊ ပိုက်ဆံလည်းကုန်၊ စာကျက်ရတာ မောလည်းမောတယ်၊ ခုလိုပဲ ပိုက်ဆံကို လွယ်လွယ်ကူကူရတော့ ဟန်ကျသားပဲ"

အဖေက ပိုက်ဖြတ်ဖို့ပြင်ဆင်နေသည်ကိုကြည့်၍ ခင်ထွေး အားကျနေသည်။ ခင်ထွေးက အဖေ့အနားကပ်ပြီး -



"အဖေ. . . အစ်မ မလိုက်ရင်လည်း ကျုပ်လိုက်မယ်တော်၊ ကျုပ်လည်း အစ်မလောက် မလုပ်နိုင်ပေမယ့် သဲပုံးလောက်တော့ ဆွဲနိုင်ပါတယ်တော့. . ."

"ညည်းငယ်ပါသေးတယ်အေ. . . မလိုက်ပါနဲ့ဦး"

"အဖေကလည်း ကျုပ်လည်း ကြိုးစားကြည့်ချင်ပါသေးတယ်၊ ကျုပ် လုပ်ကြည့်ချင်သေးတယ်လေ"

ပိုက်ဆံများများရမည်ကိုသိနေ၍ လောဘစိတ်ဖြင့် ခင်ထွေး အလုပ်လုပ်ချင်နေသည်။

"လုပ်ပါ အဖေရယ်၊ ကျုပ် လိုက်ခဲ့မယ်နော်"

"ညည်းကလည်း တစ်မျိုး၊ ဒါဖြင့် ဒီလိုလုပ်. . . ပိုက်ဖြတ်တဲ့နေရာမှာ လူတွေ တော်တော်များတယ်ဟ၊ ထမင်းနဲ့ဟင်းကိုပဲ အိမ်ကထည့်ထုပ်လာခဲ့ရတာ၊ အဆာပြေစားဖို့၊ သရေစာစားဖို့ ဘာမှထည့်မလာခဲ့ကြဘူး၊ ဒီတော့ ငါ့သမီးက ပိုက်ဖြတ်တဲ့နေရာမှာ သရေစာရောင်းဖို့စဉ်းစား၊ ဟိုဥစ္စာလေ. . . ကန်စွန်းဥပြုတ်ဖြစ်ဖြစ်၊ မြေပဲပြုတ်၊ မြေပဲလှော်ဖြစ်ဖြစ်ပေါ့၊ အဲဒါမကောင်းဘူးလားကွာ. . ."

"ကောင်းတယ် အဖေ၊ အဖေ့အကြံ သိပ်ကောင်းတာပဲ၊ အမေက အိမ်ကနေ ကျုပ်ကို မြေပဲလှော်ပေးလိုက်တော်၊ ကျုပ်က အမေလှော်ပေးတဲ့မြေပဲလှော်တောင့်တွေကို စက္ကူနဲ့ထုပ်ပြီး ရောင်းဖို့လုပ်မယ်၊ ပိုက်ဖြတ်တဲ့နေရာမှာ သွားရောင်းမယ်နော်၊ ဟုတ်လား. . . အမေ"

www.burmeseclassic.com

www.burmeseclassic.com



"တယ်. . . ဒီကောင်မလေး၊ အဖေလုပ်တဲ့သူကို ပြောမရလို့စိတ်တိုနေရတဲ့ကြားက ညည်းကတစ်မှောင့်၊ ငါ ထလုပ်လိုက်ရင် ညည်းနာတော့မယ်"

အမေက အဖေ့ကို ပြောမရ၊ တားမရသည့်အချိန်တွင် ခင်ထွေးကပါ ဝင်ပြောလိုက်သည့်အတွက် အမေက ခင်ထွေးကို ရိုက်မလိုဟန်ပြင်လိုက်သည်။ ခင်ထွေးကလည်း ကျောင်းသွားရမည်သာပျင်းသည်။ တခြားကိစ္စများမှာတော့ မပျင်းမရိလုပ်တတ်သည်။

အမေက မည်သို့ပင်ဆူဆူဆဲဆဲ၊ ခင်ထွေးကလည်း အဖေတူသမီးပင်မဟုတ်ပါလား။ လုပ်မည်ဟုဆုံးဖြတ်ထားသည့်ကိစ္စဖြစ်နေ၍ အမေ့ကို မရမကနားပူနားဆာလုပ်တော့သည်။ အဖေကလည်း ခင်ထွေးဘက်မှ လိုက်ပြောပေးသည့်အတွက် အမေလည်း မတတ်သာ၍ လိုက်လျောလိုက်ရပါတော့သည်။

ရေနံတွင်းဟောင်းနေရာတစ်ပိုက်တွင် အဖေတို့လိုပင် ပိုက်ဖြတ်သူများ မလှမ်းမကမ်းနေရာ၌ ဟိုတစ်စု သည်တစ်စုဖြင့် အလုပ်ရှုပ်နေကြသည်။

ခုတော့လည်း ခင်ထွေးတစ်ယောက် မြေပဲဆားလှော်ခြင်းလေးကို လက်ချိတ်၍ 'မြေပဲဆားလှော်ကြွပ်ကြွပ်လေး. . .' ဟု အသံပေးလိုက်ရုံဖြင့် ပိုက်ဖြတ်သည့်နေရာတွင် ရှိသူများက လှမ်းခေါ်ကြသည်။ ဟိုက သည်က ခေါ်လိုက်သည်တွင် မြေပဲ



ဆားလှော်တစ်ခြင်းမှာ မည်မျှပင်မကြာလိုက်ပေ။ တစ်ထုပ်မျှ မကျန်သည့်အခါ ခင်ထွေး မြေပဲလှော်ရောင်းခြင်းကို ပျော်နေသည်။

ပိုက်ဖြတ်သူများကလည်း ခဏတာနားနေသည့်အချိန်တွင် အဆာပြေ မြေပဲဆားလှော်ဝါးရသည်မှာ အရသာတစ်မျိုးပင်။

ပိုက်ဖြတ်သူများ သုံးလေးအုပ်စုရှိနေသည်ကိုတွေ့ရသည်။ တွင်းတစ်တွင်းအဝတွင် လူဆယ့်ငါးယောက်၊ အယောက်နှစ်ဆယ်ခန့်ရှိနေကြသည်။ မြေပဲဆားလှော် အထုပ်သုံးဆယ်ကျော်မှာ အချိန်ခဏအတွင်းမှာပင် ကုန်သွားသည့်အတွက် ခင်ထွေး ပျော်နေသည်။

နောက်နေ့များတွင် အမေ့ကို မြေပဲဆားလှော်ထုပ်များကို တိုးထုပ်ပေးရန်ပြောရဦးမည်။ ဦးဖိုးကွန်းက ပိုက်သုံးခါမျှ ဖြတ်ပြီး အောင်မြင်သွားပြီဖြစ်သဖြင့် ပိုက်ရှာသည့်စက်ကို ဝယ်ထားသည်။ ပိုက်ရှိသည့်နေရာကို အချိန်ကုန်ခံပြီး လိုက်ရှာစရာပင်မလို။ ပိုက်ရှိသည့်နေရာအရောက်တွင် 'တီ' ဆိုသည့်အသံ မြည်လျှင်ရပြီ။

ဦးဖိုးကွန်းသည် အလုပ်လုပ်ရာတွင် စေ့စပ်သေချာသည်။ ပိုက်ဖြတ်ပြီးလျှင် ပိုက်ဖြတ်ရောင်းရန်အတွက် ပွဲစားနှင့်ပင် စကားဆိုပြီးဖြစ်နေသည်။ သည်တစ်ခါ အဖေက တွင်းထဲဆင်းပြီး ကိုယ်တိုင်ပိုက်ဖြတ်ပေးရမည်ဖြစ်သည်။ အဖေ့ကိုလည်း လုပ်အားခ ပိုပေးမည်ဟု ပြောထားပြီးဖြစ်သည်။

ဤသို့ဖြင့် ပိုက်ဖြတ်သည့်နေရာသို့ အဖေနှင့်အတူ ခင်ထွေးတစ်ယောက် မြေပဲဆားလှော် လိုက်ရောင်းရသည်မှာ ဆယ်ရက်ကျော်ခဲ့လေပြီ။

www.burmeseclassic.com

www.burmeseclassic.com



ညနေစောင်းအချိန်မှာပင် အဖေနှင့်အတူ ခင်ထွေးလည်း လိုက်ပြန်တော့သည်။

"ခင်ထွေး. . . သမီးရေ၊ ဒီနေ့တော့ အဖေတို့ စောစော သွားရအောင်ဟေ့။ မနေ့က ပိုက်စတွေ့ပြီပဲ၊ ကံတကယ်ကောင်း တယ်ဟ၊ အငယ်မက အဖေ့အတွက် လာဘ်ကောင်းတယ် ထင်တယ်၊ ခု ပိုက်တွေ့ပြီဆိုတော့ ဒီလထဲမှာ ပိုက်ဖြတ်လို့ပြီးမှာပဲ၊ လှမေ. . . ငါတို့စောစောသွားမလို့ ထမင်းထုပ်ပေးတော့. . ."

အဖေက အိပ်ရာမှထထချင်း ခင်ထွေးကိုနှိုးပြီး ပြောသည်။ အမေကလည်း ခင်ထွေးအတွက် မြေပဲဆားလှော်ခြင်းက ပြင်ဆင် ပြီးနေပြီ။ ခင်ထွေး မြေပဲဆားလှော်ရောင်းရသည့်ပိုက်ဆံသည် အမေ့ဈေးဖိုးရသည်ဆိုတော့လည်း အမေကိုယ်တိုင် လိုလိုချင်ချင် မြေပဲဆားလှော်ထုပ်ပေးသည်။

ခင်ထွေးလည်း အဖေနှိုးလိုက်သည်နှင့် တစ်ပြိုင်နက် အိပ်ချင်သေးသော်လည်း အိပ်မှုန်စုံမွှားဖြင့်ပင် ထထိုင်လိုက်သည်။ ထမီကိုပြင်ဝတ်လိုက်ပြီး မျက်လုံးကို ပွတ်လိုက်ပြန်သည်။ အိပ်ချင် နေသေးသော်လည်း အဖေနှင့် ပိုက်ဖြတ်သည့်နေရာသို့ လိုက်ရ မည်။ သည်တစ်ခါ အဖေတို့ပိုက်ဖြတ်၍ ပိုက်ဆံရလာလျှင် သူ့အတွက် ပိုက်ဆံအိတ်လှလှလေးတစ်လုံး ပူဆာရမည်။ ကိုယ် လိုချင်တာရဖို့အတွက် အိပ်ချင်သေးသော်လည်း ခင်ထွေးလည်း အိပ်ချင်စိတ်မပြယ့်တပြယ်ဖြင့် ထမင်းထုပ်ကိုင်ပြီး အဖေ့နောက်သို့ လိုက်ပါသွားခဲ့ရလေတော့သည်။



နေ့လယ်ခင်းရောက်သော် ခင်ထွေး အိပ်ငိုက်လာသည်။ မြေပဲဆားလှော်ထုပ်ကလေးများလည်း ရောင်းလို့ကုန်ပြီဖြစ်သည်။ ကန္တာရပင်ကြီးနားတွင် အရိပ်ရသည့်နေရာတွင် ပိုက်ဆံထည့်ထား သည့်လွယ်အိတ်ကို ခေါင်းခုပြီးအိပ်ပျော်သွားလေသည်။ မည်မျှ ကြာအောင် အိပ်ပျော်သွားသည်မသိ။ နားထဲတွင် စကား ကျယ်ကျယ်ပြောသံ၊ အော်သံတို့ဖြင့် ဆူဆူညံညံအသံများ ကြားလိုက်ရသည်တွင် လန့်နိုးလာ၏။

"ရဲကား လာနေပြီ၊ ပြေးကြဟေ့. . . ပြေးကြ. . ."

သူ့ရင်တုန်သွားသည်။ အိပ်ချင်စိတ်များ ကြက်ပျောက် ငှက်ပျောက်ဖြစ်သွားသည်။ မျက်လုံးအစုံ ပြူးကျယ်လာပြီး ရုတ်တရက် အဖေ့ကိုသာ သတိရလိုက်သည်။

"အဖေ. . . အဖေရော. . ."

မျက်လုံးများက အငြိမ်မနေဘဲ ဟိုဟိုသည်သည် လျှောက်ရှာနေသည်။

ဦးဖိုးကွန်းက တခြားတွင်းမှလူများ အော်ဟစ်ပြေးလာ ကြသည်ကိုတွေ့၍ ကိုယ့်လူတွေပါပြေးကြရန် အော်ပြောနေသည်။ ခင်ထွေးသည် ခေါင်းခုထားသည့်ပိုက်ဆံအိတ် (လွယ်အိတ်) ကို လက်ထဲ၌ ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားသည်။ အဖေရှိမည့် နေရာကို အပြေးသွားလိုက်ရာ လူတစ်ယောက်နှင့်တိုက်မိလိုက် သည်။ သူ မော့ကြည့်လိုက်သည်တွင် ဦးဖိုးကွန်းဖြစ်နေသည်။

"ဟဲ့. . . ခင်ထွေး၊ ငါတို့အော်ပြောနေတာ မကြားဘူးလား၊ ညည်းအဖေက တွင်းထဲမှာ ကြားမှာမဟုတ်ဘူး၊ သွားခေါ်လိုက်၊

www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ အမြန်ပြေး၊ ရဲကားလာနေတာ ဟိုဖက်တွင်းကလူတွေ တွေ့လို့အော်ပြောနေတာ။ သွား. . . သွား၊ ညည်းအဖေခေါ်ပြီး အမြန်ပြေးဟော့"

လူတွေ ပြေးလွှားကြပြီး ခင်ထွေးကို ကျော်သွားကြကုန်၏။ ထမင်းချိုင့်နှင့် မြေပဲဆားလှော်ခြင်းတို့ကို လက်ထဲကိုင်ထားပြီး အဖေရှိနေသည့်တွင်းနားသို့ သူ ရပ်လိုက်သည်။ ဒူးတို့သည် ကြောက်စိတ်ကြောင့် တုန်နေသည်။

"အဖေ. . . အဖေရေ၊ ရဲကားလာနေပြီတဲ့၊ အဖေ အမြန် တက်ခဲ့ပါ"

အဖေ မကြားပါ။ တွင်းထဲမှ မည်သည့်တုံ့ပြန်သံမျှ မကြားရ။ ခင်ထွေး အသံကုန်မြှင့်၍ အော်လိုက်ပြန်သည်။

"အဖေ. . . ကြားလား၊ ရဲတွေ လာနေပြီတော့. . . တက်ခဲ့ပါတော့"

အဖေ တော်တော်နှင့်တက်မလာခဲ့။ ခင်ထွေးလည်း တွင်းဝနားတွင်ရပ်နေပြီး မည်သို့ဆက်လုပ်ရမှန်းမသိဖြစ်နေသည်။ ထိုစဉ် ရဲကားတစ်စီး ခင်ထွေးရှိနေရာနှင့် မနီးမဝေးပင် ရပ်လိုက် သည်။ ကားပေါ်မှ ရဲဝန်ထမ်းတချို့ ဆင်းလာပြီး ခင်ထွေးနား ရောက်လာသည်။

"ဟဲ့. . . ကလေးမ၊ ညည်း ဒီနားမှာရပ်ပြီး ဘာလုပ်နေ တာလဲ။ ခုနက ဒီနားမှာရှိတဲ့လူတွေ ဘယ်ထွက်ပြေးသွားပြီလဲ"



ရဲများက အိုးနင်းခွက်နင်း ထွက်ပြေးကြသူများ၏ ကျွတ်ကျကျန်ခဲ့သည့် ဖိနပ်များကို လက်ညှိုးထိုးမေးလိုက်သည်။

ခင်ထွေးက ကြောက်ကြောက်ရွံ့ရွံ့ဖြင့် နှုတ်မှမဖြေဘဲ လက်ညှိုးဖြင့် ဟိုးအဝေးသို့ ညွှန်ပြလိုက်သည်။

ခင်ထွေး ညွှန်ပြရာဘက်သို့ ရဲဝန်ထမ်းများ လိုက်သွား ကြသည်။ ခင်ထွေး၏အဖေမှာလည်း တွင်းအပြင်မှ လှုပ်ရှား သံကြောင့် တွင်းပေါ်တက်လာသည်။

"သမီး ခင်ထွေး၊ ဆူဆူညံညံအသံတွေကြားတယ်၊ ဘာဖြစ် တာလဲ"

"အဖေ တက်မလာနဲ့ဦး၊ ခဏနေဦး. . ."

ခင်ထွေးအဖေက ခင်ထွေး၏ ဗလုံးဗထွေးအသံကို မသဲကွဲ၍ ထပ်မေးလိုက်သည်။ ကံဆိုးချင်တော့ ရဲကားပေါ်မှ ကျန်နေသည့် ရဲသားတစ်ယောက်က တွင်းနားလာရပ်စဉ် အဖေ တွင်းပေါ်တက်လာသည်နှင့် ကြုံကြိုက်သွားလေသည်။ ရဲဝန်ထမ်း ကို ရုတ်တရက်တွေ့လိုက်သည်နှင့် အဖေ တွင်းထဲကို ပြန်ဆင်းမည့် ဟန်ပြင်လိုက်သည်။ သို့ရာတွင် နောက်ကျသွားလေပြီ။ အဖေ့ကို တွင်းပေါ်သို့ လက်ကမ်း၍ဆွဲတင်လိုက်ပြီး ရဲစခန်းသို့ ခေါ်ဆောင် သွားလေတော့သည်။ ခင်ထွေးလည်း အဖေ့နောက်သို့ တန်းလန်း တန်းလန်းဖြင့် လိုက်ပါသွားတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

ပိုက်ဖြတ်ခိုးနေစဉ် လက်ပူးလက်ကြပ်မိသောကြောင့် အဖေ ဘယ်လိုမှငြင်းပယ်၍မရနိုင်တော့။ အမေ ရင်ကိုထု၍ထု၍ ငိုလေသည်။ အမေ့ကိုမြင်ရသည်မှာ ခင်ထွေး စိတ်ဆင်းရဲလှသည်။

"အို့ . . ကိုရွှေရဲ့၊ တော် ခေါင်းမာချက်ကတော့ အားလုံး ဒုက္ခရောက်ကုန်ပြီလေ၊ ပြောရင် နားမထောင်ချင်ဘူး၊ ခုတော့ ဘယ်လိုလုပ်ကြမလဲတော့၊ ပြောစမ်းပါ . . . အရင်တစ်ခေါက်က ပိုက်ဖြတ်လို့ရတဲ့ပိုက်ဆံနဲ့ တင်းတိမ်ပါတော့လား၊ ခုတော့ ဒုက္ခ လှလှကြီးတွေ့ပြီပေါ့ ကိုရွှေရဲ့၊ အီး . . . ဟီး ဟီး . . ."

အမေက သူ့စကားနားမထောင်၍ ဤသို့ဖြစ်ရသည်ဆိုပြီး အော်အော်ငိုသည်။ အမေကြီးက ပြော၍မဆုံး၊ အပြစ်တင်၍မဆုံး ဖြစ်နေသည်။ ရုံးပြင်ကနားသို့ ခုအသက်အရွယ်ထိ မရောက်ဖူးခဲ့သည့်အမေတစ်ယောက် အဖေ့ကိစ္စဖြင့် အခေါက်ပေါင်းများစွာ ရောက်ရတော့သည်။ အမေ မရောက်ချင်သည့်ရုံးသို့ အခေါက်ပေါင်းမရေတွက်နိုင်အောင် ရောက်နေရ၍ စိတ်၏ဆင်းရဲခြင်း၊ ကိုယ်၏ဆင်းရဲခြင်းဖြစ်ရသည်။

ခင်ထွေးမက်ခဲ့ရသည့် စိတ်ကူးယဉ်အိပ်မက်လှလှလေးများ အဝေးသို့ လွင့်ပျံတက်သွားကြလေပြီ။

အရင်တစ်ခေါက်က ရခဲ့သည့်ငွေများမှာ သဲထဲရေသွန်သည့်ပမာ အချည်းနှီးသာဖြစ်သွားရပြီး မည်သည့်အရာမျှ အဖတ်တင်ကျန်ရစ်ခဲ့ခြင်းမရှိတော့။



အမေကြီး ခြံဝန်းနှင့်ကပ်လျက်တွင်နေသည့် ဘကြီးဂမုန်းက အပြစ်တင်ခြင်းတစ်ဝက်၊ ဖျောင်းဖျခြင်းတစ်ဝက် ပြောပါတော့သည်။

"လူဆိုတာ အလုပ်တော့လုပ်ရမှာပဲ၊ ဒါပေမယ့် ကိုယ်လုပ်တဲ့အလုပ်ဟာ ကိုယ့်အတွက် အကျိုးရှိပေမယ့်လည်း သူတစ်ပါး အကျိုး ထိခိုက်စေရန် မလုပ်ကောင်းတဲ့အလုပ်လို့ ဆိုရမယ်၊ အခုကိစ္စက မောင်ရွှေ့အတွက် ကိုယ့်အကျိုးလည်း ထိခိုက်တယ်၊ တခြားသူတွေလည်း ထိခိုက်စေတဲ့အတွက် မလုပ်သင့်တဲ့အလုပ်လို့ ဆိုရမယ်၊ ဒါပေမယ့်လည်း လူဆိုတာ မှားတတ်တဲ့အမျိုးဆိုတော့ မှားမှန်းသိရင် နောင်မလုပ်မိဖို့ဘဲလိုတယ်"

ဘကြီးဂမုန်းကပြော၊ အမေကငိုနှင့် ခင်ထွေး စိတ်ညစ်လှပြီ။ သည်ကြားထဲ ဘကြီးဂမုန်း၏မြေးမ လှလှကြောင့် ခင်ထွေး ပိုပြီးစိတ်ညစ်ပြန်သည်။ လှလှသည် ခင်ထွေးနှင့်တစ်ကျောင်းထဲ နေခဲ့ဖူး၍ စာတော်ပြီး ဉာဏ်ကောင်းသူလည်းဖြစ်သည်။ ခုချိန်မှာ လှလှသည် အလယ်တန်းကျောင်းသူတစ်ဦးဖြစ်နေပြီး ပညာရေး ထူးချွန်သဖြင့် ရွာထဲရှိ လူအများက ဦးစားပေး၊ အရေးပေးခံနေရသူဖြစ်သည်။ လှလှကိုမြင်တိုင်း အမေက -

"လှလှတို့များ တော်ချက်၊ ဆရာမတွေကလည်း ချစ်၊ ရပ်ထဲရွာထဲက လူတွေကလည်း စာတော်တဲ့သူဆိုတော့ အရေးပေးလိုက်ကြတာများ၊ ငါ့သမီးနဲ့ တခြားစီပဲ၊ ဟဲ့ . . . ခင်ထွေးက လှလှနဲ့ သူငယ်ချင်းဆို ခင်ထွေးက ဘယ်နှစ်တန်းရောက်ပြီလဲလို့ မေးရင် ကျုပ်မှာ ဖြေစရာမရှိဘူး"

www.burmeseclassic.com

www.burmeseclassic.com

"ပြောကြ. . . ပြောကြ၊ အားရအောင်ပြော၊ ကျုပ်မှာ လူအထင်ကြီးစရာ ဘာမှမှမရှိတာ"

ခင်ထွေးလည်း အမေ၏နေ့တိုင်းဆူပူကြိမ်းမောင်းခြင်းကို ခံနေရသည်။ အမေကြီး၏ခြံဝန်းထဲတွင် ထပ်၍နေချင်စိတ် မရှိတော့။

အမေက ရွာသစ်သို့ပြန်နေမည်ပြောသည်။ ခင်ထွေး ပျော်လိုက်သည်မှာ မည်သို့ပြောရမှန်းပင်မသိတော့။ လှလှကို နေ့တိုင်းချီးမွမ်း၍ သူ့ကို နှိမ့်ချသည့်အသံများမှ ကင်းလွတ်ပေဦးမည်။

✽ ✽ ✽ ✽ ✽

အဖေ့ဒုက္ခအလုံးစုံ ကင်းလွတ်စပြုချိန်တွင် ခင်ထွေးတို့ ရွာသစ်ရွာသို့ ပြန်ရောက်လာကြသည်။ အိမ်အပြန် မျက်နှာပန်း တော့မလှပေ။ အဖေ့မှာ ဟန်ပင်မလုပ်နိုင်။ အိမ်တွင် ကြာကြာ ထိုင်မနေဘဲ အလုပ်ရှာတော့သည်။ အမေ၏မျက်စောင်းခဲသည့် ဒဏ်ကိုလည်း အဖေ မခံနိုင်၍ဖြစ်သည်။

နောက်နှစ်ရက်အကြာတွင် ရွာထဲမှ ဦးသန်းလှ၏အခင်း သို့ဆင်း၍ အလုပ်လုပ်တော့သည်။ အစ်မခင်လေးမှာလည်း ပဲခြောက်ကောက်လိုက်လျှင်လိုက်၊ မလိုက်လျှင်လည်း ရွာထဲက ဒေါ်အေးပန်းခင်းထဲမှ ပန်းများကို ဖောက်သည်ယူပြီး ဈေးထဲမှာ သွားရောင်းသည်။ ရောင်းရသည့်ငွေများကို ဖဲ့စု၍ အဖေ့ အကြွေးကို နည်းနည်းစီပြန်ဆပ်သည်။ ခင်ထွေးပင် အားလျှင် အားသလို၊ အချိန်ရလျှင် ရသလို အခင်းထဲ လိုက်နေရသည်။



အဖေ့ခမျာ ရေနံပိုက်ဟောင်းခိုးဖြတ်၍ ဒုက္ခရောက်ခဲ့ ရသည်ဖြစ်ရာ 'ပိုက်' ဆိုသည့်စကားလုံးပင် မကြားချင်လောက် အောင် ကြောက်သွားသည်ဟု ပြောပြောနေသည်။ ခင်ထွေးတို့ မိသားစုလည်း ရေပိုက်ကိုပင် ရဲရဲဝံ့ဝံ့ မကြည့်ရဲလောက်အောင် ဖြစ်သွားသည်မှာလည်း အမှန်ပင်။ အဖေနှင့် အမေတို့ ခုတလော ပိုက်ဆံကို ချွေချွေတာတာသုံးနေကြသည်။ ခင်ထွေးလည်း အခင်း ထဲလိုက်၍ ရသမျှ အခကြေးငွေကို အဖေတို့လက်ထဲ ထည့်နေ ရသည်။ အဝတ်အစားအသစ်လည်း မပူဆာတော့ပေ။ ဝတ်ချင် စားချင်စိတ် နည်းသွားသည်ဆိုခြင်းက မှန်ပေသည်။

ထိုသို့သော အားငယ်စိတ်ပျက်နေချိန်တွင် ခင်ထွေး အတွက် ဝမ်းသာစေမည့်သတင်း ကြားလိုက်ရသည်။

ဒွေးဘုမရှိရာ ပုပ္ပါးသို့ အပို့ခံလိုက်ရသည့် ဒွေးလေးမြ ရွာသို့ပြန်လာမည်ဆိုသည့်သတင်းပင်။ ခင်ထွေးလည်း ဝမ်းသာ၍ ထပင် ကခုန်ချင်မိသည်။

ဒွေးလေးမြနှင့် ခွဲခွာနေရသည့်အချိန်များမှာ ပြောစရာ စကားများ များစွာရှိနေသည်။ ဒွေးလေးမြကို တွေ့ရတော့မည်ဟု တွေးရင်းနှင့်ပင် ပျော်နေမိသည်။

လွန်ခဲ့သည့်လလယ်လောက်က အဖေ့ကိစ္စဖြင့် မြို့ပေါ်သို့ အသွား၊ ဦးပိုက်၏အမြွှာအစ်ကို ဦးထိုက်နှင့် ခင်ထွေး လမ်းမှာ ဆုံခဲ့သေးသည်။ ဦးပိုက်၏အမြွှာအစ်ကို ဦးထိုက်သည် အမြွှာ ညီအစ်ကိုဖြစ်သည့်အားလျော်စွာ အတော်ရုပ်ဆင်သည်။ ဦးထိုက်၏

www.burmeseclassic.com

www.burmeseclassic.com

ညာဘက်နားရွက်ပေါ်တွင် မှဲ့နီလေးတစ်လုံး ပါရှိသည့် ကွဲလွဲချက်မှလွဲ၍ အရပ်အမောင်း၊ ကိုယ်လုံးကိုယ်ထည်၊ အသားအရေ အတော်လေး ဆင်တူသည်။ ဦးပိုက်တို့မိသားစုမှာ လယ်ယာစိုက်ပျိုးသည့်လုပ်ငန်းကိုသာ ဘဝတစ်လျှောက်လုံး ဖောက်ချလုပ်ကိုင်ခဲ့ကြသည်။ ကြက်သွန်၊ နှမ်း၊ မြေပဲစိုက်သည့် အခင်းများကို အငှားလိုက်ကြသည်။ တော်တော်လေး စုမိဆောင်းမိ၍ ကိုယ်ပိုင်မြေလေးယာလေးရှိလာသည်။ မနှစ်က ဦးပိုက်တို့ ငွေလေးကြေးလေးနှင့် ကိုယ်ပိုင်လယ်ယာများ ပိုင်ဆိုင်လာ၍ ငွေစုမိလျှင် ဒွေးလေးမြကို သွားရောက်တောင်းရမ်းမည်ဟု စဉ်းစားခဲ့သည်။ ပဲသီးများမှာလည်း သီးအားကောင်းလှသဖြင့် အားရကျေနပ်နေခဲ့သည်။ ပဲသီးများ သီးနေသည့်အချိန်၌ ရေမလိုအပ်တော့ပေ။

ထိုအချိန်၌ ဦးပိုက်၏ယာခင်းနှင့် ကပ်လျက်ရှိနေသူ (ယာနားနီးချင်း) က ရေဖောက်ချလိုက်ရာ ပဲသီးများ ဆုံးရှုံးကုန်တော့သည်။ ဦးပိုက်၏ ယာခင်းချင်းနီးသူသည် ဦးပိုက်တို့ပဲသီးများ ဖြစ်ထွန်းအောင်မြင်နေသည်ကို မရှုဆိတ် မနာလိုဖြစ်ကာ တမင်လုပ်လိုက်ခြင်းဖြစ်သည်။ အခင်းနားနီးချင်း စကားများကြ၊ ကျေးရွာလူကြီးဆီရောက်ကြနှင့်၊ လူကြီးတွေဘက်က ကျေနပ်အောင်ပြောသော်လည်း ဆုံးရှုံးသွားသူက ဦးပိုက်တို့မိသားစုပင်ဖြစ်သည်။

ထို့ကြောင့် ဆုံးရှုံးသွားသည့် အရင်းအနှီးများပြန်ရအောင် ဦးပိုက် ကြိုးစားရတော့သည်။ သီးပင်စားပင်များမှ ရမည့်ငွေမှာ အချိန်အပိုင်းအခြားရှိမှ ရလာမည်ဖြစ်သည်။



ဤသို့ဖြင့် ဦးပိုက်သည် ငွေရှာရမြန်သော ရေနံပိုက်ဟောင်းခိုးဖြတ်သည့်အလုပ်ကို လုပ်ရတော့သည်။ ခင်ထွေးတို့အဖေ ကျောက်မဆင်ရွာတွင် ပိုက်ခိုးဖြတ်နေချိန်တွင် ဦးပိုက်လည်း တွင်းကုန်းတွင် ပိုက်ဖြတ်နေသည်ဟု ကိုထိုက်၏ပြောစကားအရ သိရသည်။ ဆက်လက်ပြီး ဦးထိုက်ပြောပြသည်မှာ ဦးပိုက်သည် ပညတ်သွားရာ ဓာတ်သတ်ပါဆိုသလို ပိုက်နှစ်ခါဖြတ်၍ ရောင်းရငွေမှာ တော်တော်ရခဲ့သည်ဟုဆိုသည်။ ကိုယ်တိုင်လည်း ဖြတ်သဖြင့် သူများတွေထက် ပိုရသေးသည်။

ဦးထိုက်၏စကားများ ကြားကတည်းက ဦးပိုက်ကို တွေ့ချင်နေမိသည်။ အမေတို့မသိအောင် အစ်မခင်လေးကို စည်းရုံး၍ ဦးပိုက်တို့အိမ်သို့ သွားမည်ဟုစိတ်ကူးထားသည်။ အမေက ရွာထိပ်ကွမ်းယာဆိုင်မှ အကိုက်အခဲပျောက်ဆေးပြား သွားဝယ်ခိုင်းသည်။

“ခင်ထွေး အင်္ဂလိပ်ဆေးပြားမရရင် အောင်တမန်ဖြစ်ဖြစ်၊ ငန်းဆေးဖြစ်ဖြစ် ရအောင်ဝယ်ခဲ့တော့၊ ခေါင်းလည်းကိုက်၊ ကိုယ်တွေလက်တွေကလည်း ကိုက်နဲ့၊ ဆေးဝယ်ပြီးရင် အိမ်ကို တန်းတန်းမတ်မတ်ပြန်လာခဲ့၊ ဘယ်မှဝင်မနေနဲ့”

အမေ့စကားကို ခေါင်းညိတ်၍ အဖြေပေးလိုက်ပြီး အိမ်ဝင်းထဲမှထွက်လာခဲ့သည်။

ရွာထိပ်အရောက်တွင် ဦးပိုက်၏ညီမငယ် မခင်သိုက်ကို တွေ့၍ နှုတ်ဆက်လိုက်သည်။ မခင်သိုက်က -

www.burmeseclassic.com

www.burmeseclassic.com



"ခင်ထွေးလေး ဘာလာလုပ်တာလဲ"

"အမေ ခေါင်းကိုက်လို့တဲ့၊ ဆေးလာဝယ်တာ၊ ဦးပိုက်ရော နေကောင်းရဲ့လား၊ ဟိုတစ်နေ့က ဦးထိုက်နဲ့တောင် တွေ့သေးတယ်"

"အေးဟဲ့ . . . ကျုပ်ကိုတောင် ညည်းနဲ့တွေ့တဲ့အကြောင်း ပြောပြနေသေးတယ်၊ ဦးပိုက် အိမ်မှာရှိတယ်၊ အိမ်ကို ခဏ လိုက်ခဲ့ပါလား၊ ဦးပိုက်နဲ့ တွေ့ရအောင်လေ . . ."

သူ့ တစ်ချက်တွေသွားပြီး စဉ်းစားနေ၏။

"ခဏလေးပဲဟာ၊ ဦးပိုက်နဲ့တွေ့ပြီးပြန်ပေါ့"

ခဏလောက်ပဲလေဟု တွေးပြီး မခင်သိုက်နှင့် လိုက်သွားသည်။ ရွာထိပ်မှ ဦးပိုက်တို့အိမ် အလှမ်းမဝေးပါ။ အဆင်သင့်ပင် အိမ်ရှေ့တွင် ဦးပိုက် ထိုင်နေသည်ကို တွေ့ရသည်။ ခင်ထွေးကို မြင်လိုက်ရ၍ ဦးပိုက် ဝမ်းသာအားရဖြစ်သွားသည်။

"ဟာ . . . ခင်ထွေးပါလား၊ ဦးပိုက်ဆီ လာလည်တာလား"

ဦးပိုက်စကားကြောင့် ခင်ထွေးက နှာခေါင်းရှုံ့ပြလိုက်ပြီး -

"အမေက ဆေးဝယ်ခိုင်းလိုက်လို့ ရွာထိပ်ကဆေးဆိုင်မှာ ဆေးလာဝယ်တာ၊ ဦးပိုက်ဆီ လာလည်တာမဟုတ်ဘူးတော့၊ အဲဒီနားမှာ မခင်သိုက်နဲ့တွေ့လို့ သူ ခေါ်လာတာနဲ့ ကျုပ် လိုက်ခဲ့တာ"

"အေး . . . ဘာပဲဖြစ်ဖြစ် ညည်းလေးနဲ့တွေ့ရတာ ကျုပ်ဝမ်းသာတယ်၊ အတော်ပဲ ညည်းကို ပြစရာရှိတယ်၊ ခဏစောင့်ဦး"



ဦးပိုက်က အိမ်ခန်းထဲဝင်သွားသည်။ မခင်သိုက်ကလည်း လက်ဖက်သုပ်သွားယူလိုက်ဦးမည်ဆိုပြီး အိမ်နောက်ဖေးဘက် ဝင်သွားလေသည်။

ဦးပိုက်က အိမ်ရှေ့ခန်းသို့ ဝါးကျည်တောက်ကြီးပွေ့လျက် ရောက်လာသည်။

"ဦးပိုက် အဲဒါဘာလဲ"

"စုဘူးလေ . . . စုဘူးပေါ့ဟ၊ ညည်းဒွေးလေးမြနဲ့ ကျုပ် အတူနေရင်သုံးဖို့၊ တစ်အိုးတစ်အိမ်ထောင်ဖို့၊ မင်္ဂလာဆောင်ဖို့လေ၊ ညည်း မ,ကြည့်စမ်း"

ဦးပိုက် မျက်နှာပြုံးဖြီးဖြီးနှင့် ခင်ထွေးကို စုဘူးယူလာပြသည်။

"ကြည့်ရအောင်၊ ဟာ . . . လေးလိုက်တာ၊ အကြွေစေ့တွေ ထည့်ထားတာလား"

"မ,လို့ကောင်းအောင် ထည့်ထားတာ၊ အကြွေစေ့က တစ်ရာတန်တွေလည်းပါတယ်၊ တစ်ထောင်ဖိုးလောက် ထည့်ထားတာ။ ကျန်တာ ငွေစက္ကူချည်းပဲ၊ တွေ့တယ်နော် . . . ညည်း ခဏနေဦး။ ကျုပ် စုဘူးပြန်သိမ်းလိုက်ဦးမယ်၊ ကျုပ်စုထားတာ ဘယ်သူမှမသိဘူး၊ ဟို . . . ကိုထိုက်တစ်ယောက်ပဲသိတယ်"

ဦးပိုက် စုဘူးကြီးမ,၍ အိမ်ခန်းထဲပြန်ယူသွားသည်။ ပြန်ထွက်လာပြီး -

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ် ပိုက်ဖြတ်လို့ရတဲ့ပိုက်ဆံတွေ စုဘူးထဲအကုန်ထည့်ထားတာပဲ၊ စုဘူး အမြန်ပြည့်အောင်လေ၊ စုဘူးပြည့်ရင် ညည်း ဒွေးလေးမြကို လာတောင်းရမ်းမှာ"

"တကယ်..."

"တကယ်ပေါ့ဟ"

ခင်ထွေး ပျော်သွားသည်။ ခုချက်ချင်းပင် စုဘူးမှ၊ ဒွေးလေးမြရှိရာ အပြေးသွားပြီး ပြောပြလိုက်ချင်သည်။ ထိုစဉ် မခင်သိုက်ရောက်လာပြီး -

"ခင်ထွေး...ရော့၊ လက်ဖက်သုပ်စားဦး။ မတွေ့တာကြာတော့ ခင်ထွေးက ပိုတောင်လှလာတယ်"

"ကျုပ် ဒွေးလေးမြကမှ လှတာတော့၊ ကျုပ်တို့လို အသားမညိုဘူး၊ သူက အသားလည်းဖြူတယ်"

"အေးပါဟယ်၊ ဟဲ့...လက်ဖက်သုပ်စားသွားဦးလေ"

"တော်ပါပြီ၊ နှစ်ဇွန်းတောင်စားလိုက်ပြီ၊ အမေက ကျုပ်ကို ဆေးဝယ်ခိုင်းတာ ဘယ်အိမ်မှဝင်မနေနဲ့တဲ့၊ ခုလောက်ဆို ကျုပ်ကို စိတ်ဆိုးနေလောက်ပြီ"

"အေး...ညည်းကလည်း ညည်းပဲ၊ နေရာတကာ သဝေထိုးချင်တာကိုး"

"အောင်မယ်...ကျုပ်က အစ်မသိုက်ခေါ်လို့ လာတာပါတော့"



"အလကားစတာပါဟာ၊ ကဲ...ကဲ...ပြန်တော့၊ မသိုက် ပြန်ပို့ပေးလိုက်..."

"နေပါစေတော်...ကျုပ် လမ်းလျှောက်တာမြန်တယ်၊ သွားပြီဗျို့"

သူ အိမ်ပြန်ရောက်တော့ အမေက အဖေနှင့် စကားပြောနေသည်။ အမေ့ဘေးတွင် မိန်းမတစ်ယောက် ထိုင်နေသည်ကို အဝေးကတည်းက လှမ်းမြင်လိုက်သည်။

"ဟာ...ဒွေးလေးမြ"

အမေက ဆေးဝယ်နောက်ကျ၍ ဆူပူခြင်းကို ပြုံး၍ငြိမ်နေလိုက်သည်။ အမေက ဆူ၍အားရသော် အိမ်ထဲဝင်သွားသည်။ သူက ဒွေးလေးမြနားတိုး၍သွားသည်။ အဖေက ချောင်းဟန့်ပြီး အိမ်ပြင်သို့ထွက်သွားမှပင် -

"ဒွေးလေးမြ...ကျုပ်ကို လွမ်းသလားတော်"

"ဘယ့်နှယ်ပြောပါလိမ့် ခင်ထွေးရယ်၊ ဒွေးလေးမြ လွမ်းသပေါ့"

ဒွေးလေးမြ အသားအနည်းငယ်ညို၍ ပိန်သွားသည်ကို ကြည့်ပြီး စိတ်မကောင်းဖြစ်ရသည်။

"ဒွေးလေးမြ..."

"ဟေ...ဘာလဲ"

"ခုနက အမေ့ဆေးသွားဝယ်တာ ဘယ်ထိရောက်သွားလဲ သိလား"

www.burmeseclassic.com

www.burmeseclassic.com

"ဆေးသွားဝယ်တာ ခင်ထွေးက ဘယ်ရောက်သွားလို့လဲ"

"ဦးပိုက်အိမ်ကိုပေါ့"

"ဟဲ့. . . ဘာ. . . ဘယ်သူ့အိမ်"

ရွာထိပ်တွင် မခင်သိုက်နှင့်တွေ့ရာက ဦးပိုက်အိမ်သို့ လိုက်ပါသွားခဲ့သည့်အကြောင်း ဒွေးလေးမြကို ပြောပြလေတော့သည်။ ဦးပိုက် စုဘူးအကြောင်းပြောပြရာ ဒွေးလေးမြမျက်နှာ ရှက်သွေးဖြာသွားသည်ကို တွေ့လိုက်ရသည်။

"တကယ်ပြောတာ ဒွေးလေးမြရဲ့၊ သူ့စုဘူးကြီးက လေးလိုက်တာ၊ လွှတ်ကိုလေးတာတော့၊ ဦးပိုက်တော့ စံပါပဲ"

"ဟဲ့. . . တိုးတိုး၊ ညည်းအဖေနဲ့အမေ ကြားသွားလို့ကတော့ ညည်းရော၊ ကျုပ်ရော ဆူခံထိမယ်၊ ကံမကောင်းရင် အရိုက်ပါခံရမှာ"

ဒွေးလေးမြစကားကြောင့် သူ အသံတိုးသွားသည်။ ခေတ္တမျှ အသံတိတ်သွားသည်။ ဒွေးလေးမြ၏ နှုတ်ခမ်းအစုံလေးသည် ပြုံးယောင်သမ်း၍ အဝေးတစ်နေရာသို့ ငေးနေသည်။ ဒွေးလေးမြတစ်ယောက် စိတ်ကူးနှင့်ပင် ဦးပိုက်အကြောင်း တွေးနေသည်ဟုထင်မိသည်။

"ဒွေးလေးမြ ဒီအဖိတ်နေ့ တနင်္ဂနွေနေ့ကျတယ်၊ ဦးပိုက်က နံနက်စောစော ပင်းဘုရားကြီးရဲ့ အဝင်ဝမုခ်ဦးနားမှာ စောင့်နေမယ်တဲ့၊ တော်နဲ့ကျုပ် သွားရအောင်"



ဒွေးလေးမြ စဉ်းစားသလိုလုပ်နေ၍ စိတ်မရှည်နိုင်သည့် ခင်ထွေးက -

"ဒွေးလေးမြကလည်း ကျုပ်ပါလိုက်မှာပါဆို၊ အဖေတို့ မရိပ်မိအောင် သွားမှာပေါ့၊ အိမ်ထဲကထွက်နိုင်ဖို့ပဲ စဉ်းစားရမယ်၊ အကြောင်းတစ်ခုခုတော့ ပြရမှာပေါ့၊ မဟုတ်ဘူးလား. . . နော်"

ပူအိုက်လွန်းသည့်အတွက် အိပ်မရပေ။ အိပ်ရာထဲတွင် ဟိုလူးသည်လူးရင်းဖြင့် ကျောပို၍ပူစေသည်။ အညာနွေသည် နေ့နှင့်ညတို့ အပူရှိန်ကူးလူးဆက်သွယ်လျက်ရှိသည်။ ရွာဦးဘုန်းဘုန်းကျောင်းမှ နာရီသံချောင်းခေါက်သံ တစ်ဆယ့်နှစ်ချက်တိတိ ကြားလိုက်ရသည်။

သူ၏စိတ်ထဲမှ သံချောင်းခေါက်သံကို ရေတွက်နေသည်။ အိပ်ရာမှ ထထိုင်လိုက်သည်တွင် အိမ်ရှေ့ကပြင်မှ စကားသံ တိုးတိုးလေးကြားရ၍ သူ နားစွင့်နေလိုက်၏။ တစ်ချက်တစ်ချက်တွင် စကားသံသည် တဖြည်းဖြည်း ကျယ်လာသည်။

"ကျုပ်တို့ အမေ့ကိုပြောမပြရင် တစ်ချိန်ချိန်မှာ အမေသိသွားမှပိုဆိုးမှာ။ အမေတို့က အပြစ်တင်လို့ပြီးမှာကိုမဟုတ်ဘူး။ ဒါကြောင့် ကျုပ် ဒီလိုလုပ်လိုက်ရတာပဲ။ မြခြယ်ကတော့ စိတ်ကောင်းမှာမဟုတ်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



အမေ့အသံ အနည်းငယ်ကျယ်လာသည်။

"ဟဲ့. . . လှမေရဲ့၊ စကားတိုးတိုးပြောဟ၊ နင့်သမီး အငယ်မ ကြားသွားဦးမယ်၊ အဲဒီကောင်မလေးက နားလွှတ်ပါးတာ"

"ဒါကြောင့် တော့်ကိုပြောတာပေါ့၊ တော့်သမီးက သိပ်လည်တာ၊ ပြီးခဲ့တဲ့အဖိတ်နေ့က မြခြယ်နဲ့သူ ပင်းဘုရားကြီးကို သွားခဲ့တာလည်း ကျုပ် သိတယ်၊ တစ်နေ့က သူ မောင်ပိုက်အိမ်ကိုတောင် မောင်ပိုက်နှမနဲ့ လိုက်သွားသေးတယ်၊ ကျုပ်မှာ မျက်စိနဲ့ နားနဲ့တော်ရေ. . ."

"ဟင်. . . ဒီကောင်မလေး. . . ငါလုပ်ရင် နာတော့မယ်"

'အဲဒါကြောင့် ကျုပ်ပြောတာ၊ ကျုပ်ပြောတာ လွန်လို့လား၊ တော့်သမီးက အတော့်ကို အတတ်လုပ်တာ"

"ထားလိုက်တော့. . . လှမေ၊ နင်စီစဉ်တာကိုတော့ သူ ဘယ်လိုမှငြင်းပယ်လို့ရမှာမဟုတ်ဘူး၊ ခင်ထွေးလည်း သူ့အကြံ တစ်ထွာလောက်နဲ့ ဘာမှတတ်နိုင်မှာမဟုတ်တော့ဘူး"

"ကျုပ်ကလည်း မြခြယ်အတွက်၊ သူကောင်းဖို့အတွက် အမေတို့သဘောကျ လုပ်ခဲ့တာပါ၊ ဖရဲကျွန်းကလည်း ကိုယ့်အမျိုးတွေစုစုဝေးဝေးနေတဲ့ရွာပဲလေ၊ ဖရဲကျွန်းက ဘကြီးကျော်နဲ့ အမျိုးတော်ရလိမ့်မယ်လို့ ကျုပ် တွေးတောင်မတွေးမိဘူး၊ ဘကြီးကျော်သားလေး ကိုထွေးက မြခြယ်ကို မြင်မြင်ချင်းပဲ သဘောကျနေတာ၊ သူ့အဖေကိုပြောပြီး မြခြယ်ကို တောင်းရမ်းပေးပါလားလို့ပူဆာဖူးတယ်တဲ့၊ နောက်တော့ မြခြယ်က မောင်ပိုက်နဲ့ ရည်ငံနေတာသိသွားပြီး နောက်ဆုတ်လိုက်တာတဲ့၊ ခုလို အမေက ဘကြီးကျော်နဲ့ အကျိုးအကြောင်းပြောပြီး လူကြီးတွေအချင်းချင်း စီစဉ်လိုက်တာ မကောင်းဘူးလား"



"အေးကွာ. . . မောင်ပိုက်က မြခြယ်ကို နှစ်သက်တာ အပြစ်မပြောလိုပါဘူး၊ ဒါပေမယ့် တကယ်အကြင်လင်မယား ဖြစ်ရင် တစ်ယောက်နဲ့တစ်ယောက် မေတ္တာရှိနေရုံနဲ့မပြီးဘူး၊ မိသားစုစားဝတ်နေရေး၊ ကျန်းမာရေး၊ ပြီးတော့ ကိုယ့်ကလေးတွေရဲ့ရှေ့ရေးပါ စဉ်းစားရတာ၊ အဝေးမကြည့်နဲ့. . . ငါတို့မိသားစုကိုပဲကြည့်၊ ပညာကလည်းမတတ်၊ ငွေကြေးကလည်း မပြည့်စုံတော့ ငါ့သားသမီးတွေက ပညာတတ်လည်းဖြစ်မလာ၊ ရရာအလုပ်နဲ့ နပ်မှန်အောင် မနည်းလုပ်ယူနေရတာပဲလေ"

"တော်. . . ဒီလိုမပြောနဲ့၊ အကြီးမတော့ ထားပါ၊ အငယ်မကိုတော့ တော့်မိဘတွေဘက်ကရော၊ ကျုပ်မိဘတွေဘက်ကပါ ခင်ထွေး ကျောင်းနေမယ်ဆိုရင် ထားပေးမှာပဲ၊ အဲဒီကောင်မလေးကိုယ်တိုင် ကျောင်းစာဘက်မှာ စိတ်မှမပါတာ"

"မင်းက စီစဉ်တဲ့နေရာမှာ တော်ပါတယ်၊ မနေ့ညနေက မင်းအမေအိမ် မြခြယ်ကိုသွားပို့တာ သူ မသိသေးဘူး"

"ဘယ်အသိခံလို့ဖြစ်မလဲ၊ ကျုပ်လည်း အမေမှာတဲ့အတိုင်း အမေ့ရွာသွားဖို့ အဖော်ခေါ်သွားသလိုနဲ့ မြခြယ်ကို ခေါ်သွားတာ၊ ဟိုအိမ်မှာထားခဲ့တာ ခင်ထွေးသိလို့ဘယ်ဖြစ်မလဲ"

www.burmeseclassic.com

www.burmeseclassic.com

ကြားလိုက်ရသည့် စကားများကြောင့် ခင်ထွေး စိတ်မကောင်းဖြစ်ရသည်။ သူ မနေ့က ဦးသန်းလှတို့အခင်းတွင် ကြက်သွန်နီတစ်ချိန်လုံးဖြတ်နေရသည်။ အိမ်ပြန်ရောက်သည်တွင် ဒွေးလေးမြကိုမတွေ့တော့။ အမေ့ကိုမေးရာတွင် အမေက မကွေးက အစ်မဝမ်းကွဲဆီသို့ အကြွေးသွားတောင်းခိုင်းသည်ဟု လှည့်ပတ်ပြောဆိုခဲ့သည်။

သူ အိပ်မပျော်သည့်အတွက်သာ အဖေနှင့် အမေတို့ ပြောသည့်စကားများကြောင့် အကြောင်းစုံ သိရှိလိုက်ရခြင်း ဖြစ်သည်။

ခင်ထွေး ဝမ်းနည်းနေသလို၊ ငိုချင်သလို ခံစားလိုက်ရသည်။ အိပ်၍လည်းမပျော်၊ မိုးလင်းခါနီးမှ မှေးခနဲအိပ်ပျော်သွားသည်။ အရှေ့အိမ်မှ ကြက်တွန်သံကြောင့် နိုးလာရသည်။

သူ အိပ်ရာမှထ၍ အပြင်သွားရန်ပြင်နေသည်ကိုတွေ့၍ အမေက အံ့ဩသည့်မျက်နှာနှင့် . . .

'အမယ် . . . မနက်စောစော မထစဖူးထနေပါလား၊ နိုးစရာတောင် မလိုဘူး၊ ခုဟာက ဘယ်ကိုကြွမလို့လဲ မယ်မင်းကြီးမရဲ့ . . .”

“ဦးသန်းလှအခင်းကို ခပ်စောစောထသွားမလို့ . . .”



သုန်သုန်မှုန်မှုန်မျက်နှာဖြင့် အမေ့ကိုမကြည့်ဘဲ ဖြေလိုက်ပါသည်။

“အလိုတော် . . . ခါတိုင်းအစ်မနဲ့အတူ အခင်းထဲ သွားနေကျ။ ညည်းအစ်မကို မခေါ်တော့ဘူးပေါ့၊ အစ်မကို စောင့်ခေါ်သွား . . . မနက်ကြီးမိုးလင်းခါစပဲ ရှိသေးတယ်၊ ပိုးကောင်မွှားကောင်မမြင်ဘဲ နေလိမ့်မယ်၊ နေဦး . . . အစ်မကို စောင့်ခေါ် . . .”

“မစောင့်တော့ဘူးအမေ၊ ကျုပ် လုပ်စရာရှိသေးတယ်၊ ကျုပ်အတွက် ထမင်းထုပ် အစ်မနဲ့ပဲ ပေးလိုက်တော့၊ ကျုပ် သွားပြီ . . .”

အမေ့ကို မစောင့်တော့ဘဲ ခပ်သုတ်သုတ်ထွက်လာခဲ့သည်။ အမေက သူ ထွက်သွားသည်ကို ပါးစပ်အဟောင်းသား ဖြင့်ငေးကြည့်ရင်း နေခဲ့သည်။

အိမ်ဝင်းအပြင်သို့ရောက်သည်နှင့် မပြေးရုံတမည် ရွာထိပ်သို့ လျှောက်လာခဲ့သည်။ ခင်ထွေး၏ခြေလှမ်းများသည် ညောင်ပင်သာရွာသို့ ဦးတည်နေ၏။ နံနက်စောစောနှင်းရည်များ သူ့ဖိနပ်နှင့် ခြေထောက်များကို စိုရွှဲနစ်နေသည်။

“ဟဲ့ . . . ကလေးမ ခင်ထွေး . . . အစောကြီး၊ ဘာဖြစ်လို့လဲဟင်”

မခင်သိုက်က အလန့်တကြားမေးလိုက်သည်။

“ဦးပိုက်ရှိလား . . .”

www.burmeseclassic.com

www.burmeseclassic.com



"မရှိဘူး ကလေးမရဲ့၊ မနေ့မနက်ကပဲ ကိုပိုက်တို့ညီအစ်ကို နှစ်ယောက်စလုံး တွင်းကုန်းဘက်ကိုသွားကြလေရဲ့. . ."

"ဘယ်တော့ ပြန်လာမှာလဲ. . ."

"ကျုပ်လည်း သေသေချာချာတော့မသိဘူး၊ အနည်းဆုံး ရက်နှစ်ဆယ်၊ တစ်လလောက်တော့ ကြာလိမ့်မယ်ထင်တယ်၊ အလုပ်ကိစ္စနဲ့ သွားတာလေ၊ နေပါဦး. . . အရေးကြီးတဲ့ကိစ္စဆိုရင် မသိုက်ကိုပြောခဲ့လေ၊ လူကြုံရှိရင် ပြောလိုက်မယ်"

မခင်သိုက်က ခင်ထွေးမျက်နှာငိုမဲ့မဲ့ကိုကြည့်ပြီး မေးလိုက်ရာ -

"ဦးပိုက်နဲ့မှ ဖြစ်မှာမို့ပါ။ ဒွေးလေးမြကို ယောက်ျားပေးစားတော့မယ်တဲ့"

"ဟေ. . . ဟုတ်လား၊ ဘယ်တော့လဲ. . . ဘယ်သူနဲ့လဲ"

"ဖရဲကျွန်းက ဘကြီးကျော်သားအငယ်တဲ့။ မကြာခင် လာတောင်းရမ်းတော့မှာ"

"ဟုတ်လား. . . ခက်တာပဲ၊ သူတို့ညီအစ်ကိုနှစ်ယောက် စလုံး သွားတာ၊ ကျုပ် ဘယ်လိုလိုက်ပြောရပါ့မလဲ၊ လူကြုံ ရှိရင်တော့ ပြောပေးမယ်၊ ဒါနဲ့မြခြယ်က ခုဘယ်မှာတုံး. . . ခင်ထွေးတို့အိမ်မှာလား. . ."

"ကျုပ်တို့အိမ်မှာလည်း မရှိဘူး၊ ဒွေးလေးမြလည်း ဘယ်ရောက်နေလဲမသိဘူး၊ အမေတို့ ဘယ်ကိုပို့ထားတာလဲကို မသိတာ. . ."



"ကောင်းရောဟယ် . . . အေးပါ ခင်ထွေးရယ်၊ အစ်မသိုက် လည်း လူကြုံနဲ့ ကိုပိုက်ကို ပြောလိုက်ပါ့မယ်၊ ခုချက်ချင်းကြီးတော့ လူကြီးတွေက ပေးစားလိမ့်မယ်မထင်သေးဘူး၊ စေ့စပ်တာ၊ မြန်းတာ လောက်ပဲ ရှိဦးမှာပါ. . ."

မခင်သိုက်က စဉ်းစားသလိုနှင့် ချိန်ချိန်ဆဆ ပြောလိုက်ရာ ခင်ထွေးလည်း 'ဖြစ်နိုင်ပါတယ်' ဟူသော စကားပြန်ပြောခဲ့ပြီး ညောင်ပင်သာရွာမှ ထွက်လာခဲ့သည်။

ⓤ ⓤ ⓤ ⓤ ⓤ

ဦးပိုက်တို့အိမ်မှထွက်သည်နှင့် သူ၏နောက်သို့ လူတစ်ယောက် လိုက်လာသည်ကို သတိထားမိသည်။ သူ နောက်သို့လှည့်မကြည့်ဘဲ ရွာထိပ်သို့ ခပ်သွက်သွက်လျှောက်လာ ခဲ့သည်။ ရွာထိပ်သို့အရောက်တွင် နောက်မှလိုက်လာသူက သူ့ဘေးနားကပ်လာတော့သည်။ ခင်ထွေး ရင်တထိတ်ထိတ် ခုန်လာသည်။

"ဟဲ့. . . ညည်း ဘယ်တလာတာလဲ"

လန့်လန့်ဖျပ်ဖျပ်ဖြစ်သွားပြီး ကြည့်လိုက်ရာ -

"ဟာ. . . အစ်မ"

"ဘာအစ်မလဲ၊ ညည်း ဘယ်ကပြန်လာတာလဲလို့"

"ဟို. . . ရွာထဲ. . ."

www.burmeseclassic.com

www.burmeseclassic.com



“ဘာရွာထဲလဲ၊ ညည်း ဦးပိုက်အိမ်ထဲ ဝင်သွားတာ ငါတွေ့သားပဲ”

“အစ်မကလည်း၊ အမေတို့လိုမျိုးပဲ၊ ကျုပ်ကို ဘာလုပ်လုပ် အလွတ်မပေးဘူး၊ လိုက်ချုပ်ချယ်နေတာပဲ၊ ကျုပ်ဖြင့် အသက်တောင် ဘယ်လိုရှူရမှန်းတောင်မသိတော့ဘူး”

“ကျုပ်မေးတာ ဖြေစမ်းပါဦး၊ ညည်း ဘာတွေလျှောက်လုပ်နေတာလဲ၊ အဖေနဲ့အမေက ညည်းကိုရိုက်မှာစိုးလို့ ကျုပ် မသိဟန်ဆောင်နေရတာ၊ ဒွေးလေးမြကိစ္စမှာ ညည်း ကန့်လန့်ကန့်လန့် ပါနေတာ ကျုပ်သိတယ်၊ ခုကိစ္စမှာလည်း အမေက ညည်းနောက်ကို လိုက်ခိုင်းလို့ ကျုပ် လိုက်လာတာ၊ အမေက ညည်းကိုခေါ်ခဲ့တဲ့”

“အစ်မကလည်း. . . အမေခိုင်းတဲ့အတိုင်း လုပ်ရသလား”

“ဘာပြောတယ်. . . စကားထပ်မများနဲ့၊ လိုက်ခဲ့စမ်း”

အစ်မခင်လေး အတော်စိတ်ဆိုးနေပုံရသည်။

“အစ်မရာ. . . ကျုပ်မှာတော့ ရှားရှားပါးပါး ဒီအစ်မ တစ်ယောက်တည်းရှိပါတယ်၊ အမေ့ကို ဒီကိစ္စပြောပြမှာလား၊ ကျုပ်က အရိုက်ခံရမှာနော်၊ သိလား အစ်မ. . .”

ခင်ထွေးစကားကြောင့် သူ့အစ်မ ခေတ္တတွေဝေ သွားသည်။

“အမယ်. . . မရွှေစာ၊ ညည်းက ပတ်ချွဲနပ်ချွဲနဲ့ ကျုပ်ကိုများ လာပြီးလုပ်နေသေးတယ်၊ ညည်းကရော ကျုပ်ကို အစ်မ တစ်ယောက်လိုများ သဘောထားသေးရဲ့လား၊ ဒွေးလေးမြကိစ္စဆို



ညည်းသဘောနဲ့ညည်း လုပ်တာချည်းပဲ၊ ခုတော့ ဘာမှမသိတဲ့ ကျုပ်လည်း အမေက ဆူသေးတယ်၊ ညည်းနောက်ကိုလိုက်ခိုင်းပြီး တွေ့တဲ့နေရာကနေ ကုပ်ဆွဲခေါ်ခဲ့တဲ့”

“မဟုတ်ပါဘူး အစ်မရာ၊ အစ်မက အေးအေးဆေးဆေး နေတတ်တာဆိုတော့ ကျုပ်နဲ့အတူတူ ဒွေးလေးမြကိစ္စတွေပါ လိုက်ပါနေရင် အေးအေးနေလို့ရမှာမဟုတ်ဘူး၊ ဒါကြောင့်ပါ. . .”

“အကြောင်းမဟုတ်တာကို အကြောင်းပြမနေနဲ့”

အစ်မကို တောင်းပန်စကားပြောသော်လည်း မရတော့။ အစ်မက စိတ်ဆိုးနေပြီဖြစ်၍ အသာငြိမ်နေပြီး သူ့နောက်မှ လိုက်လာရသည်။ အိမ်သို့ရောက်သောအခါ အမေ၏ဝါးခြမ်းပြားက သူ့ကို ဆီးကြိုနေသည်။

ကိုယ့်အပြစ်နှင့်ကိုယ်ဖြစ်နေ၍ ခင်ထွေး အံကြိတ်ခံနေလိုက်သည်။ အမေ၏ ဆင့်ကဲဆင့်ကဲရိုက်ချက်များကို မြင်သောအခါ အစ်မဖြစ်သူမှာလည်း စိတ်မကောင်းဖြစ်ရသည်။

“တော်ပါတော့ အမေရာ၊ ဒီအရွယ်ကြီးရောက်နေပြီ၊ လူကြားလို့လည်း မကောင်းပါဘူး၊ ရှက်စရာကောင်းလိုက်တာ”

“ဟဲ့. . . သူက အရွယ်ရောက်လို့သာကြီးလာတယ်၊ လုပ်တာကိုင်တာမဟုတ်တော့ ရိုက်မှသိမှာလေ”

“တော်ပါတော့. . . သူလည်း ဒွေးလေးမြကိစ္စဝင်ပါလို့ ရတော့မှမဟုတ်တာ”

www.burmeseclassic.com

www.burmeseclassic.com



အစ်မဆွဲသည့်ကြားက နှစ်ချက်ဆင့်ရိုက်တာ ခံလိုက်ရသေးသည်။

"ဟုတ်တယ်. . . မြခြယ်ကိစ္စ သူပါလို့မရတော့ဘူး၊ ဒီလောက်တောင် ပြောလို့ဆိုလို့မရတဲ့ကောင်မ သူ့အဒေါ်လည်း လင်ရရော သူလည်း ငြိမ်ရော၊ ဒါမှ သူတို့တူအရီးမှတ်မှာ"

"အင်. . ."

ခင်ထွေးခမျာ အရိုက်ခံရသည်ထက် နာသောစကားများကို ကြားလိုက်သောကြောင့် ပိုပြီးစိတ်မကောင်းဖြစ်ရသည်။ ဦးပိုက်က ဒွေးလေးမြတစ်ယောက်တည်းအပေါ် ထားသည့်မေတ္တာများနှင့် သစ္စာတရားကို သူ အသိဆုံးပင်ဖြစ်သည်။ ဒွေးလေးမြ၏ ရင်ထဲ၌ရှိနေသည့် သံယောဇဉ်ကိုလည်း သူ သိထားသည်မဟုတ်ပါလား။

ခင်ထွေး စိတ်ဆိုးလွန်း၍ အစ်မခင်လေးကိုပင် စကားမပြော အရေးမစိုက်ဘဲနေလိုက်သည်။

"ညည်း. . . ကျုပ်ကို စိတ်ဆိုးချင်ဆိုးတော့၊ ကိုယ့်ညီမတစ်ယောက် အသက်ငယ်ငယ်လေးနဲ့ သူများသမီးရည်းစားကိစ္စ စပ်စပ်စပ်စပ်နဲ့ပါနေတာကိုက အစ်မ မကြိုက်တာ၊ အစ်မက ညည်းကို နေတတ်ထိုင်တတ်အောင် ဆုံးမပြောဆိုနေတာပါအေ၊ အစ်မရဲ့စေတနာကို တလွဲအထင်မှားရင် ငရဲကြီးလိမ့်မယ်နော်"

အစ်မ၏ပြောစကားများကို မကြားဟန်ဆောင်နေလိုက်သည်။ နှုတ်ခမ်းလည်း ခပ်စူစူလုပ်ထားသည်။ တစ်ပတ်လောက်



စကားမပြောဘဲ စိတ်ကောက်ပြလိုက်ပြီး တစ်ပတ်ပြည့်မှ သူ၏အစ်မကို စကားပြောတော့သည်။ အစ်မသည် စိတ်ဆိုးသည့်အခါ 'နင်' နှင့် 'ငါ' ဟု မပြောတော့ဘဲ 'ညည်း' နှင့် 'ကျုပ်' ဟု ပြောတတ်၏။

ဒွေးလေးမြကို အမေကြီးအိမ်မှာ သွားပို့ထားသည်မှာ တစ်လပြည့်တော့မည်။ တစ်ညနေ အမေ အပြင်မှပြန်လာပြီး -

"မနက်ဖြန်နံနက်ကြီးမိုးအလင်း အမေ့အိမ်သွားကြမယ်၊ ခင်လေးရော၊ ခင်ထွေးပါ လိုက်ခဲ့ကြ"

အမေ၏ပြောစကားကြောင့် ခင်ထွေးက -

"အမေကြီးအိမ်ကို ကျုပ်တို့တွေ ဘာဖြစ်လို့လိုက်ခဲ့ရမှာလဲ။ အမေကြီး ဘာဖြစ်လို့လဲဟင်။ နေမကောင်းဘူးလား၊ အမေကြီး တစ်ခုခုဖြစ်လို့လား"

ခင်ထွေးစကားကြားရသည်တွင် အမေက မျက်လုံးပြူး၍ ကြည့်ပြီး -

"ခွေးမလေး. . . ငါ. . . တောက်. . . မပြောလိုက်ချင်ဘူး၊ ညည်းအမေကြီး ဘာမှမဖြစ်ဘူး၊ ညည်းဒွေးလေးမြကို လင်ပေးစားဖို့ကိစ္စဟေ့၊ ကျုပ်ကို ဘာစကားမှဆက်မေးမနေကြနဲ့တော့၊ နံနက်ကြီးမိုးအလင်း သွားဖို့ကိစ္စကိုသာ ခေါင်းထဲမှာထည့်ထား၊ ဒါပဲ. . ."

အမေ့စကားကြားရသည်တွင် ငိုချင်သလို ခံစားရသည်။ အမေက အစ်မနှင့်သူ့ကို ထမီတစ်ထည်စီ ထုတ်ပေးသည်။ အမေ

www.burmeseclassic.com

www.burmeseclassic.com



သူကို့အတွက် ဝယ်ထားပေးခြင်းဖြစ်သည်။ ကြိုတင်စီစဉ်ထားသည်မှာ သေချာပြီ။

အဝတ်အစားအသစ် ဝတ်ရလျှင် အလွန်ပျော်တတ်သည့် ခင်ထွေးခမျာ ပျော်ဖို့ပင်သတိမရတော့ပေ။ ဒွေးလေးမြကို သူ အလွန်ချစ်သလို ဦးပိုက်ကိုလည်း ခင်သည်။ ချစ်ရေးချစ်ရာကိစ္စများကို နားမလည်သေးသော်လည်း သံယောဇဉ်ရှိသူနှစ်ဦးကို မကွဲစေလိုပေ။ ဦးပိုက်ကိုလည်း ဦးလေးအရင်းလို ခင်မင်သည်လည်းပါသည်။

"ညည်းဒွေးလေးမြကိုတွေ့ရင် တောင်ပြောမြောက်ပြော လျှောက်မပြောရဘူးနော်၊ လျှောက်ပြောရင် ညည်း . . . ကျုပ်နဲ့တွေ့မှာနော်"

အမေကြီးနေထိုင်သည့်ရွာသို့သွားသည့်လမ်းတစ်လျှောက်လုံး အမေက ခင်ထွေးကို တတွတ်တွတ်မှာနေသည်။ ခင်ထွေးက အမေပြောသည်ကို စိတ်မဝင်စားတော့။ သူစိတ်စေရာမှာ ဒွေးလေးမြဆီသို့ ပြေးလွှားရောက်ရှိနေသည်။ ဒွေးလေးမြ၏ရင်ထဲတွင် မည်သို့များ ခံစားနေရသနည်း။

ချုံးပွဲချ၍ ငိုရှိုက်နေသည်လား။

အော်ဟစ်ဒေါသထွက်နေသည်လား။

မျက်ရည်မကျ၊ အသံမထွက်ဘဲ ရင်ထဲကြိတ်ရှိုက်နေသည်လား။

မေးခွန်းများစွာ၊ အတွေးများစွာ သူ့ရင်ကို စိုးမိုးနေသည်။



အမေကြီးအိမ်သို့ရောက်သောအခါ ဒွေးလေးမြကို အပြေးအလွှားရှာဖွေတော့သည်။ အမေကလည်း ခင်ထွေးကို သူ့အနားမှာသာ နေခိုင်းထားသည်။ ခင်ထွေး ဂနာမငြိမ်သည်နှင့် အမေ့လက်ရာ ပေါင်တွင်းကြောလိမ်ဆွဲသည့်အရသာကို ကောင်းကောင်းခံစားနေရသည်။

ဒွေးလေးမြကလည်း ခင်ထွေးကိုပင် အငမ်းမရ ရှာဖွေခဲ့သည်ထင့်။ ခင်ထွေးကို တွေ့လိုက်ရသည်နှင့် သူ၏မျက်နှာသည် လပေပုပ်ဖမ်းထားရာမှ လွတ်ထွက်လာသည့် လမင်းကြီးသဖွယ် ဝင်းလက်သွားသည်။ ဒွေးလေးမြမျက်နှာ အနည်းငယ်ချောင်၍ ကိုယ်လုံးလည်း ပိန်သွားသည်ကို သတိထားမိသည်။

ညနေပိုင်းတွင် အမေနှင့်အစ်မတို့ ရွာထဲသွား၍ လုပ်စရာရှိသည့်ကိစ္စများလုပ်ရန် ထွက်သွားသည်။ လူလစ်သည်နှင့် ခင်ထွေးက ဒွေးလေးမြနားသို့ ကပ်သွားလိုက်သည်။ အနားရောက်သော်လည်း ဒွေးလေးမြကို မည်သည့်စကား စပြောရမည်လည်းဆိုသည်ကို မစဉ်းစားတတ်တော့ပေ။

"ဒွေးလေးမြ နေကောင်းရဲ့လား၊ ပိန်သွားလိုက်တာ"

သူက မေးလိုက်သည်တွင် ဒွေးလေးမြက သူ့လက်ကို တင်းကျပ်စွာဆုပ်ကိုင်ထားပြီး မျက်ရည်ဖြိုင်ဖြိုင်ကျလာရှာသည်။

"အို . . . မငိုပါနဲ့ ဒွေးလေးမြရယ်၊ ကိုယ်မှမတတ်နိုင်တာ၊ အဲဒီလူက ဘယ်မှာလဲ၊ ဒွေးလေးမြနဲ့ယူမယ့်ဥူ ဘယ်မှာလဲ"

ဒွေးလေးမြက ခေါင်းသာ တွင်တွင်ယမ်းပြနေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

"ခင်ထွေးရယ်. . . ဒွေးလေးမြ ဘာလုပ်ရမှာလဲ"

"ဒွေးလေးမြ ဘာလုပ်ချင်လဲ"

ဒွေးလေးမြလက်ကို ပြန်ဆုပ်ကိုင်ပြီးမေးလိုက်သည်။ ထိုစဉ် အမေက သူတို့နားရောက်လာပြီး -

"အောင်မယ်. . . ခဏလေး အိမ်ပြင်ထွက်သွားတာနဲ့ တူအရီးနှစ်ယောက် အလွမ်းသယ်နေလိုက်တာ၊ မြခြယ်ကို ဘာလုပ်ချင်လဲမေးရအောင် ညည်းက ဘာလုပ်ပေးချင်တာလဲ၊ ပြောစမ်းပါဦး၊ ညည်း. . . နာမယ်နော်. . . ကဲ. . ."

အမေ့လက်ဆစ်များက ခင်ထွေးခေါင်းပေါ် အဆက်မပြတ်ရောက်လာတော့သည်။

"အား. . . နာတယ် အမေရ"

"ခင်ထွေးကို မလုပ်ပါနဲ့အစ်မရယ်"

"ဘာမလုပ်ပါနဲ့လဲ၊ ညည်းမျက်ရည်တွေလည်း သုတ်လိုက်ဦး၊ ညည်းလည်း သတိထား. . . ညည်းက ဝမ်းနည်းနေရအောင် ညည်းကို မကောင်းတဲ့သူနဲ့ ကျုပ်က ပေးစားနေလို့လား. . . ဟင်၊ ညည်း ပြန်စဉ်းစားဦး၊ ကျုပ်တို့က မတရားတဲ့အလုပ်လုပ်နေတဲ့ အတိုင်းပဲ"

"အမေကလည်း ဦးပိုက်က ပိုက်ဆံတွေစုထားပြီ၊ သိရဲ့လား. . . ဒွေးလေးမြနဲ့ယူဖို့ စုထားပြီ။ အမေတို့အရင်တုန်းက ဦးပိုက် ငွေမရှိလို့ဆို သဘောမတူကြဘူး၊ ဟော. . . ခု ဦးပိုက် ပိုက်ဆံတွေစုထားပြီဆိုတော့လည်း သဘောမတူကြပြန်ဘူး၊ အမေတို့ဟာက ဘာမှန်းလဲမသိဘူး"



"အောင်မာ. . . ညည်းက အမေကို ပြန်ခံပြောနေပါလား၊ ကဲဟာ. . . ကဲဟာ. . . ညည်းဦးပိုက်က ပိုက်ဖြတ်လို့ရတဲ့ငွေနဲ့ မင်္ဂလာဆောင်မှာဟဲ့၊ ပိုက်ဖြတ်တာ ဘယ်လိုအခြေအနေလဲဆိုတာ ညည်းအသိဆုံး၊ ဒီလိုအပူစာရှာတဲ့သူကို ကျုပ်ညီမနဲ့ ဘယ်လိုမှ သဘောမတူနိုင်ဘူးဟေ့"

အမေက သူ့ကိုရိုက်ရင်း အော်ပြောနေသည်။ ထိုစဉ် အဖေရောက်လာ၍ -

"ဟဲ့. . . လှမေ၊ ဘာလို့ ခင်ထွေးကိုရိုက်ပြန်ပြီလဲ၊ ငါပြောထားသားပဲ သည်းခံပါလို့၊ ဘာဖြစ်လို့ ဒီလောက်ဒေါသ ထွက်နေရတာလဲ"

"တော့်သမီး. . . အမေကို တစ်ခွန်းမခံ ပြန်ပြောနေလို့ တော်ရဲ့. . ."

အဖေက ခင်ထွေးနားရောက်လာပြီး -

"ငါ့သမီး တော်တော့။ တော်ကြာ. . . ကိုထွေးတို့အိမ်က ရောက်လာတော့မှာ"

"အဖေ အဲဒီ ကိုထွေးဆိုတဲ့လူက ချမ်းသာလား"

"အောင်မာ. . . ညည်းဦးလေးအရွယ်လောက်ရှိတာ ဘာကိုထွေးလဲ၊ ညည်းနာမည်နဲ့လည်း တူတယ်၊ သဘောလည်း ကောင်းတယ်၊ ပစ္စည်းဥစ္စာနဲ့လည်း ပြည့်စုံလို့၊ ညည်းဦးပိုက်ထက် သာလို့ ပေးစားတာ။ သိပြီလား. . ."

အဖေ့ကို မေးသည်တွင် အမေက ဝင်ပြောနေပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com

"အဖေရယ်. . . ဦးပိုက်က ဆင်းရဲပြီး ငွေကြေးမပြည့်စုံလို့ သဘောမဟုတ်တာကိုသိလို့ ပိုက်ဖြတ်ပြီး ငွေစုတယ်လေ၊ အဲဒါ မှားသလား'

"လာပြန်ပြီ. . . ညည်း ထပ်ပြောပြန်ပြီလား၊ နာတော့ မယ်၊ ညည်း ဒါကိုပဲ မကျေမနပ်ပြောနေမှာလား၊ ညည်းက ကြားက ထွေးခါးနာနေပါလား"

"ကဲ. . . တော်တော့ လှမေ၊ ညည်းလည်း တော်တော့။ ခဏနေ ကိုထွေးတို့လာတော့မှာ၊ ဒီမှာသမီး အဖေက မောင်ပိုက်နဲ့ ညည်းဒွေးလေးမြတို့ကို သဘောတူတာ၊ မတူတာထက် ညောင်ပင် သာရွာသားဖြစ်လို့ရယ်၊ ပိုက်ဖြတ်ပြီး ငွေရှာရတာကြောင့်ပဲ၊ သိပြီနော်. . . နောက်ထပ် ဘာမှမမေးနဲ့တော့"

ထိုစဉ် အမေကြီးက သူတို့ရှိနေသည့်နေရာကို ရောက် လာပြီး -

"ဟဲ့. . . ဆီလေး သွားဝယ်ပေးစမ်း၊ ဘယ်သူ အားတုံး၊ ခင်လေးအားလား၊ ခင်ထွေးအားလား၊ တစ်ယောက်ယောက် ရွာထဲက မောင်မှတ်ဆိုင်မှာဝယ်ပေးဦး"

"အမေ့မြေးအငယ်မကို ခိုင်းလိုက်၊ အိမ်ထဲမှာနေလည်း မျက်စိနောက်ရုံပဲ၊ ဘယ်နေရာမှလည်း သုံးရမှာမဟုတ်ဘူး၊ သူ စပ်စုတတ်တာတစ်ခုပဲ လုပ်တတ်တယ်"

အမေက စိတ်တိုတိုနှင့်ဝင်ပြောသည်။

"ဟဲ့. . . ငါ့မြေးလေးကို ဒီလိုမပြောပါနဲ့ဟဲ့၊ သူ့နေရာနဲ့သူ အသုံးကျပါတယ်အေ့။ ခင်ထွေး မောင်မှတ်ဆိုင်က ဆီတစ်ဆယ်



သားလောက်ဝယ်ခဲ့၊ နှမ်းဆီနော်၊ လက်ဖက်ထဲဆမ်းစားဖို့လို့ပြော၊ ရော့. . . ပိုက်ဆံယူသွား"

အမေကြီးလက်ထဲမှ ပုလင်းခွံနှင့် ပိုက်ဆံယူပြီး ထမိကို ပြင်ဝတ်လိုက်သေးသည်။ နောက် အိမ်ပေါ်မှဆင်းပြီး ရွာထဲသို့ အပြေးထွက်ခဲ့၏။

"ဟဲ့. . . မြင်းဖောင်းကလွှတ်တဲ့မြင်းလို ပြေးမသွားနဲ့လေ၊ ဆီပုလင်းကျကွဲရင်တော့ ပေါင်တွင်းကြောပြတ်ပြီမှတ်"

"ညည်းကလည်းအေ. . . ငါ့မြေးကို ဒီလောက်မပြော ပါနဲ့"

"အမေ့မြေးက. . ."

အမေ့အော်ပြောသံက သူ၏ကျောဘက်တွင် ကျန်ရစ် ခဲ့တော့သည်။ ဆီပုလင်းကို တင်းကျပ်စွာကိုင်ပြီး ပြေးသည့်အရှိန်ကို မလျှော့ဘဲ ထွက်လာခဲ့၏။

၉ ၉ ၉ ၉ ၉

သူ ဆီဝယ်ပြီးအိမ်ပြန်လာသည့်အခါ အိမ်ဝင်းထဲတွင် နွားလှည်းတစ်စီးရောက်နေသည်ကို တွေ့လိုက်ရသည်။

သူ့ရင်ထဲ ကိုထွေးဆိုသည့် သူ၏နာမည်နှင့်တူသည့်လူကို တွေ့ချင်မြင်ချင်စိတ်က ပြင်းထန်လာသည်။ အမေက ဆီဝယ်ပြီး ပြန်လာလျှင် အိမ်နောက်ဖေး မီးဖိုချောင်ပေါက်ဘက်မှ ဝင်လာ ရမည်ဟု မှာထားသောကြောင့် သူ နောက်ဖေးပေါက်မှ ဝင်လာ သည်။

www.burmeseclassic.com

www.burmeseclassic.com


မီးဖိုချောင်ထဲတွင် အစ်မခင်လေးတစ်ယောက်သာ ရှိနေ၏။

"အစ်မ အမေရော. . . ဒီမှာ ဆီပုလင်း"

"အမေ့ကို မေးမနေနဲ့၊ ညည်းဒွေးလေးမြရဲ့လူ လာနေပြီ၊ လက်ဖက်ထဲ ဆီထည့်ပေးစမ်း၊ ဟဲ့. . . ပန်းကန် ငါ့ပေး၊ အမေက ညည်းကို ခေါ်မှထွက်လာခဲ့တဲ့"

ခင်ထွေး စိတ်တိုသွားသည်။ လက်ဖက်ပန်းကန်ကို အစ်မဆီ၎ပေးလိုက်၏။

"ငါ့နှယ်နော်. . . ကိုထွေးဆိုတဲ့လူကို မြင်ချင်ပါတယ်ဆိုမှ"

ဆီဝယ်ပြီးပြန်လာစဉ်က ခပ်လှမ်းလှမ်းမှနေ၍ကြည့်ရာ အိမ်ရှေ့တွင် ယောကျ်ားသုံးယောက်နှင့် မိန်းမလေးယောက် ထိုင်နေသည်ကို တွေ့လိုက်မိသည်။ သေသေချာချာပင် မကြည့်လိုက်ရ၊ မကြည့်လိုက်ရသောကြောင့် ပို၍ကြည့်ချင်မိသည်။

အိမ်ရှေ့သို့ထွက်ကြည့်၍ အမေကမြင်လျှင် သူ နာဦးတော့မည်။ ထရံအပေါက်ကိုချဲ့ပြီး သူ ကြိုးစားကြည့်သည်။ ဧည့်သည်ယောကျ်ားသုံးယောက်အနက် နှစ်ယောက်၏မျက်နှာကို မြင်ရသည်။ တစ်ယောက်မှာ ကျောပေးဖြစ်နေ၍ မမြင်ရ။ အသက်သုံးဆယ်နှင့် အသက်ငါးဆယ်ရှိမည်ထင်ရသည့် အမျိုးသမီးတို့ကို သဲသဲကွဲကွဲမြင်နေရသည်။ ကျန်အမျိုးသမီးတစ်ယောက်၏ နောက်ပိုင်းကိုသာမြင်ရသည်။ ခပ်ဝဝပင်ဖြစ်သည်။ မြင်နေရသည့် အမျိုးသားနှစ်ယောက်စလုံး အသားမည်းကြသည်။ အသက်ငါးဆယ်ခန့်ရှိမည်ထင်ရသည့် ယောကျ်ားကြီးတစ်ယောက်နှင့် အသက်အစိတ်ခန့်ရှိမည်ထင်ရသည့် ယောကျ်ားလေးတစ်ယောက်တို့မှာ အားလုံး အသားမည်းကြသည်။ သူမြင်လိုက်ရသည့် အသက်အစိတ်ခန့်ရှိသည့် ယောကျ်ားလေးမှာ ကိုထွေးဆိုသူ ဖြစ်နိုင်သည်။ မည်းသည့်အပြင် ပိန်လည်းပိန်သေးသည်။ ဒွေးလေးမြနှင့် မည်သို့မျှမလိုက်ဖက်ပေ။ ယှဉ်တွဲကြည့်ရာ ဘယ်လိုမှ ကြည့်ပျော်ရှုပျော်ဖြစ်သည်ဟု မထင်မိပေ။ ဒွေးလေးမြကို နှမြောသည့်စိတ်က ပို၍ကြီးစိုးလာသည်။

"ဟဲ့. . . ကောင်မလေး၊ ဘာလုပ်နေတာလဲ"

ထရံပေါက်က ချောင်းကြည့်နေသော သူ့ကို အစ်မခင်လေးက မြင်သွားသည်။

"ညည်းက တော်တော်လေးကို စပ်စုပါလားအေ၊ ကလေးလိုမှမနေဘဲ။ ဒါ့ကြောင့် အမေက ညည်းကိုရိုက်ရတာ၊ နည်းတောင်နည်းသေး"

"ဟာ. . . အစ်မကလည်း ကျုပ်က ကိုထွေးဆိုတဲ့သူက ဘယ်လိုမျိုးပုံစံလဲဆိုတာ သိချင်လို့ကြည့်တာပေါ့တော့၊ ကျုပ် မအောင့်နိုင်လို့ကြည့်တာ"

"ကိုရင်ကျော်ကြီးသားဆိုတော့ ဘာပြောစရာလိုလို့လဲ၊ ကျုပ်ကတော့ သဘောတူပြီးသားပဲ၊ မြခြယ်ကိုလည်း ပြောပြီးသား၊ မြခြယ်ကလည်း အမေတို့ဆန္ဒကို မငြင်းပါဘူးတဲ့လေ၊ ကျုပ်က စိန်ရွှေရတနာတွေထက် ကိုယ့်တောင်သူအချင်းချင်း တောင်သူ

www.burmeseclassic.com

www.burmeseclassic.com

လယ်လုပ် စားမခုတ်တတ်ရင် ဝမ်းဝတာပဲလေ၊ မဟုတ်ဘူးလား တော်၊ ပြီးတော့ ကိုရင်ကျော်ရဲ့သားက အလုပ်ကြိုးစားတော့လည်း ကျုပ်သမီးမြခြယ် မတောင့်မတ မကြောင့်မကြနေနိုင်တာ ပေါ့တော်”

“ဒါဆို ဒေါ်ကြီးဝိုင်းတို့က ပြောပါ၊ ဘယ်လောက် တင်တောင်းရမှာလဲလို့. . . အားမနာပါနဲ့”

ယောက်ျားကြီးတစ်ယောက်အသံ ထွက်လာသည်၊ အမေကြီးက -

“ကျုပ်က ဂုဏ်တွေ၊ ရွှေတွေမမက်ပေါင်တော်၊ တော်တို့ အရင်ထဲကပြောထားသလို နွားလှည်းတစ်ရှည်းနဲ့ လယ်တစ်လယ်ဆို သူတို့ မင်္ဂလာဆောင်ဖို့ သဘောတူပြီးသားပဲ”

“ဒါဆို. . .”

အမေကြီးစကားဆုံးသည်နှင့် သတို့သားဘက်မှ စကား ပြောကြတော့သည်။ ညှိသည်တွေ ထပ်ရောက်လာသောအခါ လက်ဖက်ပွဲထပ်ပြင်ရသည်။ ခင်ထွေးက အခွင့်ကောင်းကို စောင့်နေသူပီပီ လက်ဖက်ပန်းကန်ကိုင်၍ ဟန်ပါပါထွက်လာ ခဲ့သည်။ ကိုထွေးဟု ထင်ရသူကို သေသေချာချာအကဲခတ်ရန် ကြိုးစားစဉ်မှာပင် ခါးနားက ပူသွားသည့်အတွက် ခါးတွန့်သွား ရသည်။

“စပ်စုမ. . . လက်ဖက်ပန်းကန်ချပြီး အိမ်ထဲပြန်ဝင် သွားစမ်း”



အမေက သူ့နားကပ်၍ မသိမသာခါးဆွဲဆိတ်လိုက်ခြင်း ဖြစ်သည်။ အစ်မခင်လေးက သူ့ဖြစ်အင်ကိုကြည့်ပြီး ပြုံးဖြဲဖြဲ လုပ်ပြသည်ကို တွေ့လိုက်ရသည်။

“မြခြယ်မှာ တူမလေးနှစ်ယောက်ရှိတယ်ဆိုလား. . .”

သူ့ကို တွေ့လိုက်ရ၍ထင်သည်။ ညှိသည်အမျိုးသမီး တစ်ယောက်က အမေ့ကို မေးလိုက်၏။ အမေက -

“ဟုတ်ကဲ့. . . တူမလေးနှစ်ယောက် ရှိပေါ့တော်၊ ကျုပ်သမီးတွေလေ. . .”

“ခေါ်ပြပါဦး. . . ဆွေမျိုးတွေတော်မယ့်ဟာ၊ လမ်းမှာ တွေ့ရင် နှုတ်ဆက်ရအောင်ပေါ့နော့. . .”

အမေက ညှိသည်ဆန္ဒကို မငြင်းပယ်လိုသည်နှင့် သူနှင့် အစ်မကို လူကြားထဲ ပွဲထုတ်ပြရတော့သည်။ သူ့နာမည်နှင့်လူကို အမေက ပြောလိုက်သည်နှင့် သူက မျက်နှာကို ခပ်မော့မော့အနေ အထားပြင်လိုက်သည်။ အားလုံးက သူ့ထံ စိုက်ကြည့်ကြစဉ် ညှိသည်တစ်ယောက်က -

“ကိုထွေး. . . မင်းက ဟိုဘက်နည်းနည်းတိုးလိုက်၊ မြခြယ်တူမလေးတွေ ထိုင်ရအောင်လို့”

ထိုအခါမှပင် သူ သတိထား၍ ကြည့်လိုက်မိသည်။ ကိုထွေးဆိုသူကို သေသေချာချာ အကဲခတ်ကြည့်မိရာ သူ ချောင်းကြည့်စဉ်က မမြင်လိုက်ရသူဖြစ်နေသည်။ နောက်ကျောပေး နေသည့် အနေအထားဖြစ်နေသောကြောင့်ပင်။ အနီးကပ်ကြည့်မှ

www.burmeseclassic.com

www.burmeseclassic.com



ရုပ်ရည်ရူပကာ မဆိုးလှ။ တခြားသူတွေထက် အသားပိုလတ်သည်။ မျက်ခုံးက ခပ်ထူထူဖြစ်၏။

"ကိုထွေးရဲ့အထက်က နာမည်ဘယ်လိုခေါ်တဲ့တုံး. . ."

အမေကြီးက ခင်ထွေးအဘွားပီသစွာ စပ်စုလိုက်၏။

"အကြီးကောင်နာမည်က ကိုခွေး. . ."

"အဖေကလည်းဗျာ. . .၊ အငယ်တုန်းကနာမည် ပြောပြမနေပါနဲ့၊ ခုပြောင်းထားတဲ့နာမည်ကို ပြောဗျာ"

ကိုခွေးဆိုသူက ရှက်သည့်မျက်နှာဖြင့် ပြောလိုက်သည်။ ညှိသည်အားလုံး၏မျက်နှာ ပြုံးစေ့စေ့ဖြစ်သွားသည်။ ထိုစဉ် ကိုထွေးအဖေက ဝင်ပြောလိုက်မှ ပို၍ပွဲကျသွားတော့သည်။

"ဟ. . . မှန်တာပြော ဘာဖြစ်တုံး၊ မင်းအရင်ကနာမည် ကိုခွေးမို့ ကိုခွေးလို့ပြောတာပဲ၊ ဖုံးကွယ်လို့မှမရတာ၊ မင်းမွေးတဲ့အချိန်နဲ့ တို့အိမ်အောက်က မိနက် ခွေးလေးတွေပေါက်တဲ့အချိန် အတူတူပဲမို့ မင်းကို ကိုခွေးလို့ မှည့်ရတာ၊ ဘာဖြစ်သတုံး. . ."

"အဖေကလည်း ကျောင်းထားတော့ မောင်ခင်မောင်လို့ ပြောင်းထားတာလည်း ထည့်ပြောပြဦးလေဗျာ"

"ဟုတ်တယ်လေ၊ မင်းနာမည် ကျောင်းထားတော့ မောင်ခင်မောင်လို့ ပြောင်းလိုက်ပါတယ်၊ ဒါပေမယ့် ကိုယ့်မွေးချင်းတွေနဲ့ ကိုယ့်ရွာကလူတွေက ကိုခွေး. . . ကိုခွေးနဲ့ နှုတ်ကျိုးနေမှပဲ"

ရှင်းပြမှပင် ပိုဆိုးကုန်တော့သည်။ ကိုထွေး၏ဖခင်မှာ ပွင့်လင်းရိုးသားသူဖြစ်သည်။ ခင်ထွေးတို့တစ်အိမ်သားလုံး ကိုထွေးကိုပြင်းပယ်နိုင်စရာအကြောင်းမရှိဟု ယူဆကြသည်။ ခင်ထွေးကိုယ်တိုင်ပင် ကိုထွေးကို ဦးပိုက်လောက်မခင်တွယ်သော်လည်း ဒွေးလေးမြနှင့် ဖူးစာဖက်ဖို့ရာ သဘောတူချင်ချင်ဖြစ်လာလေသည်။



ခက်သည်က ဒွေးလေးမြပင်ဖြစ်သည်။ ဒွေးလေးမြမျက်နှာ ညှိုးငယ်လျှင် ခင်ထွေး မည်သို့လုပ်ကိုင်ပေးရမည်ကိုပင် မသိအောင်ဖြစ်သွားသည်။

ယောကျ်ားလေးရှင်ဘက်က မိသားဖသားပီပီ လာရောက်တောင်းရမ်းသည်ကို မိန်းကလေးဘက်က လက်ခံလိုက်ပြီဖြစ်သည်။ မြန်းသည့်ကိစ္စ အတည်ဖြစ်သွားသည်။

ဝါကျွတ်လျှင် ဒွေးလေးမြကို ဦးထွေးနှင့် မင်္ဂလာဆောင်ပေးရန် သဘောတူသွားသည်။ မင်္ဂလာကိစ္စစီစဉ်ဖို့ နှစ်ဖက်မိဘဆွေမျိုးမွေးချင်းသားချင်းတို့ တိုင်ပင်ကြတော့သည်။

BURMESE CLASSIC .com

"ညည်း ဘယ်လိုသဘောရလဲ ခင်ထွေး"

ခင်ထွေးက အစ်မခင်လေးမျက်နှာကိုကြည့်၍ ချက်ချင်းအဖြေမပေးသေး။ အစ်မက ဒွေးလေးမြနှင့် စကားပြောပြီး ထပြန်သွားသည့် ဦးထွေးကို မေးထိုးပြလိုက်ရင်း -

"ပြောလေ. . ."

"ဘာ. . . ဘယ်လိုသဘောရမှာလဲ အစ်မရဲ့၊ လူကြီးတွေစီစဉ်တဲ့ကိစ္စ ကျုပ်တို့က ဘာပြောလို့ရမှာလဲတော့"

www.burmeseclassic.com

 www.burmeseclassic.com

"အေး. . . ညည်းကိုယ်တိုင် ဦးထွေးကို ဒွေးလေးမြနဲ့ သဘောတူချင်ချင် ဖြစ်သွားပြီမဟုတ်လား၊ ဦးထွေးတို့မှာ လယ်လေးဘာလေးရှိပြီး ကိုယ်တိုင်ကုန်ကားမောင်းတဲ့သူဆိုတော့ ညည်း အထင်ကြီးသွားပြီမဟုတ်လား၊ ကျုပ် သိပါတယ်နော်"

အစ်မစကားကြောင့် သူ နှုတ်ခမ်းစူလိုက်သည်။

"အစ်မ ကျုပ်ကို အဲဒီလိုတော့မပြောနဲ့တော်၊ ကျုပ်က ဒွေးလေးမြကို ဦးပိုက်နဲ့ပဲသဘောအတူဆုံး၊ ခုဟာက လူကြီးတွေ စီစဉ်တာ ဒွေးလေးမြကောင်းဖို့ပဲလေ၊ ဦးထွေးဆိုတဲ့လူကိုကြည့်ရတာ ဒွေးလေးမြကို တကယ်မေတ္တာရှိပုံရတယ်၊ ပြီးတော့ သဘောကောင်းပုံရလို့ ကျုပ်က ဒွေးလေးမြနဲ့ ကြည်ဖြူရတာပါ၊ ကျုပ်က သဘောမတူဘူးလို့ပြောတော့ရော ရမှာမို့လား အစ်မရာ၊ ဒွေးလေးမြ လင်ရကံကောင်းဖို့သာ အရေးကြီးပါတယ်။ သူ့ဖူးစာနဲ့သူ့ကံပေါ့လေ"

"ညည်းလေးဟာလေ စာလေးမတောက်တစ်ခေါက် တတ်ပေလို့ပဲ၊ ကောလိပ်ကျောင်းတို့ ဘာတို့များတက်ရရင် ရွာက လူတွေအားလုံးကို ညည်း ရောင်းစားပစ်တာနဲ့ ကုန်တော့မှာ၊ ပြောတာဆိုတာများ တကယ့်လူကြီးလား အောက်မေ့ရတယ်၊ ဒါ့ကြောင့် ညည်းကို အဖေက 'စကားတောင်စားမ' လို့ပြောတာ"

"ဒါတွေထားလိုက်ပါတော့ အစ်မရယ်၊ ကျုပ်ဖြင့် ဦးပိုက်ကိုတွေ့ရင် ဘယ်လိုပြောရမှန်းတောင် မသိဘူး၊ မျက်နှာပူချက်တော်. . ."



ခင်ထွေး ပြောနေရင်းမှာပင် ဦးပိုက်၏မျက်နှာကို မြင်နေမိပြန်သည်။ ဦးပိုက်၏ပြောဟန်ဆိုဟန်၊ နေထိုင်သည့်စရိုက်နှင့် ဒွေးလေးမြအပေါ် သံယောဇဉ်ကြီးမားပုံတို့ကို မြင်ယောင်မိပြီး စိတ်မကောင်းခြင်း ကြီးစွာဖြစ်ရပြန်တော့သည်။

⁂ ⁂ ⁂ ⁂ ⁂

"ဟဲ့. . . ခင်ထွေး၊ ငေးငေးငိုင်ငိုင်လုပ်မနေနဲ့။ ခရိုး (ခြံစည်းရိုး) နားက ပဲညွန့်နဲ့ တို့စရာအရွက်လေးတွေ ခူးပေးဦး။ အဘသိုက်အခင်းထဲက သခွားသီးတစ်လုံး၊ နှစ်လုံးလောက် သွားတောင်းချေဦး။ လူကြီးကို ကောင်းကောင်းမွန်မွန်ပြောခဲ့ဆိုခဲ့နော်။ တိုင်တောသံ မကြားချင်ဘူးဟေ့၊ ခုတည်းက ပြောလိုက်မယ်"

အမေတို့ကတော့ ပြောလိုက်ရင်ဒါပဲ။ စိတ်ထဲကပြောရင်း အမေ့ကို နှုတ်မှ 'ဟုတ်ကဲ့ပါ. . .' ဟု ပြောလိုက်ရသည်။ အမေကြီးက ထမီစွန်တောင်ဆွဲပြင်ဝတ်ရင်း -

"ငါ့မြေး ဘယ်သွားမလို့တုံး"

"အမေက တို့စရာ အသီးအရွက်ခူးခိုင်းလို့အမေကြီးရေ။ အဘသိုက်အခင်းလည်းရောက်မှာ၊ အမေကြီး ဘာမှာလိုက်ဦးမလဲ။ ကျုပ် ပြောခဲ့မယ်လေ"

အဘသိုက် (ဦးမောင်သိုက်) မှာ အမေကြီးမောင်ဝမ်းကွဲဖြစ်သည်။ အဘသိုက်သည် အမေကြီးကို ချစ်ကြောက်ရိုသေသည်။ ခင်ထွေးကိုလည်း ချစ်သည်ဖြစ်၍ ခင်ထွေးပြောလျှင်လည်း လိုက်လျောတတ်သည်။

www.burmeseclassic.com

www.burmeseclassic.com


ရွာအပြင်ရောက်သည်နှင့် လေတို့သည် အနံ့အသက်တစ်မျိုးဖြင့် ခင်ထွေးနှာခေါင်းဝသို့ ကလူကျီစယ်ကြသည်။ စိုက်ခင်းနံ့နှင့် မြေသင်းနံ့သာတို့က စိမ်းစိုလတ်ဆတ်သည့်လေနှင့်အတူ လွင့်ပါလာခဲ့သည်။ ခုန်ပေါက်မြူးတူးစွာ လှုပ်ရှားသွားလာတတ်သည့် သူ့အမူအရာကြောင့် ရွာထိပ်က ခွေးတစ်ကောင်မှာ သူ့နောက်အပြေးလိုက်လာတော့သည်။ အစပထမက သူ သတိမထားမိ။ ရွာထိပ်နှင့် ခပ်လှမ်းလှမ်းရောက်မှ နောက်ကလိုက်ပါလာသည့် ခွေးကို သူ သတိထားလိုက်မိသည်။

"ဟဲ့. . . တောက်. . . သွားစမ်း. . . ဒီခွေး"

သူ ကြောက်ကြောက်နှင့် ခွေးကို ကျောက်ခဲတစ်လုံးဖြင့် ပစ်ပေါက်လိုက်သည်။

"ကိန်. . ."

ကံအားလျော်စွာ ထိုကျောက်ခဲက ခွေးကျောကုန်းကို ထိမှန်သဖြင့် အော်၍ကျန်ရစ်ခဲ့သည်။ တော်ပါသေးသည်။ ခွေးမျက်စိနောက်၍ သူ့ကို မထင်မှတ်ဘဲကိုက်လိုက်ပါလျှင် အနည်းဆုံး ဆေးခန်းတော့သွားပြရပေဦးမည်။ မနှစ်က သူ့အစ်ကို ဝမ်းကွဲ ကိုကြီးညွန့်သိန်း ခွေးကိုက်ခံရ၍ ဆေးထိုးကုသရာ နွားတစ်ကောင်ရောင်းရသည့်ငွေ ကုန်သွားသည်။

"ဟဲ့. . . ပေါက်ကျော်မ၊ ငါ့မြေးခင်ထွေး. . . အဘ စိုက်ခင်းထဲက ဘာလိုချင်လို့ လာတာတုန်းကွဲ့"

"အဘသိုက်က ကျုပ်ကိုမြင်တာနဲ့ သိတာပဲနော့၊ ဘူးသီး၊ ဖရုံသီး၊ ပဲသီး၊ သခွားသီး အဘသိုက်ခြံထဲက တို့စရာအသီးအရွက်တွေအကုန် ခူးသွားမယ်နော့"

အဘသိုက်နားကပ်၍ အော်ပြောလိုက်သည်။ အဘသိုက်သည် အနည်းငယ်နားလေးသည်။ အော်ပြောမှ ကြားသည်။ သို့ရာတွင် အတော်အကင်းပါးသည်။ သူတစ်ပါး ပါးစပ်ဟန်ဖြင့် မည်သို့သောအကြောင်း ပြောဆိုကြသည်ကို အကဲခတ်တတ်သည်။

ခုလည်း ကြည့်ပါလေ၊ ခင်ထွေးရောက်လာရုံဖြင့် မည်သည့်အတွက် ရောက်လာရသည်ကို မှန်းဆပြောရုံဖြင့် မှန်သွားသည်မဟုတ်ပါလား။

"ဟဲ့. . . ငါ့မြေးရဲ့၊ အဘခြံထဲက အသီးအနှံတွေ အဘ သိအောင်ပြောပြီး ခူးသွားရသကွဲ့၊ ဒါပေမယ့် အဘမသိဘဲနဲ့တော့ မခူးလေနဲ့၊ အခင်းစောင့်နတ်က ညည်းကို ဒဏ်ခတ်လိမ့်မယ်"

"ဟုတ်လောက်တယ် အဘ"

ခင်ထွေးက ရယ်ကျဲကျဲဖြင့် ပြန်ပြောသည်။ အမှန်မှာ ခင်ထွေးကို တမင်ပြောလိုက်ခြင်းဖြစ်ကြောင်းလည်း ခင်ထွေး သိပါသည်။ မသိဘဲနေနိုင်ပါမည်လား။ ခင်ထွေးတစ်ယောက် အဘသိုက်အခင်းထဲမှ သခွားသီး၊ ရုံးပတီသီးလေးများကို အဘသိုက်မသိအောင် ဆွတ်ခူးသော်လည်း အိမ်သို့ပြန်ရောက်သောအခါ အဖေနှင့် အမေတို့ မေးမြန်းစူးစမ်းမှုကြောင့် ပေါ်လာစမြဲပေ။

www.burmeseclassic.com

www.burmeseclassic.com



"ကဲပါ. . . ငါ့မြေး၊ အဘစိုက်ခင်းထဲက ကြိုက်တဲ့အသီး အရွက်တွေ ခူးသွား၊ ဟဲ့. . . ပိုးကောင်မွှားကောင်လည်း သတိထားဦး"

"ဟုတ်ကဲ့. . . အဘသိုက်၊ အဘသိုက်ကို အမေကြီး မုန့်လုပ်မှပို့ဦးမယ်"

"အေးပါ. . . နောက်မှ မုန့်ကုန်သွားလို့ မပို့လိုက်ရဘူး ဆိုတာပြောဦးမှာမဟုတ်လား၊ ညည်းအကြောင်း ကျုပ်က နောကျေအောင်သိပြီးသားဗျ"

"ဟား. . . ဟား. . . အဘသိုက်က ဟုတ်တာမှန်တာ တွေ ပြောနေပြန်ပြီ"

နှုတ်ကလည်း ပြော၊ လက်ကလည်း နုချွဲအိနေသည့် ပဲသီးလေးငါးဆယ်တောင့်လောက်ကို အညှာမှခြွေယူလိုက်သည်။ ရုံးပတီသီးလေးများမှာ မခူးရက်စရာ။ အပင်မှာသီးနေသည်က ချစ်စရာကောင်းလှသည်။ မနှစ်က ဒေါ်ကြီးခင်ယုံတို့အခင်းတွင် အခင်းလိုက်ရသည်။ ပဲတောင့်ရှည်နှင့် ရုံးပတီသီးများကို ခူးခိုင်းသည်။ ခင်ထွေးက ပဲတောင့်ရှည်စိမ်းစိမ်းနှင့် ရုံးပတီသီးနုနုချွဲချွဲ လေးများကို မခူးရက်၊ မထိရက်သဖြင့် အပင်မှာ သည်အတိုင်း ထားခဲ့လိုက်သည်။ ဒေါ်ကြီးခင်ယုံက -

"ဟဲ့. . . ခင်ထွေး၊ ညည်းဆွတ်တာ နည်းလှချည်လား၊ အသီးတွေအကုန်မှ ဆွတ်ရဲ့လား"



ထွက်လာခါစ အသီးအနုလေးများမှအပ ခူးသင့်သည့် အရွယ်တွင် အသီးအနံ့များကို ခူးရပေသည်။ နောက်ရက်များတွင် အပင်တွင်ကျန်ခဲ့သည့် အသီးအနံ့များမှာ ရင့်ကွဲ၍နေတော့သည်။

"လုပ်ရက်ပါပေ့ ခင်ထွေးရယ်၊ ဒီမှာကြည့်စမ်းပါဦး၊ ကျုပ်မှာ ပဲသီးနဲ့ ရုံးပတီသီးတွေ ရောင်းရတဲ့ပိုက်ဆံ ခါတိုင်းထက် နည်းပါတယ်အောက်မေ့တာ၊ ခုကြည့်စမ်း. . ."

ခင်ထွေး မခူးဘဲကျန်ခဲ့သည့် ပဲသီးများမှာ ရင့်၍ကွဲကုန်သည်။ ရုံးပတီသီးများမှာလည်း လန်ထွက်ကုန်သည်။ ပဲသီးစေ့နှင့် ရုံးပတီသီးစေ့များမှာ မြေမှာပြန့်ကျဲလျက် -

"ဒါတောင်မှ ခရမ်းသီးတွေလှလို့ မခူးဘဲချန်ထားခဲ့မလို့၊ ဒေါ်ကြီးခင်ယုံကို အားနာလို့"

ခင်ထွေးစကားကြောင့် ဒေါ်ကြီးခင်ယုံ ရင်ဖိသည်ကို တွေ့ရ၏။

"ရက်စက်ချက်တော်. . . လုပ်ရက်ပေ့တော်. . . တော်ပါ သေးရဲ့၊ ခရမ်းသီးတွေချန်မထားခဲ့တာကိုဘဲ ကျုပ်က ကျေးဇူး တင်ချက်တော်"

ဒေါ်ကြီးခင်ယုံက အမေ့ကို တိုင်ပြောသည်။ အမေက သူ့ကိုဆူသည်။

"ညည်းအေ. . . သူများစီးပွားထိခိုက်အောင် မလုပ်ပါနဲ့ ဆိုကာမှ၊ ညည်းရှာမှာ နာမည်ကောင်းကို မရဘူး"

www.burmeseclassic.com

www.burmeseclassic.com



"အမေကလည်း ကျုပ်က အစင်ကအသီးလေးတွေကို ဒီအတိုင်းပဲထားလိုက်ချင်တာတော့၊ အပင်မှာသီးနေတာများ မခူးရက်၊ မခြွေရက်ပါဘဲ၊ ချစ်စရာကောင်းချက်တော်. . ."

"အေး. . . ညည်း ဒါဆို ပဲသီးတို့၊ ခရမ်းသီးတို့၊ ရုံးပတီသီးတွေကို အလှပဲကြည့်၊ ဟင်းချက်ရင်လည်း မစားနဲ့တော့"

"အမေကလည်း တစ်ခါတလေ ကျုပ်က ဒီလိုပါပဲ"

"မဟုတ်ပါဘူးအေ. . . ညည်းက ကျောင်းစာကိုသာ စိတ်မပါတာ၊ ကျန်တာတွေကို တစ်ခုပြီးတစ်ခု လုပ်ချင်တိုင်း လုပ်နေတော့တာပဲ၊ ညည်းတော့ ခက်ပါရဲ့"

သည်တစ်ခါ အမေ သူ့ကို ခူးတတ်လိုက်တာ၊ တော်လိုက်တာဟု ချီးမွမ်းတော့မည်မှာ သေချာသည်။ အဘသိုက်အခင်းထဲက ပဲတောင့်ရှည်နှင့် ရုံးပတီသီးလည်းပါ၏။ ကြီးဒေါ်စန်းငွေ၏ လယ်ထဲမှ ကန်စွန်းညွန့်လေးများ ခူးခဲ့သေးသည်။ သူတို့အိမ်နားရောက်သည်နှင့် ခြံစည်းရိုးပေါ်တွင် အညွန့်တလူလူတက်နေသည့် ဖရုံညွန့်လေးများကို ချိုးဖြင့်ဆွဲ၍ခူးခဲ့သေးသည်လေ။

"ဟဲ့. . . ရွာရိုးကိုးပေါက် လျှောက်လည်နေသလား၊ ဒီမှာ ဟင်းချိုအိုးကြီးလည်း ဆူတာကြာလှပေါ့၊ ညည်းခိုင်းလိုက်မိတဲ့ ကျုပ်သာ အပြစ်တင်မိပါရဲ့"

သူ့ကိုတွေ့သည်နှင့် အမေက အော်၍ပြောတော့သည်။ သူက ခံတောင်းထဲတွင်ထည့်ထားသည့် အရွက်များကို မေးငေါ့ပြပြီး -



"တွေ့လား အမေ၊ ကျုပ်အမေ့အတွက် ဟင်းသီးဟင်းရွက်တွေခူးလာခဲ့ပြီ၊ ဟင်းချိုပဲခပ်ခပ်၊ တို့စရာလည်းလုပ်လုပ်၊ အမေ့စိတ်ကြိုက်သာ လုပ်ပေရော. . ."

ယူလာသည့် ခံတောင်းကို အမေ့လက်ထဲထည့်ပြီး သူ အိမ်ထဲဝင်ခဲ့သည်။

"အောင်မယ်လေး. . . ဟဲ့. . . သောက်ခွေး၊ ဘုရား မြတ်စွာတွေ ကြွလာပြီ"

အမေ၏အော်သံနှင့်အတူ တစ်စုံတစ်ခုလွတ်ကျသံကြား၍ ခင်ထွေး လန့်ဖျပ်ပြီး အိမ်နောက်ဘက် မီးဖိုခန်းသို့ အပြေးအလွှား ရောက်သွားသည်။

"အမေ. . . အမေ ဘာဖြစ်လို့လဲ"

အမေသည် ရင်ဘတ်ကို ဖိထားဆဲ။ အမေ့ခြေထောက်နားတွင် ခံတောင်းကမှောက်လျက်။ သူခူးလာသည့်ဟင်းရွက်များက မီးဖိုကြမ်းပြင်တွင် ပြန့်ကျဲလျက်။

"ညည်း. . . ဟင်းရွက်ကို ခူးလာတာလား၊ နောက်တာလား"

"ဘာဖြစ်လို့လဲ အမေရဲ့"

"ဟိုမှာလေ. . . ညည်းအဘ"

အမေညွှန်ပြသည်ကို ကြည့်လိုက်သည်။ မြွေစိမ်း အကောင်ငယ်လေးတစ်ကောင် မီးဖိုကြမ်းပြင်တွင် တွန့်လိမ် ကွေးကောက်လူးလွန့်နေသည်။ အဖေရောက်လာ၍ ပေါ်တော့သည်။ အဖေ သည်ကိစ္စကျွမ်းကျင်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ် ဟင်းရွက်ခူးတုန်းက ဒီကောင်မတွေ့ပါဘူး"

"ညည်း စိတ်နဲ့လူနဲ့မှ ကပ်ရဲ့လား၊ ညည်း ကျုပ်ကို သေကြောင်းကြံစည်တာလား"

"အို . . . ဘုရားပေးပေး ကျမ်းပေးပေးပါအမေရယ်၊ ကျုပ် တကယ်မမြင်လို့ပါ"

"ညည်းနဲ့ ညည်းဒွေးလေးနဲ့အတူတူပဲ၊ အရာရာနဲ့ အကြောင်းကြောင်းပဲ၊ လူကြီးတွေပြောရင် သေသေချာချာ နားထောင်ရတယ်၊ အကွန့်တက်လို့ ပြဿနာဖြစ်ရတာ"

အမေက ဒွေးလေးမြဘက်သို့ မြားဦးလှည့်ပြန်နေသေးသည်။

"အမေက မဆိုင်တဲ့လူ ထည့်ပြောပြန်ပါပြီ"

"အောင်မယ် ဘာမဆိုင်တာလဲ၊ လူကြီးတွေ အတင်းနားချလို့သာ ညည်းဒွေးလေးမြက ခေါင်းညိတ်တာ၊ ဝါကျွတ်ရင် မင်္ဂလာဆောင်ပေးပြီးမှ ကျုပ်တို့ စိတ်တုံးတုံးချနိုင်မှာ"

အမေသည် ဒွေးလေးမြနှင့်ပတ်သက်လျှင် စိတ်ချယုံကြည်စိတ်မရှိသည်မှာ သေချာသည်။ ခု ခင်ထွေး ဟင်းရွက်ခူး၍ မတော်တဆ မြွေအကောင်ငယ်လေး ပါလာသည့်ကိစ္စတွင် မဆီမဆိုင် ဒွေးလေးမြနာမည်ပါလာသေးသည်။

ဒွေးလေးမြနာမည်ကြားမှ အမေကြီးအိမ်တွင်ရှိနေသည့် ဒွေးလေးမြကို တွေ့ချင်နေမိသည်။ သူ ဒွေးလေးမြကိုလည်း လွမ်းနေသည်လေ။ အမေက ဒွေးလေးနှင့်သူ့ကို တပူးပူးတတွဲတွဲ အမြဲမနေစေလိုသည်မှာ သေချာသည်။



ဒွေးလေးမြ ရွှေ့တစ်ပတ်လောက်တွင် ခင်ထွေးတို့အိမ်သို့ လာနေမည်ဟုသိရ၍ ပျော်သွားသည်။ အလုပ်ကိစ္စရှိသည်က တစ်ကြောင်း၊ ဒွေးလေးမြနှင့် အလွန်ခင်သည့် မကျေးရုံအလှူရှိသည်ကတစ်ကြောင်းကြောင့် ရွာသစ်ရွာသို့ လာမည်ဖြစ်သည်။

* * * * *

ဦးထွေးနှင့် ဒွေးလေးမြတို့ နှစ်ဖက်လူကြီးစုံရာနှင့်မြန်းပြီးသည့်သတင်းကို ဦးပိုက်လည်း ကြားပြီးလောက်ပြီထင်သည်။

ခင်ထွေးမှာလည်း ညောင်ပင်သာရွာသို့ ခြေဦးမလှည့်ဝံ့ပေ။ ဦးပိုက်တို့မိသားစုကိုလည်း မျက်နှာမပြရဲတော့ပေ။ ညောင်ပင်သာရွာသို့ ကိစ္စရှိပေမယ့် ခင်ထွေးကို မခိုင်းတော့။ အမေကိုယ်တိုင်သို့မဟုတ် အဖေမှတစ်ဆင့် ညောင်ပင်သာရွာနှင့်ပတ်သက်သည့်ကိစ္စများကို လုပ်တတ်လာကြသည်။ ခင်ထွေးကိုယ်တိုင်ပင်လျှင် ညောင်ပင်သာရွာနှင့်ပတ်သက်သည့်ကိစ္စ စေခိုင်းပါက ငြင်းပယ်လိုက်မည်ဟု ဆုံးဖြတ်ပြီးသားပင်။

ညောင်ပင်သာရွာ၌နေသည့် ခင်ထွေးသူငယ်ချင်း အေးကြည်မ၏ပြောစကားအရဆိုလျှင် ဦးပိုက်တစ်ယောက်က ဒွေးလေးမြကိစ္စကို ကြိုသိနှင့်ထားသည်ဟုဆိုသည်။ ဖရဲကျွန်းမှ ဦးထွေးက ဒွေးလေးမြနှင့် မိဘများမှတစ်ဆင့် လာမြန်းကြမည့်ကိစ္စကိုပင်လျှင် ကြိုတင်သိရှိထားပြီးဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟယ်. . . ဒီလိုလာမြန်းမှာသိထားရက်နဲ့ ဒီဦးပိုက်က ဒွေးလေးမြကို စွန့်စွန့်စားစားနဲ့ လာခိုးတာမဟုတ်ဘူး၊ အတော်ညံ့တဲ့ဦးပိုက်၊ ဒီလိုနဲ့ လွယ်လွယ်စွန့်လွှတ်လိုက်ရသလား"

ခင်ထွေးက ဦးပိုက်အပေါ် မကျေမနပ်ဖြင့် အေးကြည်မရှေ့မှာပင် စိတ်မထိန်းနိုင်ဘဲ ပြောလိုက်မိသည်။

"အေး. . . ညောင်ပင်သာရွာက ကာလသားတွေကလည်း ဦးပိုက်ကို ဒီလိုပဲပြောကြတာပဲ၊ ညည်းဒွေးလေးမြကို ဦးပိုက် ခိုးဖို့ သူတို့လည်း ဝိုင်းကူညီညာပေးမယ်ပြောပါတယ်၊ ခက်တာက ညည်းဦးပိုက်ပဲ၊ နဂိုကတည်းက ကျုပ်တို့ညောင်ပင်သာနဲ့ ညည်းတို့ရွာသစ် ပြဿနာတက်ကြရတဲ့ကြားထဲ ဦးပိုက်နဲ့ ဒွေးလေးမြကြောင့် ရွာနှစ်ရွာ ပိုဆိုးသွားမယ်တဲ့၊ ပြီးတော့ ဒွေးလေးမြမျက်နှာငယ်ရမှာတဲ့၊ သူမျှားသားသမီးကို တင့်တင့်တယ်တယ်နဲ့ နှစ်ဖက်မိဘကြည်ဖြူမှ အားလုံးစိတ်ချမ်းသာရမှာဆိုပဲ၊ ဟယ်. . . ပြောရဦးမယ်၊ ညည်းဒွေးလေးမြခြယ် မြန်းတဲ့နေ့တုန်းက ဘကြီးစံရဲ့ ထန်းတောထဲမှာ မူးနေလိုက်တာ၊ အိမ်တောင်မပြန်နိုင်ဘူးဆိုပဲ. . ."

ခင်ထွေးမျက်ဝန်းအိမ်ထဲ မျက်ရည်များ ဝေ့ဝဲလာသည်။

"ခင်ထွေး တွေ့လား၊ ညည်းဒွေးလေးမြနဲ့ယူဖို့ စုထားတဲ့ ပိုက်ဆံတွေ ဒီဝါးကျည်တောက်ထဲမှာ၊ မကြည့်စမ်းပါဦး၊ အဲဒါ ဦးပိုက် ပိုက်ဖော်ပြီး ရောင်းလို့ရတဲ့ပိုက်ဆံတွေပါ ထည့်ထားတာ၊ ဒါ့ကြောင့် မြန်မြန်ပြည့်တော့မှာ"

ဦးပိုက်၏ ဝမ်းသာအားရနှင့် သူ့ကို ပြောဆိုသည့်ဟန်ပန်အမူအရာကိုမြင်ယောင်ပြီး ပိုစိတ်မကောင်းဖြစ်သွားသည်။



"ဒီပိုက်ဖြတ်တဲ့ကိစ္စကြောင့် မြခြယ်နဲ့ကွဲခဲ့ရတာလို့ပြောပြီး ပိုက်ဖြတ်တဲ့အလုပ်တောင် ဆက်မလုပ်တော့ဘူးဆိုပဲ၊ စိတ်ဓာတ်ကျသွားတယ်ထင်ပါတယ်ဟယ်၊ ခုချောင်းထဲမှာ ကြက်သွန်ဖော်မယ့်ရွာက ဒေါ်ဂျမ်းတို့အုပ်စုနဲ့လိုက်သွားတယ်၊ ရွာကိုပြန်မလာသေးဘူးလို့ ဦးပိုက်အစ်မက ငါ့ကြီးဒေါ်ကို ပြောပြတယ်ဟ"

ကြားရသည်မှာ စိတ်မကောင်းစရာ။ သည်နေ့ သောကြာနေ့ဖြစ်ပြီး နက်ဖြန် စနေနေ့ဖြစ်၍ ခင်ထွေးအားသည်။ အမေ့ကို အလုပ်ကိစ္စအကြောင်းပြပြီး ဒေါ်ဂျမ်းတို့အုပ်စုရှိရာ ချောင်းထဲက ကြက်သွန်ဖော်သည့်နေရာသို့သွားလျှင် ကောင်းမည်လားဟု တွေးလိုက်သည်။ အမေ့ကို အမေဈေးရောင်းဖို့ အရင်းအနှီးရှာပေးမည်ဟု ချော့မော့ပြောဆိုပြီး ချောင်းထဲသွားလျှင်ရနိုင်သည်။ ချောင်းထဲမှာ ကြက်သွန်ဖော်ရင်း ဦးပိုက်ကို အကျိုးအကြောင်းရှင်းပြလိုက်မည်။ သူ၏အကျိုးသင့် အကြောင်းသင့်စကားကို ကိုပိုက်က လက်ခံပါ့မည်လား။ လူတတ်လုပ်ပြီး လူကြီးအရာနေရာတကာဝင်ရှုပ်သည်ဟု အမေတို့က သူ့ကို ဆူပူဦးပေမည်။

မတတ်နိုင်၊ ဦးပိုက်ကိုတော့ ဒွေးလေးမြကို အပြစ်မယူဖို့ သူ ရှင်းပြဦးမည်ဟုစဉ်းစားမိသည်။ အေးကြည်မကို ထိုအကြောင်း ပြောပြရာ -

"ဟယ်. . . ညည်းကလည်း ကိစ္စကပြီးသွားမင့်ဟာပဲလေ၊ ညည်းဒွေးလေးမြက တခြားယောကျ်ားနဲ့ မြန်းပြီးတဲ့ကိစ္စ၊ ညည်း ဝင်ရှုပ်လို့ ပိုရှုပ်ကုန်ပါဦးမယ်အေ၊ ဦးပိုက် သူ့ဘာသာနေပါစေ၊ ညည်းပြောမှ အသစ်တွေဖြစ်ပြီး ရှုပ်တော့မယ်"

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်က ကောင်းမလားလို့ တွေးလိုက်တာကို ပြောပြတာပါဟယ်"

သူ အိမ်ပြန်ရောက်သောအခါ အစ်မခင်လေးကို အေးကြည်မနှင့်တွေ့ခဲ့သည့်အကြောင်းကို ပြောပြလိုက်သည်။

"ညည်း. . . တော်တော်လေးကို ရှုပ်ပါလား၊ နေရာတကာပါ၊ပါနိုင်လွန်းတယ်၊ ခုဒွေးလေးမြကိစ္စက ပြီးသွားပြီ၊ ညည်းဘာမှပါစရာမလိုဘူး၊ ညည်းလုပ်မှ ရှုပ်ကုန်တော့မယ်၊ ညည်းဟာလေ ရှင်းနေတဲ့ကိစ္စ ရှုပ်အောင်ကိုလုပ်ချင်တယ်၊ သတိထားနေနော်၊ နို့မဟုတ်ရင် ငါ အမေတို့ကို တိုင်ပြောလိုက်မှာသိလား"

အေးကြည်မနှင့် အစ်မခင်လေးတို့စကားကြောင့် ခင်ထွေး စိတ်လျှော့လိုက်ရသည်။

⁂ ⁂ ⁂ ⁂ ⁂

"ကိုထွေး ရန်ကုန်ဆင်းမယ်ဆို၊ ရှေ့လ ဘယ်နှစ်ရက်လောက်သွားမှာလဲ"

ခုဆိုလျှင် ဦးထွေးသည် ဒွေးလေးမြထံသို့ လာရောက်လည်ပတ်ခွင့်၊ စကားလက်ဆုံပြောဆိုခွင့်ကို ရထားပြီဖြစ်သည်။ ကိုထွေးအိမ်သို့ လာလည်တိုင်း ခင်ထွေးတို့အဖေက ဒိုင်ခံဧည့်ခံ စကားပြောတတ်သည်လေ။

သည်နေ့လယ်တွင် ဒွေးလေးမြ ပင်းဘုရားကြီးသို့ သွားရောက်၍ ဆီမီး၊ ပန်း၊ ရေချမ်းကပ်လှူသည့်အတွက် ဒွေးလေးမြကိုယ်စား အဖေက ဧည့်ခံစကားပြောနေလေသည်။



"လပြည့်ကျော်နှစ်ရက်လောက်တော့ သွားဖြစ်မယ်ထင်တယ် အစ်ကိုရွှေ၊ အစ်ကိုရွှေပါ လိုက်ခဲ့ပါလား၊ မောင်ကျော်လည်းပါမှာပဲ၊ သူက ကားနောက်ခန်းကလိုက်ရင်လည်း ရပါတယ်၊ အစ်ကိုရွှေက ကျုပ်ဘေးမှာထိုင်လိုက်ပေါ့၊ နံနက်ကြီးမိုးလင်းထသွားရင် ညလောက်ဆို ရန်ကုန်ရောက်ပေါ့ဗျာ"

ဦးထွေးစကားကို ရေနွေးကြမ်းသောက်ရန် အကြမ်းခွက်ကိုင်နေသည့် အဖေက ခေါင်းတစ်ချက်ဆတ်ပြပြီး -

"အေးကွ. . . အဆင်ပြေရင်တော့ လိုက်တာပေါ့၊ မြခြယ်ဘုရားသွားတာ မင်းလိုက်သွားရင်ကောင်းမှာပဲ၊ မင်းကို ဘာဖြစ်လို့မခေါ်သွားတာလဲ၊ တဲ. . . ရေနွေးကြမ်းသောက်၊ ထန်းလျက်ခဲလည်းစားဦး၊ ဟဲ့. . . ခင်ထွေး၊ ညည်းအမေ သွားခေါ်စမ်း၊ အဖေခေါ်နေတယ်၊ ပြောစရာရှိတယ်လို့ ပြောလိုက်. . ."

"ဒီအဖေက အရေးထဲမှာ. . ."

ခင်ထွေးနှုတ်မှ ခပ်တိုးတိုးပြောလိုက်ပြီး မထသေးဘဲ ပေကတ်ကတ်လုပ်နေသေးသည်။ အဖေနှင့် ဦးထွေးပြောနေသည့် စကားများကို မလှမ်းမကမ်းနေရာမှ နားထောင်ချင်လှသည်မဟုတ်ပါလား။

"တယ်. . . ဒီကောင်မလေး၊ ညည်းအမေ သွားခေါ်စမ်းဆို. . . လူကြီးတွေစကားပြောရင် စကားပြောတဲ့နေရာနားလာထိုင်နေတာ ဘာအကျင့်မှန်းမသိဘူး၊ သွား. . . ညည်းအမေ သွားခေါ်စမ်း"

www.burmeseclassic.com

www.burmeseclassic.com



ခင်ထွေး မကျေမနပ်နှင့် ထိုင်ရာမှဆတ်ခနဲထလိုက်သည်။ ခါးဝတ်ထမီကို ခပ်တိုတိုပြင်ဝတ်ရင်း ခြေဆောင့်ထွက်လာခဲ့သည်။ ထမင်းခြောက်လှမ်းနေသည့်အမေ့ကို တွေ့သည်နှင့် အဖေက ခေါ်ခိုင်းလိုက်သည်ပြောပြီး ထိုင်ချလိုက်သည်။

"ဟဲ့. . . ကောင်မလေး၊ ထမင်းခြောက်ဇန်းကို သေသေချာချာကြည့်လိုက်ဦးနော်၊ ကျီးကန်းတွေ စားသွားဦးမယ်"

ခင်မှထွေးလည်း အမေထွက်သွားသည်နှင့် ထမင်းခြောက်ဇန်းအနီး ခြေပစ်လက်ပစ်ထိုင်နေသည်။ လူကထိုင်နေသော်လည်း နားက အဖေနှင့် အမေတို့စကားပြောသံကို နားစွင့်နေမိသည်။

"လှမေ. . . မြခြယ် ပင်းဘုရားသွားတာ ဘယ်သူပါသွားသေးလဲ၊ ခင်ထွေးလည်း မပါဘူး၊ အဖော်မပါဘဲ တစ်ယောက်တည်းလွှတ်ရသလား"

"အလိုတော်. . . မြခြယ် ဘုရားသွားတာ ကျုပ်အပြစ်လား၊ သူ့ဘာသာ ရွာနောက်ပိုင်းက စမ်းအေးတို့ညီအစ်မ လာခေါ်လို့လိုက်သွားတာပဲလေ၊ အဖော်ရှိလို့ ကျုပ် ထည့်လိုက်တာ၊ ဘာဖြစ်လဲ. . ."

အမေကလည်း အဖေ့အပြောကိုမခံ၊ ချေပနေသေးသည်။ အဖေ့လေသံ အနည်းငယ်ပျော့သွားသည်။

"အေး. . . ဘာမှတော့မဖြစ်ပါဘူးကွာ၊ မသကာ မောင်ထွေးကို အဖော်ခေါ်သွားပါလား၊ ဒီကောင်မလေးကလည်း မောင်ထွေးကို အဖော်ခေါ်သွားရင်ပြီးရောဟာ. . ."



"ရပါတယ် အစ်ကိုရွှေရာ၊ ကျုပ်လည်း နံနက်ကြီးမိုးလင်းကတည်းက မအားဘူးဗျ၊ ခုမှ အလုပ်ပါးတုန်း ဒီကိုရောက်လာရတာ၊ ရန်ကုန်ကို ကုန်တင်ကားနဲ့ ကျုပ် လိုက်သွားရမှာဗျ၊ ဒီတစ်ခေါက် ကျုပ် ရန်ကုန်သွားရင် မြခြယ်အတွက် လိုတဲ့ပစ္စည်းလေးတွေဝယ်ခဲ့မှာ၊ ဒါ့ကြောင့် မြခြယ် ဘာများမှာဦးမလဲလို့. . ."

ဦးထွေး၏အသံဝါဝါကြီးကို ကြားနေရသည်။

"မောင်ထွေးလည်း စောင့်နေရတာ အားနာတယ်ကွယ်၊ ဒီလိုလုပ် ပင်းဘုရားကြီးဆီ လိုက်သွားလိုက်၊ မောင်ထွေးနဲ့ ခြမြယ်တို့အချင်းချင်း လိုအပ်တာတွေဝယ်ဖို့ တိုင်ပင်လိုက်ကြလေ၊ အဲဒီလိုဆိုမကောင်းဘူးလား. . ."

အဖေ၏အကြံပြုချက်ကိုလည်း ကြားလိုက်ရသည်။

"သူ့ဘာသာ အပေါင်းအဖော်တွေနဲ့ အေးအေးဆေးဆေး ဘုရားဖူးပါစေ၊ ကျုပ်လည်း ခရီးမထွက်ခင် လာဦးမှာပဲဗျ"

ခင်ထွေး သက်ပြင်းချလိုက်မိသည်။

"မင်းအစ်ကိုပြောတာ ဟုတ်သားပဲ၊ ပင်းဘုရားကြီးဆီကို လိုက်သွားပါလား၊ နေမမြင့်ခင် ပြန်လာခဲ့မယ်လို့ အစ်မကို ပြောသွားတာပဲ၊ ခု. . . နေတောင်ပူနေပြီ၊ ပင်းဘုရားမှာ သူ ရှိဦးမယ်"

အမေ့ပြောစကားကြောင့် ခင်ထွေးတစ်ကိုယ်လုံး တောင့်သွားသည်။

"ဒါဆို ကျုပ် လိုက်သွားဦးမယ်ဗျနော့. . ."

www.burmeseclassic.com

www.burmeseclassic.com



ခင်ထွေး ယောင်၍မတ်တတ်ရပ်လိုက်သည်။ သူ တစ်စုံတစ်ရာကို စိုးရိမ်သွားသည်။ ခြေထောက်အားကိုသုံး၍ ပင်းဘုရားရှိရာသို့ စိတ်လော၍ဦးတည်သွားနေသည်။

ꩻ ꩻ ꩻ ꩻ ꩻ

ပင်းဘုရားကြီးနား နီးလာလေလေ ခင်ထွေး စိတ်လှုပ်ရှားလေလေပင်။ ဘုရားကြီးကို မြင်နေရသည်။ ဘုရားကြီးရှေ့တွင် ဒွေးလေးမြကို လူရွယ်တစ်ယောက်နှင့် ယှဉ်တွဲ၍မြင်လိုက်ရသည်။ ဘုရားပေါ်မှ အတူယှဉ်တွဲဆင်းလာနေသည်။ အနီးသို့ရောက်ရှိလာသောအခါ ခင်ထွေးထင်သလို ဒွေးလေးမြနှင့် ယှဉ်တွဲလျှောက်လာသူမှာ ဦးပိုက်ဖြစ်နေသည်ကို တွေ့ရသည်။

ခင်ထွေးကို တွေ့လိုက်ရသည်တွင် နှစ်ဦးစလုံး၏မျက်နှာများမှာ အထိတ်တလန့်အသွင်ဆောင်သွားသည်။ ဦးပိုက်၏မျက်နှာမှာ စိုးရိမ်ပူပန်ပုံပေါ်နေပြီး ဒွေးလေးမြမျက်နှာမှာ သွေးမရှိသလို ဖြူဖပ်ဖြူရော်ဖြစ်နေသည်။

"ခင်. . . ခင်ထွေး. . . ဦးပိုက် ရှင်းပြမယ်၊ ဦးပိုက် ရှင်းပြတာနားထောင်နော်၊ လူကြီးတွေကို ဦးပိုက်နဲ့ ဒွေးလေးမြတွေ့တာပြန်မပြောပြနဲ့၊ အားလုံး ဒုက္ခရောက်ကုန်လိမ့်မယ်၊ ဦးပိုက်ကို ယုံပါ၊ ဦးပိုက်တို့. . ."

ဦးပိုက်က လက်ကာ၍ရှင်းပြနေသည်။

"မဟုတ်ဘူး ဦးပိုက်၊ ကျုပ်က ဦးပိုက်ကို ယုံတာ၊ မယုံတာ အသာထား။ ခုဟာက ဦးထွေးက ဒွေးလေးမြကိုလာခေါ်ဖို့



လာနေပြီ၊ တော်ကြာ ဒွေးလေးမြတို့ အရှက်ကွဲမှာစိုးလို့ဗျို့၊ ခင်ထွေးနဲ့ ပြန်လိုက်ခဲ့ပါ ဒွေးလေးမြရာ"

"ဦးပိုက်နဲ့ ဒွေးလေးမြတို့ ပင်းဘုရားကြီးမှာ တမင်ချိန်းတွေ့တာမဟုတ်ဘူး၊ မတော်တဆ မမျှော်လင့်ဘဲတွေ့ကြတာ ခင်ထွေးရဲ့၊ စမ်းအေးတို့ညီအစ်မ ဘုရားပေါ်မှာရှိကြသေးတယ်၊ ဒွေးလေးမြနဲ့ ဦးပိုက်က ခုပဲ ဘုရားပေါ်မှာ စကားပြောပြီးဆင်းလာကြတာ၊ အစ်မနဲ့ အစ်ကိုရွှေကို ဦးပိုက်နဲ့ ဒွေးလေးမြ အတူတွေ့ခဲ့ကြတာ ပြန်မပြောနဲ့နော်ခင်ထွေး၊ သိရင်. . . ဒွေးလေးမြကို အစ်မက သတ်လိမ့်မယ်"

ဒွေးလေးမြက ပျာပျာသလဲ ရှင်းပြပါသည်။ ထိုစဉ် မစမ်းအေးတို့ညီအစ်မ ဘုရားပေါ်မှဆင်းလာကြသည်။ ခင်ထွေးကိုတွေ့လိုက်သောအခါ မစမ်းအေးတို့က ထပ်၍ရှင်းပြနေပါသေးသည်။

"ကိုပိုက်နဲ့ မြခြယ်တို့က ဒီဘုရားရောက်မှ တွေ့ကြတာနော်၊ ကျုပ်တို့ညီအစ်မတွေက ဘုရားဖူးရုံသက်သက်ပဲ၊ မြခြယ်ကို အဖော်ခေါ်လာတာပဲရှိတယ်၊ ကျုပ်တို့ ဘုရားဖူးကြပြီးမှ ကိုပိုက်ကို တွေ့တာ၊ ကိုပိုက်ကလည်း ဒီနေ့ သူမွေးနေ့မို့ ဘုရားကိုလာပြီး ဆီမီး၊ ရေချမ်းကို ပူဇော်ဖို့လာတာတဲ့၊ မြခြယ်က တကယ့်ကို ဘုရားဖူးလာတာသက်သက်ပဲနော့်"

"ဒါတွေပြောမနေပါနဲ့တော့ အစ်မစမ်းအေးတို့ရယ်၊ ကျုပ်ယုံတာ၊ မယုံတာထက် ဒွေးလေးမြနဲ့ပေးစားမယ့် ဦးထွေးကို အမေ

www.burmeseclassic.com

www.burmeseclassic.com



တို့က ဘုရားလိုက်သွားဖို့ ပြောနေကြတာ ကြားလိုက်လို့၊ ကျုပ်က စိုးရိမ်ပြီး လိုက်လာရတာ၊ ကဲ. . . စကားပြောတာပဲကြာလှပြီ၊ ဦးပိုက်က ဘုရားပေါ်အမြန်ပြန်တက်တော့။ ကျုပ်နဲ့ဒွေးလေးမြတို့ တစ်အုပ်စုလုံး ရွာထဲကိုပြန်နှင့်မယ်၊ ဦးပိုက်နဲ့ တပူးပူး တတွဲတွဲ တွဲသွားတာတွေ့ရင် ဖြေရှင်းရခက်နေဦးမယ်၊ ကဲ. . . ဦးပိုက် ဘုရားပေါ် ပြန်တက်တော့၊ တက်ပါဆို. . ."

ဦးပိုက် ဘုရားကုန်းပေါ်သို့ အပြေးတက်သွားသည်ကို တွေ့ရ၏။ ဦးပိုက်ကိုကြည့်ပြီး တော်တော်လေးသနားမိသည်။ ဦးပိုက် ဘုရားပေါ်တက်မှ ခင်ထွေးတို့အုပ်စုလည်း ခပ်တည်တည်ဖြင့် ရွာဘက်သို့ လျှောက်လာခဲ့ကြသည်။ ခင်ထွေးတို့အုပ်စုက ဘုရားကြီးတောင်ဘက်မှ ဆင်းလာခဲ့ခြင်းဖြစ်သည်။ ဘုရားကြီး၏ အရှေ့ဘက်၊ အနောက်ဘက်၊ မြောက်ဘက်၊ တောင်ဘက် စသည့် အရပ်လေးမျက်နှာရှိသည့်အနက် ရွာသစ်ကလေးရွာသည် ဘုရားကြီး၏ တောင်ဘက်အရပ်၌ရှိသည်။

"ဒီနေ့ ဥပုသ်နေ့မို့ ကျုပ်တို့ညီအစ်မနှစ်ယောက်စလုံး လယ်ခင်းထဲမဆင်းဘူး။ မြခြယ်လည်း ဒီနေ့ အခင်းထဲမသွားဘူး ဆိုတာနဲ့ ပင်းဘုရားကြီးဆီသွားပြီး ပန်း၊ ရေချမ်းသွားကပ်တာ၊ ကျုပ်တို့ ဘုရားဖူးပြီး ဘုရားပေါ်ကဆင်းမယ့်အလုပ်မှာ ကိုပိုက်က ဘုရားပေါ်တက်လာတာတွေ့တာပဲ၊ ဒါနဲ့ ကျုပ်တို့တစ်တွေ စကားပြောအပြီးမှာ ကျုပ်တို့က ဘုရားပေါ်မှာ ခဏနေခဲ့ပြီး သူတို့နှစ်ယောက်ကို အရင်သွားနှင့်ခိုင်းတာ၊ ဘုရားပေါ်ကအဆင်းမှာ



ကိုပိုက်နဲ့လမ်းခွဲဖို့ပဲ၊ ခုဟာက ခင်ထွေးကမြင်လိုက်တော့ ကျုပ်တို့ကိုပါ အထင်လွဲသွားမှာစိုးတယ်လေ. . ."

အစ်မသန်းအေးက ထပ်ပြီးရှင်းပြနေသေးသည်။ ဒွေးလေးမြကပါ တုန်တုန်ရီရီနှင့် ပြောပြနေပြန်သည်။

"ဒီနေ့မှ ဒွေးလေးမြစိတ်ထဲ တစ်မျိုးဖြစ်နေတာ၊ ဘုရားကိုပဲသွားချင်နေမိတယ်၊ ကိုပိုက်မွေးနေ့လည်း ဖြစ်တယ်၊ သူ့ကို သတိရမိတာလည်းပါတယ်လေ၊ ကြည့်စမ်းပါဦးတော့. . . စိတ်ချင်းကလည်း တိုက်ဆိုင်လိုက်တာ၊ သူ့မွေးနေ့မို့ သူလည်း ဒီနေ့ ပင်းဘုရားကြီးကိုသွားပြီး ဆီမီး၊ ရေချမ်းကပ်လှူချင်လို့ ဘုရားကြီးဆီလာခဲ့တာတဲ့လေ။ တိုက်တိုက်ဆိုင်ဆိုင်ဟယ်. . . သူနဲ့ ဒွေးလေးမြတွေ့ကြတာကို တမင်ချိန်းတွေ့တယ်လို့ပဲ ထင်ကြမှာနော်၊ ဘယ်သူမှ ယုံမှာမဟုတ်ဘူး၊ ခင်ထွေးရောဟင်. . ."

ဒွေးလေးမြမျက်နှာသည် ဝမ်းနည်းခြင်းတစ်ဝက်၊ ရှက်ခြင်းတစ်ဝက်ဖြင့် ပေါင်းစပ်နေသည်။

"ခင်ထွေးက ဒွေးလေးမြကို ယုံပြီးသားပဲ"

"သူလည်း ဆယ့်လေးငါးနှစ်ရှိနေပြီပဲ၊ အဆိုးအကောင်း ခွဲခြားတတ်ပါပြီအေ. . ."

"ကဲပါဟယ်. . . ပြောမနေပါနဲ့တော့ သန်းအေးရယ်၊ ခင်ထွေးက ဘယ်လိုစဉ်းစားပြီး ဒီပင်းဘုရားကြီးမှာ ညည်းဦးပိုက် လာမယ်မှန်းသိတာလဲ"

"အစ်မစမ်းအေးကလည်း. . . ကျုပ်တို့အိမ်ကို ခင်ထွေးက ရောက်လာပြီး အဖေနဲ့ အမေနဲ့ပြောနေတဲ့စကားကို ကျုပ်

www.burmeseclassic.com

www.burmeseclassic.com



နားထောင်နေတာ၊ ဦးထွေးက ရန်ကုန်သွားမယ်၊ ဒွေးလေးမြကို မှာစရာရှိတာမှာရအောင် အိမ်ကိုလာခဲ့တာလို့ ပြောသံကြားတယ်၊ ပြီးတော့ အမေနဲ့ အဖေတို့က ဦးထွေးကို ဒွေးလေးမြ ပင်းဘုရားကြီးဆီသွားတယ်၊ လိုက်သွားခိုင်းတဲ့စကားလည်းကြားရော ကျုပ်က ဘာရယ်မဟုတ်ဘူး၊ ဒွေးလေးမြနဲ့ ဦးပိုက်က ဒီပင်းဘုရားကြီးမှာ အရင်က ချိန်းတွေ့နေကြဆိုတာ ကျုပ်သိတယ်လေ၊ မတော်တဆများ ဒွေးလေးမြနဲ့ ဦးပိုက်တို့ဆုံသခိုက် ဦးထွေးကလည်း တွေ့သွားမယ်ဆိုရင် ပြဿနာမဖြစ်ဘူးဆိုရင်တောင်မှ စကားအချေအတင် ပြောရတော့မယ်လေ"

မစမ်းအေးတို့ညီအစ်မနှင့် မြခြယ်တို့အားလုံး သူ့ကို ပါးစပ်အဟောင်းသားနှင့် ငေးကြည့်နေကြသည်။

"ကျုပ်လေ ထင်တဲ့အတိုင်းဖြစ်နေတော့ အံ့သြနေမိတယ်၊ အစ်မစမ်းအေးတို့ပါတွေ့မှ ကျုပ်လည်း စိတ်အေးရတာ၊ အမှန်မှာတော့ ကျုပ်စိတ်ထဲမှာ ဦးပိုက်နဲ့ ဒွေးလေးမြတို့စကားပြောဆိုဖို့ ချိန်းထားလို့ ဒွေးလေးမြ ပင်းဘုရားကြီးဆီသွားတာပဲလို့ထင်လိုက်တာ၊ ဦးထွေးပါ လိုက်သွားမယ်ဆိုတော့. . . မတော်တဆများ ဆိုပြီး၊ ဦးထွေးထက် အရင်ဦးအောင်လို့ ဖြတ်လမ်းကနေ ဒုန်းစိုင်း ပြေးလာခဲ့တာ၊ တော်သေးရဲ့. . . စောရောက်လို့"

"ဟဲ့. . . မြခြယ်၊ ညည်းတူမက ဘယ်ဆိုးလို့လဲ၊ သူ့အမေ ခဏခဏပြောတတ်တဲ့ ခင်ထွေးက စာသာသင်ဖို့ခက်ရင်ခက်မယ် တဲ့၊ စာကလွဲရင် ကျန်တာတွေ သူ သင်ရင် အတတ်မြန်သတဲ့၊



ခင်ထွေးက ဉာဏ်ပြေးသားပဲ၊ ဒါနဲ့များ ခင်ထွေးကို စပ်စုမလို့ ခေါ်ကြသေးတယ်၊ ဘာဖြစ်လို့ စပ်စုမလို့ခေါ်ရတာလဲ၊ အမှန်မှာ သူက စပ်စုတာမှမဟုတ်တာ၊ ဗဟုသုတရှိတာပဲ စဉ်းစားတွေးခေါ်တာ၊ ဉာဏ်ပြေးတာဟဲ့. . . ဟုတ်တယ်နော် ခင်ထွေး"

ခင်ထွေးကို 'စပ်စုမ' ဟုခေါ်လျှင် စိတ်ဆိုးသော်လည်း သူ၏အကြိုက်မြှောက်ပင့်သော စကားများဖြစ်သဖြင့် သူ ကျေနပ်သွားသည်။

"အမှန်မှာ ကိုပိုက်နဲ့တွေ့တော့လည်း ကျုပ် ဘာပြောရမှန်းမသိဖြစ်နေတာတော့၊ ဘယ်ကစပြောရမလဲလို့ စဉ်းစားတုန်း. . . ကိုပိုက်ကစပြီး မြခြယ် ဘာမှမပြောနဲ့၊ မြခြယ်ကို ကိုပိုက်နားလည်ပါတယ်၊ လူကြီးတွေစီစဉ်တာ မြခြယ် ဘယ်လိုမှငြင်းပယ်လို့မရနိုင်ဘူးလို့ ကိုပိုက် သိပါတယ်၊ မြခြယ်ကို ကိုပိုက် ခွင့်လွှတ်တယ်၊ စိတ်ဆင်းရဲခံမနေနဲ့တဲ့၊ သူက ကျုပ်ကိုတောင်မှ နှစ်သိမ့်သေးတယ်၊ ကျုပ်စိတ်လည်း မကောင်း၊ ဝမ်းလည်း နည်းနေတော့ စကားပြန်မပြောနိုင်ဘူး၊ အဲဒီအချိန်မှာ ခင်ထွေးလည်း ရောက်လာတာပဲ"

ဒွေးလေးမြအသံ တုန်တုန်ရီရီဖြစ်နေသည်။ ဒွေးလေးမြ၏ သဘောဆန္ဒကြောင့်မဟုတ်ပါဘဲ လူကြီးတွေသာ စီစဉ်သည့်ကိစ္စဖြစ်သောကြောင့် ကိုပိုက်သိလျှင် ဒွေးလေးမြ ကျေနပ်နိုင်ပြီထင်သည်။

ဒွေးလေးမြ၏မျက်နှာ ပြန်လည်လန်းဆန်းလာသည်။ အစ်မစမ်းအေးတို့ညီအစ်မတစ်တွေလည်း စိတ်လက်ပေါ့ပါးသွားပုံရသည်။ ခင်ထွေးကတော့ ကိုယ့်လုပ်ဆောင်ချက်ကို ကျေနပ်နေသည်။ သူ၏အတွေးများ ရုတ်တရက်ရပ်သွားသေးသည်။

www.burmeseclassic.com

www.burmeseclassic.com



အကြောင်းမှာ ခင်ထွေးတို့ ရွာမရောက်ခင် လမ်းချိုးအကွေ့လေးတွင် ဦးထွေးကို လွယ်အိတ်တစ်လုံးလွယ်လျက် လျှောက်လာသည်ကို တွေ့လိုက်ရသည့်အတွက်ဖြစ်သည်။

"ဟော. . . ဟိုမှာ ဦးထွေးတော့"

"မြခြယ် ညည်း မျက်နှာမပျက်စေနဲ့နော်၊ ကိုယ်မဟုတ်တာလုပ်တာမှမဟုတ်ဘဲ"

ခင်ထွေးတို့တစ်အုပ်စုလုံး ခပ်တည်တည်ဖြင့် ဦးထွေးနှင့် မျက်နှာချင်းဆိုင်လိုက်ကြသည်။ ဒွေးလေးမြက နှုတ်ဆက်လိုက်ပါသည်။

"ဩော်. . . ကိုထွေး"

"မြခြယ် ပင်းဘုရားကြီးသွားတယ်ဆိုလို့ ကျုပ် လိုက်လာခဲ့တာ"

"ကဲ. . . မြခြယ်၊ ကျုပ်တို့ သွားနှင့်မယ်နော်၊ လာ. . . ခင်ထွေးရေ့၊ ခင်ထွေးက သူ့ဒွေးလေးကို လာကြိုတာလေ"

ခင်ထွေးလည်း ယောင်နနနှင့် မစမ်းအေးတို့ညီအစ်မ လက်ဆွဲခေါ်ဆောင်ရာနောက်သို့ လိုက်ပါသွားခဲ့ရသည်။

"အစ်မစမ်းအေးတို့က ရွာထဲပြန်မလို့လား"

"ဟဲ့. . . ကောင်မလေးရဲ့၊ ရွာထဲမပြန်လို့ ကိုထွေးနဲ့မြခြယ်တို့စကားပြောတဲ့နေရာကို လိုက်ရမှာလား၊ ညည်းလည်း ရွာထဲပြန်လိုက်ခဲ့လေဟာ"



"တော်သေးတယ်နော်၊ ကျုပ် အရောက်မြန်ပေလို့၊ တွေ့ကြည့်ရင်တော့ ကြောက်သွားတော်"

ခင်ထွေးက ပခုံးတွန့်၊ ခေါင်းပုလုပ်ပြရင်း ပြောလိုက်သည်။

"ဟုတ်ပါပေတယ်၊ တော်ပါပေတယ်၊ ရွှေမိရယ်"

"ကြည့်စမ်းပါဦးတော်၊ ကျုပ်ကို စပ်စုမ ခေါ်လိုက်၊ ရွှေမိခေါ်လိုက်နဲ့ ကျုပ်တော့ လူပြောစရာဖြစ်ပါပြီ"

"ဂုဏ်ယူစမ်းပါ ခင်ထွေးရာ၊ အစ်မလှမေသမီးတစ်ယောက် ဒီလိုမျိုး ရပ်ကျော်ရွာကျော်ရှိတာ ဂုဏ်ယူစရာပါ၊ ဟုတ်တယ်မဟုတ်လား"

ခင်ထွေး နှုတ်ခမ်းစူလိုက်သည်။ တစ်ချိန်တည်းမှာပင် ဦးပိုက် ဘုရားပေါ်မှာ ရှိနေဦးမှာလား။ တစ်နေရာရာမှာ ဒွေးလေးမြကို စောင့်ကြည့်နေမှာလား။ သူ သက်ပြင်းချလိုက်လေသည်။

မည်သို့ပင်ဖြစ်စေ ခင်ထွေးတစ်ယောက်တော့ဖြင့် သည်ကနေ့သူ၏လုပ်ဆောင်မှုကြောင့် ဒွေးလေးမြ အဆင်ပြေသွားလျှင် သူ ကျေနပ်နိုင်ပြီ။ ကျေနပ်မှုအပြည့်ဖြင့် ပြန်လာခဲ့သော ခင်ထွေးတစ်ယောက် အိမ်သို့ပြန်ရောက်လာသောအခါ အမေ၏ ဝါးခြမ်းပြားရိုက်ချက်ကို ကျကျနနကြီး ခံလိုက်ရလေသည်။

"ကြွပါ. . . အစ်မ၊ ငါက ထမင်းခြောက်လှန်းထားတာ ကြည့်လိုက်ပါလို့ သေသေချာချာမှာထားရက်နဲ့၊ ညည်းက ထမင်းခြောက်ဗန်းကို ဒီအတိုင်းထားသွားရသလားဟင်၊ ညည်းက ဘယ်သဝေထိုးနေတာလဲ ပြောစမ်း"

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါမှ ခင်ထွေးလည်း အမေခိုင်းသည့်ကိစ္စ သတိရလိုက်သည်။ ထမင်းချိုင့်လှန်းခဲ့သည့် နေရာကို ကြည့်လိုက်သောအခါ ထမင်းချိုင့်ဗန်းကို မတွေ့ရတော့ပေ။

"ဒီ. . . ဒီနားမှာထားခဲ့တဲ့ ထမင်းချိုင့်ဗန်းကော အမေ"

"ဘာပြောတယ်၊ ခုမှ ဘာထမင်းချိုင့်ဗန်းလဲ၊ ညည်းကို ခိုင်းထားတဲ့ကိစ္စကို မေ့ပြီး ဘယ်ထွက်သွားတာလဲ၊ ပြောလေ ကဲ . . . ကဲ"

သူ့ခြေသလုံးသား စပ်ရှဲစပ်ရှဲသွားသည်။

"ဒွေးလေးမြကို သွားခေါ်တာပါ၊ ဦးထွေး ဘုရားကို လိုက်သွားတာ လွဲမှာစိုးလို့ ကျုပ်လည်း ဘုရားလိုက်သွားမိတာ၊ အမေခိုင်းတဲ့ကိစ္စ မေ့သွားတယ်"

"သူများတွေက ငါ ညည်းကိုရိုက်တာမြင်ရင် မကြီးမငယ် အရွယ်ကို ရိုက်နေရလားလို့ အပြစ်တင်ကြမှာ၊ ညည်းက အသက် ဆယ့်လေးနှစ်အရွယ်ထိ ရိုက်ဆုံးမမှ မှတ်မှာမဟုတ်လား၊ ခဏ နေတော့ ညည်းမတွေ့လို့ ဘယ်ပျောက်သွားတာလဲဆိုပြီး အနီး အနားမှာရှာကြည့်တော့ မတွေ့ပြန်ဘူး၊ ဗန်းထဲမှာ ညည်းအမျိုး ကျိုးတွေ၊ ငှက်တွေက ထမင်းချိုင့်ကို အလှူပေးထားတဲ့အတိုင်း စားနေလေရဲ့၊ ဗန်းမပျောက်တာ ကံကောင်းပဲ၊ မောင်ထွေး သူ့ဘာသာသူ ဘုရားသွားတတ်ပါတယ်၊ လျှာလည်းရှည်တယ်၊ စပ်စုတာလည်း လွန်ရော၊ ပြောရင်တော့ မကြိုက်ဘူး၊ ညည်း



နေရာမဟုတ်လည်း ညည်းပါတာပဲအေ. . . သတိသာ ကောင်း ကောင်းထားပေတော့၊ နောက်ဆို လူကြီးတွေကိစ္စဝင်ပါရင် သေပြီ သာမှတ်"

အမေ၏ကြိမ်းမောင်းသံကြောင့် သူ လန့်သွားသည်။ ခင်ထွေးလည်း အမေ စိတ်တိုတိုဖြင့်ရိုက်လိုက်သော သူ့ခြေသလုံးမှ ဝါးခြမ်းပြားအရာများကို ကြည့်နေရင်း သည်ကနေ့ ရင်ဆိုင်လိုက် ရသည့် ဒွေးလေးမြ၊ ကိုပိုက်၊ ကိုထွေးတို့၏ သုံးဦးဆိုင်ကိစ္စမှာ ပြဿနာမဖြစ်ဘဲ သူ့ဘာသာ ပြေလည်ရှင်းလင်းသွားသည်ကို ကျေနပ်နေမိသည်။

အစ်မစမ်းအေးကတစ်ဆင့် အစ်မခင်လေးတစ်ယောက် ဒွေးလေးမြတို့တစ်သိုက် ပင်းဘုရားကြီး ဘုရားဖူးကြ၊ ခင်ထွေး လိုက်လာ၊ ဦးထွေးလည်း လိုက်ပါလာသည့်အကြောင်း သိသွား သည့်အခါ ခင်ထွေးကို စိတ်ဆိုးပြီး ထပ်ဆင့်ပြောဆိုကြိမ်းမောင်း တော့သည်။

"အမေတို့ကို ချည်းပဲ အပြစ်မပြောချင်တော့ဘူး၊ နင့်အရိုက်ခံရတာတောင် နည်းသေး၊ ငါသာ အမေ့နေရာမှာဆို နင့်ကို အသေရိုက်ပစ်မှာ၊ ဒါတောင် အမေက နင်နဲ့ဒွေးလေးမြတို့ ဦးပိုက်နဲ့တွေ့ကြတဲ့ကိစ္စ မသိသေးလို့။ ထမင်းချိုင့်ကြော်လုပ်စား မလို့ဟာ၊ ခုတော့ ထမင်းချိုင့်လည်း ကျိုးစားလို့ကုန်ပေါ့၊ နင်ဟာလေ ခိုင်းသလိုကိုမလုပ်ဘူး"

"အစ်မကလည်း ညောင်ပင်သာနဲ့ ရွာသစ်ရွာက ဘယ်လောက်များဝေးနေလို့လဲအစ်မရဲ့၊ တစ်နေ့မဟုတ်တစ်နေ့

www.burmeseclassic.com

www.burmeseclassic.com



ဒီမျက်နှာတွေ တွေ့နေရာမှာပဲမဟုတ်လား၊ ဘယ်အချိန်ထိ ရှောင်လို့ရမှာလဲ အစ်မရဲ့၊ ခုလို မျက်နှာချင်းဆိုင်တွေ့ပြီး ဖြေရှင်းလိုက်ရင် ရှင်းရောမဟုတ်လား"

ခင်ထွေး၏ စောဒကတက်မှုကြောင့် အစ်မခင်လေး ပို၍ ဒေါသအရှိန်မြင့်မားလာတော့သည်။ ညီမဖြစ်သူဘက်မှ အမြဲ ရပ်တည်ပေးပြီး အမေရိုက်လျှင်တောင်မှ ပြေလည်အောင် ဖြေရှင်းပေးတတ်သည့် အစ်မခင်လေးပင် သူ့ကို ထရိုက်လိုက်သည်အထိ စိတ်ဆိုးသွားပါသည်။

"ကဲဟာ. . . ကဲဟာ၊ စကားပြောရင် ဆင်ခြေကန်ပြီး ပြောဦး၊ ဒါ့ကြောင့် အမေက ညည်းကို ရိုက်တာသိလား၊ ဒွေးလေးမြနဲ့ ဦးပိုက် ဘယ်မှာတွေ့တွေ့ ညည်းပယောဂမပါစေနဲ့ သိလား. . . ဟဲ့ ကောင်မရဲ့"

"အစ်မကလည်း ကျုပ်ကြောင့်မှမဟုတ်တာ၊ မတော်တဆ တိုက်တိုက်ဆိုင်ဆိုင်တွေ့တဲ့ကိစ္စပဲ၊ အစ်မစမ်းအေးတို့လည်း သိကြတဲ့ကိစ္စပဲဟာ၊ အစ်မစမ်းအေးတို့က အစ်မကို ပြောမပြဘူး လားလို့"

"ပြောပြတယ်လေ. . . ပြောပြလို့ပဲ ညည်းက နောက်ဆက်တွဲလိုက်လာတဲ့သတင်း ကြားရတာပေါ့၊ ကလေးက ကလေးလိုမနေဘူး၊ နေရာတကာ ပါလေရာပဲ၊ ကျောင်းစာ သင်ကြိုးစားလို့ကတော့ ခုနစ်တန်း၊ ရှစ်တန်းတောင်ရောက်နေပြီ၊ မဟုတ်တဲ့ နေရာမှာတော့ ရှုပ်ရှုပ်ယှက်ယှက်လုပ်တယ်"



"အစ်မနော်. . . ကျုပ်ကို အဲဒီလိုတော့မပြောနဲ့၊ ကျုပ် ကလေးမဟုတ်တော့ဘူး၊ အသက်ဆယ့်လေးနှစ်ပြည့်ပြီ သိလား၊ ကျုပ် နားလည်တယ်၊ ခုဟာက ဦးပိုက်နဲ့ ဦးထွေးတို့ မျက်နှာချင်းဆိုင်ပြီး ပြဿနာဖြစ်ရင်ဆိုတဲ့စိတ်ကြောင့် ကျုပ် စိတ်ပူပြီး ဘုရားလိုက်သွားရတာ၊ ကျုပ်သာ လိုက်မသွားရင် သူတို့အားလုံး မျက်နှာချင်းဆိုင်ပြဿနာဖြစ်ကြမှာ၊ အဖေတို့၊ အမေတို့လည်း ပူပူဆူဆူနဲ့ အိမ်မှာလည်း ပွဲကြမ်းတော့မှာ၊ စိတ်မထိန်းနိုင်လို့ကတော့ ဦးပိုက်နဲ့ ဦးထွေးလည်း ထိုးကြကြိတ်ကြဖြစ်မလားဘဲ၊ ဒွေးလေးမြလည်း နာမည်ပျက်ဦးမယ်၊ အစ်မက အဲဒါကိုသိမှာမဟုတ်ဘူး၊ ကျုပ်ကို တော့ ဝိုင်းအပြစ်တင်ကြ၊ ရိုက်ကြနဲ့. . . အီး. . . ဟီး. . . ဟီး"

ခင်ထွေး ရှိုက်ကြီးတငင် ငိုတာတွေ့တော့လည်း အစ်မ ခင်လေး စိတ်မကောင်းဖြစ်ရသည်။

"ဟဲ့. . . တိတ်စမ်း၊ အာပြဲကြီးနဲ့ ကုန်းအော်ငိုမနေနဲ့။ ကလေးလည်း မဟုတ်တော့ဘူး၊ ညည်းကို အမေက အကြောင်းစုံ သိသွားရင် အရိုက်ခံရမှာစိုးလို့. . . ဒီထက်နာမှာသိလား. . . တိတ်. . . တိတ်ဆို"

"ခင်ထွေးကြောင့်ပေါ့အေ၊ ခင်ထွေးလုပ်လို့သာပေါ့။ ကျုပ်တို့ဖြင့် ရင်တွေတုန်နေတာပဲ၊ ခင်ထွေးက ဖြတ်ထိုးဉာဏ်တော့ ကောင်းသားအေ့၊ ကိုထွေး ပင်းဘုရားကြီးဆီလိုက်သွားမယ် ဆိုတော့ သူ သတိရပြီး ကျုပ်တို့ဆီလိုက်လာတာလေ၊ သူ့ဟိုထဲ မှာ မြခြယ်နဲ့ ကိုပိုက် တွေ့များတွေ့နေလေမလားဆိုပြီး အစိုးရိမ်

www.burmeseclassic.com

www.burmeseclassic.com



လွန်တာနဲ့ လိုက်တာတာ၊ တကယ်မှန်တာပဲ၊ တိုက်တိုက်ဆိုင်ဆိုင်အေ၊ မြခြယ်နဲ့ကျုပ်တို့ ဘုရားဖူးပြီး ဘုရားပေါ်ကအဆင်းကိုပိုက်က ဘုရားပေါ်အတက် ကျုပ်တို့တောင် ဇဝေဇဝါဖြစ်မိတယ်၊ ဒါပေမယ့် မြခြယ်က ကျုပ်တို့ကို အဖော်ခေါ်လာတာမှမဟုတ်တာ၊ ကျုပ်တို့က မြခြယ်ကို အဖော်သွားခေါ်ခဲ့တာပဲမဟုတ်လား၊ သူက ကျုပ်တို့ကိုသာ လာခေါ်ခဲ့ရင် မြခြယ်ကို အထင်လွဲဦးမှာ၊ ညည်း ညီမခင်ထွေးက ဒီလိုနေရာမျိုးမှာ တယ်လျင်တာပဲဟယ်. . ."

စမ်းအေးတို့ညီအစ်မ ပြောခဲ့သည့်စကားများကြောင့် ခင်ထွေးအပေါ်ရှိနေသည့် ဒေါသအရှိန် လျှော့ချလိုက်မိသည်။

"အေးလေ. . . အဲဒီ သူ့ရဲ့ရွှေညာဏ်တော် လျင်မြန်တာကြောင့် အမေက အိမ်အပြန်မှာ သူ့ကိုရိုက်တာလေ"

အစ်မခင်လေးက ပြောပြလိုက်သည့်အခါ အစ်မစမ်းအေးတို့ညီအစ်မ တဝါးဝါးနှင့် ပွဲကျကုန်တော့သည်။ အစ်မခင်လေးက ပြုံးမိ၍ သူ့ကို ကြည့်နေသည်။ ခင်ထွေးက သူ့အစ်မကို မျက်လုံးစောင်ကြည့်ပြီး -

"အမေကရိုက်၊ အစ်မကရိုက်နဲ့ တော်ပြီ. . . ကျုပ်သီလရှင်ပဲဝတ်တော့မယ်၊ ကျုပ်ကို အရေးလည်းမစိုက်နဲ့၊ လာလည်း မခေါ်နဲ့တော့"

ခင်ထွေးစကားကြောင့် အစ်မခင်လေး မရယ်ဘဲမနေနိုင်ဖြစ်ရသည်။



"အေး. . . အေးပါအေ၊ သီလရှင်ဝတ်တာ ကောင်းတဲ့အလုပ်ပေါ့၊ ဒါပေမယ့် ညည်းက ညစာမစားဘဲနေနိုင်လို့လား၊ သီလရှင်ဆိုတာ ညစာမစားရဘူးနော်"

"အစ်မနော်. . . ကျုပ်ကို စိတ်ဆိုးအောင်မစနဲ့၊ ကျုပ်တကယ်သီလရှင်ဝတ်လိုက်တော့မယ်နော်"

"သာဓု. . . သာဓုပါတော်၊ သုံးကြိမ်ခေါ်ဖို့ စောသေးလို့နှစ်ကြိမ်ပဲခေါ်လိုက်ဦးမယ်၊ ကဲပါ. . . ကိုယ့်အစ်မ ချစ်လို့ပြောတာပါအေ၊ ညနေကျရင် သင်းသင်းတို့မောင်နှမတွေ လာလိမ့်မယ်၊ ညည်းကို လာခေါ်မလို့တဲ့၊ ညည်း ဘုရားကြီးသွားတုန်းက လာပြောတာ"

"သင်းသင်းတို့က ဘာကိစ္စနဲ့လာတာလဲ"

"ညည်းကလည်းအေ၊ သင်းသင်းက ကိစ္စရှိလို့လာတာဖြစ်မှာပေါ့၊ သင်းသင်းလိုကလေးမ ညည်းဆီလာတာ အလကားလာတာဖြစ်နိုင်ပါ့မလား"

သင်းသင်း သူ့အိမ်လာသွားသည်မှာ မည်သည့်ကိစ္စဖြစ်မည်နည်း။ သင်းသင်းသည် သူနှင့် ရွာကမူလတန်းကျောင်းတွင် အတန်းအတူတူတက်၍ ပညာသင်ခဲ့သူဖြစ်သည်။ တစ်နှစ်တစ်တန်း မှန်မှန်အောင်ခဲ့သူဖြစ်ပြီး ယခုအခါ သင်းသင်းသည် မြို့ပေါ်ရှိ သူ၏အဒေါ်အိမ်မှာနေ၍ အထက်တန်းကျောင်းတွင် ရှစ်တန်း ပညာသင်ယူနေသည့် ကျောင်းသူကြီးဖြစ်နေပြီဖြစ်၏။ ပညာရေးတွင် ထူးချွန်သူဖြစ်သည့်အတွက် ရွာ[illegible]ပူကြီးများ

www.burmeseclassic.com

www.burmeseclassic.com



ကလည်း သင်းသင်းကို အရေးဖေ့လုသည်။ သင်းသင်းတွင် ဖခင်မရှိတော့ဘဲ မိခင်နှင့် မောင်လေးနှစ်ယောက်သာရှိသည်။ မိခင်သည် လယ်၊ အခင်းများကို အစိုက်လိုက်သည်။ ကြက်သွန်ခင်း၊ ပဲခင်း၊ ပဲနုတ်ရာသီ အခင်းများကိုလည်း လက်ခံယူပြီး အလုပ်လုပ်သည်။ သင်းသင်းကလည်း ကျောင်းပိတ်ရက်တွင် အခင်းထဲလိုက်သေးသည်။ မောင်လေးနှစ်ယောက်မှာလည်း ဘ. က ကျောင်းတွင် တက်နေသည်။ အကြီးကောင်လင်းလင်းမှာ လေးတန်းရောက်ပြီး အငယ်ကောင်လေးမှာ နှစ်တန်းရောက်နေပြီ။ ရွာထဲက မိဘများမှာ သူတို့၏သားသမီးများကို ပြောဆိုဆုံးမသည့်အခါ ဤသို့ ပြောဆိုလေ့ရှိသည်။

"ဟဲ့. . . ကောင်မတွေ၊ ညည်းတို့က အမေ၊ အဖေအပေါ် အလိုက်ကန်းဆိုးမသိကြဘူး၊ မဂျမ်းသမီး သင်းသင်းကိုကြည့်၊ သူ့အမေ မုဆိုးမဖြစ်တာဘဲရှိတယ်၊ သင်းသင်းလိုလိမ္မာတဲ့သမီးမျိုးဆို အယောက်တစ်ရာမွေးချင်ပါတယ်၊ လိမ္မာလိုက်တာလည်း ပြောစရာမလိုဘူး၊ ကျောင်းစာလည်း တော်လိုက်တာ၊ သူ့မောင်လေးတွေကလည်း အစ်မလိုတော်တာပဲ၊ မဂျမ်းတို့များ သားသမီးကံကောင်းချက်၊ သမီးမိန်းကလေး လိမ္မာတော့ အမေ အမောလည်းပြေတယ်၊ သင်းသင်းလို လိမ္မာတဲ့သမီးမိန်းကလေးဖြစ်အောင်နေကြစမ်းပါ"

ခင်ထွေးတို့အိမ်က ပို့ဆိုးတော့သည်။ သင်းသင်းက ခင်ထွေးနှင့် အတန်းတူတူတက်ခဲ့သည်မဟုတ်ပါလား။



"သင်းသင်းကို နမူနာကြည့်၊ စာလည်းတော်တယ်၊ လိမ္မာလိုက်တာလည်း အလွန်ပဲ၊ ဘာမှကိုပြောစရာမလိုဘူး၊ အိမ်အလုပ်၊ လယ်အလုပ် အကုန်လုပ်ရတာပဲ၊ တစ်နှစ်တစ်တန်းကိုလည်း ထူးထူးချွန်ချွန်အောင်သေးတယ်၊ ဟော. . . ခုဆိုကြည့်၊ မြို့မှာနေတဲ့ ချမ်းသာတဲ့အဒေါ်က သူ့ကို မြို့ကျောင်းမှာ အတန်းကြီးရောက်တဲ့အထိ ထားပေးမယ်တဲ့၊ အိမ်ကမိန်းကလေးနဲ့ ကွာပါ့၊ အစ်မက ကျောင်းကောင်းကောင်းတောင် မနေလိုက်ရဘူး၊ ညီမဖြစ်တဲ့သူကို ပညာတတ်ကြီးဖြစ်စေချင်လို့ အမေကို သူ ကျောင်းမနေတော့ပါဘူး၊ ညီမလေးခင်ထွေးကို အတန်းကြီးရောက်တဲ့အထိ သင်ပါစေတဲ့၊ သူက ဉာဏ်ကောင်းတော့ ရွာကျောင်းမှာ ဆရာမလေးပြန်လုပ်ရအောင်လို့တဲ့လေ၊ ခင်ထွေးတစ်ယောက် ရွာကျောင်းက ဆရာမလေးဖြစ်ရင် ကျုပ် ကျောင်းမနေရလည်း ကိစ္စမရှိပါဘူးတဲ့၊ ညီမဆီက စာပြန်သင်မယ်တဲ့လေ"

အမေက မျက်ရည်စမ်းစမ်းဖြင့်ပြောသည်။ သင်းသင်း နာမည်ကြားသည်နှင့် သူ့တွင် ပြောစရာများလာသည်။ သင်းသင်းကိုတော့ သူ ခင်ပါသည်။ သို့ရာတွင် ခင်ထွေးသည် သူနှင့်သင်းသင်း နှိုင်းယှဉ်၍ပြောခြင်းကို သူ မုန်းသည်။

"ခင်ထွေးနဲ့သင်းသင်း ယှဉ်လို့ကိုမရဘူး၊ တခြားစီပဲ၊ ဒါ့ကြောင့် သင်းသင်းကို နမူနာယူပါလို့ပြောရတာ"

ခင်ထွေး ထိုင်သာငိုလိုက်ချင်တော့သည်။ အတန်းပိုကြီးလာလေ စာပိုဖတ်ရ၊ ကျက်ရသည်မဟုတ်ပါလား။ စာကျက်ရ၊

www.burmeseclassic.com

www.burmeseclassic.com



ဖတ်ရ၊ တွက်ရသည်မှာ ဒုက္ခတစ်ခုဟုပင် ခင်ထွေးရင်ထဲ စွဲမြဲစွာ မှတ်ထားလေသည်။

ခင်ထွေး စိတ်ရှုပ်လာသည်။ သင်းသင်းက သူ့အိမ်သို့ အကြောင်းမရှိဘဲ လာမည်မဟုတ်။ အကြောင်းတစ်ခုခုတော့ ရှိရမည်။ လောလောဆယ် ပြဿနာတစ်ခုကို ဖြေရှင်းပြီးကာမှ သူ အိမ်မှ တခြားနေရာသို့သွားလိုက်လျှင်လည်း အမေတို့၊ အစ်မတို့က ဆူပူကြိမ်းမောင်းဦးမည်မှာ သေချာသည်။ သင်းသင်း မရောက်ခင် အိမ်မှရှောင်နေနိုင်မည့်ကိစ္စ စဉ်းစားရာ မရဖြစ်နေသည်။

"ခင်ထွေးရေ. . . သင်းသင်းတို့မောင်နှမ လာနေပြီဟေ့၊ ညနေလာလိမ့်မယ်လို့ ပြောထားသေးတယ်၊ လာလေ. . . သင်းသင်း၊ လင်းလင်းနဲ့ မင်းမင်းလည်း လာထိုင်၊ ဒီကောင်မလေးက လူကြီးခေါ်ရင် ချက်ချင်းထွက်မလာဘူး၊ ဘာလုပ်နေတာလဲ ဟဲ့. . . ခင်ထွေး၊ ဒီမှာ သင်းသင်းတို့ရောက်နေတယ်ဆို. . ."

ခင်ထွေးလည်း မနေသာတော့ဘဲ စူစူဆောင့်ဆောင့်နှင့် ထွက်လာတော့သည်။

"ဘာလဲ အမေရ၊ ကျုပ်က လုံချည်အစုတ်တွေချုပ်နေတာတော့"

"အောင်မာ. . . ညည်း တစ်သက်လုံး ဘယ်တုန်းက လုံချည်အစုတ်ချုပ်ဖူးလို့လဲ၊ အပိုတွေပြောမနေနဲ့၊ ဒီမှာ သင်းသင်းက ညည်းကိုပြောစရာရှိလို့ လာတွေ့တာတဲ့"



"သူငယ်ချင်းကို မတွေ့တာလည်းကြာပြီလေ၊ ပြီးတော့ ပြောစရာလည်းရှိလို့"

ချိုသာပြုံးရွှင်သောမျက်နှာနှင့် ကြည်လင်အေးမြသော စကားသံကြောင့် ခင်ထွေး စိတ်တင်းမာမှု တစ်ပတ်လျော့သွားသည်၊ သင်းသင်း၏ရှေ့မှောက်ရောက်သောအခါ ခြသေ့်ရှေ့ဝယ် ယုန်သူငယ်ရောက်သွားသလို ခံစားလိုက်ရသည်၊ အားငယ်သည့်စိတ်ကြောင့် သင်းသင်းမျက်နှာကို စေ့စေ့စိုက်စိုက်မကြည့်ရဲပေ၊

"ဘာကိစ္စရှိလို့လဲ၊ ကျုပ်က ကျောင်းမှမနေတော့တာ၊ ဘာတွေများ ပြောစရာရှိနေလို့လဲ"

"ဒီလိုပါ သူငယ်ချင်းရယ်၊ တို့ရွာအလယ်က ဒေါ်ကြီးလေးရုံအိမ်ကို သိတယ်မလား"

"အေး. . . သိတယ်လေ၊ မနှစ်ကဆုံးသွားတဲ့ ဒေါ်ကြီးလေးရုံလား၊ သူ့အိမ်ကို သိသားပဲ"

"အေး. . . အဲဒီဒေါ်ကြီးလေးရုံရဲ့သမီး မကြေးမုံက ဒေါ်ကြီးလေးရုံအိမ်ကို ရွာရဲ့စာကြည့်တိုက်လုပ်ဖို့ လှူလိုက်တယ်လေ"

"စာကြည့်တိုက်လှူတယ် ဟုတ်လား၊ စာကြည့်တိုက် လှူတော့ ဘာဖြစ်မှာလဲ"

"ခင်ထွေးရယ် စာကြည့်တိုက်ရှိတော့ တို့ရွာကလူတွေ စာဖတ်ရတော့မှာပေါ့၊ ဗဟုသုတတို့၊ စာပေသုတတို့၊ ကျန်းမာရေး သုတတို့ အမြင်ကျယ်လာမှာပေါ့ဟယ်၊ ဒေါ်ကြီးလေးရုံက

www.burmeseclassic.com

www.burmeseclassic.com



စာတစ်လုံးမှမတတ်ဘဲ သေသွားရတော့၊ သူ့သမီးမကြေးမုံက သူ့အမေနေခဲ့တဲ့အိမ်ကို ပြင်ပြီးတော့ ရွာအတွက် စာကြည့်တိုက် လုပ်ပြီးလှူမယ်တဲ့၊ မကြေးမုံက မကွေးတက္ကသိုလ်မှာ ဆရာမ လုပ်နေတာလေ"

သင်းသင်းပြောသည့်အကြောင်းအရာကို သူ စိတ်မဝင်စားပေ။ သင်းသင်းက သူ့မျက်နှာကိုပြုံး၍ကြည့်ပြီး -

"မကြေးမုံက စာကြည့်တိုက်အတွက် နာမည်ပေးပြီးပြီတဲ့၊ 'အလင်းရောင် စာကြည့်တိုက်' တဲ့"

"အလင်းရောင် စာကြည့်တိုက် ဟုတ်လား. . ."

"ဟုတ်တယ်၊ မကြေးမုံက သူ့အမေရှိတုန်းက အမေ့ကို စာသင်ပေးပေမယ့်လည်း သူ့အမေက အသင်မခံခဲ့ဘူး၊ မကြေးမုံ့ အဖေ့ဘက်ကအမျိုးတွေက မကြေးမုံကို မွေးစားပြီး ကျောင်းထား ခဲ့လို့ ခုလို ပညာတတ်ကြီးဖြစ်ခဲ့ရတာတဲ့၊ အမေ့ရွာမှာနေတဲ့သူတွေ အားလုံး ဗဟုသုတပြည့်စုံရစေဖို့ သူက ရည်ရွယ်ပြီး အလင်းရောင် စာကြည့်တိုက်လှူလိုက်တာတဲ့"

"အဲဒီလောက်ကို ကြီးကျယ်သွားတာလား၊ စာမတတ် ပေမယ့် ကောက်စိုက်ပျိုးနုတ်၊ အခင်းထဲလိုက်လည်း ထမင်းစားဖို့ ရတာပဲလေ၊ ပညာတတ်မှမဟုတ်ပါဘူး၊ ကျုပ်တို့ရွာကလူတွေက စာကြည့်တိုက်ကို စိတ်ဝင်စားမှာမဟုတ်ဘူး သင်းသင်းရဲ့၊ မကြေးမုံက စာကြည့်တိုက်လုပ်တာနဲ့ သင်းသင်းက ဘာဖြစ်လို့ ကျုပ်ကို လာပြောရတာလဲ၊ ကျုပ် တကယ်နားမလည်လို့ပါ"



"ဒီလိုလေ ခင်ထွေးရဲ့၊ ခု. . .မကြေးမုံက ရွာကိုမလာ အားတော့ ရွာကလူကြီးတွေနဲ့အတူတူ ဒီစာကြည့်တိုက်ဖြစ်ဖို့ သင်းသင်းတို့သူငယ်ချင်းတစ်စု လုပ်အားပေးဖို့ အကူအညီတောင်း ထားတယ်၊ ရွာလယ်ပိုင်းက မဦးတို့၊ မလှကျင်တို့လည်းပါမယ်၊ ခင်ထွေးက ရွာကလူတွေနဲ့ တော်တော်များများသိကျွမ်းခင်မင် တယ်ဆိုတော့ ခင်ထွေးအကူအညီလည်း လိုလို့ပါ"

ခင်ထွေး အနည်းငယ်တော့ ဘဝင်မြင့်ချင်သွားသည်။ သေသေချာချာ စဉ်းစားကြည့်လိုက်တော့လည်း သင်းသင်း စကားက သူ့ကို 'နေရာတကာစပ်စပ်စုစုနိုင်သည့်သူမို့' ဟူသော အဓိပ္ပာယ်သက်ရောက်သွားသည့်အတွက် ဘဝင်မကျချင်။

"ရတယ် သင်းသင်းရေ့၊ ရွာမှာစာကြည့်တိုက်လုပ်မယ် ဆိုတော့ ရွာကကလေးတွေအတွက် ကောင်းတာပဲ၊ သူ့ကို လိုရင် အချိန်မရွေးလာခေါ်၊ အစ်မ လွှတ်လိုက်မယ်"

ခင်ထွေး အလွန်စိတ်ဆိုးမိသူက အစ်မခင်လေးပင်။ အစ်မ ခင်လေးက ဘုမသိ ဘမသိနှင့်ဝင်ပြောရာ ခင်ထွေးက အစ်မ ဖြစ်သူကို မျက်နှာရိပ် မျက်နှာကဲပြလိုက်သည်။ ထိုအခါမှပင် အစ်မက ပို၍ဆိုးပြတော့သည်။

"ဟဲ့. . . ဒီလိုမျိုး ရပ်ကျိုးရွာကျိုးသယ်ပိုးရအောင် ဘယ်လောက်ကုသိုလ်ရလိုက်သလဲ ကြည့်စမ်း၊ သင်းသင်း တို့လည်း ကုသိုလ်ရ၊ ခင်ထွေး ညည်းလည်း ကုသိုလ်ရ"

www.burmeseclassic.com

www.burmeseclassic.com



ခင်ထွေးက အသံမထွက်အောင် အစ်မခင်လေးကို ပါးစပ်မှလှုပ်၍ အမူအရာဖြင့် လှုပ်ပြလိုက်တော့သည်။

* * * * *

"ခုနေတော့ လွယ်လွယ်ကူကူနဲ့ အဆင်ပြေအောင် စာအုပ်တွေနဲ့ စာအုပ်စင်တွေကို ခုလိုထားရတာပဲ"

သင်းသင်း လုပ်ခိုင်းသည့်အတိုင်း စာအုပ်အဖုံးများကို သူ ချုပ်ပေးရသည်။

"ဟယ်. . . ခင်ထွေးက စာအုပ်ချုပ်တာ တော်လိုက်တာဟယ်၊ ခဏလေးနဲ့ စာအုပ်တွေအများကြီး ချုပ်ပြီးတယ်တော့"

သင်းသင်းက သူ စာအုပ်ချုပ်ပေးသည်ကိုကြည့်၍ အားရဝမ်းသာစကားဆိုလေသည်။ သည်တော့လည်း သူက ကျေနပ်မှုအပြည့်ဖြစ်ရပြန်သည်။

"မမသင်း. . . ဒီမှာထားခဲ့မယ်နော်၊ ဒီစာရွက်တွေကို ဆရာမလေး ပေးခိုင်းလိုက်လို့"

"အေးအေး. . . ထားခဲ့၊ ကိုကြီးကျော်သာ ဒီနံရံမှာ ဒီကတ်ပြားတွေ ချိတ်ထားပေးပါ"

"အေးပါဟ. . . ဆရာမလေးရဲ့ ညည်းလေသံက ခုတည်းက ဆရာမလေသံဖြစ်နေပြီဟနော့"

"ဟင်း. . . ဟင်း. . . ခိုင်းတယ်လို့ မအောက်မေ့ပါနဲ့၊ ကိုယ့်ရွာအတွက်လုပ်တာဆိုတော့ အားလုံးရဲ့လုပ်အားပေါ့နော့"



"ဟုတ်ပါပြီဗျာ"

"စာအုပ်စာပေ လူ့မိတ်ဆွေ"

"အလိမ္မာ စာမှာရှိ"

"ပညာရွှေအိုး လူမခိုး"

နံရံတစ်ဖက်စီတိုင်း၏ အထက်တွင် ထိုကတ်ပြားများ တစ်ခုစီချိတ်ထားလေသည်။ စာအုပ်စင်၏ ထိပ်လိုင်းလေးများတွင် ခေါင်းစီးစာတန်းများ ကပ်ထားသည်ကိုလည်း တွေ့ရ၏။

"ကကြီးရေက သဝေထိုးလရေလေ. . . ဝစ္စနှစ်လုံးပေါက် လေး. . . ကလေး၊ ဟုတ်ပြီ စလုံးရေးချစာ. . . သဝေထိုးပစောက် ရေပေ. . . ကလေးစာပေ"

ဟုတ်ပြီ။ သူ စာလုံးပေါင်း၍ အနည်းငယ်ဖတ်ကြည့်ရာ မမေ့သေးပေ။

"သရေ့တစ်ချောင်းငင်သု. . . တဝမ်းပူရေတ. . . သုတ။ စလုံးရေးချစာ. . . ပစောက်နဲ့ သဝေထိုးနဲ့. . . ဪ. . . ခုနလိုပဲ ပေ. . . ဒီတော့ သုတစာပေ၊ အမယ်. . . ငါ ဘယ်ဆိုးလို့လဲ"

သူ အနည်းငယ်ဘဝင်မြင့်သွားသည်။ သူ့အကြည့်က နောက်စာအုပ်စင်သို့ ရောက်သွားသည်။

"နငယ်. . . လုံးကြီးတင်. . . နငယ်နှစ်ချောင်းငင်. . . နု၊ မဟုတ်ပါဘူး၊ ငသေးသေးတင်. . . နင်ငံ၊ သဝေထိုးရကောက်ရေ . . . ဝစ္စနှစ်လုံးပေါက် နင်ငံရေး၊ ဘာတွေ ရေးထားပါလိမ့်"

www.burmeseclassic.com

www.burmeseclassic.com



သူ ကြိုးစားဖတ်လိုက်ပါသည်။ ကျောင်း၌ သင်ခဲ့ရသည့် စာလုံးပေါင်းဖတ်ပုံဖတ်နည်း သူ မေ့သွားခဲ့ပြီ။

"ဟဲ့. . . သေသေချာချာလုပ်၊ မသေမသပ်မလုပ်နဲ့၊ ဘယ်အရာကိုလုပ်လုပ် သေသေချာချာလုပ်ရတယ်၊ ပြီးတော့ အလုပ်တစ်ခု ကိုယ်လုပ်ခဲ့ဖူးတဲ့အလုပ်ကို မေ့မပစ်ရဘူး၊ ခဏခဏ လေ့ကျင့်ရတယ်၊ ဓားလိုပဲပေါ့၊ မသွေးဘဲထားရင် သံချေးတက်ရော"

တစ်နေ့က နှမ်းနုတ်စဉ် ယောင်နနဖြစ်နေ၍ အခင်းလိုက်သည့်ခေါင်းဆောင် မအေးက သူ့ကိုဆူသေးသည်။ နှမ်းနုတ်သည့်အခါ အပင်ကိုလိမ်၊ ခါးကိုညွှတ်၍ နုတ်ရသည်။ ပြီးလျှင် အမြစ်၌ တွယ်ကပ်ပါလာသည့် မြေကြီးခဲများကို အားသုံး၍ခါချရသည်လေ။ နှမ်းပင်သည် အင်မတန်ယားယံတတ်သည်။ ထို့ကြောင့် နှမ်းနုတ်လျှင် သတိအတော်ထားရသည်။

ယခုလည်း ကြည့်ပါ၊ စာလုံးပေါင်းမဖတ်တာကြာ၍ မအေး ပြောသလို မသွေးဘဲထားသည့်ဓားနှင့်တူသည့် ဦးနှောက်ထဲတွင် စာလုံးများပေါင်းဖတ်သည့်နည်း မေ့သွားပြီလား၊ ချေးများပင်စို့လာသည်။

"ဩော်. . . အစ်မခင်ထွေး၊ အဲဒီစာအုပ် လင်းလင်းကိုပေး၊ ဒီစာအုပ်က နိုင်ငံရေးစာပေစင်မှာထားရမှာ၊ အဲဒီဘက်က အတ္ထုပ္ပတ္တိစာအုပ်တွေထားတာ"

သူ့မျက်နှာ ရေနွေးအပက်ခံလိုက်ရသလို ပူနွေးသွားသည်။ ရှက်လိုက်သည်မှာလည်း မပြောတတ်တော့။ သင်းသင်း၏



မောင်လေးသည် စာအုပ်ကိုကြည့်လိုက်၊ စာအုပ်စာရင်းထဲမှ ခေါင်းစဉ်ကိုကြည့်လိုက် လုပ်နေသည်။ ထို့နောက် ခေါင်းစဉ်ကို ခွဲထုတ်လိုက်ပြီး သူ့ကဏ္ဍအလိုက် စာအုပ်များကို အစီအစဉ်တကျ ထားလိုက်ပါသည်။

လင်းလင်း၏ သွက်သွက်လက်လက် စာအုပ်များကို ဖတ်နေသည့် ဟန်ပန်အမူအရာမှာ ကလေးပုံစံနှင့်မတူ။ ပညာရှိ ပေါက်စလေးနှင့် တူနေသေးတော့သည်။ လင်းလင်းကိုကြည့်၍ သူ အားငယ်မိသည်မှာ အမှန်ပင်။

'သူ့လောက်တောင်မှ ငါ စာမဖတ်တတ်ပါလား' ဟု အတွေးဝင်သွားလေသည်။ လင်းလင်းက သူ့ကို အထင်သေးသည့် သဘောဖြင့် ပြောဆိုလိုက်သည့်သဘောမျိုး မတွေ့ရပါ။ သူ့ဘာသာ အတွေးနှင့် သိမ်ငယ်နေတာပဲဖြစ်သည်။

"သင်းသင်းတို့က မမကြေးမုံရဲ့ဆန္ဒ၊ သင်းသင်းတို့ရွာအတွက် ကျေးရွာမှာနေထိုင်တဲ့ ကျေးရွာလူထုအတွက် ကျန်းမာရေး သုတ၊ ရသ၊ အတွေးအခေါ်အမြင်ကျယ်စေဖို့ ခုလို ကိုယ်ထူကိုယ်ထ ကျေးရွာစာကြည့်တိုက်လေးဖြစ်လာတာ ဝမ်းသာစရာ၊ ဂုဏ်ယူစရာပေါ့ မဟုတ်ဘူးလား ခင်ထွေးရယ်"

သင်းသင်းပြောသည့် အကြောင်းအရာများကို သူ သိပ်ပြီး နားမလည်ပါ။ မည်သို့ပင်ဖြစ်စေ သူတို့ရွာက မကြေးမုံကို လေးစားသူများ၊ ဒေါ်ကြီးလေးရုံကို ကရုဏာသတ်သူများ၊ စာကြည့်တိုက်အပေါ် စိတ်ဝင်စားသည့် ရွာထဲမှ လူငယ်လူရွယ် ယောက်ျားလေး၊

www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးနှင့် လင်းလင်းတို့လို စာအုပ်၊ ဂျာနယ်၊ မဂ္ဂဇင်းများ အပေါ် စိတ်ဝင်စားသူများ၊ ကျေးရွာပြည်သူလူထု၏ အားထုတ်ကြိုးပမ်းမှုများကြောင့် 'အလင်းရောင် ကိုယ်ထူကိုယ်ထကျေးရွာ စာကြည့်တိုက်လေး' သပ်သပ်ရပ်ရပ် ပေါ်ထွက်လာရသည်မဟုတ်ပါလား။

သည်ကြားထဲတွင် အမြတ်တကာ အမြတ်ဆုံးဖြစ်လာသည့်ကိစ္စမှာ ညောင်ပင်သာရွာနှင့် ရွာသစ်ရွာတို့ ပေါင်းစည်းညီညွတ်သွားသည့်ကိစ္စပင်ဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် အလင်းရောင်စာကြည့်တိုက်ကို အကြောင်းပြု၍ စာအုပ်စာပေကို ချစ်မြတ်နိုးသည့် ညောင်ပင်သာရွာသား တစ်ယောက်စ၊ နှစ်ယောက်စမှသည် ရွာသစ်ရွာသို့ ရွှေလမ်းငွေလမ်းဖောက်လာရတော့သည်။ စာကြည့်တိုက်သို့ လာသည့်ကိစ္စဖြစ်၍ ရွာသစ်ရွာသားတို့ တားမြစ်၍မရတော့ပေ။ စာကြည့်တိုက်၏ သတ်မှတ်ထားသည့်စည်းကမ်း လိုက်နာကြသည့် မည်သူမဆို စာကြည့်တိုက်အတွင်းရှိ စာအုပ်၊ မဂ္ဂဇင်း၊ ဂျာနယ်များကို ငှားရမ်းဖတ်ရှုခွင့်ရှိကြောင်း ဖော်ပြထားသည့်အတွက်ဖြစ်သည်။ ရွာသူရွာသားချင်းမှာလည်း မျက်နှာစိမ်းများလည်းမဟုတ်ကြပေ။ မျက်နှာသိများသာဖြစ်ကြသည်မဟုတ်ပါလား။ သင့်မြတ်လိုသည့် ရွာသူရွာသားအများစုမှာ ဤသို့ ညောင်ပင်သာရွာနှင့် ရွာသစ်ရွာ သင့်မြတ်သွားကြသည်ကို အထူးဝမ်းသာပျော်ရွှင်နေကြသည်။

တစ်နေ့တွင် သင်းသင်းက ခင်ထွေးကို စာရွက်လေးတစ်ရွက် လက်ဆောင်ပေးသည်။ သင်းသင်း၏ပြောစကားအရ



ရှေ့စာနောက်စာ ချင့်ချိန်စားနိုင်စေရန်အတွက် တွဲဖက်၍ စားသုံးရန်မသင့်သည့်အစာများ ရေးထား၏။ မတည့်သည့်အစားအစာများကို တွဲမစားရန် ပုံနှိပ်ထားသည့် စာရွက်ဖြစ်၍ လိုလိုမည်မည် ဝယ်ခဲ့သည်။ စာရွက်ရောင်းသူမှာ အကြွေမအမ်းနိုင်၍ နှစ်ရွက်ယူလာရသည်ဟု ပြောသည်။ သင်းသင်းတို့လို အတန်းစာ တစ်နှစ်တစ်တန်းမှန်မှန်အောင်၍ တက်နေသူသည် သူ့ကို အရာရာတိုင်းတွင် ဆရာလုပ်နေသည်ဟု ထင်မိသည်။ အတန်းပညာမည်မည်ရရမတတ်ခဲ့သည့်သူ့ကို သင်းသင်း အထင်သေးပုံရသည်။ ယခုလည်း သည်စာရွက်က သူ့အတွက် ဘာကိုများ အသုံးပြုစရာလိုလို့လဲ။ အပိုအလုပ်တွေ တစ်ခုပြီးတစ်ခု ပြောလာသူ သင်းသင်းကို သူ မုန်းချင်လာသည်။

အိမ်သို့ ပြန်ရောက်သောအခါ အိမ်ရှေ့ကြမ်းပြင်ပေါ်သို့ ထိုစာရွက်ကို ပစ်ချလိုက်သည်။

"ဟဲ့ . . ဘာစာရွက်လဲ၊ ဘယ်သူက ပေးခိုင်းလိုက်တာလဲ"

"အစ်မရဲ့ဆရာမ သင်းသင်းက ပေးခိုင်းလိုက်တာ၊ မတည့်တဲ့အစာတွေ မစားမိအောင် ရေးထားတဲ့စာတဲ့"

"ခင်ထွေးကလည်းဟယ် . . . သူက စေတနာနဲ့ပေးထားတာကို သိမ်းထားပေါ့၊ ဩော် . . ဟဲ့မီးဖိုချောင်ထဲက ထရံပေါက်မှာ ကာထားလိုက်အေ၊ ထရံပေါက်လည်းပိတ်ရော၊ အစားစားရင်လည်း သတိထားမိပြီးသားဖြစ်ရော မဟုတ်ဘူးလား၊ ဒါနဲ့ ဒွေးလေးမြ ရောက်နေတယ်၊ ညည်းကို မေးနေတယ်၊ ကျုပ်က

www.burmeseclassic.com

www.burmeseclassic.com

ပြောလိုက်ပါတယ်။ ခင်ထွေးတစ်ယောက် စာကြည့်တိုက်မှာ အလုပ်ရှုပ်နေလေရဲ့လို့"

❀ ❀ ❀ ❀ ❀

ဒွေးလေးမြနှင့် ရွာလယ်ပိုင်း လမ်းလျှောက်ရင်း စကားတွေပြောလာခဲ့သည်။

လူငယ်ပိုင်းတချို့နှင့် ကလေးငယ်တချို့ စုရုံးစုရုံးနှင့် သွားလာနေကြသည်။ နှစ်ယောက်တစ်စု၊ သုံးယောက်တစ်စု တွဲ၍ သွားနေကြသည်။

ခင်ထွေးလည်း ဒွေးလေးမြနှင့် စကားပြောနေသော်လည်း ထိုသူတို့ မည်သည့်နေရာသို့ ဦးတည်သွားနေသည်ကို သိချင်နေသည်။ ဒေါ်ဂျမ်းသမီး လှလှကိုတွေ့သောအခါ စကားမပြောချင်သော်လည်း သိချင်သည့်ကိစ္စကြောင့် မေးလိုက်သည်။

"ဟဲ့ . . လှလှ၊ ဘယ်သွားမလို့လဲ"

"ဒီနေ့ ရွာလယ်ပိုင်းက မမကြေးမုံရဲ့အမေလှူထားတဲ့ 'အလင်းရောင်စာကြည့်တိုက်' ဖွင့်တဲ့နေ့လေ၊ စာအုပ်တွေ စုံမှစုံတဲ့၊ သွားဖတ်ကြည့်မလို့"

သူ့ကိုဖိတ်ထားသော်လည်း သိမ်ငယ်သည့်စိတ်ကြောင့် မသွားဖြစ်သည်ကို သတိရလိုက်ပါသည်။

❀ ❀ ❀ ❀ ❀



ဒွေးလေးမြကိုကြည့်ပြီး ခင်ထွေး အားမလိုအားမရဖြစ်နေသည်။ ဦးထွေး ရန်ကုန်ဆင်းမည်။ မှာစရာရှိသည်များကို မှာပါဟု ပြောသည်ကို ဒွေးလေးမြက -

"မြခြယ် ဘာမှမှာစရာမရှိပါဘူး"

ကြားလိုက်ရသည့်စကားကြောင့် ခင်ထွေး စိတ်တိုမိသည်။ သတို့သမီးလောင်းအတွက် လိုအပ်တာတွေ အများကြီးရှိနိုင်သည်ဟုထင်သည်။ ခင်ထွေးတို့အရွယ် သိပ်နားမလည်သေးသော်လည်း ဒွေးလေးမြအတွက် ဝယ်စရာများစွာရှိနေမည်ဟု တွေးမိသည်။

"အစ်ကိုရွှေနဲ့ အစ်မလှမေပါ လိုက်ခဲ့ပါလား၊ အလည်ပေါ့ဗျာ"

ဦးထွေးက အမေ့ကို ရန်ကုန်သို့လိုက်ရန် ခေါ်နေသေးသည်။ အဖေက ဦးထွေးနှင့် ရန်ကုန်လိုက်မည်ဟုပြောသည်။ ဦးထွေးက သည်တစ်ခေါက် ကုန်ကားမောင်းပြီး နားဦးမည်ဖြစ်သည်။ မင်္ဂလာဆောင်မည့်ကိစ္စလည်း နီးလာပြီးမဟုတ်ပါလား။ သီတင်းကျွတ်လပြည့်ကျော် သုံးရက်နေ့ကို မင်္ဂလာနေ့ဟု လူကြီးများက သတ်မှတ်ထားသည်။

ထိုမင်္ဂလာနေ့တွင် ဘုရားကုန်းဘုန်းတော်ကြီးကျောင်းတွင် မင်္ဂလာဆွမ်းကျွေးမည်ဖြစ်သည်။ ငါးခြောက်ကြော်၊ ဟင်းချို၊ အချဉ်သုပ်ဖြင့် ကျွေးမွေးဧည့်ခံမည်။ ထမင်းကျွေးခြင်းမှာ အကုန်အကျများမည်ဖြစ်သော်လည်း ကိုထွေးတို့ဘက်မှ မင်္ဂလာအခမ်းအနားကိစ္စ အကုန်တာဝန်ယူပါမည့်အကြောင်း အတင်းအကျပ်ပြောဆိုလာသဖြင့် သဘောတူလိုက်ရခြင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



မနက်ဖြန်နံနက် အဖေတို့ ရန်ကုန်သို့ဆင်းကြမည်။ အမေနှင့် အစ်မတို့ အဖေ့အတွက် လိုအပ်သည့်ပစ္စည်းထည့်ပေးနေကြသည်။ ခင်ထွေးကတော့ နည်းနည်းပါးပါး ကူညီရုံသာ။ ဟိုလိုလို ဒီလိုလိုနှင့် မည်မည်ရရဝိုင်းကူမလုပ်ဘဲ အစောကြီး အိပ်ရာထဲဝင်အိပ်နေသည်။ ခဏအကြာ အိပ်ပျော်သွားလေသည်။

"ဟဲ့ . . . ထစမ်း၊ တကတဲ ဝီရိယနည်းလိုက်တာ၊ ကိုယ့်အဖေတစ်ယောက်လုံး ခရီးသွားမယ့်ဟာ ကူညီညာလုပ်တာ မဟုတ်ဘူး"

"အစ်မကလည်း . . . ကျုပ်ကို ဘာလို့မနှိုးတာလဲ"

အနီးရှိ အစ်မဖြစ်သူကို မဲလိုက်သည်။ အစ်မကပြုံး၍ -

"ကျုပ် နှိုးပါ့တော်၊ အစ်မထနှင့်၊ ကျုပ်လိုက်ထပါမယ်တဲ့၊ ပြီးတော့ တော်တော်နဲ့ နိုးမလာဘူး၊ အမေက ညည်းကို နှိုးခိုင်းလို့ ကျုပ် လာနှိုးရတာ၊ ဦးထွေးက ရွာထိပ်လာခဲ့၊ ကားနဲ့လာခေါ်မယ်လို့ ညကပြောခဲ့တယ်၊ ထ . . . ထတော့ . . . မျက်နှာသစ်တော့၊ အဖေ့ကို ကျုပ်တို့ရွာထိပ်ထိ လိုက်ပို့ရမှာ၊ အင်္ကျီတစ်ထပ် ထပ်ဝတ်ခဲ့၊ မိုးအေးတယ်"

ပစ္စည်းများသယ်ယူလာရင်း ညီအစ်မနှစ်ယောက် စကားပြောလာကြသည်။ အဖေက မလှမ်းမကမ်းမှနေ၍ လက်ဆွဲအိတ်နှင့်လွယ်အိတ်လွယ်ရင်း လိုက်ပါလာ၏။ ရွာထိပ်သို့ရောက်သောအခါ အဖေက ဟိုမျှော်သည်မျှော်ကြည့်နေသည်။

ခဏအကြာ ကုန်ကားကြီးတစ်စီး ခင်ထွေးတို့ရပ်နေသည့်နေရာနှင့် မနီးမဝေးတွင် ရောက်လာသည်ကိုတွေ့ရသည်။

"အဖေ . . . ဦးထွေးတို့ကားရောက်လာပြီမဟုတ်လား"

ကားအရပ်တွင် အစ်မခင်လေးက အော်ပြောလိုက်သည်။ ခင်ထွေးက ကားနံပါတ်ကိုကြည့်ပြီး -

"အစ်မ . . . ဒီကားက ဦးထွေးရဲ့ကားမဟုတ်ဘူး၊ ဦးထွေးရဲ့ကားနံပါတ် ကျုပ် မှတ်ထားတယ်၊ ဒီကားမဟုတ်ဘူးတော့"

အဖေက ခင်ထွေးစကားကြောင့် ပြုံးလိုက်သည်။ ခင်ထွေးတို့ဘက်လှည့်၍ -

"ခင်ထွေး ငါ့သမီး၊ ညည်းက ဒီလိုဆိုတော့လည်း တော်သား၊ နေရာတကာ စပ်စုတာ ဒီတစ်ချက်တော့မှန်သား"

အဖေ့စကားကြောင့် ခင်ထွေး ဝမ်းသာရအခက်၊ စိတ်ဆိုးရအခက်ဖြစ်သွားသည်။ ထိုကားအနီးသို့ ခင်ထွေးသွား၍ -

"ဗျို့ . . . ဘကြီး၊ ခင်ဗျားတို့ ရန်ကုန်ဆင်းမလို့လား"

ခင်ထွေးပြောစကားကြောင့် အဖေလည်း ထိုကားပေါ်မှလူကို သေသေချာချာကြည့်နေသည်။

"အေး . . . ရန်ကုန်ဆင်းမလို့ဟ၊ ညက ချောင်းကျလို့ မဆင်းဖြစ်ဘဲ ပြန်လှည့်လာတာ၊ ညည်းတို့ရော ရန်ကုန်ဆင်းမလို့လား"

"ကျုပ်တို့အားလုံးတော့ မဟုတ်ဘူး၊ အဖေတစ်ယောက်တည်းပါ၊ ဦးလေးတစ်ယောက် ကားနဲ့လာခေါ်မှာ၊ ချောင်းကျလို့တဲ့

www.burmeseclassic.com

www.burmeseclassic.com

အဖေ၊ ဘယ့်နှယ်လုပ်မလဲ၊ ဦးထွေးတို့ ဒါကြောင့်နောက်ကျတာလားမသိဘူး၊ ဒီမှာ ဦးလေး...အဲ...ဘကြီး၊ ကားတွေအများကြီးစောင့်နေရလား"

"အေးဟ...စီတန်းနေတာပဲ၊ ရထားတွဲလိုပဲဟ၊ ဟိုဘက်ကကားတွေလည်း စောင့်၊ ဒီဘက်ကကားတွေကလည်း စောင့်နဲ့ ဈေးတန်းကြီးကိုဖြစ်လို့၊ ကျုပ်သမီး မီးဖွားဖို့ နေ့စေ့လစေ့ ဖြစ်နေလို့ စိတ်မချဘဲ ရွာကိုတစ်ခေါက်ပြန်လာကြည့်တာ"

ထိုစကားကြားမှ စကားပြောနေသည့် ဘကြီးမျက်နှာကို ခင်ထွေး သေသေချာချာ အနီးကပ်ကြည့်လိုက်သည်။ အစ်မခင်လေးက စပ်စုရန်ကောဆိုသည့်သဘောဖြင့် ခင်ထွေး၏ လက်မောင်းတစ်ဖက်ကို ဆွဲဆိတ်လိုက်သည်။

"ဟ...အစ်မကလည်း၊ အို...ဘကြီးသာအေးတို့ပါလား၊ အဖေရေ...ရွာတောင်ပိုင်းက ဘကြီးသာအေးရယ်"

ခင်ထွေး အော်ပြောလိုက်သောကြောင့် အဖေက ဝမ်းသာအားရလေသံဖြင့် -

"ဟုတ်လား...ကိုကြီးသာအေးလား၊ ရန်ကုန်ဆင်းမလို့လား"

"ဟုတ်ပ...မင်း...မောင်ရွှေမို့လား"

"ဟုတ်တယ်ဗျ"

"အေး...မနေ့ညတည်းက ကျုပ်တို့ ဒေါင်းနေချောင်းဘက် ရောက်နေတာ၊ မိုးကလည်းအရွာ၊ ချောင်းကလည်းအကျမို့ ကား



တွေကလည်း မကူးရဲကြဘူးဟ၊ ဟိုဘက်ဒီဘက် စီတန်းနေတာပဲလေ၊ ကားတန်းကြီးမှ အပြည့်မောင်ရေ့၊ ရေကျမှပဲ ဖြတ်တော့မယ်ကွ၊ ချောင်းထဲမှာ ရေရှိသေးတယ်၊ ဒါကြောင့် ပြန်လာတာဗျား"

ဘကြီးသာအေး ကားပေါ်မှဆင်းပြီး နှုတ်ဆက်စကားဆိုသည်။ ဘကြီးသာအေးစီးလာသောကားကြီး ထွက်သွားသည်တွင် ကုန်ကားတစ်စီး သူတို့နေရာသို့ ရောက်လာလေသည်။

"ဟော...မောင်ထွေးလည်း ရောက်လာပြီဟ၊ မောင်ထွေးရေ့...ဒေါင်းနေချောင်းမှာ ကားတန်းအရှည်ကြီးဆို၊ ခုန ကိုသာအေးက ပြောလိုက်တယ်"

ဘကြီးသာအေးကား လွယ်အိတ်ကြီးလွယ်လျက် သွက်လက်သောခြေလှမ်းများဖြင့် ရွာဘက်သို့ ထွက်သွားလေတော့သည်။

"အစ်ကိုရွှေရာ မိုးရွာလို့ရှိရင် ဒေါင်းနေက ဖြစ်နေကျပဲလေ၊ ချောင်းကျတာ ထူးထူးဆန်းဆန်းမှမဟုတ်တာ"

"မဟုတ်ဘူးလေ မောင်ထွေးရဲ့၊ ခုနက ကိုကြီးသာအေးကပြောသွားတယ်၊ ချောင်းရေအခြေအနေကြည့်ပြီးမှ ကူးကြတဲ့၊ ကိစ္စအရေးမကြီးရင် ချောင်းရေစိတ်ချမှကူးလို့ပြောသွားတယ်"

"အစ်ကိုရွှေကလည်းဗျာ...ကျုပ်တို့က အခြေအနေကြည့်သွားရမှာပေါ့၊ ထန်းလျက်တွေကလည်း ပါတော့၊ ရန်ကုန်ကပွဲရုံကို အချိန်မီပို့ပေးရမှာ၊ စိတ်တော့မပူပါနဲ့ အစ်ကိုရွှေရာ၊ ကျုပ်က ဒီလမ်းကို အခေါက်ပေါင်းမရေတွက်နိုင်အောင် သွားနေကျပါဗျ၊

www.burmeseclassic.com

www.burmeseclassic.com

ခင်ထွေးတို့၊ ခင်အေးတို့. . . ငါ့တူမများ ညည်းတို့အဖေအတွက် စိတ်သာချ၊ ဒီမှာ မောင်ကျော်လည်း ပါတာပဲဥစ္စာ၊ ပြန်ကြ. . . ပြန်ကြတော့၊ မိုးအေးတယ်ဟာ”

ခင်ထွေးတို့ညီအစ်မလည်း အဖေ့ကို ကားပေါ်တင်ပြီး ပြန်လာခဲ့ကြ၏။

အိမ်အဝင်ဝတွင် အမေက ထွက်မျှော်နေသည်ကိုတွေ့ရသည်။

“ဟဲ့. . . ညည်းတို့အဖေ သွားပြီလား”

“ဟုတ်တယ် အမေ၊ ရွာထိပ်မှာ ဘကြီးသာအေးကိုတောင် တွေ့ခဲ့သေးတယ်၊ ညတည်းက ဒေါင်းနေနားမှာ သူတို့ကားရောက်နေတာဆိုပဲ၊ မနေ့က ချောင်းကျလို့တဲ့အမေ၊ အဖေကတော့ ဦးထွေးနဲ့ လိုက်သွားလေရဲ့၊ ကျုပ်စိတ်ထဲမှာ တစ်မျိုးကြီးပဲ၊ အဖေ ရန်ကုန်မသွားရင်ကောင်းမယ်နော်အမေ”

“ဟယ်. . . ခင်ထွေး၊ ညည်းကလည်းအေ. . . ဘယ်လိုပြောလိုက်တာလဲဟဲ့၊ ခရီးထွက်မှာကို နိမိတ်မရှိ နမာမရှိ ဘာတွေပြောနေမှန်းမသိဘူး”

“ဟုတ်ပါရဲ့ ခင်လေးရယ်၊ ကျုပ်ပြောတော့၊ ဆူတော့သာ လူကြားတယ်၊ ဒီလောက်ဆူပူနေတဲ့ကြားက ပြောရဲတာလည်း ကြည့်. . . ညည်းညီမ ခက်ချက်အေ”

“အမေ့သမီးကလေ ကျောင်းစာသာမရတာ၊ လူတတ်ကြီး တော့လုပ်တတ်ပါရဲ့၊ သူ့ကိုယ်သူ ဘာမှတ်နေလဲမသိဘူး၊ စကား



ပြောတာ သိပ်လွန်လာတယ်။ ဒါတောင် ‘အလင်းရောင် ကျေးရွာစာကြည့်တိုက်’ က စာအုပ်တွေမဖတ်သေးလို့၊ သူ့ထက်ငယ်တဲ့ ကလေးတွေက စာအုပ်လှန်ပြီး ဒိုးဒိုးဒေါက်ဒေါက်စာဖတ်နိုင်တာ ရှက်လို့ စာကြည့်တိုက်မသွားဘူးတဲ့”

အစ်မခင်လေး အမေ့ကို သူ့အကြောင်း ကရားရေလွှတ်သလို ဆက်ပြောနေသော်လည်း သူ့နားထဲ မည်သည့်စကားမှ မဝင်တော့။

ခင်ထွေးစိတ်ထဲတွင် အဖေနှင့် ဦးထွေးတို့ ခရီးသွားမည်ကို စိတ်ပူနေမိသည်။

“အမေ. . . အစ်မ. . .”

“ဟေ. . . ဘာလဲဟ”

“ကျုပ်. . . အဖေနဲ့ ဦးထွေးကို စိတ်ပူတယ်တော့”

“လာပြန်ပြီ၊ ညည်းက ခုမှဆယ့်လေးနှစ်သမီးရှိသေးတာ၊ ကုန်ကားနဲ့ပတ်သက်တာတွေ၊ လူကြီးကိစ္စတွေ ညည်းနားမလည်သေးပါဘူးအေ့၊ ဒီမှာ မောင်ထွေးက ရန်ကုန်နဲ့ ရေနံချောင်း၊ မကွေးကားတွေ မောင်းလာတာမှ အခေါက်ပေါင်းမရေတွက်နိုင်ပါဘူးအေ့၊ ခေါက်တုံ့ခေါက်ပြန် မောင်းနေကျပါ၊ ချောင်းတွေ၊ မြစ်တွေကိုလည်း ဖြတ်မောင်းနေကျ၊ သူ့မှာ စဉ်းစားဉာဏ်ရှိပါတယ်၊ သူ ဆုံးဖြတ်တတ်တယ်၊ နေရာ့တကာ ညည်းအသိ၊ ညည်း အတတ်ချည်းပဲ၊ ကျုပ်လည်း အဲဒါကိုမကြိုက်တာဘဲ”

www.burmeseclassic.com

www.burmeseclassic.com

ခင်ထွေးပြောသည့်စကား မှန်နေသည်ကို မကြာခင်သိရပါတော့သည်။ ဒေါင်းနေချောင်းတွင် ရေတိမ်တိမ်လေးရှိနေသော်လည်း စိတ်ချရမှုမရှိ၍ ကားများဖြတ်သန်းလို့မရဟု ရွာထဲမှာ သတင်းကြားလိုက်ရသည်။ ခင်ထွေးက သူ့အမေကို ခွင့်တောင်းသည်။

"အမေ. . . ကျုပ်တော့ ဒေါင်းနေချောင်းနား သွားကြည့်ဦးမယ်တော်၊ အဖေတို့ ချောင်းကူးသွားပြီလားဆိုတာ သိချင်လို့"

အမေ့စကားပြန်ပြောသည်ကိုပင် မစောင့်တော့ဘဲ ချိတ်ထားသည့်လွယ်အိတ်ကိုလွယ်ပြီး အိမ်အပြင်သို့ ပြေးထွက်သွားသည်။

"ဟဲ့. . . ဟဲ့. . . ခင်ထွေး၊ နေဦးလေ. . . ညည်းအစ်မ အဖော်ခေါ်သွား၊ ခင်လေး ညည်းညီမနောက်လိုက်စမ်းဟဲ့. . ."

အစ်မဖြစ်သူလည်း အနားတွင်ရှိ အပေါ်ရုံအင်္ကျီကို ထပ်ဝတ်လိုက်ပြီး ခပ်သွက်သွက်လေး လိုက်သွားရလေတော့သည်။

ရွာထိပ်နားအရောက်တွင် ခင်ထွေးတို့ညီအစ်မ ဒေါင်းနေချောင်းသွားမည့် ကားကြုံနှင့်လိုက်ပါသွားရသည့်အတွက် ကံကောင်းလှပါတကား။ ကားဆရာက ကားခမယူဘဲ လိုက်ခွင့်ပေးသည့်အတွက် ပို၍ပင်ကံကောင်းလှ၏။

ခင်ထွေးတို့ ဒေါင်းနေချောင်းရောက်သော် ချောင်း၏ တစ်ဖက်တစ်ချက်တွင် ကားတန်းကြီးတန်းစီနေသည်ကိုတွေ့ရသည်။ ဦးထွေးတို့ကားကို မနည်းရှာယူရသည်။ ညက ချောင်းကျသောကြောင့် ကားများမဖြတ်ကြရခြင်းဖြစ်ကြောင်း ပြောဆိုနေကြသံကိုကြားနေရသည်။ ဦးထွေးတို့ကားပေါ်တွင် အဖေနှင့် ဦးထွေးတို့မရှိကြ။ အဖေတို့နှင့် အတူပါသွားသည့်ဦးကျော်ကိုသာ တွေ့ရသည်။



ဦးကျော်က ညွှန်ပြသောကြောင့် အဖေနှင့် ဦးထွေးတို့ ရပ်ပြီး စကားပြောနေသည်ကို ခင်ထွေး လှမ်းမြင်လိုက်ရသည်။ ဦးထွေးက အဖေပြောနေသည်ကို ခေါင်းတညိတ်ညိတ်လုပ်နေသည်။ ခင်ထွေးလည်း အဖေတို့ရှိသည့်နေရာသို့ သွားလိုက်သည်။ ခင်ထွေးကိုတွေ့သောအခါ အဖေ့မျက်လုံးအစုံ ပြူးကျယ်သွားပါတော့သည်။

"ဟဲ့. . . သမီး ခင်ထွေး၊ ညည်း အဖေ့ဆီလိုက်လာတာလား၊ ညည်းတစ်ယောက်တည်းလား၊ ညည်းအမေက ညည်းအဖေ့ဆီလိုက်လာတာသိရဲ့လား၊ ညည်းဟာလေ စပ်စပ်စုစုနဲ့ နေရာတကာပါပါနိုင်လွန်းတယ်၊ ဒါ့ကြောင့် ညည်းအမေက ညည်းကိုရိုက်တာ၊ သွား. . . သွား. . . အတော်ခက်တဲ့ကလေးမ၊ သွား. . . အိမ်ပြန်ချေတော့၊ အဖေ့ကို စိတ်မပူနဲ့၊ ချောင်းရေအခြေအနေကြည့်ပြီး ချောင်းကူးတော့မှာ"

"အမေ့ကို ပြောခဲ့ပါတယ်၊ အစ်မလည်းပါတယ်၊ ဟိုးနားမှာရပ်နေတယ်"

"ဒီပုံအတိုင်းဆိုရင် ဒီည ဒီမှာပဲအိပ်ရမှာပဲထင်တယ်"

အဖေ့စကားကြောင့် ဦးထွေး မျက်နှာရှုံ့မဲ့သွားသည်။

www.burmeseclassic.com

www.burmeseclassic.com

"အစ်ကိုရာ. . . ဒီည ဒီမှာအိပ်လို့မဖြစ်ဘူး၊ ထန်းလျက်တွေလည်း ကားပေါ်မှာပါလာသေးတယ်မဟုတ်လား၊ ရန်ကုန်ကို ဒီည ဒါမှမဟုတ် နံနက်ကြီးမိုးအလင်းရောက်မှဖြစ်မှာ"

"မင်းကွာ. . . ရန်ကုန်ကိုရောက်တာ တစ်ရက်နောက်ကျလည်း ကိစ္စမရှိပါဘူး၊ ဒီလောက် လောမကြီးပါနဲ့"

အဖေက ကွမ်းယာဝါးရင်း ဗလုံးဗထွေးသံဖြင့် ပြောလိုက်ပါသည်။

"အစ်ကိုရာ. . . ကျုပ်အတွက်တော့ နံနက်၊ ညရွေးမနေချင်တော့ဘူး၊ ဖြစ်နိုင်ရင် ခုချက်ချင်းတောင် ရရင်ထွက်ချင်တယ်"

ဦးထွေးကြည့်ရသည်မှာ စိတ်လောနေပုံရသည်။ ဦးထွေးနှင့်အဖေတို့ စကားပြောနေစဉ်မှာပင် ဦးထွေးတို့ကားရှေ့၌တန်းစီနေသည့်ကားတစ်စီးသည် ဖြတ်ထွက်၍ ဒေါင်းနေချောင်းကို ဖြတ်မောင်းနေသည်ကိုတွေ့ရသည်။ ထိုကားသည် တဖြည်းဖြည်းနှင့် တစ်ဖက်ချောင်းထိပ်သို့ ရောက်ရှိသွားလေသည်။ ခင်ထွေးလည်း ထိုကားလေးကိုကြည့်ပြီး သက်ပြင်းချလိုက်မိတော့သည်။

ထိုစဉ်မှာပင် ဦးထွေးက အဖေနှင့် ဦးကျော်ကို ကားပေါ်တက်ခိုင်းနေသည်။ အစ်မခင်လေးက ခင်ထွေးနားတိုးကပ်၍ လာရပ်သည်။

"ကျွန်တော်တို့ စွန့်စားကြရအောင် အစ်ကိုရွှေရာ၊ ကားပေါ်တက်ကြပါ၊ ဘာမှမဖြစ်သေးဘဲ စိတ်ပူနေလို့ အပိုဖြစ်နေမှာမဟုတ်လား၊ ကဲ. . . ကျွန်တော် မောင်းတော့မယ်နော်၊



ခင်ထွေးနဲ့ ခင်လေး၊ ဦးထွေး ရန်ကုန်ကပြန်လာရင် ညည်းတို့အတွက် လက်ဆောင်တွေဝယ်လာခဲ့မယ်၊ ဟုတ်လား. . ."

ဦးထွေးက စကားပြောအပြီး ကားစက်နှိုးတော့သည်။ ခင်ထွေးတို့ညီအစ်မလည်း တားခွင့်မရတော့ပေ။ ခင်ထွေးတို့ကြည့်နေစဉ်မှာပင် ဦးထွေးတို့ကားသည် ချောင်းစပ်သို့ရောက်လာပြီဖြစ်သည်။ နှစ်ဖက်ကမ်းစပ်မှလူများသည် ဦးထွေး၏ကားလှုပ်ရှားမှုကို စိတ်ဝင်တစားကြည့်နေကြ၏။ ခင်ထွေးရင်ထဲ တဒိန်းဒိန်းမြည်သံကျယ်လာသည်။

ဦးထွေး မောင်းနေသည့်ကားသည် တရွေ့ရွေ့နှင့် ချောင်းထဲဆင်းနေပြီဖြစ်သည်။ ခင်ထွေး အသက်ပင်ရဲရဲမရှူဝံ့တော့ပေ။ ကားက ချောင်းအလယ်သို့ပင် ရောက်ခါနီးလာပြီ။ ထိုအချိန်တွင် မမျှော်လင့်သောအဖြစ်အပျက်ကို ခင်ထွေးတို့အားလုံး မြင်လိုက်ကြရသည်။ ချောင်းညာအထက်မှ လှိုင်းသံနှင့်အတူ ရေလုံးကြီးများ ဝုန်းခနဲ. . . ဝုန်းခနဲဆင်းလာသည်။

"ကမ်းစပ်ပေါ် အမြန်တက်ကြ"

"အမြန်ပြေးလာကြ. . ."

"လွတ်အောင်ပြေး. . . လွတ်အောင်ပြေး"

"အမယ်လေး. . . အဖေ သေပါပြီ"

လူပရိသတ်များ၏ အော်ဟစ်သံနှင့်အတူ အစ်မခင်လေး၏ငယ်သံပါအောင် အော်လိုက်သည့်အသံ သူ ကြားလိုက်ရသည်။ ခင်ထွေး မျက်လုံးများပြာသွားသည်။ လူတချို့ ကားရှိရာသို့

www.burmeseclassic.com

www.burmeseclassic.com



ပြေးလွှားသွားနေသည်ကို တွေ့နေသည်။ ခင်ထွေးရပ်နေသည့် နေရာမှ လှုပ်ယှက်ရွေ့ရှားမရအောင် ခြေထောက်က ခိုင်မာနေသည်။ ခင်ထွေး ကြိုးစားပြီး အသက်ရှူလိုက်ရသည်။ သူ့မျက်စိရှေ့မှာပင် ရေလှိုင်းလုံးကြီးနှင့်အတူ ဦးထွေးတို့ကုန်ကားကြီး ထွေးလုံးရစ်ပတ် ဖြစ်နေသည်။ ခင်ထွေးရင်သည် တဒိတ်ဒိတ်ခုန်နေသည်။ ခဏ အကြာတွင် ကုန်ကားကြီးကို သဲသဲကွဲကွဲမြင်လိုက်ရသည်။ လူတချို့ ဆင်းဆယ်နေသည်ကိုလည်း တွေ့ရသည်။ ခင်ထွေးလည်း ချောင်းစပ်ဆီသို့ အပြေးဆင်းလိုက်သည်။

ဆင်းဆယ်သည့်လူတွေက လူနှစ်ယောက်ကို ပွေ့ချီ ခေါ်လာသည်။ ခင်ထွေးလည်း ပိုနီးကပ်အောင်ကြည့်လိုက်သည်။ တွဲခေါ်လာသည့် လူနှစ်ယောက်ကို သဲကွဲစွာမြင်လိုက်ရသည့် အချိန်တွင် ခင်ထွေးတို့ညီအစ်မ ပြိုင်တူအော်လိုက်မိသည်။

"အဖေ. . ."

အဖေနှင့် ဦးကျော်ကို ဆယ်ယူ၍ရသည်။ ခင်ထွေးတို့ ညီအစ်မနှစ်ယောက်စလုံး အဖေ့ကိုကြည့်ပြီး မျက်ရည်များ စီးကျလာသည်။ ဦးထွေးကိုမူ မတွေ့ရသေး။

"အစ်မ. . . အစ်မရေ၊ ဦးထွေးရော. . . ဦးထွေးလေ"

အဖေနှင့် ဦးကျော်တို့ ရေအန်ချပြီး သတိရလာကြသည်။ အဖေက စူးစူးဝါးဝါးနှင့် ထအော်သေးသည်။

"ကားပေါ်မှာ လူတစ်ယောက်ကျန်နေတယ်။ ကယ်ပေးကြပါ. . . တယ်ကြပါ"



ကမ်းစပ်ပေါ်ရှိလူများ ကမ်းစပ်မှ ရေထဲပြန်ဆင်းရန် ကြိုးစားပြန်သည်။ ကံဆိုးစွာပင် ရေလုံးများ ထပ်မံရိုက်ခတ်လာသည့်အတွက် ကယ်ဆယ်ခွင့်မရတော့ပေ။ ဆယ်မည့်သူများပင် ကမ်းစပ်ပေါ်သို့ ပြန်ပြေးတက်လာကြသည်ကို တွေ့ရသည်။

"ဒီလူက ဖွတ်ဗျာ၊ ဘာဖြစ်လို့ မိုက်ရတာလဲ"

"သူကလည်း လွတ်မယ်ထင်လို့ မောင်းတာနေမှာပေါ့"

"ပထမတစ်စီးလွတ်ပေမယ့် ကံဆိုတာ ပြောမှမပြောနိုင်တာပဲ၊ ပထမကားတစ်စီးက ကံကောင်းလို့လွတ်သွားတာလေ၊ ခုကားက ကံမကောင်းလို့ပေါ့ဗျာ"

ချောင်းထဲတွင် ကားကိုဆယ်ယူရန် ကြိုးစားနေကြသည်ကို တွေ့ရသည်။ ကမ်းစပ်တွင် ကုက္ကိုပင်ကြီးရှိသည်။ ဆယ်မည့်ကားရှေ့နှင့် ကားနောက်ဘောနေရာများတွင် ကြီးမားသောသံကြိုးများနှင့်ချည်တုပ်နေသည်ကို မြင်လိုက်သည်။ ကုက္ကိုပင်ကြီးကိုလည်း သံကြိုးတုပ်ချည်နှောင်ထားသည်။ ဆယ်ဘီးကားကြီးကို ကားချည်သည့်ကြိုးနှင့် ဆက်သွယ်ထားသည်။ ဆယ်ဘီးကားကြီးသည် ကမ်းစပ်နားမှ ကုန်းပေါ်ရောက်အောင် တဖြည်းဖြည်းနှင့်မောင်းတော့သည်။ ကားကို ကုတ်နှင့်ကော်တင်သည့်သဘောဖြင့် နွံထဲက လွတ်လာအောင် လုပ်ယူရခြင်းဖြစ်သည်။ တဖြည်းဖြည်းနှင့် တစ်စထက်တစ်စ ကုန်ကားကြီး ကမ်းစပ်ပေါ်သို့ ရောက်ရှိလာပြီ

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။ ခင်ထွေးတို့ရင်ခုန်သံ ပိုကျယ်လောင်လာသည်။ နှစ်နာရီကြာအောင် စိတ်ရှည်စွာဆယ်ယူရခြင်းဖြစ်ရာ ဘေးမှကြည့်နေသူများပင် ပို၍များလာသည်။

လူဆယ်ယောက်အင်အားနှင့် ဆယ်ဘီးကားကြီး၏ စွမ်းအားအပါအဝင် စက်ကိရိယာတို့အကူအညီဖြင့် ကုန်တင်ကားကြီးကို ဆယ်ယူရရှိလာကြသည်။

ကံဆိုးသူမှာ ဦးထွေးပင်ဖြစ်သည်။ ကားမောင်းသည့်နေရာတွင် စတီယာတိုင်ကို တင်းကျပ်စွာကိုင်တွယ်လျက် အသက်ကုန်နေသည်။

အဖေနှင့် ဦးကျော်တို့ ဝမ်းနည်းကြေကွဲမဆုံးဖြစ်ကြရသည်။

"ရေလှိုင်းသံ ရုတ်တရက်ကြီးကြားလာလို့ . . . ကျုပ်က မောင်ထွေးရေ လွတ်မယ်မထင်ဘူး၊ ကားပေါ်ကခုန်ချရအောင် ဆိုပြီး အော်ပြောသေးတယ်၊ သူက လွတ်အောင်မောင်းမယ် ပြောပြီး ကားပေါ်မှာနေခဲ့တာ၊ ကျုပ်နဲ့ဦးကျော်တို့က ကားပေါ်က ခုန်ချလိုက်လို့လွတ်တာ"

ဦးထွေးအဖြစ်ကိုကြည့်ပြီး ညီအစ်မနှစ်ယောက် ပြိုင်တူငိုမိကြသည်။ ချောင်းစပ်နားမရောက်ခင် လက်ပြနှုတ်ဆက်သွားပုံကို ပြန်မြင်လာမိသည်။ ဒွေးလေးမြကို မည်သို့ပြန်ပြောရမည်မှန်း မသိတော့။

"အဖေ ဦးထွေးက ဆယ်တန်းအထိ ပညာသင်ခဲ့ဖူးတာဆို၊ တကယ်ဆို သူ ပညာတတ်တစ်ယောက်ပဲလေ၊ ဒီလမ်းက ကိုယ့်အတွက် ဘေးမကင်းဘူးဆိုရင် ရှေ့ဆက်မတိုးသင့်ဘူးမဟုတ်လား"



ခင်ထွေးစကားကို အဖေက ခေါင်းညိတ်ထောက်ခံလိုက်သည်။

"အေး . . . ဒီတစ်ခါတော့ ငါ့သမီးပြောတာဟုတ်ရောပဲ၊ ပညာဘယ်လောက်ပဲ တတ်တတ်တော်တော်၊ စဉ်းစားချင့်ချိန်တဲ့ ဉာဏ်နဲ့ ဆုံးဖြတ်ချက်ချတာ မှန်ကန်ဖို့လည်းလိုအပ်တာပေါ့၊ ခုပဲ မောင်ထွေးကြည့်၊ တစ်ညလောက်စောင့်လိုက်ရင် ဘာဖြစ်သွားမှာ လိုက်လို့ကွာ၊ ခုတော့ သူ့ရဲ့တစ်ဇွတ်ထိုးဆုံးဖြတ်တာကြောင့် အသက်ပါဆုံးရှုံးသွားရတာပေါ့၊ ပညာလည်းတတ်၊ စဉ်းစားချင့်ချိန်တဲ့ဉာဏ်ရယ်၊ ဆုံးဖြတ်ချက်မှန်ကန်မှုရယ်ဖြစ်သွားရင် ဘဝရဲ့ အောင်မြင်မှု မဆုံးရှုံးတော့ဘူးလေ၊ ဆုံးဖြတ်ချက်မှားရင်လည်း သွားရော . . ."

အဖေက ဦးထွေးအတွက် စုတ်တသပ်သပ်ဖြစ်နေသည်။ ခင်ထွေး တွေးနေမိသည်။

လက်မထပ်ရသေးသည့် ခင်ပွန်းလောင်း မမျှော်လင့်ဘဲ ကွယ်လွန်သွားသည့်အတွက် ကံဆိုးသည်လား။

အချစ်ဦးနှင့် ပြန်ဆုံဖို့ဖြစ်နိုင်ချေရှိလာသည်မို့ ကံကောင်းသည်လား။ ခင်ထွေးလည်း မသိတော့။

* * * * *

ဦးထွေး မရှိတော့သည့်နောက်ပိုင်းတွင် ဒွေးလေးမြ တစ်ယောက် အမေကြီး၏ရွာသို့ လိုက်နေလေသည်။ ခင်ထွေး

www.burmeseclassic.com

www.burmeseclassic.com



တို့နှင့်အတူလာနေရန် ခေါ်သည်ကိုမရတော့ပေ။ အမေကြီး၏ အလုပ်အကိုင်များကို ကူညီ၍လုပ်ကိုင်ပေးနေသည်။ ဒွေးလေးမြကို တွေ့မြင်ရသည်မှာ စိတ်မကောင်းပေ။ ဒွေးလေးမြစိတ်ထဲ ဝမ်းနည်းပူဆွေးနေပုံရသည်။ တက်တက်ကြွကြွ ရွှင်လန်းသည့်ဟန်ပန် လုံးဝမတွေ့ရတော့ပေ။ မိမိနှင့်လက်ထပ်မည့်သူ ကံဆိုးစွာသေဆုံးသောကြောင့် ယူကျုံးမရဖြစ်တာလည်းပါမည်ထင်သည်။ ဦးထွေးအပေါ် သံယောဇဉ်ရှိသည်၊ မရှိသည်ထက် စိတ်မကောင်းဖြစ်သည်ကသေချာသည်။

အဖေလည်း ခုတလော အမေကြီးအိမ်သို့ နေ့စဉ်ရောက်နေတတ်သည်။ မိုးနှောင်းရာသီကုန်လုပြီဖြစ်၍ လက်ကျန်မိုးသာဖွဲဖွဲမျှရွာတော့သည်။ ဆောင်းမတိုင်မီမှာပင် အိမ်၌ ထင်းကပြတ်စပြုနေပြီ။

အညာဒေသတွင် စည်းမဲ့ကမ်းမဲ့ ထင်းခုတ်မှုကြောင့် သစ်တောပြုန်းတီးမှု၊ ဥတုဖောက်ပြန်မှု မဖြစ်စေရအောင် သစ်တောဦးစီးဌာနက တားမြစ်ထားသည့်အတွက် အရမ်းကာရော တွေ့သမျှအပင်မခုတ်ရသဖြင့် အဖေတစ်ယောက် အမေကြီးအိမ်ဝိုင်းထဲရှိကန္တာရပင်များသာ ခုတ်နေရသည်။

အညာဒေသ မိုးနည်းသည့်နေရာများတွင် သစ်ပင်ကြီးကြီးမှန်သမျှ စည်းကမ်းမဲ့ ထင်းအဖြစ်မခုတ်ရန်အတွက် သစ်တောကြိုးဝိုင်းများ သတ်မှတ်ထားသည်။

တစ်နေ့က 'အလင်းရောင် စာကြည့်တိုက်' နားမှဖြတ်အသွား ကလေးတစ်ယောက်က သူ့အဖေကို ပြောပြနေသည်။



"မနှစ်က သား ပခုက္ကူသွားတုန်းက တန့်ကြည်တောင်ဘုရားကနေ အဘိုးလေးတို့ရွာနားမှာလေ 'သစ်ပင်စိုက်ပါ တို့ကမ္ဘာသာယာလှပ စိမ်းမြမြ' ဆိုတဲ့စာကို သစ်ပင်ကြီးမှာ ချိတ်ထားတာတွေ့တယ်အဖေ၊ အဲဒီစာတွေ သားတို့သူငယ်တန်းမြန်မာစာမှာ သင်ရတယ်အဖေရဲ့"

ကလေး အသက်ရှိလှမှ ခြောက်နှစ်၊ ခုနစ်နှစ်သာ။ လက်ထဲတွင်လည်း ဂျာနယ်တစ်စောင်ကို ကိုင်ထားသေးသည်။ အဖေဖြစ်သူက -

"ဟုတ်တာပေါ့ သားရဲ့၊ အဲဒီလိုမျိုးရေးထားတဲ့စာတွေ အများကြီးရှိသေးတယ်၊ 'ဥတုရာသီ တောကိုမှီ' တဲ့၊ သဘောကသစ်တောတွေမရှိရင် ရာသီဥတုလည်း မမှတ မမှန်ကန်တော့ဘူးပေါ့ကွယ်၊ ဒါ့ကြောင့် သစ်တောဦးစီး. . . အဲလေ. . သားနားလည်အောင်ပြောရရင် သစ်တောဌာနက သတိပေးထားတဲ့စာတန်းလေးတွေနဲ့ သစ်ပင်တွေလျှောက်မခုတ်ပစ်ရလေအောင် ထိန်းထားရတာပေါ့"

"ကျောင်းပိတ်တဲ့ညနေတိုင်း သား စာကြည့်တိုက်မှာစာသွားဖတ်မယ်နော် အဖေ၊ ကာတွန်းစာအုပ်တွေက သိပ်ဖတ်လို့ကောင်းတာပဲ"

အဖေလုပ်သူကလည်း သားကို ကလေးဟုမမြင်ဘဲ ပညာရှိပေါက်စလေးဟု ထင်နေသလားမသိ။ ကလေးကလည်း ကိုယ့်အသက်အရွယ်နှင့်မလိုက်အောင် ပြောနေပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟွန်း. . . သူ့ကိုယ်သူ ဘာထင်နေမှန်းမသိဘူး၊ အမြင်ကတ်ပရာကောင်းလိုက်တာ"

နောက်မှသိရသည်မှာ သည်ရွာသို့တာဝန်နှင့်ပြောင်းလာသည့် ကျန်းမာရေးမှူး (အသစ်) မိသားစုထဲမှ အဖေနှင့်သားဖြစ်ကြောင်းပင်။ ထိုသားအဖ ပြောသည့်စကားသည် ရုတ်တရက်ကြားရသည်တွင် ကြီးကျယ်သလိုထင်ရ၏။ သို့သော်လည်း သူတို့ရွာလေးသည် သစ်ပင်များ အများအပြားခုတ်ကြမှုကြောင့် ရာသီဥတုပူပြင်းလှသည်မှာ မှန်လေသည်။

မဆီမဆိုင် အဖေ ထင်းခုတ်သွားရမည်ကိုပြောသည်နှင့် တစ်နေ့က လမ်း၌တွေ့ခဲ့ရသည့်သားအဖ ပြောကြသည့်စကားများ သတိရလိုက်မိသည်။ အမေကြီးအိမ်ဝိုင်းထဲတွင် ကန္တာရပင်များ အပြိုင်းအရိုင်းပေါက်နေသည်။ ထိုကန္တာရပင်၏ အကိုင်းအခက်များကိုခုတ်၍ ဖျင်ရ၏။ ထင်းအဖြစ် အသုံးပြုရန် အသင့်အနေအထားဖြစ်အောင်ပြုပြင်ရသည်။ ထို့နောက် ထင်းစည်းအဖြစ်စည်းနှောင်ထားပြီး လှည်းဖြင့်တိုက်ယူလာရသည်။ ခင်ထွေးတို့အိမ်တွင် ကန္တာရပင်ထင်းစည်းများ အိမ်ဝန်းထဲစုပုံထားလိုက်သည်။

အမေကြီးအိမ်ဝိုင်းထဲတွင် ကန္တာရပင်များသည် မိုးတွင်းတစ်တွင်းလုံး တောဖြစ်နေအောင် အပြိုင်းအရိုင်း ထူထပ်စွာပေါက်ရောက်နေတတ်သည်။ ခြံစည်းရိုးသတ်မှတ်ထားသည့် မြေအတိုင်းအလိုက် ကန္တာရအကိုင်းလေးများကို မြေကြီးထဲထိုးထားပါက မိုးတွင်းတစ်တွင်းလုံး ကြီးထွားလာပြီး ခြံစည်းရိုးသဖွယ်ဖြစ်သွားသည်။ မိုးရွာသည်နှင့် ကန္တာရပင်များ ထွားကြိုင်းလာသည်မှာ အားရစရာပင်။



အဖေက အမေကြီးအိမ်အတွက် ထင်းအဖြစ်သုံးရအောင် ကန္တာရအကိုင်းများကို ခုတ်ဖျင်ပေးရသလို ခင်ထွေးတို့မိသားစုအတွက်လည်း ခုတ်ပေးရသေးသည်။ အမေကြီးအိမ်ဝန်းအတွင်းရှိ ကန္တာရပင်များသည် နှစ်အိမ်စာအတွက် ထင်းအဖြစ် လုံလောက်ပါသည်။ အမေကြီးအိမ်အတွက် လုံလောက်အောင် ခုတ်ပေးပြီးသော် ခင်ထွေးတို့အိမ်အတွက် လုံလုံလောက်လောက်သုံးရအောင် ကန္တာရပင်များ ထပ်ခုတ်ရပေဦးမည်ဖြစ်သည်။

အစ်မခင်လေး အလုပ်ပါးသည့်နေ့များမှာ အဖေနှင့်အတူ ထင်းခုတ်ရာတွင် ကူညီလုပ်ကိုင်ပေးရသေးသည်။ သည်နေ့လည်း အဖေက အမေကြီးအိမ်သို့သွားရန် ပြင်ဆင်နေသည်ကိုတွေ့ရ၍ ခင်ထွေး အဖေ့နားကပ်ပြီး -

"အဖေ. . . ဒီနေ့ အမေကြီးအိမ်ကို ကျုပ်လည်း လိုက်ချင်တယ်"

"ဟာ. . . ဒီကောင်မလေးနှယ်၊ အလကားအလုပ်ရှုပ်တယ်၊ ထင်းခုတ်သွားတာ ညည်းနဲ့ဘာဆိုင်လို့လဲ၊ မလိုက်ခဲ့နဲ့"

အဖေက စိတ်တိုတိုနှင့် သူ့ကိုအော်လိုက်သည်။ သူက မကျေမနပ်ဖြင့် -

"အဖေကလည်း အစ်မကိုတော့ခေါ်ပြီး ကျုပ်ကိုတော့မခေါ်ဘူး၊ ကျုပ်လည်း လိုက်ချင်တာပေါ့တော့"

www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့. . . ညည်းအစ်မက ထင်းခုတ်နိုင်တယ်၊ ထင်းသယ်နိုင်တယ်၊ ညည်းကျတော့ ဘာမှမလုပ်နိုင်သေးဘူးလေ၊ ပြီးတော့ ညည်းလုပ်ဖို့လည်း လိုမှမလိုသေးတာ။ ပြီးတော့ ညည်းအမေမုန့်ရောင်းတော့ အိမ်ကကိစ္စဝိစ္စတွေ ညည်းမလုပ်လို့ ဘယ်သူလုပ်မလဲ"

အဖေ့စကားကြောင့် ခင်ထွေး နှုတ်ခမ်းစူလိုက်ပါသည်။

"ကျုပ်က ဒွေးလေးမြကို တွေ့ချင်လို့တော့၊ ကျုပ်ဒွေးလေးမြကို မတွေ့ရတာ ကြာလှပြီ"

ခင်ထွေးကိုကြည့်ပြီး အဖေက -

"စကားကို ရှင်းရှင်းလင်းလင်းပြောလိုက်ရင် ပြီးနေတဲ့ဥစ္စာ၊ ဝေ့လည်ကြောင်ပတ်နဲ့၊ အဖေ့အလုပ်ပဲ ကူညီပေးချင်သလိုလိုနဲ့၊ ညည်းဒွေးလေးမြက ဥပုသ်စောင့်သွား၊ ဘုန်းကြီးကျောင်းသွားနဲ့ အိမ်မှာအချိန်ပြည့်ရှိတာလည်း မဟုတ်ဘဲနဲ့၊ ညည်းလိုက်ချင်လိုက်ခဲ့လေ၊ ဒါပေမယ့် တစ်ရက်တည်းပဲရမယ်နော်၊ အကြီးမကညည်းအမေနဲ့ နေခဲ့လိုက်"

ခင်ထွေး ပျော်သွားသည်။ အစ်မဖြစ်သူကို လျှာထုတ်ပြောင်ပြပြီး သူ့အတွက် အဝတ်အစားတစ်စုံကို လွယ်အိတ်ထဲထည့်နေသည်။

"ဟဲ့. . . နွားစာလည်း ယူခဲ့ဦးနော်"

"ဟုတ်ကဲ့ အဖေ"



အမေကြီးတို့ရွာရောက်သော် ဒွေးလေးမြ ဥပုသ်စောင့်သွားနေသည်။ ညနေစောင်းမှ ပြန်ရောက်လာမည်ဟု အမေကြီးကဆီးကြိုရင်းပြောသည်။

ကန္တာရပင်များသည် မိုးတွင်းဆိုလျှင် ထူပိတ်နေအောင်အပင်ပွားပြီးပေါက်နေတတ်သည်။ ကန္တာရအပင်၏အကိုင်းအခက်များကို ထင်း၊ လောင်စာအဖြစ် အသုံးပြုကြသည်။ ထင်းအဖြစ်သုံးရာတွင် အလွန်ကောင်းသည်။ အကိုင်းများ ခြောက်သွေ့နေလျှင်ထင်းမီးအဖြစ်သုံးရာတွင် ရဲတောက်နေသည်။

ကန္တာရပင်များကို အဖေက ခုတ်လှဲနေသည်။ သူကအဖေခုတ်လှဲပြီးသော အကိုင်းများမှ အခက်ဖြာများကို ဓားမဖြင့်ဖျင်ပေးနေသည်။

"အဖေ့. . ."

"ဟေ. . . ဘာလဲဟ"

"အိမ်အတွက် ထင်းကို ဘယ်နှစ်ရက်တောင် ခုတ်ရမှာလဲအဖေရ"

"အလုပ်ဖြင့် မလုပ်သေးဘူး၊ စကားက များပြီ"

"အဖေ နေ့တိုင်း ဒီလိုထင်းခုတ်နေရရင် မလွယ်ဘူးပေါ့၊ ဆူးစူးဦးမယ်အဖေ"

ခင်ထွေးက ထင်းစလေးများကို စုလိုက်ပြီးပြောလိုက်သည်။

"ညည်း စကားလာပြောမှ ငါ့မှာအာရုံများပြီးခိုက်မိပြီ၊ ညည်း စကားလာပြောမနေနဲ့၊ ငါခိုင်းတဲ့အတိုင်း သွားလုပ်ချေ"

www.burmeseclassic.com

www.burmeseclassic.com



အဖေက ကန္တာရပင် ပင်စည်ပိုင်းမှ အကိုင်းအခက်များကို ခြေထောက်ဖြင့်ဖိပြီး ဓားဖြင့်ခုတ်ရင်း လှမ်းပြောလိုက်သည်။ ခင်ထွေးက ထင်းစများကို စုစည်းပြီး ခပ်ဝေးဝေးနေရာသို့ သွားပုံနေသည်။ ထိုစဉ် အဖေ့ထံမှ 'အား. . .' ဟူသောအသံကြောင့် လှည့်ကြည့်၍ အဖေရှိရာသို့ အပြေးသွားကြည့်လိုက်၏။

"ဘာ. . . ဘာဖြစ်လို့လဲ အဖေ၊ ဟာ. . . အဖေ. . . အဖေ. . . အဖေ့ခြေဖဝါးမှာ ဆူးကြီး. . ."

ကန္တာရဆူးကြီးတစ်ချောင်းမှာ အဖေစီးထားသည့် ရော်ဘာဖိနပ်ကို ဖောက်ထွင်းသွားပြီး အဖေ့ခြေဖဝါးကို စူးဝင်နေသည်။ ထိုသို့ စူးဝင်နေသောဆူးကြီးမှာ ခြေဖမိုးမှပင် တစ်လက်မခန့် ပေါက်ထွက်နေသည်ကို မြင်လိုက်ရသည်။ ခင်ထွေးပင် မြင်လိုက်သည်နှင့် ထိတ်လန့်သွားသည်။ သူ အကြောက်လွန်ပြီး အဖေ့ခြေထောက်မှဆူးကို ဆွဲနုတ်လိုက်သည်။ ရော်ဘာဖိနပ်မှ ဆောင့်ဆွဲလိုက်သောအခါ ဆူး ကျိုးပဲ့ထွက်လာ၏။ ရော်ဘာဖိနပ်နှင့်ကပ်လျက် ဆူးကျိုးပြီးထွက်လာသော အဖေ့ခြေထောက်သည် မြင်မကောင်းအောင် သွေးခြင်းခြင်းနီလျက်ရှိနေသည်။

ခင်ထွေး၏ စူးစူးဝါးဝါးအော်သံကြောင့် အမေကြီး အိမ်ထဲမှထွက်လာသည်။

"ဘာဖြစ်ကြတာလဲ၊ ဟဲ့. . . အို. . . မောင်ရွှေ ဘာဖြစ်တာလဲ"

"ဆူးစူးလို့ အမေကြီးရေ ကျုပ် ဆူးဆွဲနုတ်လိုက်တာ. . ."



"မှန်း. . . ပြစမ်း မောင်ရွှေ မင်းနယ့်ကွာ၊ ဆူးဝင်သွားတာ နည်းမှမနည်းဘဲ"

အမေကြီး နှုတ်ဖျားမှပြောရင်း အဖေ့နားတွင်ထိုင်ချလိုက်သည်။ ခင်ထွေးက ဖိနပ်ကိုပြလိုက်ပြီး -

"ဒီမှာ အမေကြီး၊ ဆူးက ဒီဖိနပ်ကိုတောင် ဖောက်သွားပြီး ခြေဖမိုးပါ ပေါက်ထွက်သွားတာ၊ ဆူးတော့ နုတ်ပြီးပြီ၊ ခြေဖဝါးထဲမှာ ကျိုးပဲ့နေတာကျန်သေးတယ်၊ ဘယ်လိုလုပ်ရမလဲဟင်"

ခင်ထွေးအသံမှာ တုန်ယင်နေသည်။

"ဟဲ့. . . ခင်ထွေး ကန္တာရအရွက်ကိုကြိတ်လိုက်၊ ချေးပျစ်နေအောင်ကြိတ်လိုက်စမ်း၊ ပြီးရင်. . . ဇလုံလေးနဲ့ထည့်ခဲ့"

အမေကြီးခိုင်းသည့်အတိုင်း ကန္တာရရွက်များကိုခြွေ၍ အိမ်ထဲသို့ အမြန်ဝင်သွားပါသည်။ သနပ်ခါးကျောက်ပျဉ်တွင် သနပ်ခါးတုံးခပ်ကြီးကြီးဖြင့် ကန္တာရရွက်များကို ကြိတ်လိုက်ပါသည်။ စိတ်လောနေသည့်အတွက် အတော်ပင်ကြိတ်ယူရသည်။

"အမေကြီးရေ ကြိတ်ပြီးပြီ၊ ဒီလောက်ဆိုရပြီလား၊ အဖေ သိပ်နာနေလား"

"ဆူးစူးတာပဲအေ၊ ဒီလောက်တော့ နာမှာပေါ့အေ့ သိပ်လည်း ခစိုးရိမ်ပါနဲ့၊ ကျုပ်တို့များ ကန္တာရဆူးစူးဖူးတာ ခဏ ခဏပဲ၊ ကန္တာရဆူးစူးရင် ကန္တာရအရွက်ကြိတ်ပြီး စည်းလိုက်ရင် ပျောက်တာပါအေ"

ခင်ထွေး သက်ပြင်းချလိုက်ပြီး အမေကြီးလုပ်သည်ကို ကြည့်နေသည်။

www.burmeseclassic.com

www.burmeseclassic.com

"ဟဲ့. . . ခင်ထွေး၊ ဆူးစူးတဲ့နေရာကို ဆေးအုံပြီးရင် ဘာနဲ့စည်းရမှာလဲ၊ အဝတ်တစ်ခုခု ယူခဲ့လေ၊ ပုဆိုးစုတ်ဖြစ်ဖြစ်၊ လက်ကိုင်ပဝါဖြစ်ဖြစ် ယူခဲ့လိုက်"

"ဟုတ်. . . ဟုတ်ကဲ့ပါ အမကြီးရဲ့၊ ဘာလုပ်လို့ ဘာကိုင်ရမှန်းတောင် မသိတော့ဘူး၊ အမကြီးက ဒီကြားထဲအော်နေတော့၊ ဩော်. . . သတိရပြီ"

သူ့လွယ်အိတ်ထဲက လက်ကိုင်ပဝါအသစ်လေးကို ထုတ်ယူလိုက်သည်။ ဒွေးလေးမြ၏ မင်္ဂလာဆောင်တွင် အလှကိုင်ရန်အတွက် ဝယ်ထားသည့် လက်ကိုင်ပဝါလေး။ လက်ကိုင်ပဝါအသစ်လေးကို အမကြီးထံပေးလိုက်ရသည်။ လတ်တလောဖြစ်နေသည့်အခြေအနေအရ သည်လက်ကိုင်ပဝါလေးဖြင့် ကန္တာရအရွက်ထောင်းထားသည့် အစေးအပျစ်ကိုအုပ်ပြီး အနာပေါ်စည်းပေးလိုက်သည်။

"ကျန်းမာရေးဆေးခန်းကို သွားပြလိုက်ပါလားအဖေ"

ခင်ထွေးက ဆူးစူးသည့်နေရာကို စည်းပြီးသည်နှင့် အဖေ့ကို ပြောလိုက်ပါသည်။

"မလိုတော့ပါဘူးဆိုအေ၊ ကျုပ်လည်း ခဏခဏ ကန္တာရဆူးစူးပါတယ်ဆိုမှ၊ လျှာရှည်လိုက်တာလည်း လွန်ရော၊ တခြားဘာဆေးမှမလိုပါဘူး၊ ဒါသဘာဝတိုင်းရင်းဆေးပဲ"

အဖေ ခြေထောက်သိပ်မထောက်နိုင်တော့ပါ။ ခင်ထွေးက အဖေခုတ်ထွင်ပြီးသော ထင်းစများကို ကြိုးများဖြင့် အစည်းများလုပ်ပြီး လှည်းပေါ်တင်လိုက်ပါသည်။



"ဟဲ့. . . လှည်းကို ဘယ်သူမောင်းမှာလဲ"

အမကြီးကမေးသော် အဖေက မျက်နှာရှုံ့မဲ့မဲ့ဖြင့် ဖြေလိုက်ပါသည်။

"ကျုပ် မောင်းမှာပေါ့ဗျာ"

"မင်းဟာက မဟုတ်သေးပေါင်ကွယ်၊ ခြေထောက်တောင်မှ ထောက်မရတာ၊ လှည်းမောင်းနိုင်ပါ့မလား၊ ခင်ထွေးရော. . . ညည်းမောင်းနိုင်လား"

"ကျုပ် မောင်းနိုင်ပါတယ်။ အဖေက ကျုပ်ဘေးမှာထိုင်ပြီး ထိန်းပေါ့၊ ဟုတ်လား. . . အဖေ၊ အဲဒီလိုဆိုရင် မကောင်းဘူးလား"

"ဖြစ်ပါ့မလားအေ၊ မဖြစ်ဘူးဆိုရင် ဒီည ဒီမှာအိပ်လိုက်ပေါ့၊ နံနက်ကြီးမိုးလင်းမှ ထသွားလေ၊ ခု မြခြယ်လည်း ဥပုသ်စောင့်သွားတာ ပြန်မလာသေးဘူး၊ နံနက်ကြီးမိုးလင်းမှ ပြန်ရင်လည်းအကောင်းသား၊ မြခြယ်ပါ ထည့်လို့ရအောင်"

အမကြီးက လှည်းနားတွင်ရပ်ပြီး ပြောနေသေးသည်။ အဖေက -

"နံနက်ကြီးမှ ထပြန်လို့မဖြစ်ဘူးအမေရေ့၊ ဘထွေးဆီက နွားလှည်းကို တစ်ရက်တည်းဆိုပြီး ငှားလာရတာ၊ သူ့နွားလှည်းကို ဘယ်သူ့မှငှားတာမဟုတ်ဘူး၊ ကျုပ်ကိုသာ ငှားတာအမေရ၊ လာ. . . ခင်ထွေး၊ အဖေ့ကိုတွဲစမ်း. . ."

ခင်ထွေးက အဖေ့ကိုတွဲခေါ်လိုက်သည်။ လှည်းပေါ်တက်ရာတွင် ခင်ထွေးအကူအညီသာမက အမကြီးပါ တွဲမ,တင်လိုက်ရသေးသည်။

www.burmeseclassic.com

www.burmeseclassic.com

ဒွေးလေးမြကို တွေ့မြင်ချင်၍ လိုက်လာရသည့် ခင်ထွေး တစ်ယောက်၊ ဒွေးလေးမြကို မတွေ့ခဲ့ရသည့်အတွက် စိတ်မကောင်း တော့ဖြစ်မိပါ၏။ သို့သော်လည်း မတတ်နိုင်။ အဖေ့ခြေထောက် အနာတရဖြစ်ရသည်က ပို၍အရေးကြီးသည်မဟုတ်ပါလား။

အဖေ့အခြေအနေကို မြင်လိုက်သည်တွင် အမေလည်း မျက်ကလဲဆန်ပျာဖြစ်သွားသည်။ ခင်ထွေးရှင်းပြလိုက်မှ စိတ်အေး သွားပုံရသည်။

"တော်တော်များလား ခင်ထွေး"

"များဆို အမေရယ်၊ ဖိနပ်ကိုဖောက်ဝင်ပြီး ခြေဖမိုးက ဆူးကြီးထွက်လာတာအမေရဲ့၊ တော်တော်လေးကိုနက်တယ်၊ ဆေးခန်းပြမလို့ဟာ အမေကြီးက ကန္တာရဆူးအရွက်ကိုထောင်းပြီး အုံခိုင်းလို့အုံလိုက်ရတယ်၊ အဲဒါ သဘာဝဆေးပဲတဲ့၊ အမေကြီးက ပြောလိုက်တယ်"

"အေး. . . ဟုတ်တယ်သမီးရဲ့၊ အမေငယ်ငယ်တုန်းက အမေ့လက်မောင်းကို ကန္တာရဆူးနဲ့ခြစ်မိတာ၊ အမှတ်တမဲ့ပေါ့. . . ညကျ ရောင်လာလိုက်မှလေ၊ တအားကြီးကို ရောင်လာတာ၊ အဲဒါနဲ့ ညည်းအမေကြီးက ကန္တာရအရွက်ကိုထောင်းပြီး အုံပေး လိုက်တော့ သုံးရက်လောက်ကြာရော. . . ပျောက်ရော"

အမေ့စကားကြောင့် အဖေ့အနာအတွက် စိတ်ချသွား ပါသည်။

❀ ❀ ❀ ❀ ❀



ညက အဖေ့ညည်းသံကြောင့် သူပင် ကောင်းကောင်း အိပ်မပျော်ခဲ့။ နံနက်အိပ်ရာထသော် ခေါင်းကမကြည်မလင်နှင့်။ မျက်နှာအမြန်သစ်၍ ခေါင်းကို ဖြီးစလွယ်ဖြီးလိုက်ပြီး အိမ်ရှေ့သို့ ထွက်လာခဲ့၏။ အိမ်ရှေ့ကပြင်တွင် ငုတ်တုတ်ထိုင်ချလိုက်သည်။

"ဟဲ့. . . ကောင်မလေး၊ အိပ်ချင်မူးတူးနဲ့၊ သွား. . . သွား. . . သနပ်ခါးလေးဘာလေး သွားလူး၊ မိန်းကလေးဆိုတာ မိုးလင်းတာနဲ့ သနပ်ခါး မျက်နှာပေါ်တင်ထားမှ မိန်းမပီသတာ"

ခင်ထွေးလည်း စိတ်မရှည်စွာနှင့် မှန်မကြည့်ဘဲ သနပ်ခါး ကိုခပ်ပျစ်ပျစ်သွေးလိုက်သည်။ သနပ်ခါးလိမ်းပြီး အိမ်ရှေ့ထွက် လာသည်နှင့် အစ်မက -

"ဟား. . . ဟ၊ ပဲဟင်းအိုးမှောက်လာတဲ့မျက်ခွက်၊ ကိုယ့်မျက်နှာကို မှန်ရောကြည့်ခဲ့ရဲ့လားမသိဘူး၊ လုပ်လိုက် ရင်လေ ပြောစရာကိုဖြစ်ရောပဲ"

သူ အိမ်ထဲပြန်ဝင်မည်အလုပ် ရုတ်တရက် အိမ်ဝိုင်းထဲသို့ ဒွေးလေးမြဝင်လာသည်ကို တွေ့လိုက်၍ ဝမ်းသာအားရဖြစ်သွား သည်။

"ဟင်. . . ဒွေးလေးမြ၊ အမေ. . . ဒွေးလေးမြလာတယ်ဗျို့၊ ပိန်သွားလိုက်တာ ဒွေးလေးမြရယ်၊ နေမှကောင်းရဲ့လား"

ရင်ထဲမှ လှုပ်ရှားမှုမရှိသည့်အပြုံးသက်သက်ဖြင့် ပြုံးပြ လိုက်ပြီး -

"အစ်ကိုရွှေရော. . . ဆူးစူးတဲ့နေရာ ဘယ်လိုနေသေးလဲ"

www.burmeseclassic.com

www.burmeseclassic.com

ဒွေးလေးမြက အိမ်ပေါ်တက်လာရင်း မေးလိုက်သည်။

"အဖေ သက်သာပါတယ်ဒွေးလေးမြရယ်၊ ညကတော့ အနာကြောင့် ညည်းတော့ညည်းတာပေါ့၊ အနာရောင်နေတယ်လေ၊ ဒွေးလေးမြက ခင်ထွေးမေးတာကို အရေးမစိုက်ဘူးပေါ့၊ ဒွေးလေးမြ နေကောင်းရဲ့လားလို့ မေးနေတယ်လေ"

"နေကောင်းပါတယ် ခင်ထွေးရယ်၊ မနေ့က ဥပုသ်စောင့်သွားနေတာ၊ ခင်ထွေးတို့သားအဖ လာသွားတယ်၊ အစ်ကိုရွှေက ထင်းခုတ်ရင်း ခြေထောက်မှာဆူးစူးသွားတယ်လို့ အမေကပြောတယ်၊ ခြေဖမိုးတောင် ပေါက်သွားတယ်ဆို"

ဒွေးလေးမြက စကားပြောရင်း အိမ်ရှေ့တွင် အသာထိုင်လိုက်ပါသည်။ ဒွေးလေးမြကိုကြည့်၍ ခင်ထွေး အားမလိုအားမရ ဖြစ်နေမိသည်။

"အမေက အိမ်နောက်ဖေးမှာ ထမင်းအိုးတည်နေတယ်၊ အစ်မကိုတွေ့ချင်ရင် အိမ်နောက်ဘက်ကိုသွား၊ အဖေတော့ ညက အနာရှိန်ကြောင့် မအိပ်နိုင်လို့ နံနက်ကြီးမှအိပ်တာဆိုတော့ မနိုးသေးဘူး၊ ဒွေးလေးမြ ရေနွေးကြမ်းသောက်ပါဦး"

အစ်မခင်လေးက ရေနွေးကြမ်းဇန်းကိုင်ထွက်လာပြီး စကားဆိုလိုက်၏။

"ဟဲ့. . . ခင်ထွေး၊ ညည်းမျက်နှာကို မှန်ကြည့်ပြီး ရေနဲ့ပွတ်ပစ်လိုက်ဦး၊ ဒွေးလေးမြရဲ့တူမမျက်နှာ ကြည့်လိုက်ပါဦးလေ"



"ဟုတ်ပါရဲ့၊ ခုမှ ခင်ထွေးမျက်နှာ သေချာကြည့်မိတယ်။ သွားလေ. . . မျက်နှာက သနပ်ခါးညီအောင်ညှိလိုက်. . ."

"အဲဒီလိုပဲ ဒွေးလေးမြရေ၊ ဒွေးလေးမြတူမ ခုထိအချိုးမပြေသေးဘူး၊ ပြောရဆိုရတာ နေရာတိုင်းပဲ၊ ဒါနဲ့ ဒွေးလေးမြ နံနက်စောစောဘာနဲ့လာလဲ"

"ဘထွေးလှည်းနဲ့ကြုံလို့လေ၊ နံနက်ကြီးမိုးအလင်းက ဘကြီးသန်းအိမ်ကို ဘထွေးက သက်ကယ်လာပို့တာ၊ ရွာသစ်ကို ပြန်မှာဆိုတာနဲ့ လှည်းကြုံလိုက်လာတာ"

"တော်သေးတာပေါ့. . . ဒွေးလေးမြလာရတာ သက်သာတာပေါ့"

ထိုစဉ် အမေ အိမ်ရှေ့သို့ရောက်လာသည်။

"ဟဲ့. . . မြခြယ်ရယ်၊ နေကောင်းရဲ့လား၊ ကျုပ်ညီမ ပိန်ချက်အေး၊ ကျန်းမာရေးလည်း ဂရုစိုက်ဦး၊ မနေ့က ညည်းအစ်ကိုလေ. . . ပြောကိုမပြောချင်တော့ဘူး၊ ကန္တာရဆူး ခြေဖမိုးကိုစူးတာ"

"အမေပြောလို့ ညနေစောင်းကတည်းကသိတယ်၊ ညကြီးမိုးကြီးချုပ်မှာ အမေက မလိုက်နဲ့လို့ပြောလို့၊ ခုလှည်းကြုံတာနဲ့လိုက်လာတာ၊ အနာအတော်ရောင်နေလား အစ်မ"

အမေက ဒွေးလေးမြဘေးတွင် ဝင်ထိုင်လိုက်သည်။ သူ၏ ညီမမျက်နှာကြည့်ပြီး -

www.burmeseclassic.com

www.burmeseclassic.com

"ညကနာတော့ ညည်းနေတာပေါ့၊ ခင်လေးဝယ်ပေးတဲ့ အင်္ဂလိပ်အကိုက်အခဲပျောက်ဆေးကို ကော်ဖီနဲ့တိုက်လိုက်တော့ သက်သာတယ်တဲ့၊ အဖေရော ရှမ်းပြည်နယ်ကပြန်လာပြီလား"

ခင်ထွေးပင် အဘနှင့် မတွေ့ရသည်မှာကြာလှပြီ၊ ဖွေးလေးမြ၏ သတို့သားလောင်း ဦးထွေး သေဆုံးသွားကတည်းက အဘ ရှမ်းပြည်နယ်ဘက်ထွက်သွားသည်။ တစ်လမှ တစ်ခါ၊ နှစ်လမှ တစ်ခါလောက်သာပြန်လာသည်ဟု အမေကြီးက ပြောသည်။ လက်ဖက်ခြံတွင် ခြံစောင့်သွားလုပ်နေသည်ဟု အမေကြီးက မကျေမနပ်နှင့် ပြောပြတတ်သည်ကို မကြာခဏ ကြားရပါ၏။

"ကိုယ့်သမီးကို ယူမည့်သူသေတာပဲ၊ ကိုယ့်သမီးသေတာ မှမဟုတ်တာ၊ အဘကလည်း တယ်ခက်၊ လူတိုင်းသေရမှာပဲ၊ ရင်မဆိုင်ချင်လို့ ရမလား"

ခင်ထွေး၏ အဘိုးအပေါ်ဝေဖန်မှုကြောင့် အမေက ခင်ထွေးခေါင်းကို ခေါက်လိုက်ပါတော့သည်။ 'ဒေါက်' ဟူသော အသံနှင့်အတူ ခင်ထွေး ခေါင်းပူပြီး မူးသွားသည်။

"ညည်းဟာလေ. . . အဘိုးကိုတောင် မလွှတ်ဘူး၊ လူတိုင်းကို လိုက်ဝေဖန်နေတာပဲ၊ ညည်း ဘယ်လောက်နားလည် လို့လဲ၊ ရွာမှာနေရင် မြခြယ်ကောင်လေးအကြောင်းပဲ စဉ်းစားမိပြီး စိတ်မကောင်းဖြစ်လွန်းလို့ဆိုပြီး ဟိုမှာ စိတ်အပြောင်းအလဲနဲ့ အလုပ်သွားလုပ်တာဟဲ့၊ ညည်းက ဘာသိတာမှတ်လို့"



"အမေကလည်း အမေ့သမီးအကြောင်းသိသားနဲ့ဟာ။ ဒီကောင်မလေးက ပါးစပ်လည်း အငြိမ်မနေတတ်တော့။ သူ ပြောသမျှ ခေါင်းခေါက်ရ ရိုက်ရမယ်ဆိုရင် သူ့မှာ ဒဏ်ရာဒဏ်ချက် တွေပြည့်လျှံနေပြီပဲ၊ ခေါင်းတော့ မခေါက်ပါနဲ့အမေရဲ့၊ သူ့ဉာဏ် စူးစူးတွေ တုံးကုန်ပါ့မယ်"

"အစ်မ နောက်မနေနဲ့ပါနဲ့တော့၊ ကျုပ် တကယ်ခေါင်းမူး တာတော့"

ခင်ထွေး၏ အမှန်တကယ်နာကျင်နေသည့် အမူအရာပုံစံ ကိုကြည့်ပြီး သူ့အစ်မက ပခုံးတွန့်ပြလိုက်ပါသည်။

"ညည်းအဘက သူ့သမီးအငယ်မ မြခြယ်ကို ပိုချစ်တယ်ဟဲ့၊ အမေ့ကိုတော့ အကြီးမဆိုပြီး သိပ်အလိုမလိုက်ဘူး၊ မြခြယ်ကို မွေးတော့ အမေ နို့သိပ်မထွက်ဘူး၊ အိမ်မှာမွေးထားတဲ့နွားမကြီး ဖြူမရဲ့နွားနို့နဲ့ နို့တိုက်မွေးလာရတာ၊ ဒါ့ကြောင့် ညည်းအဘတို့ အမေကြီးတို့က မြခြယ်လေးက နွားနို့နဲ့မွေးလို့ အသားဖြူပြီးလှတာ လို့ ခဏခဏပြောတာ"

အမေက ခင်ထွေးတို့ညီအစ်မကို 'အဘ' အကြောင်း ပြောပြနေသေးသည်။ ခင်ထွေးက ရုတ်တရက် အမေ့ကိုပြောလိုက် သည့်စကားကြောင့် အမေရော အစ်မပါ မျက်လုံးပြူးကုန်တော့ သည်။

"အမေ. . . အမေ၊ တကယ်လို့ ခုနေအခါမှာ ဦးပိုက်က အမေတို့လူကြီးတွေ လိုချင်တဲ့ အခြေအနေဖြစ်နေပြီဆိုပါတော့၊

www.burmeseclassic.com

www.burmeseclassic.com



အဲဒီလိုဆိုရင် အမေတို့ ဒွေးလေးမြကို ဦးပိုက်နဲ့ သဘောတူပေးဖို့ စဉ်းစားပေးမှာလား”

အစ်မခင်လေးက သူ့ညီမကို အမေဖြစ်သူ မရိုက်အောင် ဝင်ပြောလိုက်သေး၏။

“ဒီကောင်မလေးဟာ စကားအကောင်းပြောနေရင်းနဲ့ ဖောက်လာပြန်ပြီ၊ အဆက်အစပ်မရှိ၊ အဓိပ္ပာယ်မရှိတဲ့စကားနဲ့ လာပြောမနေစမ်းနဲ့၊ ညည်းဟာလေ ခေါင်းခေါက်လို့လည်းမရ၊ ပေါင်တွင်းကြောနာနေအောင် ဆွဲလိမ်လို့လည်းမရ၊ တော်တော် အမှတ်မရှိတဲ့ကောင်မ. . .’

အစ်မခင်လေးက ခင်ထွေးခါးကို ဆွဲဆိတ်ထားသောကြောင့် ရိုက်မည့်ဟန်ပြင်လိုက်သည့်အမေ အရှိန်သတ်လိုက်သည်။ ဒွေးလေးမြက ခင်ထွေးစကားကြောင့် ခေါင်းကိုငုံ့ထားသည်မှာ ပြန်မမော့တော့ပေ။ ခင်ထွေးက ဒွေးလေးမြကို ချစ်လည်းချစ်၊ သနားလည်း သနားသည်။ ခင်ထွေးက သူပြောချင်သည့်စကားကို ပြောလိုက်ရသည့်အတွက် အဆူခံ၊ ဆွဲလိမ်ခံရသော်လည်း ကျေနပ်မိသည်။

“အမေက အစ်ကိုရွှေ အနာတစ်ဖက်နဲ့မို့ အလုပ်လုပ်နိုင်မှာမဟုတ်ဘူးဆိုပြီး မြခြယ်ကိုလွှတ်လိုက်တယ်၊ အစ်မကို မုန့်ကူရောင်းပေးလိုက်တဲ့၊ အစ်ကိုသက်သာမှ ပြန်လာခဲ့တဲ့၊ ဒီမှာ အစ်မ၊ အမေပေးလိုက်တဲ့ဆေးဖိုး. . .”

ဒွေးလေးမြက လွယ်အိတ်ထဲက ပိုက်ဆံအိတ်ထုတ်ယူပြီး အမေ့လက်ထဲသို့ ပိုက်ဆံထည့်လိုက်သည်။



“ခုလောလောဆယ် မလိုသေးပါဘူးအေ၊ ညည်းပဲ ယူထားလိုက်ပါ”

အမေက ဒွေးလေးမြကို ပြန်ပေးလိုက်သည်။ မနေ့ညကတည်းက အဖေ့အနာသည် တစ်ရက်၊ နှစ်ရက်လောက်နှင့် ပျောက်ကင်းနိုင်မည်မထင်။

“အမေ မုန့်ရောင်းလို့ရမှဖြစ်မှာ၊ အဖေ့အနာကြောင့် အမေ မုန့်ရောင်းဖို့ ပိုက်ဆံလျော့နေပြီမဟုတ်လား၊ အရင်းလျော့နေရင် အလုပ်မဖြစ်ဘူးနော်အမေ၊ သူစိမ်းကပေးတာမှမဟုတ်ဘဲ၊ ကိုယ့်အမေ၊ ကိုယ့်ညီမပဲဟာ. . .”

ခင်ထွေးစကားကြောင့် ဒွေးလေးမြလက်ထဲမှ ပိုက်ဆံသည် အမေ့လက်ထဲ လက်လွှဲ၍ရောက်သွားသည်။ အစ်မခင်လေးက -

“ခင်ထွေးကတော့ကွာ၊ ခေါင်းမှာလည်းဖုနဲ့၊ ပေါင်မှာလည်း အညိုအမည်းစွဲနေပြီ၊ ဒါတောင် ပါးစပ်ကအငြိမ်မနေနိုင်ဘူး”

မည်သို့ပင်ဖြစ်စေ အမေ့ဈေးဗန်းဖိုးရပြီဖြစ်သည်။

“အစ်မ. . . ကျုပ်ပါ မုန့်ရောင်းမယ်၊ မုန့်နှစ်ဗန်းစာ ကျိုခိုင်းနော်အစ်မ”

“နေစမ်းပါအေ. . . မရောင်းပါနဲ့၊ လာသခိုက် အေးအေးဆေးဆေး နားနားနေနေပေါ့”

ဒွေးလေးမြ မုန့်ရောင်းမည်ပြောသည်ကို အမေက တားလိုက်သည်။

“မဟုတ်ပါဘူး အစ်မရယ်၊ အပြောင်းအလဲပေါ့၊ အစ်ကိုရွှေ အနားမှာ အစ်မကရှိနေရမှာပေါ့”

www.burmeseclassic.com

www.burmeseclassic.com

"ကဲပါ. . . အမေရာ၊ ရောင်းပေမယ့်သူက ရောင်းပါမယ် ဆိုမှ၊ ကဲ. . . ကျုပ် မုန့်သွားကြိတ်လိုက်မယ်၊ အမေ ပိုက်ဆံပေးလိုက်။ ဗန်းနှစ်ဗန်းစာဆိုတော့ ဆန်က ရှစ်ဘူး၊ ထန်းလျက်က တစ်ပိဿာဖိုးပေးလိုက်၊ ကျုပ်နဲ့ ဒွေးလေးမြ မုန့်ရောင်းကြမယ်၊ အမေက အဖေ့အနားမှာနေ"

အမေလည်း ခင်ထွေးကို မည်သို့မျှမပြောနိုင်တော့။ ဘကြီးစံအေးတို့အိမ်မှာ ဆန်သွားကြိတ်ရသည်။ ဆန်အကောင်းစားသုံးမှ မုန့်ပိုမွေးသည်။ အမေက ပစ္စည်းကောင်းကောင်းသုံးသည်။ ခင်ထွေးကလည်း ကူညီ၍ အုန်းသီးခြစ်ပေးသည်။ အချိုးအစားကျ၍ မုန့်သည် မွှေးကြိုင်ပြီး အရသာရှိလှသည်။

"ကဲ. . . အမေ၊ ကျုပ်နဲ့ ဒွေးလေးမြ မုန့်ရောင်းလိုက်ဦးမယ်၊ မုန့်ကုန်ရင် အိမ်တန်းပြန်လာခဲ့မယ်၊ ဘယ်မှာမှမဝင်ဘူး၊ စိတ်ချ. . ."

ခင်ထွေးစကားကြောင့် အမေက ရိုက်မည့်ဟန်ပြင်ပြီး -

"အမေပြောရမယ့်စကားကို ညည်းက ပြောလိုက်တယ်ပေါ့၊ ငါ ရိုက်လိုက်လို့၊ ကဲပါ. . . နေမြင့်တော့မယ်၊ တော်ကြာ ခေါင်းပူနေဦးမယ်၊ သွားတော့. . ."

တူအရီးနှစ်ယောက် မုန့်ဗန်းရွက်ပြီးထွက်လာခဲ့သည်။ ရွာတောင်ဘက်နှင့် မြောက်ဘက် တစ်ဖက်စီခွဲ၍ ရောင်းကြမည်။ ရွာလယ်က အရီးမသန်းမြင့်တို့အိမ်၌ ဆုံကြမည်ဟုပြောထားကြသည်။



"မုန့်ကျွဲသည်း. . ."

ခင်ထွေး၏အသံစာစာကြောင့် နံနက်ခင်း မုန့်ဆာနေသော ကလေးငယ်တို့သည် သူတို့၏မိခင်ကို မုန့်ဝယ်ပေးရန်ပူဆာကြသည်။ ခင်ထွေးက မုန့်ကျွဲသည်းကို ရေတွက်၍လှီးထားပြီး အတုံးသေးများကိုလည်း ရံထားသည်။ ကလေးငယ်များဝယ်စားလျှင် အတုံးသေးလေးများကို အဆစ်ထပ်ပေးလိုက်သည်။ မြန်မာတို့၏ ထုံးစံအတိုင်း အဆစ်ပေးလျှင် တန်နေပြီဟု ထင်နေသည့်အစွဲကြောင့် ခင်ထွေး၏ မုန့်ဗန်းမှာ ခဏအတွင်း ကုန်သွားသည်။ အရီးမသန်းမြင့်တို့အိမ်ရှေ့ရောက်သော် ဒွေးလေးမြ မရောက်သေးပေ။

ခင်ထွေးလည်း သစ်မြစ်ပေါ်ထိုင်ပြီး ဟိုဟိုဒီဒီငေးကြည့်နေမိသည်။ ထိုစဉ် လှည်းတစ်စီးသည် တအီအီနှင့် ခင်ထွေးထိုင်နေသည့်နားရောက်လာသည်။

"ဟော့. . . ခင်ထွေး၊ ဘာလုပ်နေတာလဲ"

သူမနှင့်မစိမ်းသော အသံဝါဝါကြီးကြောင့် လှည်းမောင်းသူကိုကြည့်လိုက်ရာ -

"ဟာ. . . ဦးပိုက်၊ ဦးပိုက် နေကောင်းလား"

ခင်ထွေး ထခုန်မတတ် ဝမ်းသာသွားသည်။ ဦးပိုက်ကလှည်းပေါ်မှ လွှားခနဲခုန်ဆင်းချလာသည်။

"ဦးပိုက်ရာ. . . ပိန်သွားလိုက်တာ"

ခင်ထွေးက အနည်းငယ်တိုးသွားသည့်အသံဖြင့် ပြောလိုက်သည်။ ဦးပိုက်က ဦးထုပ်ချွတ်လိုက်ပြီး

www.burmeseclassic.com

www.burmeseclassic.com



"ခင်ထွေးရာ မတွေ့တာကြာပေါ့ကလေးရယ်၊ ညည်းရော နေကောင်းလား"

"ကောင်းပါ့တော်၊ ကျုပ် မုန့်ရောင်းထွက်လာတာ၊ အဖေ ရယ်လေ မနေ့က အမေကြီးတို့ရွာမှာ ထင်းသွားခုတ်တာ၊ ကန္တာရ ဆူးစူးလာလို့လေ၊ အဲဒါ အမေဈေးမထွက်နိုင်ဘူး၊ အဖေ့ခြေထောက် အနာ တော်တော်ကြီးတာ၊ ခု ကျုပ်နဲ့ ဒွေးလေးမြတို့ မုန့်ရောင်း ကြတာ၊ ဒွေးလေးမြက ရွာတောင်ပိုင်းမှာ မုန့်သွားရောင်းတယ်၊ ဒီနေရာမှာ ဆုံကြမယ်လို့ ပြောထားတယ်"

ခင်ထွေးစကားဆုံးသည်နှင့် မရှေးမနှောင်းမှာပင် ဒွေးလေးမြ ဗန်းကိုင်ပြီးလျှောက်လာသည်ကို တွေ့လိုက်ရသည်။

"ဟိုမှာ. . . ဒွေးလေးမြ လာနေပြီ"

ခင်ထွေးမျက်စိထဲတွင် ရုပ်ရှင်ဗီဒီယိုဇာတ်လမ်းထဲကလို မမျှော်လင့်ဘဲ ပြန်လည်ဆုံတွေ့ကြသည့် မင်းသားနှင့် မင်းသမီးတို့ မြင်လိုက်ရသလိုပင်။ ဒွေးလေးမြနှင့် ဦးပိုက်တို့ တစ်ဦးကိုတစ်ဦး မည်သည့်စကားမျှ မပြောနိုင်ဘဲ မျက်လုံးချင်းဆုံနေကြပါ၏။ ခဏ အကြာ ဦးပိုက်က -

"မြခြယ်. . . မြခြယ် နေကောင်းတယ်နော်"

"ဟုတ်. . . ဟုတ်ကဲ့၊ ကောင်းပါတယ်"

ဒွေးလေးမြမျက်နှာ ပန်းနီရောင်ပြောင်းသွားသည်။ ခင်ထွေးလည်း ခပ်လှမ်းလှမ်း၌ရှိသည့် တမာပင်အောက်သို့ မသိ မသာထွက်လာခဲ့သည်။ ငါးမိနစ်ခန့်ကြာသော် ဦးပိုက်က သူတို့ကို နှုတ်ဆက်၍ လှည်းဖြင့်ထွက်သွားသည်။



"ခင်ထွေး အစ်ကိုရွှေ ခြေထောက်အနာဖြစ်တာ ပြောလိုက် သလား"

"ပြောလိုက်တယ်လေ ဒွေးလေးမြရဲ့"

"ခက်တာပဲ. . .၊ အဲဒါကြောင့် ကိုပိုက်က အနာအတွက် ဆေးယူလာခဲ့မယ်တဲ့၊ ခု သူ့ရွာရဲ့အရှေ့ဘက် အရိုးမှုန့်တို့အိမ်မှာ ခြံစည်းရိုးပြင်တာ လာလုပ်ပေးနေတာ၊ တစ်ရက်၊ နှစ်ရက်ကြာဦး မှာတဲ့"

"ဒါဆို ဘယ်လိုလုပ်မလဲ၊ ဒွေးလေးမြစကားအရဆိုရင် ဦးပိုက်က အဖေ့ဆီကိုလာလိမ့်မယ်ထင်တယ်"

* * * * *

"ကျုပ်လည်း အစ်ကို့ခြေထောက် နာနေတယ်ကြားလို့ ဒီအတိုင်းထားလို့ မကောင်းဘူးထင်တယ်၊ မေးခိုင်ကာကွယ် ဆေးတွေဘာတွေ ထိုးထားရင် ကောင်းမယ်ထင်တယ်"

ဦးပိုက်က အဖေ့ကိုလာမေးရင်း ပဋိသန္ဓာရစကားဆို လေသည်။

အဖေ၏ 'မလိုပါဘူး' ဟူသည့် အသံပြတ်ဖြင့် ပြောဆို လိုက်မှုကြောင့် ဦးပိုက်မျက်နှာ 'ကွက်ခနဲ' ပျက်သွားသည်။ အမေ၏ မျက်နှာကိုကြည့်လိုက်သည့်အခါတွင်တော့ အရင်ကလောက် မတင်းမာတော့သည်ကို တွေ့လိုက်ရ၍ စိတ်သက်သာရမိသည်။

"ကိုရွှေရယ်. . . တော့်ကို စေတနာနဲ့လာမေးတာပဲလေ၊ တကယ့်ရန်သူကြီးတွေ ကျနေတာပဲ၊ သူပြောသလိုကာကွယ်ဆေး

www.burmeseclassic.com

www.burmeseclassic.com



တွေ့ဘာတွေထိုးရင် ကောင်းတာပေါ့၊ မောင်ပိုက်မှာ လှည်းပါလို့ ဦးစွာ"

"ဆေးထိုးစရာ မလိုပါဘူး"

"ခက်တာပဲတော်၊ တော့်ခြေထောက်က အတော့်ကို ရောင်နေတာ"

"မင်းအမေပြောသလို ကန္တာရဆူးစူးရင် ကန္တာရအရွက် ထောင်းပြီးအုံထားရင် ပျောက်တယ်ဆို၊ တခြားဘာဆေးမှ မလို ဘူးဆို"

"ကိုရွှေရယ်၊ တော့်ဆူးစူးတာက ဆူးစူးရုံတင်မကဘူး၊ ဆူးကျိုးပြီး အသားထဲကျန်ခဲ့တာမို့ ပြောတာပေါ့တော့"

အမေ့စကားကြောင့် အဖေသည် သောက်လက်စရေနွေး ကြမ်းပန်းကန်ကို ဆောင့်ချလိုက်ပြီး -

"မင်းဟာက အမျိုးမျိုးပဲ၊ မင်းအမေက ကန္တာရဆူးစူးရင် ကန္တာရအရွက်ကို ထောင်းအုံရင် ပျောက်တယ်လို့ပြောတယ်၊ ခုကျတော့ အင်္ဂလိပ်ဆေးထိုးရမယ်ပြောတယ်၊ တော်ပြီ. . . ငါ နားမထောင်တော့ဘူး"

အဖေသည် ထိုင်နေရာမှ တရွှတ်တိုက်ဆွဲ၍ အိမ်ခန်းထဲ ဝင်သွားသည်။ ဦးပိုက်လည်း မျက်စိမျက်နှာမကောင်းဘဲ ပြန်သွားရသည်။

ထိုည၌ အဖေ အပြင်းဖျားသည်။ တဟင်းဟင်းနဲ့ ညည်းညူသံ အဆက်မပြတ်ကြားနေရသည်။ အမေ စိတ်ပူပြီး



ရွာထဲမှာနေသော ဆရာဝန်ကို ညတွင်းချင်းသွားပင့်ပါသည်။ ဆရာဝန် မရှိပါ၊ မြို့တက်သွားသည်ဟုဆိုသည်။

"ဒါဆိုရင် ဘယ်လိုလုပ်မလဲ"

အမေ့အသံ တုန်နေသည်။ စိတ်အပူလွန်နေပြီဆိုတာ သိသာလှသည်။ ခင်ထွေးက ဒွေးလေးမြမျက်နှာကို တစ်ချက်ကြည့် လိုက်ပြီး -

"အရီးမှုန်တို့အိမ်မှာ ဦးပိုက် ဒီညအိပ်မယ်လို့ ညနေက ကျုပ်ကိုပြောပြတယ်၊ ညောင်ပင်သာမှာ ကျန်းမာရေးမှူးရှိတာပဲ အမေရယ်၊ ဦးပိုက်ကို အကူအညီတောင်းပြီး သွားပင့်ခိုင်းလိုက် ပါလား"

ဒွေးလေးမြက စကားတစ်ခွန်းမျှဝင်မပြောတော့။ အမေ ခေါင်းညိတ်သည်နှင့် ခင်ထွေး လှုပ်ရှားတော့သည်။ ဖြစ်ချင်တော့ အရီးမှုန်၏တူမှာ သည်ရွာအတွက် တာဝန်ထမ်းဆောင်ရန်ရောက် လာသော ကျန်းမာရေးမှူးအသစ်ဖြစ်နေခြင်းက အဖေ့အတွက် ကံကောင်းသွားသည်။

နောင်တစ်ချိန်တွင် ခင်ထွေး အသက်အန္တရာယ်မှ ကင်းလွတ်ပြီး ကံကောင်းဖို့ဖြစ်လာမည်ကို မည်သူမျှမသိကြပေ။ ဦးပိုက်က ကျန်းမာရေးမှူးအသစ် (ဦးခင်စိုးဟု ခေါ်ပါသည်)နှင့် သူ၏သားလေး မောင်ပြည်စိုး (ခင်ထွေးအခေါ် ပိဋကတ်အိုးကွဲ)၊ ခင်ထွေးတို့ကို လှည်းဖြင့် ခင်ထွေးတို့အိမ်သို့ ခေါ်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



အဖေ့ခြေထောက် ဆူးစူးသည့်နေရာကို ခွဲထုတ်ပစ်ရသည်။ အဖေ့ခြေဖဝါးမှ ဆူးစအပိုင်းအစ (အမည်းရောင်ဖြစ်နေသည်) များ ထွက်လာသည်။ ကျန်းမာရေးမှူးဦးခင်စိုးက ဆေးထိုးပေးသည်။ သောက်ဆေးလည်း ပေးခဲ့သည်။ ထိုည အဖေ့ထံမှ ညည်းညူသံမကြားရတော့ဘဲ 'တခေါခေါ' ဟောက်လျက် အိပ်ပျော်သွားသည်ကို တွေ့ရ၍ ဝမ်းသာရ၏။

ဦးပိုက်ကို ခင်ထွေးတို့အားလုံး ကျေးဇူးတင်ပါသည်။

"ကန္တာရဆူးစူး ရိုးရိုးစူးရင် ကန္တာရရွက်အုံလိုက်လို့ ပျောက်ပေမယ့် ငါ အခုဖြစ်တာက ဆူးအစအနလေးတွေ ကျိုးကျန်ခဲ့လို့၊ အဲဒီအစလေးတွေက ဆွေးပုပ်ပြီးအနာဖြစ်တာပေါ့၊ မေးခိုင်ကာကွယ်ဆေး အချိန်မီထိုးလို့ တော်သေးတယ်"

"အဲဒါ ဦးပိုက်ကျေးဇူးကြောင့်ပေါ့ အဖေရဲ့၊ ဦးပိုက်သာ ကျန်းမာရေးမှူးဦးခင်စိုးနဲ့ ပိဋကတ်အိုး. . . အဲ. . . သူ့သားလေးတို့ကို လှည်းနဲ့ပင့်လို့ အဖေ့ခြေထောက်ကို အချိန်မီဆေးကုလိုက်ရတာပေါ့နော့"

ခင်ထွေးစကားကို အပြည့်အဝထောက်ခံချင်ပုံမရ။

"ဟုတ်တယ်နော် အဖေ"

"အင်းပါ. . ."

အဖေ၏ စိတ်မပါသည့်လေသံကြောင့် ခင်ထွေးက -

"ဦးပိုက်သာ အဖေ့ကို အချိန်မီအနာခွဲဖို့ မကူညီခဲ့ရင်. . . ခုလို အဖေ ခြေထောက်ထောက်နိုင်မှာ မဟုတ်ဘူးနော်အဖေ၊ မပြောကောင်း မဆိုကောင်း အဖေရယ်၊ အချိန်ကြာလို့ အဖေ့



ခြေထောက်ပုပ်သွားခဲ့ရင် ဖြတ်ပစ်ရင်ဖြတ်ပစ်လိုက်ရမှာပေါ့နော် အဖေရယ်"

ခင်ထွေး၏ နောက်ဆက်တွဲစကားကြောင့် အဖေ ဒေါသထွက်သွားပါသည်။ ဦးပိုက်ကို ကျေးဇူးတင်စေလိုသောစိတ်ဇောဖြင့် ပြောလိုက်သည့်စကား လွန်သွားပြီ၊ မှားသွားပြီဆိုသည်ကို ချက်ချင်းသိလိုက်ပါသည်။ သို့ရာတွင် နှုတ်လွန်သွားသည့်အတွက် အဖေ့စိတ်ကို ဆွလိုက်သကဲ့သို့ဖြစ်သွား၏။

အဖေ၏ မကျေမနပ်ဆူပူကြိမ်းမောင်းသည်ကို ရေရေလည်လည်ခံနေရသော်လည်း ဦးပိုက်အပေါ် အရင်လိုဆက်ဆံရေးမတင်းမာတော့သည်ကိုပင် ကျေးဇူးတင်နေရသေးသည်။ သို့ရာတွင် ဒွေးလေးမြကို ဦးပိုက်နှင့် သဘောတူပါသည်ဟု အတိအလင်းတော့ခွင့်မပြုသေးပေ။

ဒွေးလေးမြနှင့် လက်ထပ်ရတော့မည့် ဦးထွေးအဖြစ်ကို သနားပြီး ဒွေးလေးမြအပေါ် စာနာနားလည်မှုဖြင့် အရင်ကလောက်မတင်းကျပ်တော့သည်ကို ခင်ထွေး သတိထားမိသည်။ ခင်ထွေးစိတ်လက်ပေါ့ပါးသလို ကြည်နူးသလိုမျိုး ခံစားနေသည်။ ဒွေးလေးမြ၏ရင်ထဲတွင် မည်သို့ဖြစ်နေမည်မသိ။

အဘနှင့် အမေကြီးပင်လျှင် ဦးပိုက်ကိုတွေ့သောအခါ အရင်တုန်းကလို ခပ်စိမ်းစိမ်းမဆက်ဆံတော့ဘဲ အလိုက်အထိုက် ဆက်ဆံလာသည်ကိုလည်း သိသိသာသာမြင်လာရသည်။

www.burmeseclassic.com

www.burmeseclassic.com



အဖေလည်း ခြေဖဝါးက ဆူးစူးသည့်အနာ သက်သာသဖြင့် ဟိုဟိုသည်သည်လျှောက်သွားချင်နေသည်။ ငါးရက်ဆိုသည့်အချိန်များမှာ သူ သည်းခံ၍ အိမ်၌ ငြိမ်ငြိမ်နေနေရသည် မဟုတ်ပါလား။

"လှမေ. . . အမေ့အိမ် မရောက်တာကြာလှပေါ့၊ သွားရအောင်. . . မင်း ဒီနေ့ မုန့်မရောင်းဘူးဆို"

"ဟုတ်တယ်၊ မုန့်ကျိုတာပျက်သွားလို့ စိတ်ညစ်နေတာတော့"

အဖေနှင့်အမေတို့ပြောနေသည်ကို အဝတ်လျှော်နေသည့် ခင်ထွေးက ကြားသည်။ သည်နေ့တော့ ခင်ထွေးတို့ညီအစ်မနှစ်ယောက်လုံး လယ်ခင်းထဲမဆင်းကြရပါ။ အိမ်ဝိုင်းထဲရှိ အမှိုက်များကို အစ်မခင်လေးက လှည်းကျင်းသန့်ရှင်းနေသည်။ ခင်ထွေးကတော့ လျှော်စရာရှိသည့် အဝတ်များကို မြစ်ဆိပ်မှရေသွားခပ်၍ လျှော်နေသည်။

"ကဲပါ. . . လှမေရယ်၊ တစ်ရက်တစ်လေပဲဟာ၊ ခင်ထွေးနဲ့ခင်လေးတို့ညီအစ်မနှစ်ယောက်စလုံး အိမ်မှာ၊ ဒီမှာရှိကြမှာပဲလေ၊ မဟုတ်ဘူးလား လှမေရဲ့"

အဖေ့စကားကိုကြားရသည်တွင် သူ အနည်းငယ်စိတ်တို သွားသည်။ သူတို့ညီအစ်မကိုတော့ အိမ်စောင့်ထားခဲ့မည်တဲ့။ ခင်ထွေးလည်း သည်နေ့ လယ်ထဲမဆင်းရသဖြင့် အားနေသော ကြောင့် အမေကြီးအိမ် လိုက်ချင်သည်ပေါ့။



"အဖေ. . . ကျုပ်လည်း အမေကြီးအိမ်လိုက်ချင်တယ်"

"လာပြီ. . . ပါလာပြန်ပြီ၊ ညည်းအေ. . . နေရာတကာ ပါချင်နေတော့တာပဲ၊ မလိုက်ခဲ့နဲ့၊ ညည်းအစ်မနဲ့နေခဲ့"

ခင်ထွေး ပြန်မပြောသော်လည်း နှုတ်ခမ်းကတော့ တစူစူနှင့်။

"ခင်လေး. . . အမေတို့သွားမယ်၊ မီးဖိုပေါ်က ထမင်းအိုးပေါ်မှာ ငါးသေတ္တာဘူးထားခဲ့တယ်၊ ညီအစ်မနှစ်ယောက် စားကြ၊ အမေတို့က ညည်းအမေကြီးအိမ်မှာပဲ စားခဲ့မယ်၊ ညည်းညီမကို ဘယ်မှမသွားစေနဲ့၊ အိမ်မှာပဲ ခြေငြိမ်ငြိမ်နေပစေ"

အမေက ခင်ထွေးကို စိတ်မချ၍ အစ်မဖြစ်သူကို တဖွဖွ မှာနေသည်။ အမေတို့ထွက်သွားပြီး ခဏကြာမှ ခင်ထွေးလည်း စိတ်လျှော့ပစ်လိုက်သည်။ အမေက ခင်ထွေးစိတ်ကောက်နေသည်ကိုသိသောကြောင့် တစ်နေ့က အမေကြီးပေးလိုက်သည့် ငါးသေတ္တာဘူးကို တမင်ထားခဲ့သည်မဟုတ်ပါလား။ ဘကြီးသာအေးက အမေကြီးကို ငါးသေတ္တာနှစ်ဘူး လာကန်တော့ရာ တစ်ဘူး အမေ့ကိုပေးလိုက်သည်ကို သူ သိထားသည်လေ။

"အစ်မ. . . ကျုပ် ငါးသေတ္တာချက်ပေးမယ်၊ ငါးသေတ္တာကို ဆီလေး၊ ကြက်သွန်လေးနဲ့ ခရမ်းချဉ်သီးရောချက်ရင် ပိုအားကောင်းတယ်၊ အမေကြီးက အဲဒီလိုမျိုး ချက်ကျွေးဖူးတာမြင်ဖူးတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်မှုလည်း လုပ်ပါအေ၊ ရှားရှားပါးပါးစားရတဲ့အစာလေး ပျက်သွားဦးမယ်"

အစ်မဖြစ်သူက သူ့ကို အထင်သေးစွာ ထောမနာပြုတော့သူ မခံချင်စိတ်ဖြင့် လက်စွမ်းပြတော့သည်။

"ဟင်းကတော့ မွှေးပ့ါ၊ ကျုပ်ဖြင့် သွားရည်ယိုနေပြီဟေ့၊ ကျုပ် ရေချိုးပြီးရင် ထမင်းစားကြရအောင်"

အစ်မက ရေအမြန်ချိုးနေသည်။ ခင်ထွေးက ထမင်းပွဲအမြန်ပြင်နေ၏။ ထိုစဉ် -

"အရီးလှမေ. . . အရီးလှမေ၊ အဘရွှေ. . ."

"ဘယ်သူများလဲလို့ ငွမ်းပုံပါလား"

"အမေက အဘရွှေ ခံတွင်းပျက်တာ စားကောင်းအောင်လို့ ကြောင်လျှာသီးသုပ်ပေးလိုက်လို့၊ အဘရွှေရော. . ."

နှစ်အိမ်ကျော်မှ ဒေါ်စမ်းသမီး ငွမ်းပုံက ပန်းကန်လေးကိုင်ရောက်လာသည်။ အစ်မက ရေချိုးတုန်းပင်။

'အဖေရော၊ အမေရော အမေကြီးအိမ်သွားတယ်"

"ဟင်. . . ဒါဆို၊ ဟင်းပို့ခိုင်းလိုက်တာ အလကားဖြစ်ပြီပေ့ါ"

"ဟဲ့. . . ကောင်မရဲ့၊ အလကားမဖြစ်ပါဘူး၊ ဒေါ်ကြီးစမ်းကိုပြောလိုက်ပါ၊ အဘရွှေနဲ့ အရီးလှမေရဲ့သမီး ခင်ထွေးလည်း ခံတွင်းပျက်နေတာနဲ့ စားပေးပ့ါမယ်လို့"

ငွမ်းပုံက သဘောကျစွာ ရယ်မောပြီးပြန်သွားလေသည်။ ခင်ထွေးက ငွမ်းပုံပေးလိုက်သည့် ကြောင်လျှာသီးသုပ်ပန်းကန်ကို



ကြည့်ပြီး ရုတ်တရက် တစ်စုံတစ်ခုကို သတိရသည်နှင့် မီးဖိုချောင်ဘက်ထွက်လာခဲ့သည်။

တွဲဖက်စားသုံးရန် မသင့်သည့် အစားအစာများဟူ၍ပြောပြပြီး ပေးထားသည့် စာရွက်ဖြစ်သော်လည်း တကယ်တမ်းလက်တွေ့တွင်မူ ခင်ထွေး ပေါင်းမဖတ်တတ်သည့် စာလုံးပေါင်းများစွာရှိသည်ကို တွေ့ရသည်။ ကြောင်လျှာသီးသုပ်နှင့် မတည့်သည့်အစားအစာကို လိုက်ရှာဖတ်နေသည်။ ထိုအခိုက် အိမ်ရှေ့မှလူခေါ်သံကြား၍ ထွက်ကြည့်လိုက်သည်တွင် သင်းသင်းမောင်လေးနှင့်ကျန်းမာရေးမှူးဦးခင်စိုး၏သား ပဋိကတ်အိုးကွဲတို့ကို တွေ့ရသည်။ သင်းသင်းမောင်လေး လင်းလင်းက -

"မမခင်ထွေး မမသင်းသင်းက သန်ဘက်ခါစနေနေ့ကျရင် 'အလင်းရောင်စာကြည့်တိုက်' မှာ စာအုပ်တွေလှူတဲ့ပွဲလုပ်မှာမို့လုပ်အားပေးဖို့ လာခဲ့ပါဦးတဲ့၊ ကောက်ညှင်းပေါင်းနဲ့ အကြော်အကျွေးအမွေးဧည့်ခံဖို့ လူလိုလို့တဲ့ ပြောခိုင်းလိုက်တယ်"

"အေး အေး၊ မမခင်ထွေး လာခဲ့မယ်လို့ပြောလိုက်၊ ဪ. . . ဟဲ့. . . ခဏနေဦး"

သူ နောက်ဖေးမီးဖိုချောင်ကို အပြေးသွားပြီး ထရံ၌ တပ်ထားသည့်စာရွက်ကို ဖြုတ်ယူလိုက်သည်။ အိမ်ရှေ့တွင် လင်းလင်းနှင့် ပိဋကတ်အိုးကွဲလေးတို့ ရပ်နေကြသည်။

"လင်းလင်းနဲ့ ပိဋကတ်. . . အဲ. . . ပြည်စိုးလေး၊ ဒီမတည့်တဲ့အစားအစာထဲမှာ ကြောင်လျှာသီးနဲ့မတည့်တဲ့အစားအစာတွေ့လား"

www.burmeseclassic.com

www.burmeseclassic.com



သွက်လက်လျင်မြန်သော ခင်ထွေးအခေါ် ပိဋကတ်အိုးကွဲ မောင်ပြည့်စိုးလေးက စာရွက်ကို ယူဖတ်ကြည့်သည်။

"ဒီမှာ မမခင်ထွေး ငါးသေတ္တာနဲ့ ကြောင်လျှာသီး သေတဲ့"

"ဟင်. . . ဟုတ်လား"

ရင်ကိုဖိ၍ 'ဘုရား' တလိုက်မိသည်။ စောစောက သူ ဖတ်ကြည့်တော့ 'ငါးသေတ္တာ' ကို 'ငါးသလောက်' ဟု အသံထွက် မှားဆိုမိသည်။ 'ငါးသေတ္တာ' ကို 'ငါးသလဲထိုး' လား၊ မသေမချာနှင့် မပေါင်းဖတ်တတ်။ ကြောင်လျှာသီးကိုတော့ ရိုပ်ဖမ်းသံဖမ်းနှင့် ပေါင်းဖတ်ကြည့်ရာ နီးစပ်နေသည်။

"တော်သေးတာပေါ့။ မမခင်ထွေး ခုပဲ ကြောင်လျှာသီးနဲ့ ငါးသေတ္တာဟင်းစားမိတော့မလို့။ ကျေးဇူးတင်လိုက်တာ ပိဋကတ် အိုးလေး. . . အဲ. . . ပြည့်စိုးလေးရယ်"

ကလေးနှစ်ယောက် ပြန်ထွက်သွားသည်အထိ သူ ကြောင်၍ရပ်နေဆဲ။ စာရွက်လေးကိုင်၍ သူ အိမ်ထဲပြန်ဝင်သော အခါ အစ်မခင်လေး ထမင်းစားပွဲဝိုင်းတွင် ထိုင်နေသည်ကို တွေ့ရ သည်။

"ညည်း. . . ဘယ်သူနဲ့စကားပြောလို့ ကြာနေတာလဲ ကျုပ်ဖြင့် ရေချိုးပြီးဆာတာနဲ့ စားနှင့်ပြီ"

စကားပြောရင်း အစ်မက ငါးသေတ္တာဟင်းပန်းကန်ထဲမှ ဟင်းဖတ်ကို ဇွန်းဖြင့်ခပ်၍ ထမင်းပန်းကန်ထဲထည့်လိုက်သည်။ ပါးစပ်ထဲမှာလည်း ထမင်းကို ပလုတ်ပလောင်းဝါးလျက်။



သူ ကြောင်၍ရပ်နေဆဲ။ အစ်မက ကြောင်လျှာသီးသုပ် ပန်းကန်ထဲမှ အသုပ်တစ်ဇွန်းကို ကော်၍ခပ်စားလိုက်သည်။

"မစားနဲ့. . . အစ်မ မစားနဲ့"

"ဟဲ့. . . ဘာဖြစ်တာလဲ၊ ဟင်းတွေမှ အများကြီးရှိသေးတာ။ ညည်းအတွက် ချန်ထားမှာပါအေ၊ ကျုပ် အကုန်မစားပါဘူး"

"မဟုတ်ဘူး. . . မဟုတ်ဘူး၊ အစ်မပါးစပ်ထဲက ထမင်း တွေ ထွေးထုတ်. . . ခု အမြန်ထွေးထုတ်လိုက်"

"ဟ. . . ဟ ဘာဖြစ်တာလဲ၊ ကဲ. . ."

သူက အလန့်တကြားအော်၍ အစ်မခင်လေးလည်း ပြတင်းပေါက်နား အမြန်ပြေးသွားပြီး ပါးစပ်ထဲဝါးနေသည့် ထမင်း များကို ထွေးထုတ်လိုက်သည်။

"အမယ်လေးဟယ်. . . ကျုပ်ကို အဆိပ်တွေဝါးစားနေ တယ်ထင်လို့လား"

"အစ်မ. . . အစ်မ၊ ရေနဲ့ ပါးစပ်ထဲက ထမင်းစေ့တွေ ပလုတ်ကျင်းပြီး ထွေးပစ်. . ."

"ဟ. . . လာပြန်ပြီ။ ထွီး. . ."

အစ်မခင်လေးလည်း သူပြောသလို ပလုတ်ကျင်းလိုက် ပါသည်။

"အစ်မ ငါးသေတ္တာနဲ့ ကြောင်လျှာသီးသုပ် အများကြီး စားပြီးပြီလား၊ ဗိုက်ထဲ ဘယ်လောက်တောင်ဝင်သွားလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့. . . ငါ့မှာ ကြောင်လျှာသီးသုပ်ကလေးပဲ မြည်းရ
သေးတယ်၊ ငါးသေတ္တာဟင်းက ခုမှစားမှာ၊ ဘာဖြစ်လို့လဲ အကျိ
အကြောင်းလေးတော့ ပြောပါဦးဟယ်"

"အီး. . . ဟီး ဟီး. . . အစ်မ"

"ဟဲ့. . . ဘာဖြစ်တာလဲ၊ ဘာဖြစ်လို့ ငိုတာလဲဟဲ့"

"မသေလို့ ကံကောင်းအစ်မရယ်"

ခင်ထွေးက သူ့အစ်မကို ဖက်ပြီးငိုသည်။ ပြီးမှ မတည့်သည့်
အစားအစာစာရွက်ကိုပြပြီး အကျိုးအကြောင်းရှင်းပြသည်။ အစ်မ
ခင်လေး ပါးစပ်အဟောင်းသားနှင့် နားထောင်နေသည်။

"ဟယ်. . . ကံကောင်းတာပေါ့၊ ဒီစာရွက်လေး ကယ်လို့
ပေါ့နော်"

"ဒီစာရွက်လေးလည်း အသက်ကယ်တာလည်းပါတယ်။
ကျုပ် ဖတ်ကြည့်ပြီး မသေချာလို့ လင်းလင်းနဲ့ ကျန်းမာရေးမှ
ဦးခင်စိုးသား ပိန္နကတ်အိုးကွဲလေးက ဖတ်ပြလို့သိတာ။ အစ်
ငါးသေတ္တာဟင်းနဲ့ ကြောင်လျှာသီး ဘယ်လောက်တောင်စားပြီး
လဲ၊ ကျန်းမာရေးဆေးခန်း သွားရအောင်၊ လာ. . . အစ်မ"

အစ်မလက်ကိုဆွဲပြီး ခင်ထွေးကပြောသည်။ အစ်မ
ခင်ထွေးလက်ကို ဖယ်၍ -

"အစ်မ ငါးသေတ္တာဟင်း လုံးဝမစားရသေးပါဘူးဆို"

"တော်သေးတာပေါ့ အစ်မရယ်၊ အစ်မလည်း ကြောင်လျှာ
သီးသုပ်နဲ့ပဲ ဆက်စားတော့၊ ကျုပ်လည်း ငါးသေတ္တာပဲစားတော့
မယ်"



ညနေစောင်း အဖေနှင့်အမေတို့ ပြန်လာသောအခါ
ငါးသေတ္တာဟင်းကျန်နေသည်ကိုတွေ့၍ မေးရာ အစ်မခင်လေးက
ဖြစ်ကြောင်းကုန်စင် ပြောပြလေတော့သည်။ အမေက ရင်ဘတ်ကို
ဖိထား၍ နားထောင်နေသည်။ အဖေက 'တောက်' တစ်ချက်ပင်
ခေါက်လိုက်သည်။ 'တော်သေးတာပေါ့. . . တော်သေးတာပေါ့'
ဟု ဆိုလိုက်သေးသည်။ အမေက ခင်ထွေးကို ဆွဲပွေ့လိုက်သည်မှာ
ပွက်လောညံနေတော့သည်။

"အတန်းပညာတတ်ခဲ့ရဲ့သားနဲ့ ငါးသေတ္တာတောင် မဖတ်
တတ်ဘူးလား၊ ကြောင်လျှာသီးတောင် စာလုံးပေါင်းမဖတ်တတ်
ဘူးလား၊ ညည်းလည်း သေမှာ၊ ညည်းစာမဖတ်တတ်တာနဲ့
အကြီးမပါ အချောင်သေမှာ၊ အတော်ညံ့တဲ့ ကောင်မ. . ."

အမေ စဉ်းစားရင်း စဉ်းစားရင်း ဒေါသထွက်လာပုံရသည်။
အဖေက -

"ပြောမနေနဲ့. . . ခုဟာက ကံကြီးလို့ပဲ၊ ခင်ထွေး စာလုံး
ပေါင်းဖတ်တာညံ့တယ်ပဲထား၊ သူကိုယ်တိုင် မသေချာဘူးထင်လို့
သူများအကူအညီနဲ့ ဖတ်ပေးတာနဲ့တင် အသက်အန္တရာယ်က
လွတ်ခဲ့ရတယ်မဟုတ်လား၊ ခုဟာက ငါ့သမီးငယ်လည်း စဉ်းစား
ချင့်ချိန်ပြီး သူများကို ဖတ်ခိုင်းတဲ့အတွက် ဆုံးဖြတ်ချက်မှန်တယ်၊
နောင်ဆို ညည်း စာများများဖတ်ဖို့လိုလာပြီနော်၊ ကလေးတွေကို
မဖတ်ခိုင်းဘဲ ဇဝေဇဝါနဲ့ စားဖြစ်တယ်ဆိုရင်. . . သွားပြီ၊
ဒါပေမယ့် ခုတော့ သမီးရဲ့တွေးခေါ်စဉ်းစားတာမှန်လို့ မသေခဲ့ဘူး၊
ခင်ထွေးကို ချီးကျူးရမှာအမှန်ပဲ"

www.burmeseclassic.com

www.burmeseclassic.com



ခင်ထွေးမျက်နှာ ခုမှပင် လငပုပ်ဖမ်းရာမှ လွတ်လာသကဲ့သို့ ကြည်လင်လာသည်။

ရွာလယ်ရှိ 'အလင်းရောင် ကိုယ်ထူကိုယ်ထ ကျေးရွာစာကြည့်တိုက်' ကိုသွား၍ အားလပ်နေသည့် ညနေပိုင်းတွင် ဗဟုသုတရရှိစေမည့် စာအုပ်၊ ဂျာနယ်၊ မဂ္ဂဇင်းများကို အချိန်ယူဖတ်တော့မည်ဟု စိတ်ထဲမှတ်ချက်ချနေမိသည်။

သူ ညကောင်းကောင်းအိပ်၍မပျော်။ မိုးလင်းခါနီးမှ မှေးခနဲအိပ်ပျော်သွားလေတော့သည်။ သူ အိပ်မက်မက်သေးသည်။ အိပ်မက်ထဲတွင် သူနှင့်အစ်မတို့သည် သေဆုံးနေပြီး နှစ်လောင်းပြိုင်ပြင်ထားသည်။

အဖေနှင့် အမေတို့သည် အော်ငိုနေကြသည်။ တစ်ချက်တစ်ချက် အမေ သတိလစ်သွားသည်။ သူတို့နှစ်ယောက်ကို အခေါင်းထဲသွင်း၍ မြေမြှုပ်လိုက်သည်။ သူ မွန်းကျပ်စွာဖြင့် အသက်ရှူမရဖြစ်သွားသည်။ ရုတ်တရက် နိုးလာပြီးထထိုင်မိသည်။

တဲအပြင်ဘက်တွင် ပတ်ဝန်းကျင်တစ်ခုလုံး မှောင်မည်းနေသည်။ ခေါင်းရင်းအိမ်မှ ကြက်ဖကြီးသည် 'အောက်အီးအီးအွတ်' ဟူသော အသံပေး၍ နံနက်ခင်းကို နှုတ်ဆက်နေတော့သည်။

❀ ❀ ❀ ❀ ❀

"ဘယ်လိုလုပ်ကြမလဲ အစ်မရယ်။ ကျုပ် မင်္ဂလာဆောင်ရင်သုံးဖို့စုထားတဲ့ ပိုက်ဆံတွေအကုန်ပါကုန်ပြီ၊ ခက်တော့တာပဲ"



ဦးပိုက်က ပါးစပ်မှလည်း ညည်းညည်းညူညူနှင့် ခေါင်းတစ်ခုလုံး ကုတ်ဖွနေပါသည်။ အမေက ဆေးပေါ့လိပ်ကို တစ်ချက်၊ နှစ်ချက်ဖွာရှိုက်လိုက်ပြီး ဆေးလိပ်ပြာခွက်ထဲ ဆေးလိပ်ကိုထိုးထည့်လိုက်သည်။

"နည်းလမ်းတစ်ခုခုတော့ ရှာရမှာပေါ့ဟယ်၊ ရွာမှာ မင်းလိုပဲ ကြက်သွန်တွေရှုံးကြတာချည်းပဲ"

"ဘယ်လိုနည်းနဲ့ နည်းလမ်းရှာရမှန်းတောင် မသိတော့ပါဘူးအစ်မရယ်၊ ခုဟာက အရင်တစ်ပတ်က အမြတ်တွေပါ စုပြီး မျိုးဝယ်ရတာ၊ ခုလို ကြက်သွန်ရိတ်ချိန်မှာမှပျာ. . . နှမြောလိုက်တာ"

"အေးလေ. . . နှမြောလည်း နှမြောစရာပေါ့၊ ကျုပ်တို့ တစ်ရွာလုံး ရှုံးကြတာချည့်ပဲ၊ ကြက်သွန်စိုက်သူတိုင်း ရေထဲပါသွားတဲ့ကြက်သွန်တွေကို နှမြောကြ၊ ဆုံးရှုံးကြတာချည့်ပါပဲ၊ ဘယ်တတ်နိုင်မှာလဲဟယ်၊ ကံတရားအတိုင်းပေါ့ မောင်ပိုက်ရယ်"

"ဒီတစ်ခေါက် အဲဒီလိုရှုံးတာ ကျုပ် ရူးတော့မယ်ထင်တယ်"

နားထောင်နေသည့် ခင်ထွေးပင် ဦးပိုက်ကို သနားမဆုံးတော့။

"ကျုပ် ဖြစ်တဲ့နည်းနဲ့ ဆုံးရှုံးလိုက်တဲ့ပိုက်ဆံတွေ ပြန်ရအောင်လုပ်ရမယ်"

www.burmeseclassic.com

www.burmeseclassic.com



ဦးပိုက်သည် အံတကြိတ်ကြိတ်ဖြစ်နေသည်။ ဦးပိုက်၏ စိတ်ပျက်နေသည့်ပုံစံ၊ စိတ်ဓာတ်ကျနေသည့် အခြေအနေကို ခင်ထွေး တစ်ခါမှမမြင်ဘူးပေ။

"ကျုပ် ပိုက်ပြန်ဖြတ်မယ်အစ်မ"

"ဟယ်. . ."

"ဟုတ်တယ် အစ်မ၊ ကျုပ် ဆုံးရှုံးသွားတာ ပြန်ဆပ်မယ့် သဘောပါ၊ ကျုပ် မင်္ဂလာဆောင်မယ့်စရိတ် ပြန်ရပြီးရင် လယ်ထဲ ဆင်းမှာပါအစ်မရယ်. . . ကျုပ်ကို စိတ်ချပါ၊ ဒီတစ်ခါလောက်တော့ ကျုပ်ကို ခွင့်လွှတ်ပေးပါအစ်မ"

ဦးပိုက်၏ ကမူးရှူးထိုးပြောနေဆိုနေပုံကြည့်ပြီး အမေပင် မည်သို့ပြန်ပြောရမည်မသိ ဖြစ်နေပုံရသည်။

"စဉ်းစဉ်းစားစားတော့ လုပ်ကြတာပေါ့၊ ဒါပေမယ့် ပိုက်ဖြတ်တဲ့ကိစ္စဖြစ်လို့ ကျုပ်တို့မိသားစုကတော့ သဘောကျမှာမဟုတ်ဘူးတော်ရေ့၊ အစ်ကိုရွှေလည်း ဒီပိုက်ကြောင့် ဒုက္ခရောက်ခဲ့ရတာဆိုပြီး ဒီအလုပ်ကို မကြည့်ချင်လောက်အောင်ကို ဖြစ်ခဲ့တာ၊ တော်ကြာ. . . အမေနဲ့ ကျုပ်ယောက်ျားကပါ မင်းကို သဘောမတူတဲ့ကိစ္စဖြစ်လာမှာစိုးတယ်"

အမေက စိတ်ပူပန်စွာပြောပြနေသေးသည်။ ဦးပိုက်က အမေ့နားသို့ တိုးသွားပြီး -

"အစ်မလှမေ ကျုပ် ကတိပေးတယ်၊ မြခြယ်နဲ့မယူခင်လေးတင်မှာ ဒီပိုက်ဖြတ်တဲ့အလုပ် လုပ်မှာပါဗျာ၊ ကျုပ် မြခြယ်နဲ့ညားပြီးရင် ဒီအလုပ် တစ်သက်လုံးမလုပ်တော့ပါဘူးဗျ၊ စိတ်ချပါဗျ၊ ကျုပ်ကတိက ယောက်ျားကတိပါ၊ မြခြယ်လည်း ကျုပ်ကိုယူလို့ စိတ်မဆင်းရဲစေရပါဘူး"



ဦးပိုက်၏ဟန်ပန်အမူအရာကိုကြည့်ပြီး အမေက စဉ်းစားနေသေးသည်။

"အေးပေါ့လေ၊ အခြေအနေက ဒီလိုဖြစ်လာမှကိုး၊ မင်းလည်း သိပ်လောဘမကြီးနဲ့လေ၊ ဖြည်းဖြည်းပဲ ကြိုးစားပေါ့၊ စိတ်လည်း မလောနဲ့ဦး"

"မလောလို့မဖြစ်ဘူး အစ်မလှမေရယ်။ ကျုပ် ဖြည်းဖြည်းနွေးနွေးနဲ့ အလုပ်မလုပ်ချင်တော့ဘူး၊ ဒီတစ်ခါ မြခြယ်ကို လက်လွှတ်လို့မဖြစ်တော့ဘူး၊ အဆုံးရှုံးလည်း မခံနိုင်ဘူး၊ တစ်သက်မှာ ဒီလိုမျိုးအဆင်ပြေနိုင်တာ တစ်ခါပဲရှိတယ်"

ကြားထဲက ခင်ထွေး ဦးပိုက်ကို သနားနေမိသည်။ အမေက မည်သည့်စကားမှ ဆက်မပြောဘဲ ဆေးလိပ်ကိုသာ တွင်တွင်ဖွာနေတော့သည်။ ဒွေးလေးမြက ဦးပိုက်ကို ကရုဏာသက်သော၊ သနားကြင်နာသောအကြည့်နှင့် ကြည့်နေသည်ကို တွေ့လိုက်ရသည်။

"အစ်မလှမေ ကျုပ် ပြန်ဦးမယ်ဗျ၊ မြခြယ် အစ်ကိုအကောင်းဆုံးဖြစ်အောင် ကြိုးစားပြမယ်၊ အစ်ကို့ကို စိတ်ချနော်"

ဦးပိုက်၏အမူအရာမှာ ယောက်ျားကောင်းတို့၏ ရဲရင့်တည်ကြည်သောအသွင်ပြင်ကို ဖော်ပြနေသည်။ မဖြစ်မနေ ဆုံးတ်

www.burmeseclassic.com

www.burmeseclassic.com



မနစ်သောဖွဲ့ဖြင့် ကြိုးစားမည့်အနေအထားရှိသောကြောင့် အမေလည်း ဈေနစ်သွားပုံရသည်။

အမေမှတစ်ဆင့် အဖေသာမက အဘနှင့် အမေကြီးတို့ကိုပါ ဒွေးလေးမြနှင့် သဘောတူကြည်ဖြူလာအောင် တိုက်တွန်းနိုင်လိမ့်မည်ဟု ဒွေးလေးမြကိုယ်တိုင် ဦးပိုက်အပေါ် ယုံကြည်သွားမိသည်။

❀ ❀ ❀ ❀ ❀

ဦးပိုက် တွင်းကုန်းသို့သွားသည်ဟူသော သတင်းကြားလိုက်ရသည်။ ရေနံပိုက်ဟောင်းများကို သွားဖြတ်ရန်အတွက်ဖြစ်ကြောင်း ခင်ထွေးတို့အားလုံး နားလည်သဘောပေါက်ပါသည်။

သည်တစ်ခါ ဦးပိုက်၏အမြွာညီ ဦးထိုက်ပါ လိုက်ပါသွားသည်။ ဦးထွန်းစိန်တို့အဖွဲ့က ကိုယ်တိုင်လာရောက်ခေါ်သွားခြင်းဖြစ်သည်။ တွင်းကုန်းတွင် ဦးပိုက်တို့ဘကြီးအိမ်ရှိသည်။ ထိုဘကြီးအိမ်မှတစ်ဆင့် ဦးထွန်းစိန်တို့အုပ်စုနှင့်အတူ ရေနံပိုက်ဟောင်းများဖြတ်ယူရန်အတွက် တွင်းဟောင်းသို့ နေ့စဉ် မိုးလင်းမှ မိုးချုပ်သည်အထိ သွားရမည်ဖြစ်၏။

ရေနံပိုက်ဖြတ်သည့်အလုပ်မှာ ဦးပိုက်တို့အတွက် အဆန်းမဟုတ်ပါပေ။ ဦးပိုက်၏ အကျွမ်းအကျင်ဆုံးသောအလုပ်ဆိုလျှင် ပို၍မှန်ကန်ပေလိမ့်မည်။ ဦးပိုက်တို့ အလုပ်လုပ်နေသည့်ရွာသို့ သွားလာနေသည့် လူကြုံရှိ၍ တစ်ခါတစ်ရံ ဒွေးလေးမြက လူကြုံ



ဖြင့်စာပို့တတ်သည်။ လူကိုယ်တိုင်တော့ သွားရောက်တွေ့ဆုံခြင်းမပြုတတ်ပေ။ တစ်ခါက သတို့သမီးလောင်းဖြစ်ခဲ့ပြီး မင်္ဂလာကိစ္စလည်းပျက်ခဲ့ရသည်။ သတို့သားလောင်း သေဆုံးခဲ့သည့်အတွက် လူအများက ဒွေးလေးမြကို သတိထား၍ကြည့်နေကြသည်။ ယခုအချိန်တွင် ဦးပိုက်နှင့် လူချင်းချိန်းတွေ့၊ စကားပြောသည့်ကိစ္စတို့ပြုလုပ်သည့်အခါ အကြောင်းသိသူများ မြင်တွေ့ကြပါလျှင် မိန်းကလေးကျွန်ုပ် အရှက်၊ သိက္ခာပါ ထိခိုက်နိုင်သည်။ ကိုယ့်ရွာသူရွာသားများကလည်း အထင်သေးကြမည်။

"ဘယ်လောက်ပဲ မေတ္တာရှိရှိ နှစ်ဦးစလုံး ဘယ်လောက်ပဲ သံယောဇဉ်ကြီးကြီး ဖူးစာပါမှ စုံဖက်ရမှာ၊ ဒီတော့ ကိုပိုက်နဲ့ မြခြယ်တို့နှစ်ယောက် မညားခင်မှာ လူသိပ်သိလို့ မြင်လို့မဖြစ်ဘူး၊ ယူဖြစ်ကာမှ ယူဖြစ်ရောပဲ၊ တွဲသွားတွဲလာလုပ်နေရင် မြခြယ်အပေါ် လည်း လူအထင်သေးမယ်၊ ကိုယ့်ရွာလည်း နာမည်ပျက်မယ်၊ ဒီတော့ လူကြုံနဲ့ပဲ အစ်ကိုနဲ့ မြခြယ်တို့ စာပေးစာယူလုပ်ကြမယ်နော်"

ဦးပိုက် တွင်းကုန်းမသွားမီ ညနေလောက်က ဒွေးလေးမြနှင့်စကားအကြာကြီး မှာခွေစကားများပြောကြသည်။

"အစ်ကို စိတ်လည်းမလောနဲ့ လောဘလည်း မကြီးနဲ့နော်၊ ကျန်းမာရေးလည်း ဂရုစိုက်ပါအစ်ကိုရယ်၊ ပိုက်တွေကို လောဘတကြီးနဲ့ ဆက်တိုက်မဖြတ်နဲ့၊ အစ်မလှမေယောကျ်ား အစ်ကို့ရဲ့ ပိုက်ဖြတ်တာ ပထမအောင်ပြီး နောက်တစ်ကြိမ်မှာ မိသွားလို့

www.burmeseclassic.com

www.burmeseclassic.com

ကုန်ပါရောလား၊ ဒါ့ကြောင့်ပြောတာ၊ တော်ရုံပိုက်ဆံရရင် တော်ပြီလို့"

"စိတ်ချပါ မြခြယ်၊ အစ်မလှမေယောကျ်ား ပိုက်ဖြတ်ပြီး ပြဿနာဖြစ်တဲ့အကြောင်း ခင်ထွေး ပြောပြဖူးလို့ သိပြီးသားပါ၊ အစ်ကို ပိုက်ဆံမှန်းသလောက်ရပြီးရင် မြခြယ်ဆီ အပြေးလာခဲ့မယ်"

ခင်ထွေးပြော၍ ဦးပိုက် အဖေ့ကိစ္စသိသွားခြင်းဖြစ်သည်။ ခင်ထွေးကလည်း ခင်ထွေးပင်။ ကိုယ့်အိမ်ကကိစ္စ မသိစေချင်၍ ပိတ်ပင်တားမြစ်မည်ကြံကာရှိသေးသည်။ သူက ဖြစ်ကြောင်းကုန်စင်ပြောပြနှင့်ပြီးသား ဖြစ်နေသည်။

သို့ကြောင့်ပင် တော်ရုံတန်ရုံကိစ္စကို အဖေ၊ အမေ၊ ဘကြီး၊ အဘွားတို့က ခင်ထွေးကို မသိအောင်ဖုံးဖိထားတတ်ကြသည်။

ကသိုလ်ကံက ဦးပိုက်ကို မျက်နှာသာပေးသည်ဟု ဆိုရမည်။ ပိုက်ဖြတ်ရာတွင် အောင်မြင်သွားသည့်သတင်းကြားသည်။ လူကြုံဖြင့်လည်း ဒွေးလေးမြထံ စာပို့လိုက်သည်။

*မြခြယ်*

*အစ်ကို မြခြယ်ကို တအားကြီးလွမ်းတယ်၊ ပိုက်ဖြတ်လို့ရတဲ့ပိုက်ဆံ အစ်ကို သိမ်းထားတယ်။ နောက်တစ်ခါ ပိုက်ဖြတ်ပြီးရင် မြခြယ်ဆီ အစ်ကို ပြန်လာတော့မယ်။ မြခြယ်ကို အစ်ကို တအားသတိရတယ်။ ခင်ထွေးအတွက်ပါ မုန့်ဖိုးပေးလိုက်တယ်။*

*အစ်ကို*

စာကိုဖတ်ရ၍ ဒွေးလေးမြ ပျော်နေပုံရသည်။ ခင်ထွေးလည်း ပျော်ပါသည်။ ပျော်ပုံခြင်းတော့ မတူပါ။ ဦးပိုက် ပိုက်ဖြတ်သည်မှာ အောင်မြင်သည်။ ငွေကြေးလည်း စုဆောင်းမိပြီဖြစ်၍ နှစ်ကိုယ်တူနီးစပ်တော့မည့်အရေး တွေးပျော်သူက ဒွေးလေးမြပင်။ ဦးပိုက် မုန့်ဖိုးပေးလိုက်သဖြင့် သူဝယ်ချင်သည့် လုံချည်လေး ဝယ်ရတော့မည်ကို တွေး၍ပျော်သူက ခင်ထွေး။

သည်ရက်ပိုင်းအတွင်း ဦးပိုက်တစ်ယောက် ဒွေးလေးမြထံ လာတွေ့သွားသည်။ အသားမည်း၍ ပိန်သွားသဖြင့် ဒွေးလေးမြ စိတ်မကောင်းဖြစ်ရသေးသည်။

"ယောကျ်ားလေး အသားမည်းတာ ဘာဖြစ်လဲကွာ၊ အစ်ကို လယ်ထဲဆင်းလည်း အသားမည်းတာပဲမဟုတ်လား၊ ကိုယ့်ဝမ်းစာ ကိုယ်ရှာတာပဲလေ"

"ဒါတော့ ဒါပေါ့အစ်ကိုရယ်၊ လယ်ထဲဆင်းပြီး အသားမည်းသွားတာက ကိစ္စမရှိဘူး၊ ပြီးတော့ လယ်ထဲယာထဲက သူ့အချိန်နဲ့ သူဆင်းရတာ၊ ခုဟာက ရှင်းရှင်းပြောရင် ခိုးစားရတဲ့ အလုပ်ကို လုပ်နေရတာ၊ ပိုက်ဆံရတာတော့ မှန်ပါတယ်၊ ပိုက်ခိုးဖြတ်တာ ဘယ်လောက်အန္တရာယ်များသလဲ၊ ထောင်နှုတ်ခမ်းဝနဲ့ သေမင်းနှုတ်ခမ်းဝရောက်နေသလို ခံစားရတယ်အစ်ကို"


www.burmeseclassic.com

www.burmeseclassic.com

"မြခြယ်ရယ် အစ်ကို စိတ်မကောင်းအောင် မပြောပါနဲ့တော့၊ မလွှဲသာလွန်းလို့သာ အစ်ကို ဒီအလုပ်လုပ်ရတာပါ။ အစ်ကိုလည်း ဒီအလုပ်လုပ်တာ ဘယ်လောက်အန္တရာယ်များလဲဆိုတာ သိတာပေါ့။ ဒါပေမယ့် စိတ်ချပါ မြခြယ်ရယ်၊ အစ်ကို့နာမည်နဲ့တူတဲ့ ဒီပိုက်ဖြတ်တဲ့အလုပ်က အစ်ကိုနဲ့အကျိုးပေးပါတယ်၊ ဒီအတွက်တော့ အစ်ကို့ကို စိတ်ချပါမြခြယ်ရယ်"

ဦးပိုက်က သည်သို့ပြောလိုက်သော်လည်း ဒွေးလေးမြ စိတ်ချလက်ချဖြစ်သေးဟန်မတူ။

"အစ်ကို ရတနာသုံးပါးကိုသာ မမေ့ပါနဲ့၊ မြခြယ် ဒါပဲ နှာချင်ပါတယ်အစ်ကို၊ အစစအရာရာ သတိ၊ ဝီရိယရှိပါ၊ မြခြယ် စိတ်ချနေမယ်လို့တော့ မပြောချင်ဘူး၊ မြခြယ် စိတ်ပူနေမှာတော့ အမှန်ပဲ၊ ဒါပေမယ့် ဒီတစ်ခေါက် ပိုက်ဖြတ်ပြီးရင် အစ်ကို နောက်ထပ် ဘယ်တော့မှပိုက်မဖြစ်တော့ဘူးလို့သာ မြခြယ်ကို ကတိပေးပါ၊ လောဘဆိုတာ အရှိန်မသတ်နိုင်ရင် ကိုယ့်အတွက် အန္တရာယ်များလွန်းလို့ပါ"

ဒွေးလေးမြ၏လက်အစုံကို ဦးပိုက်က တင်းကျပ်စွာ ကုင်ကိုင်ထားပြီး -

"စိတ်ချပါ မြခြယ်၊ အစ်ကို ဒီတစ်ခေါက် ပိုက်ဖြတ်ပြီးရင် တစ်သက်လုံးစာ ကတိပေးတယ်၊ ဘယ်တော့မှ ပိုက်မဖြတ်တော့ဘူးလို့၊ မြခြယ်နဲ့လက်ထပ်ပြီးရင် အစ်ကို လယ်ထဲဆင်းပြီး ခါးကျိုးအောင်လုပ်တဲ့အလုပ်နဲ့ ရှာကျွေးပါ့မယ်ကွာ၊ မြခြယ် စိတ်သာချ၊ အစ်ကို ကတိပေးတယ်"



ထိုနေ့က ဦးပိုက်ပြန်သွားသော်လည်း ခင်ထွေးစိတ်ထဲ တစ်မျိုးသောခံစားမှု ခံစားရသည်။ ဒွေးလေးမြ မျက်ရည်ကျသည်ကိုမြင်ရသောအခါ ခင်ထွေးပင် ဝမ်းနည်းသည့်စိတ် ခံစားရသည်။

⁂ ⁂ ⁂ ⁂ ⁂

"ခင်ထွေး ရှာတောင်ပိုင်းက ဘကြီးစံမြတို့အိမ်ဝိုင်းထဲက ပြည်ပန်းညိုတစ်ဆုပ်စာလောက် သွားခူးပေးစမ်း၊ ညည်းအဖေ အသံဝင်နေလို့. . . ဟင်းချိုချက်ကျွေးရအောင်"

ခင်ထွေး လယ်ခင်းထဲကပြန်လာပြီး အိမ်ဝိုင်းထဲဝင်သည်နှင့် အမေက ဆီးကြိုပြောလိုက်ပါသည်။

"အမေတို့က လုပ်ပြီ၊ ခုမှ လယ်ခင်းထဲက ပြန်လာစပဲ ရှိပါသေးတယ်၊ ခုနက ဒွေးလေးမြဦးတို့အိမ်ဝန်းနားဖြတ်သွားတုန်း တွေ့ပါ့၊ ပြည်ပန်းညိုအရွက်တွေ အပင်မှာဝေလို့. . ."

"အပိုစကားတွေ မပြောနဲ့၊ ငါခိုင်းရင် ခိုင်းတဲ့အတိုင်းလုပ်၊ ညည်းကို ဘကြီးစံမြဆီက ပြည်ပန်းညို သွားယူခိုင်းတာသာ လုပ်ချေ"

အမေ၏စကားကို ပယ်ရှား၍မရသည့်အတွက် ခင်ထွေး၏ခြေလှမ်းများ ရှာတောင်ပိုင်းသို့ လှည့်လိုက်ရပါတော့သည်။ ဆယ်မိနစ်ခန့်မျှ လျှောက်လိုက်သည်တွင် ဘကြီးစံမြအိမ်ဝိုင်းရှေ့ ရောက်လာသည်။

"ဗျို့. . . ဘကြီးစံမြ"

www.burmeseclassic.com

www.burmeseclassic.com

အသံကျယ်ကျယ်နှင့် အော်လိုက်သည့်အတွက် ဘကြီးစံမြတို့တစ်အိမ်သားလုံး ထွက်လာကြပါသည်။

"ဟဲ့. . . ခင်ထွေး၊ ဘာဖြစ်လို့လဲဟဲ့"

"အမေက အဖေအသံဝင်နေလို့ ပြည်ပန်းညိုရွက်ဟင်းချိုချက်ပေးမလို့တဲ့၊ အဲဒါ ဘကြီးတို့အိမ်ဝိုင်းထဲက ပြည်ပန်းညိုနည်းနည်းခူးခိုင်းလို့ပါ"

"ဟော. . . ကျုပ်က ဘာများလဲလို့၊ ခူးလေ. . . ခူး. . . ခူး၊ ကြိုက်သလောက်ခူး"

ခင်ထွေးလည်း ခွင့်ပြုချက်ရသည်နှင့် ပြည်ပန်းညိုအရွက်နုနုလေးများကို အားရပါးရခူးပါတော့သည်။ လက်တစ်ဆုပ်စာရသည်နှင့် ဘကြီးစံမြကို နှုတ်ဆက်ပြီးပြန်လာခဲ့သည်။

အိမ်နားအရောက် လမ်းချိုးအကွေ့တွင် ကျောက်စရစ်ခဲကိုတက်နင်းမိပြီး မှောက်လဲကျသွားသည်။ လက်ထဲတွင် ဆုပ်ကိုင်လာသည့် ပြည်ပန်းညိုရွက်နုနုလေးများ မြေကြီးပေါ်ပြန့်ကျဲသွားသည်။ ခင်ထွေး အမြန်ပြန်ကျုံးယူလိုက်သည်။ အိမ်ရောက်မှအမေ့ကို ပြည်ပန်းညိုရွက် အသေအချာရွေးဆေးခိုင်းရတော့မည်။ တစ်ရွက်ချင်းသာ ကောက်ယူနေရလျှင် အချိန်ကြာသည်နှင့် အမေ့အဆူခံထိတော့မည်။

အိမ်နားသို့ရောက်သောအခါ အစ်မခင်လေးက သူ့ကိုလှမ်းခေါ်နေသည်။ အစ်မခင်လေး လှမ်းအော်ခေါ်နေသည်ကိုမြင်၍ သူ အပြေးလာခဲ့သည်။



"ဘာဖြစ်လို့လဲ အစ်မ၊ အမေက ကျုပ်ကို ဟင်းရွက်သွားခူးတာကြာလို့ ဆူနေပြီလား၊ ကျုပ်လည်း အမြန်ခူးလာတာပဲ၊ မှောက်လဲလို့ ဟင်းရွက်တွေ သဲတွေနဲ့ရောကုန်ပြီ"

သူ အမောတကောနှင့် ဖြေရှင်းနေသော်လည်း အစ်မက ခေါင်းယမ်းပြီး -

"မဟုတ်ဘူးဟဲ့၊ ဦးပိုက်တို့အမျိုးတစ်ယောက် အိမ်ကိုရောက်လာတယ်၊ ခုပဲရောက်တာ၊ နင့်ကိုမေးနေလို့၊ ဒွေးလေးမြနဲ့စကားပြောနေတယ်"

"ဘာကိစ္စပါလိမ့်"

သိလိုဇောဖြင့် အိမ်ပေါ်သို့ ပြေးတက်လာခဲ့သည်။ ဒွေးလေးမြက ထိုဧည့်သည်ဘေးတွင်ထိုင်နေသည်။ ဒွေးလေးမြမျက်နှာမကောင်းပေ။ သူ့ရင် 'ထိတ်ခနဲ' ဖြစ်သွားသည်။ ဒွေးလေးမြ၏ဘေးတွင် ဝင်ထိုင်လိုက်ရာ ဒွေးလေးမြက သူ့လက်ကို တင်းကျပ်စွာဆုပ်ကိုင်လိုက်ပြီး -

"ခင်ထွေး ကိုပိုက်. . . ကိုပိုက်လေ. . ."

"ဘာ. . . ဘာဖြစ်လို့လဲ၊ ဦးပိုက်ကို ရဲကဖမ်းသွားလို့လား"

"မဟုတ်ဘူး ခင်ထွေးရယ်၊ အဲသည်လိုမဟုတ်ဘူး။ ညည်းဦးပိုက်ကို ရေနံတွင်းထဲကနေ ဆယ်နေရတယ်၊ ကိုပိုက်အပြင် ညီအစ်ကိုနှစ်ယောက်စလုံး တွင်းထဲမှာ၊ လူတွေရော၊ ရဲတွေရော ကူဆယ်နေရပြီတဲ့"

www.burmeseclassic.com

www.burmeseclassic.com

“ဘာလဲဟင်. . . ဘာလဲ. . . ဦးပိုက်ကို ရဲတွေက ဖမ်းဖို့ ရေနံတွင်းဝကနေ ဆယ်နေရတာလား”

ခင်ထွေးက နားမလည်၍ ပြန်မေးလိုက်သည်။ ဦးပိုက်၏ အမျိုးဆိုသူက -

“မဟုတ်ဘူး ကလေးမရဲ့၊ ကိုပိုက်က ပိုက်ဖြတ်နေတုန်း ရေနံထွက်လာတာ၊ ကျင်းဖမ်းလို့ ကိုထိုက်ရော၊ ကိုပိုက်ပါ တွင်းထဲ ကျသွားတာ၊ ကိုထိုက်က ကိုပိုက်ကိုဆင်းဆယ်ရင်း သူပါ ရေနံတွင်းထဲကျသွားတာ ကလေးမရဲ့”

“ဘုရား. . . ဘုရား၊ ဒါဆို သူတို့နှစ်ယောက်စလုံး အသက်ရှင်လျှက်နဲ့ ဆယ်လို့မှရပ့ါမလားမသိဘူး”

“ရှင်းရှင်းပြောရရင် သူတို့နှစ်ယောက်စလုံး အသက်ရှင်ဖို့တော့ မလွယ်ဘူး”

“ဘုရားရေ. . . ဘုရား. . . ဘုရား၊ မြတ်စွာဘုရား ကယ်ပါ”

❀ ❀ ❀ ❀ ❀

ပိုက်ဖြတ်ရင်း မြခြယ်မျက်နှာလေး မြင်ယောင်လာမိသည်။ တစ်ချက်တစ်ချက် သူနှင့် မြခြယ်တို့ဘဝရှေ့ရေး ဆွေးနွေးတိုင်ပင်ကြသည့်စကားကို ပြန်ကြားရင်း သဘောကျစွာပြုံးလိုက်မိသည်။

“ဟဲ့. . . ငပိုက်၊ မြခြယ်အကြောင်းပဲ စဉ်းစားမနေနဲ့၊ ပိုက်ဖြတ်တဲ့ဓားနဲ့ ကိုယ့်လက်ကို ပြန်ထိနေဦးမယ်”



အစ်ကိုဖြစ်သူ ကိုထိုက်က ပိုက်ဖြတ်ရင်း လေချွန်လိုက်၊ ပြုံးလိုက်လုပ်နေသည့် ကိုပိုက်ကို သတိပေးစကားပြောလိုက်သည်။ အစ်ကိုဖြစ်သူ သတိပေးလိုက်မှပင် မြခြယ်ကို ပို၍သတိရမိပြန်သည်။

“ဒီတစ်ခါ ပိုက်ဖြတ်ပြီးရင် အစ်ကိုစုထားတဲ့ငွေနဲ့ ပိုက်ရောင်းရငွေပေါင်းပြီး မြခြယ်ကို တင့်တင့်တယ်တယ်ထားနိုင်ပြီ၊ ဒီတစ်ခါ ပိုက်ဖြတ်ပြီးရင် အစ်ကို ဘယ်တော့မှ မြခြယ်မကြိုက်တဲ့ ပိုက်ဖြတ်တဲ့အလုပ်ကို မလုပ်တော့ပါဘူးကွယ်”

စိတ်ထဲမှာ တစ်ယောက်တည်းပြောနေမိသည်။ လေချွန်ပြီး ပိုက်ဖြတ်လက်စကို ဆက်လုပ်နေသည်။

“ဟာ. . . ရေနံတွေ ထွက်လာပြီ”

ရေနံစိမ်းများ စိမ့်ထွက်လာသည်ကိုတွေ့ရသည်။ ရေနံပိုက်ဟောင်းဖြစ်သော်လည်း တစ်ခါတလေ ဤသို့ ရေနံများ စိမ့်ထွက်လာတတ်သည်။ ထိုအခိုက် ကိုထိုက်လည်း တွင်းထဲ ဆင်းလာသည်ကို တွေ့ရသည်။

“ကိုထိုက် ဆင်းလာတာနဲ့ အတော်ပဲ၊ ရေနံတွေ သယ်ရအောင်ကွာ၊ ပုံးတစ်ပုံးလောက် ကြိုးနဲ့ချပေးစမ်းပါကွာ”

ရေနံစိမ်းများ ပြန်ရောင်းလျှင် ဈေးကောင်းရတတ်သည်။ ကိုပိုက်တို့ မှတ်ဆိတ်ပျားစွဲလေပြီ။ တွင်းပေါ်မှ ငါးဂါလန်ဆံပုံးချပေးသည်။ ခဏတာအတွင်းမှာ ရေနံများ ပုံးနှင့်အပြည့်ဖြစ်သွားသည်။ တွင်းပေါ်သို့ ရေနံပုံးဆွဲတင်ပြီး ပုံးအလွတ်ပြန်ချပေးဖို့ အချက်ပေး

www.burmeseclassic.com

www.burmeseclassic.com

လိုက်သည်။ နောက်ထပ်ပုံးထဲတွင်လည်း ရေနံများ ပြည့်ပြီးသည်နှင့် ပုံးကို ကြိုးဆွဲတင်ရန် အချက်ပေးလိုက်ပြန်သည်။

ရေနံများ တစိမ့်စိမ့်ထွက်ရာမှ အိုင်ပြီးထွက်လာတော့သည်။ ရေနံများထွက်လာသည်ကိုကြည့်ပြီး ကိုပိုက် စိတ်ထင့်လာသည်။ သူ တွင်းပေါ်သို့တက်ရန် ဆုံးဖြတ်ချက်ချလိုက်ပါ၏။ သို့ရာတွင် နောက်ကျသွားပြီ။ သူ၏ခြေထောက်နှင့် ထိန်းကန်ထားသည့် ကလိုင်ပေါက်များမှပင် ရေနံများ အိုင်ထွန်းပြီးထွက်လာတော့သည်။ အပေါ်မှ လူများကိုလည်း သူ့ကို ဆွဲတင်ခေါ်ဖို့ အချက်ပြရန် ကြိုးစားလိုက်သည်။ သူ တဖြည်းဖြည်းကြောက်ရွံ့လာသည်။ သေခြင်းတရားသည် သူ၏လက်တစ်ကမ်းအလိုမှာ ရောက်နေပေပြီ။ သူ သေရမှာကြောက်နေသည်။ ယခုလောလောဆယ် သူ မသေချင်သေးပေ။ သူချစ်သော သံယောဇဉ်ရှိသူများနှင့် ခွဲရတော့မည်။ သေခြင်း၏နိမိတ်ကို သူ လှမ်းမြင်လိုက်ရပြီ။ သူ အော်ငိုလိုက်သည်။ တွင်းပေါ်မှလူများက ရယ်သံလိုလိုကြားလိုက်ရသည်။ အမှန်မှာ တွင်းထဲကလူအော်ငိုသံကို တွင်းအပြင်မှလူများက ရယ်သံဟုထင်ရခြင်းဖြစ်သည်။ ဤသို့ဖြစ်ရခြင်းကို ကျင်းဖမ်းသည်ဟုခေါ်ဝေါ်သည်။

ကိုပိုက် ကျင်းဖမ်းခံလိုက်ရပြီကို သိလိုက်သည်နှင့် တစ်ပြိုင်နက် ကိုထိုက်လည်း တွင်းထဲသို့ ချက်ချင်းဆင်းဆယ်ဖို့ ကြိုးစားသည်။

"မဆင်းနဲ့ . . . မဆင်းနဲ့ ကိုထိုက်၊ ကျင်းဖမ်းနေပြီ . . . မင်းပါ သေလိမ့်မယ်"



လူအများ အော်ဟစ်တားမြစ်သည်ကို အရေးမစိုက်ဘဲ ကိုယ့်အမြွှာညီ၏သေဘေးကို ကူညီရန်အတွက် ရေနံတွင်းထဲ ဇွတ်ဆင်းသွားသည်။ တွင်းထဲတွင် ရေနံငွေ့များ မှိုင်းဝေမွန်ထူနေသည်။ တွင်း၏အလယ်တစ်ဝက်အရောက်တွင် ရေနံအခိုးအငွေ့များကြောင့် ကိုထိုက်တစ်ယောက် တွင်းထဲပြုတ်ကျသွားလေတော့သည်။

* * * * *

ဦးပိုက်တို့ အမြွှာညီအစ်ကိုနှင့် လက်တွဲလုပ်ကိုင်နေသည့် လုပ်ဖော်ကိုင်ဖက် ကိုချိုက အသေးစိတ်ကို ဖြစ်ကြောင်းကုန်စင် ပြောပြနေတော့၏။ နားထောင်ရင်းကပင် ဒွေးလေးမြ ကြိတ်၍ရှိုက်နေတော့သည်။ ခင်ထွေးလည်း မျက်ရည်များ အတားအဆီးမရှိ လိမ့်ဆင်းလာလေသည်။ ကံတရားအတိုင်းဆိုသော်လည်း ဒွေးလေးမြလောက် အချစ်ရေးမှာ ကံခေသူမရှိဟု ထင်မိပါသည်။

မိမိတို့နေထိုင်ရာ ရွာထဲတွင် သေဆုံးကြခြင်းမဟုတ်သဖြင့် ဦးပိုက်တို့ အမြွှာညီအစ်ကိုနှစ်ယောက်အလောင်းများကို ရွာအပြင်မှာထုတ်ထားရသည်။ လူနှစ်ယောက် တစ်ချိန်တည်းသေလျှင် နောက်မှသေသူကို အရင်သင်္ဂြိုဟ်ရသည့် သူတို့ရွာ၏ထုံးစံအတိုင်း ကိုထိုက်ကို အရင်သင်္ဂြိုဟ်လိုက်ပါသည်။ ရေနံတွင်းမှ အလောင်းများကို ဆယ်ယူရရှိချိန်မှာ နှစ်ယောက်စလုံး၏ခန္ဓာကိုယ်များမှ ရေနံများ လောင်ထား၍ ကြည့်ရှုမကောင်းတော့ပေ။

www.burmeseclassic.com

www.burmeseclassic.com

ဦးပိုက်နှင့် ဦးထိုက်တို့ အမှန်တကယ် အသေဆိုးနှင့် သေကြရသည်မဟုတ်ပါလား။

ဒွေးလေးမြကိုမြင်ရသည်မှာ ခင်ထွေး စိတ်ဆင်းရဲလှသည်။ စိတ်ဆင်းရဲလွန်း၍ အစားအသောက်မကျသည့် ခင်ထွေးပင် ထမင်းမစားနိုင်သည်မှာ သုံး၊ လေးရက်ပင်ရှိပြီ။ ဒွေးလေးမြ ကိုယ့်ကိုယ်ကိုပင် သတ်သေမည်လားဟုပင် ခင်ထွေး စိုးရိမ်ပြီး ဒွေးလေးမြအနားမှ မခွာတော့ပေ။ ဦးပိုက်တို့အမေခမျာမှာလည်း သားနှစ်ယောက်ကို တစ်ပြိုင်နက်ဆုံးရှုံးလိုက်ရပြီဖြစ်၍ အရူးတစ်ပိုင်းပမာဖြစ်နေရှာသည်။ ခင်ထွေးလည်း ဒွေးလေးမြနားနေလိုက်၊ ဦးပိုက်တို့၏ ကျန်ရစ်သောမိသားစုကို သွားရောက်နှစ်သိမ့်လိုက်နှင့် အလုပ်ရှုပ်နေတော့သည်။

ဦးပိုက်တို့ သေဆုံးပြီး တစ်ပတ်ခန့်အကြာတွင် ခင်ထွေး သတိရလိုက်မိသည့် အကြောင်းအရာကို ဦးပိုက်တို့ညီမ အစ်မခင်သိုက်ကို ပြောပြသည်။ အစ်မသိုက်က ဇဝေဇဝါဖြစ်နေသည်။ ဦးပိုက်ဖခင်က မယုံတစ်ဝက် ယုံတစ်ဝက်ဖြင့် -

"ခင်ထွေးရယ် ကြာခဲ့ပြီပဲမိန်းကလေးရဲ့၊ ခုနေခါမှာတော့ ရှိနိုင်ပါ့မလား"

"ဟုတ်ပါရဲ့ ခင်ထွေးရယ်၊ အရင်ကရှိပေမယ့် ခုနေတော့ ရှိမယ်မထင်တော့ပါဘူး"

"ဘာပဲဖြစ်ဖြစ် ရှာကြည့်လိုက်ပါ အစ်မသိုက်ရယ်၊ သူ့ခုတင်အောက်မှာ သိမ်းထားတတ်တယ်လို့ သူ ကျုပ်ကိုပြောဖူးပါတယ်"



ဦးပိုက်တို့ညီအစ်ကိုနှစ်ယောက်စလုံး တရားမဝင်သည့်ရေနံပိုက်ဟောင်း ခိုးဖြတ်ရောင်းစားဖို့ ကျူးလွန်ခဲ့ကြသည်မဟုတ်ပါလား။ ထိုသို့ ခိုးဖြတ်စဉ် မတော်တဆ သေဆုံးကြခြင်းဖြစ်သည့်အတွက် အခက်အခဲမျိုးစုံကို ကျော်လွှား၍ဖြေရှင်းလိုက်ရပါသည်။ ဦးပိုက်တို့ သေဆုံးရသည့်ကိစ္စအတွက် ငွေကုန်ကြေးကျအတော်များသည်ဟု အစ်မသိုက်က ညည်းညည်းညူညူနှင့် ပြောလိုက်သည်ကို သတိထားမိသည်။ ထို့ကြောင့်ပင် ဦးပိုက် တစ်ချိန်က သူ့ကိုပြခဲ့သည့် ဝါးကျည်တောက်စုဘူးကိစ္စကို ဦးပိုက်တို့အိမ်သားများကို ပြောပြလိုက်ရခြင်းဖြစ်သည်။ ဦးပိုက်တို့အိမ်တွင် အမှန်တကယ် ငွေလိုနေသည်။ သူလည်း ငွေကြေးကိစ္စအတွက် ငွေအင်အားမတတ်နိုင်ပေ။ ကူညီလိုစိတ်ရှိသော်လည်း လုပ်အားသာကူညီပေးရသည်။ ဦးပိုက်တို့အိမ်တွင် ရက်လည်ဆွမ်းကျွေးအတွက်လည်း ငွေကြေးလိုအပ်နေလိမ့်မည်။ ခင်ထွေးပြောပြသည့် ဝါးကျည်တောက်စုဘူးကို ဦးပိုက်တို့တစ်အိမ်သားလုံး စိတ်ဝင်စားသွားကြသည်။ အစ်မသိုက်နှင့် ဦးပိုက်ဖခင်တို့ အခန်းထဲမှထွက်လာကြရာတွင် အစ်မသိုက်လက်ထဲ၌ ဝါးကျည်တောက်စုဘူးကြီး ပွေ့ထွက်လာသည်။

အားလုံးအကြည့်က စုဘူးဆီသို့ရောက်ရှိသွားလေတော့သည်။ မသိုက်က အိမ်နောက်ဖေးမှ ဓားမကြီးကို သွားယူလာခဲ့သည်။ ဦးပိုက်၏အဖေက ဓားမဖြင့် စုဘူးအလယ်မှ ခုတ်ချလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'ဝူမ်း. . .' ဟူသောအသံနှင့်အတူ ဝါးကျည်တောက်စုဘူးကြီး ထက်ခြမ်းကွဲသွားသည်။ ဝါးကျည်တောက်ကွဲကြီးထဲမှ ငွေစက္ကူများ၊ အကြွေစေ့များ အိမ်ရှေ့ကြမ်းပြင်ပေါ်သို့ ပြန့်ကျဲစွာ ကျလာသည်။ အကြွေစေ့များ လိမ့်ထွက်လာပြီး ငွေစက္ကူများက ဖွာခနဲကျလာ၏။ ငါးရာတန်၊ နှစ်ရာတန်၊ ရာတန်ငွေစက္ကူများ အလိပ်လိုက် အခွေလိုက်တွေ့ရသည်။ စုစုပေါင်း ငွေတော်တော်ရှိမည်ဟု ခန့်မှန်းလိုက်သည်။ ထိုသို့ လူအများစုမှာ စုဘူးကွဲမှ ထွက်လာသည့် ငွေစက္ကူများကို စိတ်ဝင်စားနေချိန်တွင် ခင်ထွေး နောက်ဘက်မှ 'အီခနဲ' ရှိုက်သံ ကြားလိုက်ရသည်။

ခင်ထွေးလှည့်ကြည့်လိုက်ရာ ဦးပိုက်အမေသည် အသံမထွက်ဘဲ ကြိတ်ရှိုက်နေပြီး မျက်ဖြူလန်၍သတိလစ်သွားသည်ကို တွေ့လိုက်ရသည်။ အားလုံး၏အကြည့်အာရုံမှာ ဦးပိုက်၏အမေထံရောက်သွားပြီး ဗျာယာခတ်ကုန်ကြတော့သည်။

✽ ✽ ✽ ✽ ✽

ခုနစ်နှစ်၊ ရှစ်နှစ်တာကာလ ကြာမြင့်ခဲ့ပြီဖြစ်သော်လည်း ထိုဝမ်းနည်းကြေကွဲရသည့် အဖြစ်အပျက်တို့မှာ မနေ့တစ်နေ့ကလိုပင် ခံစားနေရဆဲ။

ခင်ထွေးတစ်သက်တာတွင် ဝမ်းနည်းကြေကွဲမှုအဖြစ်ရဆုံး နေ့ရက်နှစ်ရက်ရှိခဲ့သည်။ ဒွေးလေးမြနှင့် လက်ထပ်ခါနီးတွင် ကံဆိုးစွာသေဆုံးခဲ့ရသည့် ဦးထွေးကို နောက်ဆုံး အသက်ရှင်ရက်နှင့်ရော သေဆုံးသည့်အချိန်မှာပါ တစ်နေ့တည်း တွေ့ကြုံခဲ့ရသည့် ခါးသီးသောနေ့တစ်နေ့ကို ဘယ်တော့မှမမေ့။

နောက်တစ်ခါ ဝမ်းနည်းကြေကွဲမှုဖြစ်ရသည့်နေ့မှာ ဒွေးလေးမြ၏ချစ်သူ၊ သူလည်း ဦးလေးတစ်ယောက်လို သံယောဇဉ်ရှိသူ ဦးပိုက်တစ်ယောက် ပိုးစိုးပက်စက်သေခဲ့ရသည့်နေ့ပင် ဖြစ်သည်။ အချိန်ကာလကြာမြင့်ခဲ့သော်လည်း ဦးပိုက်၏ကံဆိုးစွာ အသက်ကုန်သည့် ထိုနေ့ကအဖြစ်အပျက်ကို ခင်ထွေး ဘယ်သောအခါမှ မေ့ပျောက်လိမ့်မည်မထင်။ ပြန်လည်စဉ်းစားမိတိုင်း ရုပ်ရှင်ကားတစ်ကားကို ပိတ်ကားပေါ်တွင် ကြည့်နေရသကဲ့သို့ပင် ခံစားနေမိသည်။

ဦးပိုက် အသေဆိုးနှင့် သေခဲ့ရပြီးနောက် ခင်ထွေး တစ်ယောက် တစ်လတစ်ခါဆိုသလို ဖြစ်ပျက်ခဲ့သည့်တွင်းပေါင်းနေရာဆီသို့ ခပ်ဝေးဝေးမှ သွားရောက်ကြည့်နေမိတတ်သည်။ 'မဝင်ရ' ဟု တားမြစ်ထားသည်ကိုလည်း တွေ့ရသည်။ ထိုနေရာတွင် ကန္တာရပင်များစွာ ထူထူထပ်ထပ်ပေါက်လာသည်။ ကန္တာရဆူးများမှာလည်း ရင့်သန်နေသည်။ ဦးပိုက်၏လှုပ်ရှားမှုများကို ခပ်ဝါးဝါး ရေးတေးတေးမြင်နေရသလို ခံစားရ၏။ ဦးပိုက်၏ ဝိညာဉ် ရှိများရှိနေဦးမှာလားဟု ခင်ထွေး ခဏခဏတွေးမိပြန်သောအခါ အတွေးနှင့်ပင် မောနေပြီး စိတ်မကောင်းဖြစ်ရပြန်သည်။

ဦးထွေး သေဆုံးပြီး မကြာခင်မှာပင် သူနှင့် အစ်မ[illegible]လေး ကိုယ်တိုင် အစာဆိပ်သင့်ပြီး သေမည့်ဘေးမှ လွတ်ခဲ့ရသည်



www.burmeseclassic.com

www.burmeseclassic.com



ကိုလည်း သတိရမိပါသည်။ သူသာ ကုသိုလ်ကံမကောင်းခဲ့လျှင်၊ ဇဝေဇဝါနှင့် မတည့်သည့်အစားအစာအတွဲကို သေသေချာချာ မသိဘဲစားခဲ့လျှင်၊ လင်းလင်းနှင့် သူ့အခေါ် ပိဋကတ်အိုးကွဲလေး (မောင်ပြည်စိုး) တို့သာ ကြောင်လျှာသီးနှင့် ငါးသေတ္တာတွဲဖက် စားလျှင် သေစေသည့်အကြောင်း ဖတ်မပြခဲ့လျှင် သူနှင့်အစ်မ လည်း အရိုးဆွေးလောက်ပြီ။ ဦးပိုက်တို့ညီအစ်ကို အသေဆိုးနှင့် သေခဲ့သည်ကိုလည်း သူ တွေ့နိုင်တော့မည်မထင်။ ကံတရား တို့သည် ဆန်းကြယ်လှပါတကား။ တွေးရင်းပင် သေခြင်းတရားကို ဆင်ခြင်မိပြန်သည်။

သံယောဇဉ်များ နှီးမှုလှုပ်သည်တဲ့။ ဦးပိုက်ကိုခင်တွယ် သည့်စိတ်ကြောင့် လွန်ခဲ့သည့်ခုနစ်နှစ်ခန့်က ကွယ်လွန်ခဲ့သည့် ဦးပိုက်အကြောင်း စဉ်းစားရင်းပင် ရင်ထဲစို့နစ်လာသည်။ သူ၏ပါးပြင် ပေါ်သို့ ပွန္နေးသည့်မျက်ရည်စီးကြောင်း စီးဆင်းလာပါလား။ ထိုစဉ် သူ၏ပခုံးပေါ်သို့ လက်တစ်ဖက်ကျရောက်လာသဖြင့် ရုတ်တရက် လန့်သွားသည်။ သူ လှည့်ကြည့်လိုက်သောအခါ အစ်မခင်လေး ဖြစ်နေ၏။

"ငါ ထင်သားပဲ၊ ငါ့ညီမကို ဒီနေ့ ဒီအချိန်အခါမှာ အိမ်မှာ မတွေ့ရင် ဒီနေရာရောက်နေလိမ့်မယ်လို့၊ ဘာဖြစ်လို့ ဒီနေရာကို လာရတာလဲခင်ထွေးရယ်"

"ဩော်. . . အစ်မရယ်၊ အဖြစ်အပျက်တွေက မေ့လို့မှ မရတဲ့ဟာ၊ သတိရတိုင်း ကျုပ် ဒီကိုလာမိတာပေါ့"



"အဖေက ခေါ်ခိုင်းလိုက်လို့ ပြန်ရအောင်နော်. . ."

"အစ်မ. . ."

"ဘာလဲ ခင်ထွေး"

"ဦးထွေးရော၊ ဦးပိုက်ရော ဒီလိုအသေဆိုးမျိုးနဲ့ မသေခဲ့ကြရင် ကောင်းမှာပဲ"

"လောဘလေ. . . အဲဒါ လောဘစိတ်ကြောင့်ပေါ့"

သူ့လောက် အတန်းပညာမရှိခဲ့သည့်အစ်မက လေးလေး နက်နက်ပြောနေပြန်သည်။

"အဲဒီလိုဖြစ်တဲ့ကိစ္စက ကံတရားကြောင့်လို့သာ အလွယ် တကူပြောလိုက်တာ၊ တကယ်တော့ လောဘစိတ်ကို အရင်းခံလို့ ဖြစ်တာ၊ ဦးထွေးကိုပဲကြည့်. . . ချောင်းတစ်ဖက်ကို တစ်ညလေး ကူးဖို့စောင့်ရင် ဒီလိုသေမှာမဟုတ်ဘူး၊ ပစ္စည်းဥစ္စာ အမြန်ရောင်း ချင်တဲ့စိတ်၊ ရောင်းပြီးရင် ဒွေးလေးမြကို အမြန်ဆုံးတွေ့ချင်တဲ့စိတ်၊ ဒီစိတ်တွေကို အခြေခံလို့ ဒီလောဘစိတ်ဖြစ်လာတာ၊ ဒီလောဘ ကြောင့် ချောင်းတစ်ဖက်ကို အမြန်ကူးလို့. ဒီလိုအသေဆိုးနဲ့ သေရတာ၊ အဲဒီလိုသာ မကူးခဲ့ရင်. . ."

"အဲဒီလို စိတ်မြန်မြန်နဲ့ ကားကို တစ်ဇွတ်ထိုးမောင်းပြီး မကူးခဲ့ရင် သေမှာမဟုတ်ဘူး"

"ဦးပိုက်ကိုလည်း ကြည့်. . . လောဘစိတ်နဲ့ ပိုက်ကို ခိုးဖြတ်တယ်၊ အဲဒီစိတ်က အခြေခံတာပဲ၊ ပိုက်ခိုးမဖြတ်ရင် ဦးပိုက်မှာ ဒီလိုအဖြစ်ဆိုးနဲ့ကြုံမှာမဟုတ်ဘူး၊ ပြီးတော့ ဒါဝိသမ

www.burmeseclassic.com

www.burmeseclassic.com



အလုပ်မှန်း သူသိသားနဲ့၊ ရှင်းရှင်းပြောရရင် ဒါ ခိုးစားတဲ့အလုပ်ကို သိသိကြီးနဲ့ တမင်ခိုးယူရောင်းစားတဲ့အလုပ်ကြောင့်ဖြစ်ရတာ၊ ပိုက်ကိုမဖြတ်ရင် ဒီလိုမျိုး အသေဆိုးနဲ့ကြုံရမှာမဟုတ်ဘူး၊ အစ်မ ပြောတာမှားသလား"

အစ်မမျက်နှာကို သူ အံ့ဩစွာကြည့်နေမိသည်။ သူ့လောက် ပညာမသင်ခဲ့သော်လည်း တန်ဖိုးရှိသောစကားကို ပြောနေပါလား။ အစ်မကို သူ အံ့တော်အထင်ကြီးသွားသည်။ အစ်မပြောသည်မှာ အားလုံးမှန်ကန်နေသည်ပင်။

"ခင်ထွေး အစ်မတို့မှာ အမေမွေးကတည်းက ပါလာတဲ့ ခြေတွေ၊ လက်တွေရှိပါတယ်၊ အဲဒီသန်မာတဲ့ ခြေ၊ လက်တွေကို အသုံးချပြီး တရားသဖြင့် ငွေရှာခဲ့ကြမယ်ဆိုရင် ဦးပိုက်တို့၊ ဦးထွေးတို့လို ဝမ်းနည်းပူဆွေးစရာမျိုး ကြုံကြမှာမဟုတ်ဘူး၊ ဒါ့ကြောင့် ဘုရားပေးတဲ့ ဒီခန္ဓာအစိတ်အပိုင်းတွေကို မှန်မှန်ကန်ကန်နဲ့ ဘဝတစ်လျှောက်လုံး အသက်ခန္ဓာတည်သရွေ့ လူ့တာဝန်ကျေအောင် အမြဲကြိုးစားရအောင်နော်"

"ဟုတ်ပါတယ် အစ်မရယ်၊ အစ်မပြောတာ သိပ်မှန်တာပဲ၊ ခင်ထွေးမှာ ဒီလိုအတွေးအခေါ်မှန်ကန်တဲ့ အစ်မရှိတာ ဝမ်းသာလိုက်တာ၊ တကယ်ပြောတာနော်"

"ကဲ. . . ပြန်ကြရအောင်၊ နက်ဖြန်လည်း ပုပ္ပါးကို သွားရဦးမှာမဟုတ်လား"



ခင်ထွေးနှင့် အစ်မခင်လေးတို့နှစ်ယောက်သား ထိုနေရာမှ ထွက်ခွာလာခဲ့ကြသည်။ ခပ်ဝေးဝေးရောက်၍ သူ ပြန်လှည့်ကြည့်လိုက်သော် တွင်းပေါက်နေရာကို သဲကွဲစွာမမြင်ရတော့ဘဲ ကန္တာရဆူးတောများကိုသာ အုပ်အုပ်ဆိုင်းဆိုင်းမြင်တွေ့ရတော့သည်။ ကန္တာရဆူးတောသည် သူတို့နောက်တွင် ကျန်ရစ်ခဲ့လေပြီ။

မနက်ဖြန် နံနက်စောစောထ၍ ပုပ္ပါးမြေသို့ ခြေချဖို့ သွားရပေဦးမည်။ ဒွေးလေးမြ ခေါ် ဆရာလေး ဒေါ်ပုညစာရီ နေထိုင်သည့် တရားကျောင်းဇရပ်သို့သွား၍ ဆေးလှူရဦးမည် မဟုတ်ပါလား။ ။

❀ ❀ ❀ ❀ ❀

BURMESE CLASSIC .com

www.burmeseclassic.com